# မာက့်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေး

မြသန်းတင့်



မာက့်စ်ဝါဒနှင့်
တွေးခေါ်မြော်မြင်ရေး

မြသန်းတင့်

မာက့်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေး - မြသန်းတင့်

ယဉ်မျိုးစာပေ

# မာ့က်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေး

မြသန်းတင့်

I-112

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
တတိယအကြိမ် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ
၅၀၀
မျက်နှာဖုံး
တင်ထွန်းနိုင်
အတွင်းကွန်ပြူတာစာစီ
ယဉ်မျိုး
အတွင်းဖလင်
ထွန်းထွန်း
စာအုပ်ချုပ်
ကိုမြင့်လွင်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဝင့်ဗိုလ်ဗိုလ် (နန်းသဇင်ပုံနှိပ်တိုက် – ၀၀၄၄၁)
၁၉၄/၁၉၆၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်။
ထုတ်ဝေသူ
ယဉ်ထွန်း(ယဉ်မျိုးစာအုပ်တိုက် – ၀၁၁၇၆)
အမှတ်၊ ၂၇၄/B၊ လမ်း ၄၀ အပေါ်လမ်း
ကျောက်တံတားမြို့နယ်။

တန်ဖိုး
၂၀၀၀ ကျပ်

ထုတ်ဝေသည့်ကတ်တလောက်အညွှန်း CIP

၈၉၅.၈၃
မြသန်းတင့်
မှော်ဝင်စစ်ဝါဒနှင့်တွေးခေါ်မြော်မြင်ရေး – ရန်ကုန်၊
ယဉ်မျိုးစာပေ၊ ၂၀၁၆၊
စာ ၁၃၁၊ အလျား – ၁၃.၃၄ စင်တီ၊ အနံ ၂၀.၉၆ စင်တီ
(၁) မှော်ဝင်စစ်ဝါဒနှင့်တွေးခေါ်မြော်မြင်ရေး

# မာတိကာ

အမှာ ၁
အပိုင်း ၁။ စိတ်၏သဘာဝနှင့်မူလအစ
၁။ နာမ်ခန္ဓာနှင့် ရုပ်ခန္ဓာ ၅
၂။ စိတ်သည် ရုပ်၏အရောင်ရိုက်ခတ်ချက်
ရုပ်၏ ထုတ်ကုန်ပစ္စည်း ၂၂
၃။ လူမှုအလုပ်နှင့် လူမှုတွေးကြံမှု ၃၉
၄။ အတွေးအခေါ်၊ ဘာသာစကားနှင့် လောဂျစ် ၅၃
အပိုင်း ၂။ တွေးခေါ်မှုများဖြစ်ပေါ်တိုးတက်လာပုံ
၅။ စိတ္တဇဆန်သော စိတ်ကူးတွေးခေါ်မှုများ ၆၅
၆။ ဝါဒသဘောတရား ၇၄
၇။ အယူဝါဒလွဲမှားမှုများ ၈၅
၈။ သိပ္ပံပညာ ၉၇
၉။ သိပ္ပံပညာနှင့် ဆိုရှယ်လစ်ဝါဒ ၁၁၁
အပိုင်း ၃။ သစ္စာတရားနှင့်လွတ်လပ်မှု
၁၀။ သစ္စာတရား ၁၂၅
၁၁။ အသိဉာဏ်ပညာ၏ အရင်းအမြစ်များ ၁၃၄
၁၂။ အသိဉာဏ်ပညာ ဖွံ့ဖြိုးလာပုံ ၁၅၂
၁၃။ လိုအပ်မှုနှင့် လွတ်လပ်မှု ၁၆၄
၁၄။ လွတ်လပ်မှုဖြစ်ပေါ်လာပုံ ၁၇၄
နိဂုံး ၁၈၉
ဝေါဟာရရှင်းလင်းချက် ၁၉၂
ပုဂ္ဂိုလ်အညွှန်း ၁၉၆

ယဉ်မျိုးစာအုပ်တိုက်

# အမှာ

အနုပဋိလောမရုပ်ဝါဒကျမ်း၊ သမိုင်းဆိုင်ရာဝါဒကျမ်းတို့ကို ထုတ်ဝေခဲ့ပြီး ဖြစ်၏။ ယခု မာ့က်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေးကျမ်းမှာ ဖော်ပြပါကျမ်းများ၏ အဆက်ဖြစ်ပေသည်။ မာ့က်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေးကျမ်း၏ အမည်ရင်းမှာ Theory of Knowledge ဖြစ်၏။ ကျွန်တော်က ၎င်းကို အသိဉာဏ်ပညာသဘော တရားဟု ပြန်၏။ သို့ရာတွင် စာအုပ်ခေါင်းစဉ်ကိုကား မာ့က်စ်ဝါဒနှင့် တွေးခေါ်မြော်မြင် ရေးဟု အများနားလည်အောင် တပ်လိုက်ပေသည်။

Theory of Knowledge ကို အဘိဓမ္မာစကားဖြင့် Epistemology ဟု ခေါ်၏။ တခါတရံတွင် Gnosiology ဟူ၍လည်းခေါ်သေး၏။ ဤသဘောတရားသည် လူ၏တွေးခေါ်မြော်မြင်မှုများ ဘယ်ကစ၍ ပေါ်ပေါက်လာသလဲ၊ ပြင်ပရုပ်အမှန်တရားနှင့် တွေးခေါ်မြော်မြင်မှုများ ဘယ်လိုဆက်စပ်နေသလဲ။ တွေးခေါ်မြော်မြင်မှုသည် လူမှု ဘဝတွင် ဘယ်လိုနေရာက ပါဝင်သလဲဆိုသည့် ပြဿနာများကို ရှင်းလင်းတင်ပြသော သဘောတရားဖြစ်၍ အဘိဓမ္မာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်၏။

ဓနရှင်အဘိဓမ္မာတွင်မူ ဤတွေးခေါ်မြော်မြင်ရေးသဘောတရားသည် ပထမဆုံး အစိတ်အပိုင်းဖြစ်၏။ နောက်မှ အခြားအစိတ်အပိုင်းများကို ဆက်လက်ဖော်ပြခြင်းပြုလေ သည်။ ဓနရှင်အဘိဓမ္မာအလိုအရ ကျွန်တော်တို့သည် အဘိဓမ္မာဆိုင်ရာ ကောက်ချက် များကို မပြုလုပ်မီ (ဝါ) စိတ်နှင့် ရုပ်တို့အကြောင်းကို မပြောမီ (ဝါ) သိမှုနှင့်ဖြစ်မှု အကြောင်းကို မပြောမီ ကျွန်တော်တို့၏သိမှုဆိုသည်မှာ ဘာလဲ၊ အရာဝတ္ထုတစ်ခုကို ကျွန်တော်တို့ တကယ်သိသလား၊ တကယ်သိလျှင် ဘယ်လိုသိလာကြသလဲ စသည် တို့ကို အရင်လေ့လာပြီးမှ ကျန်ကိစ္စများအကြောင်းကို ပြောရမည်ဟု ဆိုကြ၏။ လူ၏ စိတ်သည် အရင်ပေါ်သောအရာဖြစ်၍ ၎င်း၏ အကြောင်းကို အရင်သိရမည်ဟု ၎င်းတို့က ပြောကြ၏။ ထို့ကြောင့် ဓနရှင်အဘိဓမ္မာထဲ၌ တွေးခေါ်မြော်မြင်ရေး သဘော

တရားကို ပထမဆုံးလေ့လာကြရ၏။

မာ့က်စ်ဝါဒအလိုအရမူ တွေးခေါ်မြော်မြင်ရေးသဘောတရား (ဝါ) အသိဉာဏ်ပညာသဘောတရားသည် ရုပ်ကို မှီ၍ဖြစ်သည်ဟု ယူဆသောကြောင့် ၎င်းကို နောက်ဆုံးသို့ ပို့ထား၏။ ရုပ်အကြောင်း၊ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအကြောင်းကို ပထမ မလေ့လာဘဲ တွေးခေါ်မြော်မြင်ရေးသဘောတရားကို နားမလည်နိုင်ဟု ယူဆသောကြောင့် အနုပဋိလောမရုပ်ဝါဒနှင့် သမိုင်းဆိုင်ရာရုပ်ဝါဒ၏ နောက်သို့ ပို့ထားခြင်းဖြစ်ပေသည်။

ဤကျမ်း၌ လူ၏ သိစိတ် မည်သို့ဖြစ်ပေါ်တိုးတက်လာပုံကို အနုပဋိလောမရုပ်ဝါဒအမြင်၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒအမြင်တို့ဖြင့် ကြည့်ရှု၍ဖော်ပြထားပါသည်။ တိရစ္ဆာန်များတွင်ရှိသော ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုစနစ်မှသည် လူ၏အသိဉာဏ်ပညာအထိ မည်သို့မည်ပုံ ဖြစ်ပေါ်တိုးတက်လာသည်ကို ဖော်ပြထားပါသည်။

ဤကျမ်းသည် ကျွန်တော်ရေးသားခဲ့သော အနုပဋိလောမရုပ်ဝါဒကျမ်း၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒကျမ်းတို့၏ နောက်ဆက်တွဲဖြစ်၏။ ဤကျမ်းသုံးကျမ်းစလုံးသည် ဗြိတိသျှကွန်မြူနစ်ပါတီဝင်တစ်ဦးဖြစ်သူ မောရစ္စကွန်းဖို့သ်၏ ကျမ်းများပေါ်၌ အခြေခံ၍ ရေးသားထားခြင်းဖြစ်၏။ သို့ရာတွင် လုံးလုံးလျားလျား တိုက်ရိုက်ပြန်ဆိုခြင်း မဟုတ်ပါ။ မောရစ္စကွန်းဖို့သ်၏ ကျမ်းရင်း၌ ထပ်ပြန်တလဲလဲ ဖော်ပြခြင်းမျိုးများ အများအပြားပါရှိ၏။ ကျွန်တော်တို့ မြန်မာပရိသတ် နားမလည်နိုင်သော ဥဒါဟရုဏ်များ အများအပြားပါရှိ၏။ ရှည်ဝေး၍ ရှုတ်တရက် နားမလည်နိုင်သော ကိုးကားချက် အများအပြားပါရှိ၏။ ထို့ကြောင့် ကွန်းဖို့သ်၏ ကျမ်းကို မူအားဖြင့် အခြေခံကာ မာ့က်စ်၊ အိန်ဂျယ်လ်စ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းတို့၏ ကျမ်းရင်းများကို ထပ်မံကိုးကား၍ ပရိသတ်နားလည်လွယ်အောင် ပြုပြင်ရေးသားရ၏။ ကွန်းဖို့သ်၏ ကျမ်းတွင်ပါသည့် အချို့သော ဥဒါဟရုဏ်များကို ဖြုတ်ပစ်ရ၏။ အချို့သော ဥဒါဟရုဏ်များကို ကျွန်တော့်ဘာသာ ရှာဖွေထည့်လိုက်ပါသည်။

ဤကျမ်းသုံးကျမ်းကို ပြုစုရာတွင် အများနားလည်အောင် လွယ်နိုင်သမျှ လွယ်လွယ်ကြိုးစား၍ ရေးသားထားပါသည်။ အချို့အဘိဓမ္မာစကားလုံးများကို စမ်းသပ်၍ ပြန်ဆိုထားပါသည်။ ထို့ကြောင့် ကျမ်းတိုင်း၌ ဝေါဟာရရှင်းလင်းချက်များကိုလည်း ထည့်သွင်း၍ထားပါသည်။ အဘိဓမ္မာစကားကို ပြန်ဆိုရာတွင် နားလည်ရခက်သော ပါဠိစကားလုံးများကို တတ်နိုင်သမျှရှောင်ကာ မြန်မာစကားလုံးစစ်စစ်ဖြင့်သာ ရွေးချယ်ပြန်ဆိုထားပါသည်။ ထို့ကြောင့် အချို့သော စကားလုံးများမှာ ပြေပြစ်ညီညာခြင်းမရှိဘဲ





ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ခက်ခဲနက်နဲသော အဘိဓမ္မာကျမ်းတစ်ကျမ်းကို ပြန်ဆိုရေးသားပြုစုရသည့်ကိစ္စမှာ မလွယ်ပါ။ ထို့ထက် ထိုအဘိဓမ္မာကျမ်းကို မြန်မာစကားလုံးစစ်စစ်ဖြင့် ရေးသားရသည်မှာ ပို၍ မလွယ်ကူပါ။ သို့ကလို ခက်ခဲနက်နဲသောကျမ်းဖြစ်သည့်အတွက် မရှင်းလင်းမှု၊ မပြေပြစ်မှုများရှိလျှင် ခွင့်လွှတ်ရန် တောင်းပန်လိုပါသည်။

အဘိဓမ္မာကျမ်းဆိုသည်မှာ တစ်ခေါက်ဖတ်ရုံနှင့် ကောင်းစွာ နားလည်နိုင်မည် မဟုတ်ပါ။ နှစ်ခေါက်ဖတ်ရုံနှင့်လည်း နားလည်နိုင်ဦးမည်မဟုတ်ပါ။ အကြိမ်ကြိမ်ဖတ်၍ အထပ်ထပ်လေ့လာကာမှ တော်ရုံကျပါသည်။ သို့ဖြစ်ရာ တစ်ခေါက်နှစ်ခေါက် ဖတ်ရုံဖြင့် နားမလည်ဘူးဆိုလျှင် ကျွန်တော့်အပြစ် မဟုတ်ပါ။ သို့ရာတွင် အကြိမ်ကြိမ် ဖတ်၍ အထပ်ထပ် လေ့လာလျက်သားနှင့်မှ နားမလည်ဘူးဆိုလျှင်ကား ကျွန်တော်၏ အပြစ်မျှသာဖြစ်ကြောင်းကို ရိုးသားစွာ ဝန်ခံလိုပါသည်။

မြသန်းတင့်
၁၆.၁၀.၆၃

အပိုင်း (၁)

# စိတ်၏သဘာဝနှင့်မူလအစ





အခန်း (၁)

## နာမ်ခန္ဓာနှင့် ရုပ်ခန္ဓာ

စိတ်သည် ရုပ်နှင့် ခွဲ၍မရပေ။ စိတ်ပိုင်းလုပ်ဆောင်ချက်များသည် ဦးနှောက်၏ လုပ်ဆောင်ချက်များဖြစ်သည်။ ဦးနှောက်သည် တိရစ္ဆာန်နှင့် ပြင်ပကမ္ဘာ လောကကြီးကို ဆက်သွယ်ပေးသည့် အင်္ဂါအစိတ်အပိုင်းဖြစ်သည်။ အရာဝတ္ထုများကို သိမြင်သည့်အရာသည် အာရုံဖြစ်သည်။ အာရုံသည် အာရုံကြောများ၏ ပြုပြင်ဖန်တီးသော တုံ့ပြန်မှုမှ ပေါ်ထွက်လာသည်။

တိရစ္ဆာန်အဖို့ အာရုံသည် ပြင်ပကမ္ဘာလောကကြီးနှင့် ဆက်သွယ်ရာ၌ အချက်ပြသော ကြိယာဖြစ်သည်။ လူတွင်မူ *(ထိခြင်း၊ သိခြင်း၊ မြင်ခြင်း)*စသော အာရုံတွင်မကတော့ဘဲ အချက်ပြကြိယာတစ်ခု ပိုလာသည်။ ၎င်းမှာ စကားပြောခြင်းဖြစ်သည်။

### ရုပ်နှင့်စိတ်

နာမ်ခန္ဓာကို ကြည့်မြင်ရာ၌ ရုပ်ဝါဒအမြင်နှင့် စိတ်ဝါဒအမြင်တို့သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခြားနားကြ၏။ စိတ်ဝါဒအလိုအရ၊ နာမ်ခန္ဓာသည် ရုပ်ခန္ဓာမှ ကွဲပြား၍ သီးခြားတည်ရှိသည်ဟု ယူဆ၏။ နာမ်ခန္ဓာသည် ရုပ်ခန္ဓာကို "*စေ့ဆော်သောအရာ*"ဟု ယူဆ၏။ နား၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ ခြေလက်စသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများက ထိခြင်း၊ သိခြင်း၊ မြင်ခြင်း၊ ကြားခြင်း၊ ရှူရှိုက်ခြင်း စသည်ဖြင့် ပြင်ပကမ္ဘာလောကကြီးကို ခံယူခြင်း၊ ပြင်ပကမ္ဘာလောက

ကြီးအား ပြန်၍တုံ့ပြန်ခြင်း စသည်တို့သည် နာမ်ကြောင့်ဖြစ်သည်ဟု ယူဆ၏။ နာမ်ခန္ဓာသည် ရုပ်ခန္ဓာကို အမှီမပြုဘဲ တည်ရှိနေသည်ဟုယူဆ၏။ တစ်ခါတစ်ရံ၌ နာမ်ခန္ဓာသည် ရုပ်ခန္ဓာကြီးကိုစေခိုင်း၍ တစ်ခါတစ်ရံ၌ စေခိုင်းခြင်းမပြုဟု ယူဆ၏။

ယင်းကား . . . . .များစွာရှေးကျလှသော ခံယူချက်ဖြစ်၏။ ထို့ကြောင့် ဝိညာဉ်ဆိုသည်မှာ အလွန်သိမ်မွေ့နုနယ်သော အခိုးအငွေ့တစ်ခုဖြစ်သည်ဟု ရှေးလူများက ယူဆခဲ့ကြ၏။ ထိုဝိညာဉ်ဟုခေါ်သည့် အခိုးအငွေ့သည် ရုပ်ခန္ဓာထဲ၌ တည်ရှိပြီး ရုပ်ခန္ဓာကိုခွာကာ သီးခြားတည်ရှိနိုင်သည်ဟု ယူဆခဲ့ကြ၏။ ဥပမာအားဖြင့် လူအိပ်ပျော်နေစဉ်၌ ဝိညာဉ်သည် ထွက်သက်လေဖြင့် ပါသွားကာ ရုပ်ခန္ဓာ အပြင်ဘက်တွင် လှည့်ပတ်သွားလာနေသည်ဟု အယူရှိခဲ့ကြ၏။ မကောင်းသော ဝိညာဉ်သည် မကောင်းသော ရုပ်ခန္ဓာတွင် တည်ရှိသည်ဟု ယူဆခဲ့ကြ၏။ ဥပမာ "တစ္ဆေပူးခြင်း"၊ "နတ်ဝင်ခြင်း"၊ "ပယောဂပူးခြင်း" စသည်တို့မှာ မကောင်းသော ဝိညာဉ်ဆိုးက မကောင်းသော ရုပ်ခန္ဓာတွင် ဝင်ရောက်ခြင်းဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။ စိတ္တဇရောဂါနှင့် ဝက်ရူးပြန်ရောဂါဖြစ်ရခြင်းမှာ မကောင်းဆိုးဝါးဝိညာဉ် ဝင်ရောက်သောကြောင့်ဟု ယူဆကြ၏။ ထို့ကြောင့် ဝိညာဉ်သည် သေသည်၏ အခြားမဲ့၌ တည်ရှိနေသည်ဟုလည်းကောင်း၊ လူမမွေးဖွားမီ ဝိညာဉ်တည်ရှိနေသည်ဟုလည်းကောင်း ယူဆခဲ့ကြခြင်းဖြစ်လေသည်။

အချုပ်ဆိုရလျှင် နာမ်ခန္ဓာနှင့်ပတ်သက်သည့် စိတ်ဝါဒအဘိဓမ္မာဆိုင်ရာ အယူအဆများသည် ယင်းသို့သော ဥပါဒါန်စွဲလမ်းမှုများကို အမွှမ်းတင်၊ အရောင်တင်ပေးခြင်းမျှသာ ဖြစ်လေသည်။

ယင်းသို့သော အမွှမ်းတင်ချက်များအနက် တစ်ခုမှာ စိတ်နှင့် ရုပ်ခန္ဓာသည် သီးခြားသော ပရမတ်တရားများဖြစ်ကြသည်ဟူသော အယူအဆဖြစ်၏။ ၎င်းအယူအဆအရဆိုလျှင် စိတ်ပရမတ်နှင့် ရုပ်ပရမတ်ဟူ၍ တရားနှစ်ပါးရှိ၏။ ရုပ်ပရမတ်၊ သို့မဟုတ် ရုပ်ခန္ဓာသည် ချဲ့ကားသောသဘောရှိ၏။ အလေးချိန်ရှိ၏။ လဟာပြင်တွင် ရွေ့လျားသော သဘောရှိ၏။ စိတ်ပရမတ်၊ သို့မဟုတ် နာမ်ခန္ဓာမှာ တွေးကြံသော သဘော၊ သိသောသဘော၊ ထိတွေ့သောသဘော၊ တောင့်တသော သဘောရှိသည်ဟု ယူဆကြ၏။ ဤအယူအဆကို ယခုတိုင် အများအပြား လက်ခံနေကြသေးသည်ကို တွေ့ရ၏။ ထိမှု၊ သိမှု စသည့် အရည်အသွေးတို့သည် ရုပ်နှင့် လုံးဝ သီးခြားကင်းကွာနေကြသည်ဟု ယူဆ၏။ ၎င်းအယူအဆအရ သိမှု၊ ထိမှုဟူသမျှသည် ကျွန်ုပ်တို့၏ ရုပ်ခန္ဓာနှင့် ဆက်စပ်လျက်ရှိသော်လည်း ရုပ်ကို မှီခြင်း၊





တည်ခြင်းမရှိ၊ ရုပ်မဟုတ်သော ပရမတ်များဖြစ်ကြသည်ဟု ယူဆ၏။

အလားတူပင် အတွေးအခေါ်၊ ဝေဒနာ စသည်တို့သည်လည်း ရုပ်ဖြစ်စဉ်၏ ထုတ်ကုန်ပစ္စည်းမဟုတ်ဟု ယူဆကြ၏။ သို့ရာတွင် ဤစိတ်ဝါဒအယူအဆများသည် ကာလအတန်ကြာကတည်းကပင်လျှင် ရုပ်ဝါဒရှုမြင်ချက်များ၏ ခုခံတားဆီးမှုကို ကြုံတွေ့ခဲ့ကြရ၏။ ရုပ်ဝါဒအရဆိုလျှင် နာမ်ခန္ဓာသည် ရုပ်ခန္ဓာမှ သီးခြားတည်ရှိနေသည်ဟု မယူဆပေ။ စိတ်ပိုင်းလုပ်ဆောင်ချက်များအားလုံးသည် ရုပ်ခန္ဓာတွင် မှီ၍ တည်၍နေသည်။ ရုပ်ခန္ဓာအစိတ်အပိုင်းများမရှိဘဲ စိတ်ပိုင်းလုပ်ဆောင်ချက်များ မရှိနိုင်ဟု ယူဆပေသည်။ စိတ်သည် ရုပ်၏အမြင့်ဆုံးအသွင်ရှိသော ထုတ်ကုန်ပစ္စည်းဟု ယူဆ၏။

ခေတ်သစ်ရုပ်ဝါဒသည် သိပ္ပံပညာတွေ့ရှိချက်များကို တပ်ဆင်ထားပြီးဖြစ်၏။ ထို့ကြောင့် နာမ်ခန္ဓာကို ကြည့်မြင်သော စိတ် (ဝါ) ခံယူချက်ကို ရုပ်ဝါဒသည် အလဲထိုးလိုက်နိုင်ပြီဖြစ်၏။ နာမ်ခန္ဓာသည် ဘဝ၏ တရွေ့ရွေ့နှင့် အဆင့်ဆင့် ပြောင်းလဲသော ဖြစ်ပေါ်တိုးတက်မှု၏ ထုတ်ကုန်ပစ္စည်းမျှသာဖြစ်၏။ တစ်စုံတစ်ခုသော အတိုင်းအတာအထိ အာရုံကြောဖွဲ့စည်းမှုစနစ် အဆင့်မြင့်သည့် သက်ရှိ ရုပ်ခန္ဓာများတွင် သိစိတ်ရှိသည်ကို တွေ့ရ၏။ အချို့တိရစ္ဆာန်များတွင် သိစိတ်ရှိလေသည်။ သို့ဖြင့် သိစိတ်သည် တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော ဖြစ်စဉ်အရ အတွေးအခေါ်ဖြစ်လာ၏။ လူအဖြစ်သို့ ရောက်သည်၌ သိစိတ်ဖြစ်ပေါ်မှုသည် အမြင့်ဆုံးသို့ရောက်ရှိလာကာ အတွေးအခေါ်ဖြစ်လာလေတော့သည်။ ဤအတွေးအခေါ်သည်လည်း ရုပ်ဖြစ်သော လူ့ဦးနှောက်၏ လှုပ်ရှားဆောင်ရွက်မှုသာ ဖြစ်လေသည်။ သို့ဖြစ်ရာ အနိမ့်ဆုံးမှ အမြင့်ဆုံးအထိဖြစ်သော စိတ်ပိုင်း လုပ်ဆောင်ချက်အားလုံးသည် ရုပ်ခန္ဓာ၏ လုပ်ဆောင်ချက်၊ ရုပ်၏ လုပ်ဆောင်ချက်များသာ ဖြစ်လေသည်။ ရုပ်သည် အမြင့်ဆုံးသော ဖွဲ့စည်းမှုအဆင့်သို့ ရောက်လာသည်၌ ရုပ်သည် စိတ်ကို ထုတ်လုပ်ပေးလိုက်လေသည်။ ထို့ကြောင့် ရုပ်ကို မှီခြင်း၊ တည်ခြင်းမရှိသော စိတ်ဆိုသည်မှာ အဓိပ္ပါယ်ကင်းမဲ့သော စကားမျှသာဖြစ်၏။ စိတ်သည် ရုပ်ခန္ဓာမှကင်း၍ မတည်ရှိနိုင်ပေ။

သို့ဆိုလိုက်ခြင်းဖြင့် စိတ်ပိုင်းဖြစ်စဉ်များဟူသည် လုံးဝမရှိ၊ စိတ်ဆိုသည်မှာ လုံးဝမရှိဟု ဆိုလိုခြင်းမဟုတ်ပေ။ စိတ်၊ သိစိတ်၊ အတွေးအခေါ်၊ ဆန္ဒ၊ ဝေဒနာ၊ အာရုံ စသည်တို့သည် တကယ်ရှိ အဟုတ်ရှိသော အရာများဖြစ်သည်ကား မှန်ပေသည်။ ရုပ်ဝါဒသည် စိတ်၏ တကယ်ရှိ အဟုတ်ရှိခြင်းကို မငြင်းဆိုပေ။

နာမ်ခန္ဓာဟုခေါ်သောအရာသည် ရုပ်ခန္ဓာနှင့် ကင်းလွတ်၍ သီးခြားတည်ရှိသည်ဆိုသည့်အချက်ကိုသာ ငြင်းပယ်ခြင်းဖြစ်၏။ နာမ်ခန္ဓာသည် ရုပ်ခန္ဓာနှင့် ကင်း၍နေသောအရာ မဟုတ်ပေ။ ပရမတ်မဟုတ်ပေ။ လူသည် တွေးသမျှ၊ ထိသမျှ၊ တောင့်တသမျှ၊ လူ၌ စိတ်ဆိုသောအရာသည် ရှိ၏။ တစ်ဖန် တွေးခြင်း၊ ထိခြင်း၊ တောင့်တခြင်း စသည်တို့လည်း ရုပ်ဖြစ်သော လူ၏လုပ်ဆောင်ချက်သာဖြစ်၏။ ရုပ်ခန္ဓာတစ်ခု၌ တစ်စုံတစ်ခုသော အင်္ဂါဖွဲ့စည်းမှု၊ တစ်စုံတစ်ခုသော ဇီဝအခြေအနေတို့ ဖြစ်လာသည်၌ တွေးခြင်း၊ သိခြင်း၊ ထိခြင်း၊ တောင့်တခြင်း စသည့် လုပ်ဆောင်ချက်များ ဖြစ်ပေါ်လာကြ၏။ ရုပ်ခန္ဓာနှင့် ၎င်း၏အင်္ဂါအစိတ်အပိုင်းများ ပျက်သည်နှင့် အဆိုပါ တွေးခြင်း၊ သိခြင်း၊ ထိခြင်း၊ တောင့်တခြင်း စသည်တို့လည်း ပျက်လေတော့သည်။ သို့ဖြစ်ရာ စိတ်ပိုင်းလုပ်ဆောင်ချက်၊ လှုပ်ရှားဆောင်ရွက်ချက်ဟူသမျှသည် ရုပ်၏ ထုတ်ကုန်ပစ္စည်းများသာဖြစ်ပေ၏။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ခြုံ၍ပြောခဲ့၏။

> *“အတွေးအခေါ်သည် ဖြစ်ပေါ်တိုးတက်မှု၌ ပြီးပြည့်စုံသော အဆင့်သို့ ရောက်နေသော ရုပ် (ဦးနှောက်) ၏ ထုတ်ကုန်ပစ္စည်းသာဖြစ်၏။ ဦးနှောက်သည်လည်း အတွေးအခေါ်၏ ကြိယာမျှသာဖြစ်၏။ ထို့ကြောင့် အတွေးအခေါ်ကို ရုပ်မှ ခွဲခွာ၍ မရပေ . . . .”*

### သိစိတ်နှင့်အာရုံကြောဖွဲ့စည်းမှုစနစ်

ရုပ်ခန္ဓာတိုင်း တွေးမှု၊ သိမှု၊ ထိမှုတို့ကို မလုပ်နိုင်ပေ။ သက်ဝင်ရုပ်ခန္ဓာ၊ သက်ရှိရုပ်ခန္ဓာများသာ တွေးမှု၊ ထိမှု၊ သိမှုတို့ကို ပြုလုပ်နိုင်၏။ တစ်ဖန် သက်ရှိ ရုပ်ခန္ဓာတိုင်းသည်လည်း စိတ်ပိုင်းလုပ်ဆောင်ချက်များကို မပြုလုပ်နိုင်ပေ။ ဗဟိုအာရုံကြောဖွဲ့စည်းမှုစနစ်ရှိသည့် တိရစ္ဆာန်များ၊ သတ္တဝါများ၌သာ စိတ်ဆိုသောအရာသည် ပေါ်လာ၏။ သက်ရှိရုပ်ခန္ဓာများတွင် အာရုံကြောဖွဲ့စည်းမှုစနစ် တဖြည်းဖြည်း ပေါ်လာသည့်အခါ ဗဟိုအာရုံကြောဖွဲ့စည်းမှုစနစ်မှ ဦးနှောက်ဟူ၍ ဖြစ်ပေါ်လာသောအခါ အာရုံကို ဗဟိုပြုသော စိတ်၏ အခြေခံလုပ်ဆောင်များလည်း ပေါ်ပေါက်လာကြ၏။ ဦးနှောက်ဖြစ်ပေါ်တိုးတက်မှုသည် အဆင့်မြင့်လာသောအခါ ဦးနှောက်ကြောနှင့် ၎င်း၏ဗဟိုဌာနများ ဖြစ်ပေါ်လာသောအခါ အတွေးအခေါ်ဟူသော ပို၍မြင့်သည့် စိတ်ပိုင်းလုပ်ဆောင်ချက်များ ပေါ်လာ၏။ သို့ဖြစ်ရာ ဦးနှောက်သည် အတွေးအခေါ်၏ ကြိယာအစိတ်အပိုင်းသာ ဖြစ်လေသည်။ တွေးကြံခြင်းမှာ ဦး





နှောက်က ပြုလုပ်သောလုပ်ဆောင်ချက်တစ်ခု ဖြစ်လေသည်။

ယခုခေတ်တွင် ဤအချက်ကို မငြင်းနိုင်ကြတော့ပေ။ သို့ရာတွင် လူသေလျှင် ဝိညာဉ်ကျန်ရှိနေသေးသည်ဟူသော ယုံကြည်မှုမျိုးကား ယခုထက်တိုင် ကျန်နေပေသေးသည်။ တစ်နည်းဆိုရလျှင် ကျွန်ုပ်တို့၏ စိတ်သည် ကျွန်ုပ်တို့သေလွန်ပြီးသည်၏နောက်မှသာ ပြီးပြည့်စုံသော ဖြစ်ပေါ်တိုးတက်မှုအဆင့်သို့ ရောက်သည်ဟု ယူဆနေကြသေး၏။ “*စိတ်ပိုင်းဖြစ်စဉ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ရှုနိုင်ရန်၊ စိတ်ပိုင်းဖြစ်စဉ်များ၏ သဘာဝနှင့် မူလကို နားလည်ရန်အတွက် ရုပ်အလွှာများဖြစ်ကြသည့် စိတ်ပိုင်းအသွင်သဏ္ဌာန်များ (ဝါ) အာရုံကြောဆိုင်ရာဖြစ်စဉ်များကို လေ့လာအပ်ပေသည်*”ဟု လီနင်က ရေးခဲ့၏။ ယင်းသို့သော လေ့လာမှုများကို ခန္ဓာဗေဒပါရဂူတစ်ဦးဖြစ်သူ ရုရှားလူမျိုး အိဗန်ပက်ဗလော့က ပြုလုပ်ခဲ့ပေသည်။

### ကိုယ်အင်္ဂါဖွဲ့စည်းမှုနှင့်ပတ်ဝန်းကျင်

အာရုံကြောဖွဲ့စည်းမှုစနစ်သည် ကိုယ်အင်္ဂါဖွဲ့စည်းမှုအစိတ်အပိုင်းအမျိုးမျိုး၏ လှုပ်ရှားမှုများကို စေ့ဆော်ကူညီသောအရာသာဖြစ်သည်ဟု ယခင်က ယူဆခဲ့ကြ၏။ ပက်ဗလော့ကမူ “*အာရုံကြောဖွဲ့စည်းမှုစနစ်သည် အများယူဆကြသကဲ့သို့ ကိုယ်အင်္ဂါဖွဲ့စည်းမှုအစိတ်အပိုင်းတစ်ခုနှင့်တစ်ခုကို ဆက်သွယ်ပေးသော အရာမဟုတ်၊ ကိုယ်အင်္ဂါဖွဲ့စည်းမှုကြီးတခုလုံးနှင့် ပတ်ဝန်းကျင်တို့ကို ဆက်သွယ်ပေးသော အရာဖြစ်သည်*”ဟု ရှာဖွေတွေ့ရှိခဲ့၏။ ယခင်ကဆိုလျှင် အာရုံကြောဖွဲ့စည်းမှုသည် သောတအာရုံနှင့် စက္ခုအာရုံ၊ စက္ခုအာရုံနှင့် ဂန္ဓာအာရုံ၊ ဂန္ဓာအာရုံနှင့် ဖောဋ္ဌဗ္ဗအာရုံ စသဖြင့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုနှင့် အခြားတစ်ခုကို ဆက်စပ်ပေးသော အရာမျှသာဖြစ်သည်ဟု ယူဆခဲ့ကြ၏။ ပက်ဗလော့ကမူ ဤသို့မယူဆပေ။ အာရုံကြော ဖွဲ့စည်းမှုစနစ်သည် ခန္ဓာကိုယ်ကြီးတစ်ခုလုံးနှင့် ပတ်ဝန်းကျင်ကို ဆက်စပ်ပေးသော အရာဖြစ်သည်ဟု ဖော်ပြခဲ့လေသည်။ ထို့ကြောင့် ထိုအာရုံကြောဖွဲ့စည်းမှုစနစ်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများအချင်းချင်း၏ ဆောင်ရွက်လှုပ်ရှားမှုကို စနစ်တကျ ဖြစ်ပေါ်စေသော အရာမဟုတ်၊ ခန္ဓာကိုယ်ကြီးတစ်ခုလုံးနှင့် ၎င်း၏ ပတ်ဝန်းကျင်တို့ အချင်းချင်း ဆောင်ရွက်လှုပ်ရှားပုံကို ဖြစ်ပေါ်စေသည့် အရာဖြစ်သည်ဟု ယူဆခဲ့၏။

အာရုံကြောဖွဲ့စည်းမှုစနစ်၏ ယင်းသို့သော လုပ်ဆောင်ချက်ကြောင့် တိရစ္ဆာန်သည် ၎င်း၏ပတ်ဝန်းကျင်နှင့် ဘယ်လိုဆက်ဆံရမည်ကို သိရှိလာ၏

ဘယ်လိုပတ်ဝန်းကျင်တွင် ဘယ်လိုအသက်ရှင်နေရမည်ကို သိရှိလာ၏။ ယင်းသို့ အခြေအနေနှင့်အညီ လှုပ်ရှားဆောင်ရွက်တုံ့ပြန်နိုင်ရေးအတွက် တိရစ္ဆာန်သည် ၎င်း၏ခြေလက်များနှင့် အာရုံဒွါရများကို အသုံးပြု၏။ ဖြစ်စဉ်တစ်ခုလုံးကို ထိန်းချုပ်ထားသည့် ဒွါရကား ဦးနှောက်ပင် ဖြစ်ပေသည်။

အာရုံကြောတုံ့ပြန်မှုသည် အစဥ္စ ရှင်း၏။ တစ်စုံတစ်ခုသော အရာသည် အာရုံဒွါရများကိုသွား၍ ရိုက်ခတ်၏။ သို့ရိုက်ခတ်ခြင်းကြောင့် ကြွက်သားများ၏ တုံ့ပြန်မှုကို ဖြစ်စေ၏။ တိရစ္ဆာန်သည် ပတ်ဝန်းကျင်က ရိုက်ခတ်သောအခါ ဤနည်းအတိုင်း တုံ့ပြန်လေသည်။ သို့ဖြစ်ရာ အကြင်အရာသည် အာရုံဒွါရများကို ဝင်ရောက်ရိုက်ခတ်အံ့၊ ထိုသို့သော တုံ့ပြန်မှုသည် ဖြစ်ပေါ်လာအံ့ စသဖြင့် တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်တို့ ဆက်သွယ်ပုံကို ပြဆိုကြလေသည်။ တိရစ္ဆာန်သည် ပတ်ဝန်းကျင်နှင့် ယင်းသို့ဆက်ဆံလာရခြင်းမှာ ယခင်ကကြုံခဲ့ဖူးသည့် ပြောင်းလဲခြင်းမရှိသော၊ ပုံသေဖြစ်သော အဖြစ်အပျက်များကို အမှတ်သညာပြု၍ ဆက်ဆံရာမှ အစပြုခဲ့၏။ ယင်းကို ပက်ဗလော့က တိုက်ရိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးခြင်းမရှိသော အာရုံကြောတုံ့ပြန်မှုသဘောတရားဟု ခေါ်လေသည်။ သို့မှတစ်ဆင့် တိရစ္ဆာန်သည် ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် ပြောင်းလွဲသော၊ ယာယီဖြစ်သော အဖြစ်အပျက်များ၊ ဆက်သွယ်မှုများကို တွေ့လာရ၏။ သို့ဖြင့် တိရစ္ဆာန်သည် ပတ်ဝန်းကျင်ကို တိုက်ရိုက်အမှတ်သညာမပြုတော့ဘဲ ပြောင်းလဲလာ၏။ ယင်းကို ပက်ဗလော့က သွယ်ဝိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုသဘောတရားဟုခေါ်၏။

ဥပမာအားဖြင့် တိရစ္ဆာန်သည် အစာစားခါနီးတွင် ခံတွင်းရှိ အရည်ကြိတ်များမှ သွားရည်ယိုစီးကျ၏။ သို့ဖြင့် ခွေးသည် စားခွက်ကို မြင်သည်နှင့် သွားရည်ယိုစီးလာလေ့ရှိ၏။ ဤသည်မှာ တိုက်ရိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးခြင်းမရှိသော အာရုံကြောတုံ့ပြန်မှုဖြစ်၏။ ခွေးသည် အစာကို ရသည်နှင့် ပါးစပ်ထဲတွင် သွားရည်တများများဖြစ်လာ၏။ ပက်ဗလော့သည် ခွေးအား အစာကျွေးတိုင်း ခေါင်းလောင်းတစ်ခုကို တီးလေ့ရှိ၏။ သို့ဖြင့် ကာလအတန်ကြာသော် ခွေးသည် ခေါင်းလောင်းတီးရုံမျှဖြင့် သွားရည်တများများဖြစ်လာလေတော့သည်။ ယင်းကား သွယ်ဝိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုဖြစ်လေသည်။ အစာကျွေးတိုင်း ခေါင်းလောင်းကို တီးခြင်းဖြင့် ခွေးအား ခေါင်းလောင်းသံကို တုံ့ပြန်အောင် ပြုပြင်ဖန်တီးထားခြင်းဖြစ်၏။ တစ်နည်းဆိုလျှင် ခွေးသည် အစာစားရတိုင်း





ခေါင်းလောင်းသံကို ကြားရဖန်များလတ်သော် ခေါင်းလောင်းသံကြားရုံမျှဖြင့် အစာစားရတော့မည်ဟု သိ၍လာကာ သွားရည်တများများဖြစ်လာခြင်းပင်ဖြစ်၏။ သို့ဖြစ်ရာ တိုက်ရိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးခြင်းမရှိသော အာရုံကြောတုံ့ပြန်မှုသည် မျိုးနွယ်များ၏ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော ဖြစ်စဉ်လမ်းကြောင်းတစ်လျှောက်၌ တိရစ္ဆာန်၏ မျိုးရိုးကို လိုက်မှုတစ်ခုဖြစ်၏။ သွယ်ဝိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုမှာ မျိုးရိုးလိုက်မှုမဟုတ်ဘဲ သီးခြားအခြေအနေတစ်ခုအတွင်း တစ်ဦးချင်းစမ်းသပ်ကြည့်ရာမှ ပေါ်ပေါက်လာသောအရာဖြစ်၍ ပြောင်းလဲနိုင်၏။ ဖျက်ဆီးပစ်နိုင်၏။ သို့ဖြင့် အချိန်အတော်ကြာမျှ ခေါင်းလောင်းတီးတိုင်း အစားအစာကျွေးခြင်းမပြုသည့်အခါ များလာသော် ခွေးသည် တုံ့ပြန်ခြင်း မပြုတော့ပေ။ သို့မဟုတ်လျှင်လည်း ခွေးအား ခေါင်းလောင်းမြည်သံပေးလျှင်၊ သို့မဟုတ်လျှင် အစာကျွေးမည်ဟု သိအောင်သင်ကြားထားနိုင်လေသည်။

အာရုံကြောများ တုံ့ပြန်ပုံကို ဦးနှောက်တွင် တွေ့ရှိနိုင်၏။ ဦးနှောက်၏ အာရုံကြောစုတည်ရာနှင့် ပြန်ကြောစုတည်ရာတို့ ဆက်သွယ်ပုံတွင် တွေးနိုင်၏။ အာရုံကြောစုတည်ရာနှင့် ပြန်ကြောစုတည်ရာတို့သည် ကွဲပြား၏။ အာရုံကြောစု၏ အလုပ်သည် ဒွါရများမှဝင်လာသော အာရုံများကို ဖမ်းယူခြင်းဖြစ်ပြီး ပြန်ကြောစု၏အလုပ်ကား အာရုံများကို ပြန်လွှတ်ရန်ဖြစ်လေသည်။ အာရုံတစ်ခုသည် ဒွါရတစ်ခုမှ ဝင်လာသည်၌ အာရုံကြောစုတည်ရာသို့သွား၏။ သို့သွားရာ၌ ပြန်ကြောစုများကို ဖြတ်သန်းသွားသည်။ ထိုပြန်ကြောစုများသည် ဝင်ရောက်လာသော အာရုံကို ကြွက်သားများ၊ အကျိတ်များ စသည်တို့သို့ပို့ပေး၏။ သို့ဖြင့် ဝင်ရောက်လာသော အာရုံကို လိုက်၍ တုံ့ပြန်မှုသည် ဖြစ်ပေါ်လာလေသည်။

သို့ဖြစ်ရာ တိုက်ရိုက် (သို့မဟုတ်) ဦးနှောက်၏ အာရုံကြောစုတည်ရာနှင့် ပြန်ကြောစုတည်ရာတို့၏ မပြောင်းလဲသော၊ မူသေဖြစ်သော ဆက်သွယ်မှုပေါ်တွင် အခြေခံ၏။ သွယ်ဝိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုကား တိရစ္ဆာန်၏ အတွေ့အကြုံကို လိုက်၍ အာရုံကြောစုတည်ရာနှင့် ပြန်ကြောစုတည်ရာတို့၏ ပြောင်းလဲသော၊ ယာယီဖြစ်သော ဆက်သွယ်မှုပေါ်၌ အခြေခံလေသည်။ ယင်းသို့ ဦးနှောက်တွင်းရှိ အာရုံကြောစုတည်ရာနှင့် ပြန်ကြောစုတည်ရာသို့ ဆက်သွယ်မှုကို အခြေခံရန် တိရစ္ဆာန်နှင့် ပြင်ပကမ္ဘာလောကကြီးသည် ဆက်သွယ်နေ၏။ အာရုံကြောစုတည်ရာနှင့် ပြန်ကြောစုတည်ရာတို့ အဆက်ပြတ်လျှင် တိရစ္ဆာန်သည်လည်း ကမ္ဘာလောကကြီးနှင့် အဆက်ပြတ်တော့၏။ ပတ်ဝန်းကျင်နှင့်

အဆက်ပြတ်တော့၏။

သို့ဖြင့် အစာကြောင့်သွားရည်ကျရသော တိုက်ရိုက်နည်းသည် ခွေးအား ပတ်ဝန်းကျင်နှင့် တိုက်ရိုက်ဆက်သွယ်တုံ့ပြန်စေ၏။ ခေါင်းလောင်းသံကြောင့် သွားရည်ကျရသော သွယ်ဝိုက်နည်းသည် ခွေးအား ပတ်ဝန်းကျင်နှင့် သွယ်ဝိုက်ဆက်သွယ်တုံ့ပြန်စေ၏။ ဆိုလိုသည်မှာ တိုက်ရိုက်နည်းသည် ခွေးသွားရည်ကျအောင် အစာပြလောနည်းဖြစ်၍ သွယ်ဝိုက်နည်းသည် ခွေးသွားရည်ကျရန် ခေါင်းလောင်းတီးသောနည်းဖြစ်၏။ သို့ဖြင့် တိရစ္ဆာန်သည် သူ့ဦးနှောက်နှင့်သိသော အသိတရားနှင့် အတွေ့အကြုံအရ ပတ်ဝန်းကျင်ကို ဆက်သွယ်တုံ့ပြန်ပေသည်။ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်၏ ယင်းသို့သောဆက်သွယ်မှုသည် တိုက်ရိုက်ဆက်သွယ်မှုမှ သွယ်ဝိုက်ဆက်သွယ်မှု၊ ပြုပြင်ဖန်တီးထားခြင်းမရှိသော အာရုံကြောတုံ့ပြန်မှုမှ ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှု စသဖြင့် ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသော ဆက်သွယ်မှုမျိုးဖြစ်သည်ဟု ပက်ဗလော့က ဖော်ပြခဲ့၏။

အချုပ်ဆိုရလျှင် တိုက်ရိုက် (ဝါ) ပြုပြင်ဖန်တီးထားခြင်းမရှိသော ဆက်သွယ်မှုသည် ပြောင်းလဲလွယ်သောသဘောမရှိ၊ သမားရိုးကျဆက်သွယ်မှုမျိုး ဖြစ်၏။ ခွေးသည် အစာကိုမြင်လျှင် သွားရည်ကျ၏။ လူသည် မျက်စိနားတွင် ရိုပ်ခနဲမြင်လိုက်လျှင် မျက်တောင်ခတ်၏။ ယင်းမှာ ရုပ်ခန္ဓာနှင့် ပတ်ဝန်းကျင်၊ လူနှင့် ပတ်ဝန်းကျင်၊ တိရစ္ဆာန်နှင့်ပတ်ဝန်းကျင်တို့ တိုက်ရိုက် ဆက်သွယ်တုံ့ပြန်ပုံဖြစ်၏။ ဤတုံ့ပြန်ပုံမျိုးသည် မျိုးနွယ်များ၏ တစ်ရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲလာသော ဖြစ်စဉ်အရ လူဖြစ်စေ၊ တိရစ္ဆာန်မှာဖြစ်စေ၊ မွေးကတည်းက ပါလာသော အာရုံကြော တုံ့ပြန်မှုမျိုးဖြစ်၏။ ထို့ကြောင့် ၎င်းကို တိုက်ရိုက် (ဝါ) ပြုပြင်ဖန်တီးခြင်းမရှိသော အာရုံကြောတုံ့ပြန်မှုဟု ခေါ်၏။

အခြားတစ်ဖက်၌ သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုရှိ၏။ ၎င်းသည် ယာယီဖြစ်၏။ ပြောင်းလဲလွယ်သောသဘောရှိ၏။ တိရစ္ဆာန်သည် အတွေ့အကြုံကို မှီ၍ ပတ်ဝန်းကျင်ကို ဆက်သွယ်လာပုံမျိုးဖြစ်၏။ ထို့ကြောင့် ၎င်းသည် တိရစ္ဆာန်၏ အတွေ့အကြုံကိုလိုက်၍ ကွဲပြား၏။ ခွေးသည် အစာစားချိန် ရောက်တိုင်း မီးဖိုအနီးရှိ စားခွက်သို့လာ၏။ ခွေးသည် ၎င်း၏အတွေ့အကြုံအရ မီးဖိုအနီးတွင် စားခွက်ရှိသည်ကို သိရှိလာခဲ့ခြင်းဖြစ်၏။ ပြုပြင်ဖန်တီးထားသော [illegible] စားခွက်နေရာကိုသိ၏။ စားခွက်ကို မီးဖိုအနီးတွင် မဟုတ်ဘဲ [illegible] ခွေး၏တုံ့ပြန်မှုသည်လည်း ပြောင်းသွားမည့်





ဖြစ်၏။ ထို့ကြောင့် ၎င်းကို သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုဟု ခေါ်လေသည်။

အဆင့်မြင့်သော တိရစ္ဆာန်များ၏ အာရုံကြောဖွဲ့စည်းမှုစနစ်သည် တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်ဆက်ဆံရေးတွင် ယာယီဖြစ်သော၊ ပြောင်းလဲလွယ်သော ဆက်သွယ်မှုများကို သိရှိနားလည်ကြောင်း၊ သို့ဖြင့် တိရစ္ဆာန်သည် ပတ်ဝန်းကျင် အခြေအနေကို လိုက်၍ တုံ့ပြန်တတ်ကြောင်း၊ ပတ်ဝန်းကျင်နှင့် မိမိ၏ လိုအပ်ချက်များကို ကိုက်ညီအောင် ညှိနှိုင်းတတ်ကြောင်းဖြင့် ပက်ဗလော့က ဖော်ပြခဲ့၏။ þ v ykGq mi£Sa tÍ [illegible] tÍ yKv ykGyo n £ x [illegible] mi kÍ ''ဦးနှောက်သည် *တိရစ္ဆာန်က ပြင်ပကမ္ဘာလောကကို ဆက်ဆံရာတွင် အသုံးပြုသည့် အရှုပ်ထွေးဆုံးသော အင်္ဂါအစိတ်အပိုင်းဖြစ်ပေသည်''*ဟု ပက်ဗလော့က ပြောခဲ့လေသည်။

## လှုပ်ရှားဆောင်ရွက်မှုနှင့် သိစိတ်အာရုံများ

စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်မှုသည် အဆင့်မြင့်သော အာရုံကြောလှုပ်ရှားဆောင်ရွက်မှုဖြစ်သည်ဟု ပက်ဗလော့က ပြောခဲ့၏။ ဆိုလိုသည်မှာ အဆင့်မြင့်သော အာရုံကြောဖွဲ့စည်းမှုရှိသည့် သတ္တဝါတိုင်း၌ စိတ်ဆိုသောအရာ ဖြစ်ပေါ်လာသည်ဟု ဆိုလိုရင်းဖြစ်၏။ ထို့ကြောင့် စိတ်၊ သို့မဟုတ် စိတ်ပိုင်းဘဝအကြောင်းကို သိလိုလျှင် အဆင့်မြင့်သော အာရုံကြောဖွဲ့စည်းမှုစနစ်အကြောင်းကို သိနားလည်ရမည်ဖြစ်၏။

စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်မှုသည် ဦးနှောက်၏ လှုပ်ရှားဆောင်ရွက်ချက်ဖြစ်၏။ ဦးနှောက်သည် တိရစ္ဆာန်က ပြင်ပကမ္ဘာကို ဆက်သွယ်ရာ၌ အသုံးပြုသည့် အရှုပ်ထွေးဆုံးသော ကြိယာ၏အစိတ်အပိုင်းဖြစ်ရာ စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်မှု၊ ဦးနှောက်လှုပ်ရှားဆောင်ရွက်မှု၏ အစိတ်အပိုင်းသာဖြစ်၏။ စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်မှုသည် သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုကို စွဲ၍ဖြစ်၏။ သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုမရှိဘဲ စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်ချက်မရှိနိုင်။

အရာဝတ္ထုများသည် တိရစ္ဆာန်အတွက် အဓိပ္ပာယ်တစုံတရာကို ဆောင်လာသည်နှင့် တိရစ္ဆာန်၏စိတ်ပိုင်းဘဝသည် ဖြစ်ပေါ်စပြုလာတော့၏။ သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုကြောင့် တိရစ္ဆာန်သည် အရာဝတ္ထုတစ်ခုကို အခြားတစ်ခုနှင့် ဆက်စပ်၍ သိလာသောအခါ၌ စိတ်ပိုင်းဘဝသည် ဖြစ်ပေါ်လာ၏။ အရာဝတ္ထုတစ်ခုတည်ရှိခြင်းကို အခြားအရာဝတ္ထုတခု၏ ကျေးဇူးပြုမှု

ကြောင့် သိလာသည်နှင့် ထိုအရာဝတ္ထုသည် တိရစ္ဆာန်အဖို့ အဓိပ္ပာယ်ရှိလာတော့၏။ ဥပမာ ခွေးသည် အစားအစာရှိခြင်းကို ၎င်း၏ ဂန္ဓာရုံလှုပ်ရှားစေ့ဆော်မှုကြောင့် သိလာ၏။ ဂန္ဓာရုံ ကြောင့် ၎င်း၏သခင်ကို ခွဲခြားသိလာ၏။ သို့ဖြစ်ရာ တိရစ္ဆာန်သည် ကိုယ်တွင်း ကိုယ်ပ အာရုံဒွါရများမှတစ်ဆင့် ဝတ္ထုရုပ်တို့ကို သိမြင်လာကာ ထိုဝတ္ထုရုပ်များ နှင့် အရာဝတ္ထုများ အသီးသီးကို ဆက်စပ်၍သိလာ၏။ ထို့ကြောင့် အသီးသီးသော ဝတ္ထုရုပ် (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ စသည်) တို့သည် ဆိုင်ရာအကြည်ဓာတ်၏ တုံ့ပြန်မှုကိုသာ ဖြစ်ပေါ်စေရုံမျှမက ၎င်းတို့သည် တိရစ္ဆာန်အဖို့ ပြင်ပကမ္ဘာလောကကြီးတွင်ရှိသည့် ဝတ္ထုရုပ်များကို ပြသသော အချက်ပြကြိယာများပမာ ဖြစ်နေတော့၏။ ထိုဝတ္ထုရုပ်များကိုမှီ၍ အကြည်ဓာတ်တုံ့ပြန်မှုအသီးသီး ဖြစ်ပေါ်လာကြ၏။

သို့ဖြင့် တိရစ္ဆာန်၌ သိခြင်းတရားပေါ်လာ၏။ ယင်းသို့သိခြင်းတရားဖြစ်ပေါ်လာသည်၌ ဆိုင်ရာအကြည်ဓာတ်၏ တုံ့ပြန်မှုကို ဖြစ်ပေါ်စေ၏။ သိခြင်းတရားပေါ်သည်ဆိုရာတွင် (၁) တိရစ္ဆာန်သည် မိမိ၏ အာရုံတံခါးပေါက်များကို အသုံးပြုခြင်းဖြင့် မိမိ၏ပတ်ဝန်းကျင်ကို စုပေါင်းပတ်ဝန်းကျင်မှ ခွဲခြားတတ်လာခြင်း၊ ၎င်းကို တုံ့ပြန်ခြင်းကို ဆိုလို၏။ ဥပမာ – ခွေးသည် ၎င်း၏အစာကို အနံ့၊ အတွေ့၊ အမြင်တို့ဖြင့်သိကာ စားခြင်းမျိုးဖြစ်၏။ (၂) တိရစ္ဆာန်သည် အရာဝတ္ထုတစ်ခုကို အကြောင်းပြုပြီးမှ အခြားအရာဝတ္ထုတစ်ခုကို သိခြင်းမျိုးဖြစ်၏။ ဥပမာ – ၎င်းကြောင့် အသေကောင်ပုတ်ရှိသည်ကို သိခြင်း၊ ဆားမြေတွင်းကို တွေ့၍ သားရဲတိရစ္ဆာန်ရှိသည်ကို သိခြင်း စသည့်နည်းမျိုးဖြစ်၏။

သို့ဖြင့် သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုကြောင့် ပေါ်လာသည့်သိခြင်းတရား၏ အဓိပ္ပာယ်ကား တိရစ္ဆာန်သည် ၎င်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း မရှိသော အရာဝတ္ထုတစ်ခုကို အကြောင်းပြုပြီးမှ ၎င်းနှင့် တိုက်ရိုက်ဆက်သွယ်သော အရာဝတ္ထုကို သိခြင်းဟု အဓိပ္ပာယ်ထွက်၏။ ယင်းသို့ သိခြင်းတရားမှာ အတွေ့အကြုံအရ ပေါ်လာခြင်းဖြစ်၏။ သို့ဖြင့် ကတ္တားပိုင်း၊ ကမ္မပိုင်းဟူ၍ ပေါ်လာ၏။ သို့ဖြစ်ရာ ချုပ်၍ကြည့်လျှင် သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုကြောင့် သိခြင်းတရားပေါ်သည်။ သိခြင်းတရားကြောင့် ကတ္တားပိုင်း၊ ကမ္မပိုင်းပေါ်သည်ဟု အဓိပ္ပာယ်ထွက်၏။ ကတ္တားပိုင်းနှင့် ကမ္မပိုင်း ကွဲပြားခြင်းအရာ၌ အဟုတ်ရှိ၊ တကယ်ရှိသော ရုပ်များနှင့် တိရစ္ဆာန်က သိမြင်သော ထိုရုပ်များ၏ ဒြပ်သဏ္ဌာန်၊ ထိုဒြပ်သဏ္ဌာန်တို့၏ အနက်အဓိပ္ပာယ်





စသည်တို့ ကွဲပြားခြင်းဖြစ်၏။ အဟုတ်ရှိ၊ တကယ်ရှိသောရုပ်သည် ကမ္မပိုင်းဖြစ်၍ တိရစ္ဆာန်၏ သိခြင်းတရား၌ ပေါ်လာသော ထိုရုပ်၏ ဒြပ်သဏ္ဌာန်နှင့် အဓိပ္ပာယ်တို့ကား ကတ္တားပိုင်းဖြစ်၏။ ထို့ကြောင့် ပြင်ပဝတ္ထုရုပ်သည် ကမ္မပိုင်းဖြစ်၍ ထိုတိရစ္ဆာန်၏ သိခြင်းတရားထဲ၌ထင်သော ထိုဝတ္ထုရုပ်၏ ဒြပ်သဏ္ဌာန်တို့ကား ကတ္တားပိုင်းဖြစ်၏။ တစ်နည်းဆိုလျှင် ကမ္မသည် ရုပ်ပိုင်းဖြစ်၍ ကတ္တားသည် စိတ်ပိုင်းဖြစ်၏။ ထို့ကြောင့် ၎င်းတို့နှစ်ခုသည် ခြားနားကြ၏။

အောက်ပါအချက်တို့ကြောင့် ကတ္တားပိုင်းဆိုင်ရာသည် ကမ္မပိုင်းဆိုင်ရာနှင့် ခြားနား၏။ ၎င်းတို့ကား . . . .(၁) တိရစ္ဆာန်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို သိခြင်းမရှိ၊ ပတ်ဝန်းကျင်၏ အချို့သော အစိတ်အပိုင်း၊ သို့မဟုတ် အချို့သော ဒြပ်သဏ္ဌာန်တို့ကိုသာသိ၏။ (၂) အရာဝတ္ထုများအား တိရစ္ဆာန်က သိမှုသည်လည်း လွဲမှားနိုင်၏။ တိရစ္ဆာန်၏သိမှုသည် ၎င်း၏အတွေ့အကြုံ၊ ၎င်း၏ ရသခံစားမှုအရ သိခြင်းမျှသာဖြစ်၍ ထိုအရာဝတ္ထု၏ တကယ့်ဖြစ်မှုနှင့် လွဲချင်လွဲနိုင်၏။

အောက်ပါအချက်တို့ကြောင့် ကမ္မပိုင်းဆိုင်ရာသည် ကတ္တားအပိုင်းဆိုင်ရာထက် အရင်ကျ၏။ အဦးဖြစ်၏။ ၎င်းတို့ကား . . .(၁) အရာဝတ္ထုတို့အား သိခြင်းတရားသည် အရာဝတ္ထုပိုင်းအား စွဲ၍မှီ၍ ဖြစ်ရ၏။ သိခြင်းကြောင့် ဖြစ်ခြင်း၊ မသိခြင်းမဟုတ်၊ ဖြစ်ခြင်း၊ တည်ခြင်းကြောင့် သိခြင်းပေါ်ရ၏။ ဖြစ်ခြင်း၊ တည်ခြင်းတို့သည် သိခြင်း၏ မှီရာတည်ရာဖြစ်၏။ ထို့ကြောင့် ဖြစ်ခြင်း၊ တည်ခြင်းသည် သိခြင်းထက် အလျင်ကျ၏။ အဦးဖြစ်၏။ (၂) အရာဝတ္ထုများအား သိခြင်းမပေါ်မီ ပဝေသဏီကပင်လျှင် အရာဝတ္ထုများသည် ဖြစ်တည်ခဲ့ကြ၏။ ထို့ကြောင့် ကမ္မပိုင်းဆိုင်ရာသည် ကတ္တားပိုင်းဆိုင်ရာထက် အရင်ကျ၏။ အဦးဖြစ်၏။

ထို့ကြောင့် အာရုံကြောဖွဲ့စည်းမှုစနစ်၏ လှုပ်ရှားဆောင်ရွက်ချက်သည် တိရစ္ဆာန်နှင့် ပြင်ပကမ္ဘာလောကတို့အား ဆက်သွယ်ပေးခဲ့၏။ သို့ဖြင့် တိရစ္ဆာန်၌ သိစိတ်ပေါ်လာခဲ့၏။ သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုပေါ်လာသောအခါ တိရစ္ဆာန်သည် ဝတ္ထုရုပ်များအား ပြန်လှန်တုံ့ပြန်သောအခါ၊ သို့တုံ့ပြန်ရာ၌လည်း ထိုဝတ္ထုရုပ်များ၏ ဖွဲ့စည်းမှုကို လိုက်၍ဖြစ်သောအခါ တိရစ္ဆာန်၏ အာရုံကြောဖွဲ့စည်းမှုဖြစ်စဉ်၌ သိစိတ်ဟုခေါ်သော အရည်အသွေးသစ်တစ်ခု၊ သတ္တိတစ်ခု ပေါ်ပေါက်လာတော့၏။

သို့ဖြစ်ရာ သိစိတ်သည် မသိနားမလည်နိုင်သော အရာမဟုတ်ပေ။ မူလအစကတည်းက ဦးနှောက်၏ ရုပ်ဘဝဖြစ်စဉ်နှင့် ဒွန်တွဲပေါ်လာသောအရာလည်း

မဟုတ်ပေ။ ဗီဇဖြစ်စဉ်၌ တဖြည်းဖြည်းပေါ်လာသော အရာတစ်ခုသာဖြစ်၏။ နောက်ပေါ်သော အသစ်တစ်ခုသာဖြစ်၏။ ထိုအခါ၌ ဦးနှောက်၏ ရုပ်ဖြစ်စဉ်သည်လည်း သိစိတ်ရှိသော ဖြစ်စဉ်ဖြစ်လာ၏။ တစ်နည်းဆိုရလျှင် သိစိတ်သည် တိရစ္ဆာန်နှင့် ပြင်ပကမ္ဘာလောကကြီးအား ဦးနှောက်၏ ဇီဝဖြစ်စဉ်အရ ဆက်သွယ်ပေးသည့်စနစ် ဖြစ်တော့၏။ ဤဆက်သွယ်မှုစနစ်အရ တိရစ္ဆာန်သည် ဦးနှောက်၏ အာရုံကြောစုတည်ရာများမှတစ်ဆင့် ပတ်ဝန်းကျင်ကို သိရှိလာ၏။ တိရစ္ဆာန်သည် ပတ်ဝန်းကျင်နှင့် ယင်းသို့ဆက်သွယ်နေသမျှ ထိုတိရစ္ဆာန်သည် သိစိတ်ရှိ၍ ၎င်း၏ ဘဝသည်လည်း သိစိတ်ရှိသော ဘဝဖြစ်၏။

တိရစ္ဆာန်များထဲတွင် အခြေခံအကျဆုံး၊ အရှင်းဆုံး သိစိတ်ပုံသဏ္ဌာန်မှာ ခံစားမှုဆိုင်ရာ သိစိတ် (ဝါ) အာရုံဖြစ်၏။ သွယ်ဝိုက် (သို့မဟုတ်) ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုကြောင့် တိရစ္ဆာန်၏ အာရုံတံခါးပေါက်များက ပြင်ပအရာဝတ္ထုများကို ထိလိုက်သည်တွင် အာရုံခံစားခြင်း ပေါ်လာ၏။ ထို့ကြောင့် တိရစ္ဆာန်၏ ဘဝသည် အာရုံထင်သော၊ သိစိတ်ရှိသောဘဝဖြစ်လာ၏။ ဦးနှောက်၏ ဖြစ်စဉ်သည်လည်း သိစိတ်ရှိသော ဖြစ်စဉ်ဖြစ်လာပြီး အာရုံခံစားမှုအစိတ်အပိုင်းများက လှုပ်ရှားကြသည်နှင့် အာရုံလည်း ပေါ်လာတော့၏။

''*အာရုံများသည် ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် ပြင်ပကမ္ဘာလောကကြီးတို့၏ ဒိဋ္ဌကျသော ဆက်သွယ်မှုကို ဖော်ပြသည့် စိတ်ပိုင်းအချက်ပြ ကြိယာများဖြစ်သည်*''ဟု ပက်ဗလော့က ပြောခဲ့၏။ ၎င်းက တရိစ္ဆာန်၏အာရုံသည် တရိစ္ဆာန်အား ပြင်ပကမ္ဘာယလောကကြီး၏ ရုပ်ဝတ္ထုများကို သိနားလည်ရန် လုပ်ပေးသည့် အချက်ပြကြိယာများဖြစ်ကြောင်း၊ တဖန် ထိုအချက်ပြကြိယာသည်လည်း စိတ်ပိုင်းအချက်ပြကြိယာဖြစ်ကြောင်းဖြင့် ၎င်းက ပြောခဲ့၏။

တိရစ္ဆာန်သည် ယင်းသို့ အာရုံတည်းဟူသော အချက်ပြကြိယာဖြင့် အတွေ့အကြုံကို ရရှိလာပြီး ထိုအတွေ့အကြုံမှ သင်ခန်းစာယူတတ်လာ၏။ ယင်းမှာ ခံစားမှုဆိုင်ရာသိစိတ်ကြောင့် ဇီဝရုပ်ဖြစ်စဉ်၌ ပေါ်လာသည့်အရာဖြစ်၏။ တရိစ္ဆာန်၏ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော ဖြစ်စဉ်တွင် စောစောက ထိုခံစားမှုဆိုင်ရာ သိစိတ်မရှိခဲ့သေးပေ။ နောက်ပိုင်းမှ ပေါ်လာခြင်းဖြစ်၏။

သို့ဖြင့် အဆင့်မြင့်သော တိရစ္ဆာန်တို့၌ ခံစားမှုဆိုင်ရာ သိစိတ်ဖြစ်ပေါ်တိုးတက်မှုတွင် အာရုံသည် သိမြင်ခြင်းအဖြစ်သို့ ကူးပြောင်းတိုးတက်လာခဲ့၏။

''အာရုံ''ဆိုသည်မှာ ဒွါရခြောက်မည်ကြောင့် ပေါ်လာသည့် အကြည်ဓာတ်





ခြောက်ပါးကို ဆိုလိုခြင်းဖြစ်၏။ မျက်စေ့သည် အလင်းအမှောင်၊ အရောင်အသွေးဟူသော အာရုံကို ခံစား၏။ နားသည် အသံကို ခံစား၏။ နှာခေါင်းသည် အနံ့ကို ခံစား၏။ အချို့သော စိတ္တဗေဒပညာရှင်များနှင့် အဘိဓမ္မာပညာရှင်များကမူ အာရုံဆိုသည်မှာ ဒွါရခြောက်ပါးက ခံယူသောအရာ သက်သက်မျှဖြစ်သည်ဟု ယူဆကြ၏။ အာရုံဟူသည် ပြင်ပရုပ်ဝတ္ထုက အာရုံဒွါရများ ပေါ်တွင် ''ထင်''လာသော အရာများသာ ဖြစ်သည်ဟု ယူဆကာ အာရုံကို ''ထင်ချက်''ဟု ယူဆကြ၏။ ထို့ကြောင့် ပြင်ပရုပ်ဝတ္ထုဟူသမျှသည် အချုပ်၌ ဘာမျှတကယ်မဟုတ်၊ ဘာမျှတကယ်မရှိ၊ အာရုံ၏ထင်ချက်များသာဖြစ်သည်ဟု ဆိုကြ၏။ အမှန်အားဖြင့်ကား အာရုံသည် ဦးနှောက်၏ လုပ်ဆောင်ချက်သာဖြစ်၏။ ဦးနှောက်၏ ခံစားမှု အစိတ်အပိုင်းများထဲတွင် အာရုံဒွါရများ၏ လှုပ်ရှားပျံ့နှံ့စေမှုကို တုံ့ပြန်သော အရာသာဖြစ်၏။ ဒွါရတစ်ခုခုမှ ဝင်လာသောအကြည်ဓာတ်တစ်ခုသည် ဦးနှောက်၏ လှုပ်ရှားမှုထဲသို့ ရောက်သွားသောအခါကျမှ အာရုံဟု ထင်လာ၏။ *(ဥပမာ မျက်စေ့မှဝင်လာသော မျက်စေ့အကြည်ဓာတ်သည် ဦးနှောက်သို့ ရောက်ပြီးမှ သိခြင်း၊ မြင်ခြင်းဖြစ်လာကာ မျက်စေ့အာရုံဖြစ်လာ၏။)* သို့ဖြင့် ဦးနှောက်၏ ခံစားမှုလုပ် ဆောင်ချက်ထဲ၌ အာရုံပျံ့နှံ့မှုများကို တုံ့ပြန်သည့်အရာများ စုပေါင်းသွားသောအခါ အာရုံသည် သိမြင်ခြင်းအဖြစ်သို့ ကူးပြောင်းသွား၏။ ခံစားခြင်းသက်သက်မျှ မဟုတ်တော့ဘဲ အပူကို အပူဟု သိခြင်း၊ အလင်းကို အလင်းဟုမြင်ခြင်း စသဖြင့် သိခြင်း၊ မြင်ခြင်းဖြစ်လာ၏။ သို့ဖြစ်ရာ ''သိမြင်ခြင်း''ဟူရာ၌ အာရုံဆိုင်ရာ သိမှု၊ မြင်မှုကို ဆိုလိုခြင်းဖြစ်၏။

## လူ၏အဆင့်မြင့်သောစိတ်ပိုင်းလှုပ်ရှားဆောင်ရွက်ချက်ဖြစ်ပေါ်တိုးတက်လာပုံ

ပက်ဗလော့သည် အာရုံများမှတစ်ဆင့် တရိစ္ဆာန်နှင့် ပြင်ပကမ္ဘာလောကကြီး၏ ဆက်သွယ်ပုံ၊ တိရစ္ဆာန်က ပြင်ပကမ္ဘာလောကကြီးအား တုံ့ပြန်ပုံ စသည်တို့ကို ရှာဖွေဖော်ထုတ်ခဲ့ရုံမျှမက လူ၏အဆင့်မြင့်သော စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်ချက်တို့ကိုလည်း စူးစမ်းရှာဖွေခဲ့၏။ ယင်းစိတ်ပိုင်းလှုပ်ရှားဆောင်ရွက်ချက်ကား စကားပြောခြင်းနှင့် တွေးခေါ်ခြင်းတို့ဖြစ်၏။

လူအပါအဝင် အဆင့်မြင့်သော သတ္တဝါအားလုံး၌ အာရုံများမှတစ်ဆင့် ပြင်ပကမ္ဘာလောကကြီးအား နားလည်တုံ့ပြန်ပုံကို ပြသ၍ အချက်ပြကြိယာများရှိ၏။ ထိုကြိယာများမှတဆင့် သိမြင်ခြင်းဟူ၍ ဖြစ်ပေါ်လာ၏။ သို့ရာတွင် လူသည်

အခြားတိရစ္ဆာန်များကဲ့သို့ ဒွါရခြောက်မည်၊ အကြည်ခြောက်ပါးတို့ကြောင့် ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ တဏှာခြောက်ပါး စသည့်အချက်ပြကြိယာများကို သာမက ဒုတိယအမျိုးအစားဖြစ်သည့် အချက်ပြကြိယာကိုလည်း ပိုင်ဆိုင်ကြောင်းဖြင့် ပက်ဗလော့က ထောက်ပြခဲ့၏။ ဒုတိယအချက်ပြကြိယာသည် အခြားသတ္တဝါများ၌မရှိ၊ လူ၌သာရှိ၏။ ဒုတိယအချက်ပြကြိယာကား စကားပြောခြင်းဖြစ်၏။

*"တိရစ္ဆာန်လောက ဖြစ်ပေါ်တိုးတက်မှုသည် လူ့အဆင့်သို့ ရောက်လာသည်၌ အဆင့်မြင့်သော အာရုံကြောဖွဲ့စည်းမှု၏ လှုပ်ရှားဆောင်ရွက်ချက်များတွင် လွန်မင်းစွာ အရေးကြီးသည့်အချက်တစ်ရပ် ပေါ်ပေါက်လာလေသည်"*ဟု ပက်ဗလော့က ရေးခဲ့၏။ တိရစ္ဆာန်သည် အာရုံများမှတစ်ဆင့် ပတ်ဝန်းကျင်ကို သိခြင်းတရား ပေါ်ပေါက်လာသည်။ ထိုသိခြင်းသည် သိမြင်ခြင်းဖြစ်လာသည်။ လူ၌လည်း ထိုနည်းအတူပင်ဖြစ်၏။ *"သို့ဖြစ်ရာ သိမြင်ခြင်းသည် လူနှင့် တိရစ္ဆာန်အားလုံးတွင်ရှိသည့် ပထမအချက်ပြကြိယာဖြစ်၏။ သို့ရာတွင် စကားပြောခြင်းကား လူတစ်ဦးတည်းသာ ပိုင်သည့် ဒုတိယအချက်ပြ ကြိယာဖြစ်လေသည်"*ဟု ၎င်းက ရေးခဲ့၏။

သို့ဖြစ်ရာ ပက်ဗလော့၏ အလိုအရဆိုလျှင် စကားပြောခြင်းသည် "ဒုတိယအချက်ပြကြိယာ"ဖြစ်၍ အာရုံခံစားမှုအပြင် လူ့ဦးနှောက်မှ ဖြစ်ပေါ်တိုးတက်လာသည်ဟု ယူဆ၏။ ယင်းဒုတိယအချက်ပြကြိယာဖြစ်ပေါ်လာခြင်းသည် လူ၏ စိတ်ပိုင်းလှုပ်ရှားဆောင်ရွက်မှုအားလုံး၏ အခြေခံဖြစ်သည်ဟု ယူဆ၏။

ပက်ဗလော့က လူနှင့် တိရစ္ဆာန်အားလုံး၌ရှိသော အာရုံခြောက်ပါးကို ပထမအချက်ပြကြိယာများဟု ခေါ်၏။ တစ်နည်းအားဖြင့် ၎င်းတို့သည် တစ်စုံတစ်ခုသော၊ ဒိဋ္ဌကျသော အရာဝတ္ထုများကို မြင်လျှင်မြင်သလို၊ ကြားလျှင်ကြားသလို၊ ထိလျှင်ထိသလို ဖော်ပြသဖြင့် ၎င်းတို့အား "တိုက်ရိုက်အချက်ပြကြိယာများ"ဟုလည်း ခေါ်သေး၏။ ဥပမာ ဖောင်တိန်တစ်ချောင်းကို ရှာသည်ဆိုပါစို့၊ စာအုပ်ကြား၌ ညပ်နေသော ဖောင်တိန်ကို မြင်သော မျက်စိအာရုံသည် ထိုဖောင်တိန်ကို တွေ့ပြီဟု အချက်ပြလိုက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဦးနှောက်တွင် တွေ့ပြီဆိုသောအသိ ဖြစ်ပေါ်လာ၏။ သို့ဖြစ်ရာ အာရုံခြောက်ပါးအနက် တစ်ပါးပါးသည် တစ်စုံတစ်ခုသော အရာဝတ္ထု၏ တည်နေရာကိုပြသော အချက်ပြကြိယာသာဖြစ်၏။

စကားလုံးများကား အချက်ပြကြိယာများပင်ဖြစ်သော်လည်း အာရုံများကဲ့သို့ မဟုတ်ပေ။ ပက်ဗလော့၏ စကားအတိုင်း ပြောရလျှင် စကားသည် *"ပထမအချက်ပြကြိယာများ၏ အချက်ပြကြိယာများ"*သာဖြစ်၏။ (ဝါ) သွယ်ဝိုက်အချက်ပြ





ကြိယာသာဖြစ်၏။ ဥပမာ *"ငါ့ဖောင်တိန်ပျောက်လို့ ရှာပေးစမ်းပါ"*ဟု သင်ကပြောသည်ဆိုပါစို့......။ "ဖောင်တိန်"ဆိုသောစကားလုံးသည် သင်ရှာဖွေနေသော ပစ္စည်းနှင့်ဆက်သွယ်နေသည့် အာရုံအမျိုးအစားကို ဖော်ပြသော အချက်ပြကြိယာ ဖြစ်၏။ သင်ရှာဖွေနေသော ပစ္စည်းသည် အနံ့ခံရှာရမည့်ပစ္စည်းလား၊ ပါးစပ်ဖြင့် မြည်း၍ ရှာရမည့်ပစ္စည်းလား၊ လက်ဖြင့်စမ်း၍ ရှာရမည့်ပစ္စည်းလားစသဖြင့် ခွဲခြား၍ သိနိုင်အောင် "ဖောင်တိန်"ဆိုသောစကားလုံးကလေးက ခွဲခြားပေးလိုက်၏။ ထို့ကြောင့် စကားသည် သင်အသုံးပြုရမည့် အာရုံအမျိုးအစား၊ သင်ခံစားရမည့် အာရုံအမျိုးအစားကို ညွှန်ပြသည့် အချက်ပြကြိယာမျှဖြစ်၏။ စကားသည် သင် အသုံးပြုရမည့် အာရုံခံစားမှုကို မဖော်ပြနိုင်လျှင် အာရုံခြောက်ပါးအနက် တစ်ပါးပါး အာရုံလုပ်ရမည့်အလုပ်ကို မညွှန်ပြနိုင်လျှင် အချက်ပြကြိယာဟု မခေါ်နိုင်တော့ပေ။

စကားသည် ပထမအချက်ပြကြိယာများ(အာရုံများ)၏ အချက်ပြ ကြိယာ ဖြစ်ရာ ကျွန်ုပ်တို့ဘာပြောမလဲဆိုသည့်အချက်သည် ကျွန်ုပ်တို့ ဘာကိုရည်ရွယ်သလဲဆိုသည့်အချက်ပေါ်၌ တည်၏။ ကျွန်ုပ်တို့၌ အာရုံခြောက်ပါးအနက် ဘယ်အာရုံတွင် စွဲသည်ဆိုသည့်အချက်သည် မည်သည့်ပြင်ပရုပ်ဝတ္ထု၊ သို့မဟုတ် မည်သည့် ကိုယ်တွင်းဖြစ်စဉ်က အာရုံများကို စေ့ဆော်သည်ဆိုသည့်အချက်ပေါ်တွင် တည်၏။ ကျွန်ုပ်တို့၏အာရုံသည် တကယ်ရှိ၊ အဟုတ်ရှိသော အရာများကိုသာ ခံစားနိုင်၏။ သို့ရာတွင် စကားကို အသုံးပြုရာ၌ကား ယင်းသို့သော အကန့်အသတ်များ မရှိပေ။ *"စကားအချက်ပြကြိယာသည် အကယ်ရှိ၊ အဟုတ်ရှိသော ပရမတ်ကို ပညတ်ပြုထားသည့်အရာဖြစ်သည်။ သို့ဖြင့် သုံးစွဲဖန်များလာသောအခါ ပညတ်ဖြစ်လာသည်"*ဟု ပက်ဗလော့က ပြောခဲ့၏။

စကားသည် "တိုက်ရိုက်အချက်ပြကြိယာ" မဟုတ်ဘဲ "သွယ်ဝိုက်အချက်ပြကြိယာ" ဖြစ်သည့်အတွက် တစ်စုံတစ်ခုသော အရာဝတ္ထုကို တိကျစွာ ဖော်ပြခြင်း မပြုပေ။ ထို့ကြောင့် အာရုံများထဲ၌လည်း အရာဝတ္ထုများသည် ချက်ချင်းပေါ်မလာကြပေ "တိုက်ရိုက်အချက်ပြကြိယာများ" ဖြစ်သည့် အာရုံများကား မြင်လျှင်မြင်ခြင်း ပေါ်၏။ ကြားလျှင်ကြားခြင်း ပေါ်၏။ စကားမှာ အရာဝတ္ထုကို သညာပြုပြီးမှသာ ထိုအရာဝတ္ထု၏ အာရုံသို့ ရောက်အောင် ပို့ရသော ကြိယာသာဖြစ်လေသည်။ ယင်းသို့ဖြင့် စကားသည် ပညတ်ပြုခြင်းအမှု၊ ယေဘုယျသညာပြုခြင်းအမှုတို့ကို ပြုလုပ်၏။ ထိုမှတစ်ဆင့် လူ၌ တွေးခေါ်ခြင်း၊ နှလုံးသွင်းခြင်း စသည်တို့ဖြစ်ပေါ်လာလေသည်။

စကားသည် အာရုံမှ ပေါ်လာသည့်အတွက် အာရုံနှင့် ခွဲ၍မရပေ။ လူ၏ဦးနှောက်ထဲတွင် ထိုအရာနှစ်ခုသည် တစ်ရံမလတ် တုံ့ပြန်လှုပ်ရှားလျက်ရှိကြ၏။ ထို့ကြောင့် စကားသည် အာရုံနှင့် ခွဲ၍မရ၊ တွေးခေါ်ခြင်းသည်လည်း အာရုံနှင့် ခွဲ ၍မရ၊ လူ၏ အတွေးအခေါ်သည် လူ၏ ရုပ်ဘဝအခြေအနေများနှင့် ခွဲ၍ မရပေ။ သွယ်ဝိုက်အချက်ပြကြိယာများသည် တိုက်ရိုက်အချက်ပြကြိယာများကိုမှီ၍ ဖြစ်ပေါ် လာခြင်းဖြစ်သဖြင့် အာရုံမရှိလျှင် စကားလည်း မရှိနိုင်၊ အတွေးအခေါ် လည်း မရှိနိုင်ပေ။ တစ်ဖန် အာရုံသည်လည်း စကားမရှိလျှင်၊ အတွေးအခေါ်မရှိလျှင် မဖွံ့ဖြိုးမတိုးတက်နိုင်ပေ။ အရာဝတ္ထုများကို အာရုံခွဲခြင်း၊ သိမြင်ခြင်း စသည်တို့သည် လူက ထိုအရာဝတ္ထုများအား ဘယ်လိုထင်သည်၊ တွေးသည် စသည့်အချက်ကိုစွဲ၍ ဖြစ်ပေါ်ခြင်းဖြစ်၏။ ခလေးများအား အရာဝတ္ထုများ၏ အမည်များကို ပြောပြခြင်းသည် ၎င်းတို့၏အာရုံများ အလုပ်လုပ်တတ်လာအောင် သင်ကြားပေးခြင်းဖြစ်၏။

တိုက်ရိုက်အချက်ပြကြိယာ (အာရုံများ) နှင့် သွယ်ဝိုက်အချက်ပြကြိယာ (စကား)တို့ မည်သို့မည်ပုံဆက်စပ်နေသည်၊ စကားသည် အရာဝတ္ထုများအား မည်သို့ ပညတ်ပြုသည်၊ ယေဘုယျသညာပြုသည်ဆိုသည့်အချက်တို့ကို သိနားလည်လိုလျှင် တရိစ္ဆာန်သည် အာရုံများမှတဆင့် အရာဝတ္ထုများကို သညာပြုရာ၌ အရာဝတ္ထုများအား ဘယ်လိုတုံ့ပြန်ရမည်။ တစ်ခုချင်းတစ်ခုချင်း၌ မည်သည့်အရာများသည် တူညီကြသည်ဆိုသည့်အချက်များကို လေ့လာစပြုနေကြောင်း နားလည်ထားရမည်ဖြစ်၏။

ဥပမာ–ခွေးသည် အရာဝတ္ထုအသီးသီးကို အနံ့အသီးသီးဖြင့် သညာပြုထား၏။ ဘယ်အချိန်၊ ဘယ်နေရာမှာဖြစ်ဖြစ်၊ ဤအရာ၌ ဤအနံ့ရှိသည်ဟု စွဲထား၏။ တစ်နည်းဆိုရလျှင် ခွေးသည် တစ်ခုချင်းတွင်ရှိသည့် တူသောအချက်များကို မှတ်ထားပြီး ထိုတူသော အချက်ကို တွေ့သည်နှင့် ထိုအရာများသည် အတူတူပင်ဟု မှတ်သားထားတတ်၏။ ဥပမာ–ခေတ်တိုင်တစ်တိုင်၏ အနံ့နှင့် အခြားခေတ်တိုင်တစ်တိုင်၏ အနံ့နှင့် အခြားခေတ်တိုင်တစ်တိုင်၏အနံ့သည် အနံ့နှစ်ခုဖြစ်၏။ သို့ရာတွင် ခွေးသည် ထိုအနံ့နှစ်ခုကို ခံသောအခါ အနံ့တစ်မျိုးတည်းဖြစ်ကြောင်းကို မှတ်ထား၏။ သို့ဖြင့် ဤအရာ၌ ဤအနံ့မျိုးရှိသည်ဟု စွဲထားလိုက်လေတော့သည်။ အရာဝတ္ထုများအသီးသီးထဲ၌ တူသောအချက်တစ်ခုကို မှတ်ထားလိုက်လေတော့သည်။

လူသည် စကားကို သွယ်ဝိုက်အချက်ပြကြိယာအဖြစ် အသုံးပြု၏။





သို့အသုံးပြုရာ၌ စကားလုံးအသီးသီးကို ရွေးထုတ်၏။ အာရုံအသီးသီးတွင် တူသည့်အရာများကို မှတ်သားထားကာ ၎င်းတို့ကို ယေဘုယျအမှတ်အသားခွဲကာ ထိုတူသောအရာအတွက် စကားအလုံးကို ရှာဖွေကာ ပညတ်ပြုလိုက်၏။ ထို့ကြောင့် လူသည် ပထမအာရုံများမှတစ်ဆင့် ခံစား၏။ နောက် ထိုအာရုံများမှတစ်ဆင့် တစ်ခုချင်းထဲတွင် တူညီချက်များကို မှတ်သားထား၏။ ထို့နောက် စကားလုံးများဖြင့် ပညတ်ပြုလေသည်။

လူ၌ စကားပြောဆိုတတ်ခြင်းသည် ပထမ၌ အချင်းချင်းပေါင်းသင်းဆက်ဆံရာမှ ဖြစ်ပေါ်လာ၏။ လူသည် ပတ်ဝန်းကျင်ကို ဆက်ဆံရာ၌ တိရစ္ဆာန်ကဲ့သို့ ဆက်ဆံ၍မဖြစ်ဘဲ တစ်မျိုးဆက်ဆံလာရ၏။ လူ၏အပြုအမူထဲ၌ အပြုအမူသစ်များ ပေါ်ထွက်လာ၏။ ထို့ကြောင့် လူ့ဦးနှောက်၏ လုပ်ဆောင်ချက်ထဲတွင်လည်း လုပ်ဆောင်ချက်သစ်များ ပေါ်ပေါက်လာ၏။ လူသည် ကုန်လုပ်တန်ဆာပလာများကို လုပ်ရန် လက်များကို အသုံးပြုခြင်းဖြင့် လူ့အဖွဲ့အစည်းကို ဖန်တီးလာခဲ့၏။ တိရစ္ဆာန်နေထိုင်မှုနှင့်မတူသော လူ့နေထိုင်မှုကို ဖန်တီးလာခဲ့၏။ စကားပြောခြင်းသည် ဤသို့သော ဖန်တီးမှုဖြစ်စဉ်တလျှောက်၌ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ သို့ဖြစ်ရာ ကုန်လုပ်ရေးဆောင်ရွက်လှုပ်ရှားမှုနှင့် လူမှုပေါင်းသင်းဆက်ဆံမှုကြောင့် လူ့ဦးနှောက်သည် စကားပြောခြင်းဟူသော သွယ်ဝိုက်အချက်ပြကြိယာကို ဖန်တီးခဲ့ရလေတော့သည်။

※ ※ ※

## အခန်း (၂)
## စိတ်သည် ရုပ်၏အရောင်ရိုက်ခတ်ချက်၊ ရုပ်၏ထုတ်ကုန်ပစ္စည်း

ရုပ်ခန္ဓာသည် ပတ်ဝန်းကျင်နှင့် ဆက်သွယ်ရာ၌ စိတ်ပိုင်းဖြစ်စဉ်များအရ စိတ်ပိုင်းဖြစ်စဉ်များမှတဆင့် ဆက်သွယ်သည်။ ယင်းမှာ စိတ်ပိုင်းဖြစ်စဉ်၏ အခြေခံ အသွင်လက္ခဏာဖြစ်သည်။ ထို့ကြောင့် သိစိတ်၏ ဖြစ်စဉ်များသည် ပြင်ပရုပ်အမှန်တရားကို ထင်ဟပ်ဖော်ပြသောဖြစ်စဉ်များသာ ဖြစ်သည်။ သိစိတ်သည် ဦးနှောက်၏ ဘဝဖြစ်စဉ်ထဲ၌ ပေါ်လာသော ရုပ်ကန္တာလောကကြီး၏ အရောင်ရိုက်ခတ်ချက်ထဲတွင် အကြုံးဝင်သည်။

**စိတ်ပိုင်းဖြစ်စဉ်များသည်ရုပ်ခန္ဓာနှင့်ပတ်ဝန်းကျင်ကို ဆက်သွယ်လျက်ရှိသောဦးနှောက်၏ဖြစ်စဉ်များသာဖြစ်သည်။**

ရုပ်နှင့်စိတ်တို့၏ ဆက်သွယ်ရေးတရားများနှင့်ပတ်သက်သည့် မာ့က်စ်နှင့် အိန်ဂျယ်တို့၏ ရှုမြင်ချက်များကို ပက်ဗလော့၏ စူးစမ်းရှာဖွေမှုများက ထပ်မံတိုးချဲ့ဖြစ်ပေါ်စေခဲ့၏။ မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့သည် စိတ်ဝါဒကို ဆန့်ကျင်တိုက်ခိုက်ကာ ရုပ်နှင့်စိတ်တို့၏ ဆက်သွယ်ပုံများကို ဖော်ထုတ်ခဲ့ကြ၏။

၁။ စိတ်ပိုင်းလုပ်ဆောင်ချက်များသည် ရုပ်ခန္ဓာမှ သီးခြားကင်းလွတ်တည်ရှိနေသော နာမ်ခန္ဓာ၏ လုပ်ဆောင်ချက်များဖြစ်သည်ဟု စိတ်ဝါဒက ယူဆ၏။

သို့ရာတွင် မာ့က်စ်ဝါဒကမူ စိတ်ပိုင်းလုပ်ဆောင်ချက်များသည် ဖြစ်ပေါ်မှုအဆင့်၌ ရှေ့တန်းရောက်ရှိနေသည့် ရုပ်ဖြစ်သော ဦးနှောက်၏ လုပ်ဆောင်ချက်ဟု ယူဆ၏။ စိတ်ပိုင်းဖြစ်စဉ်ဟူသမျှသည် ဦးနှောက်၏ဖြစ်စဉ်၊ ရုပ်၏ဖြစ်စဉ်၊ ရုပ်ခန္ဓာ





အစိတ်အပိုင်း၏ ဖြစ်စဉ်ဟု ယူဆ၏။ စိတ်ပိုင်းဖြစ်စဉ်၏ အဓိကကျသော အသွင်လက္ခဏာမှာ ၎င်းသည် တိရစ္ဆာန်က ပတ်ဝန်းကျင်အား တုံ့ပြန်ဆက်သွယ်ပုံများကို ဖြစ်ပေါ်ပြောင်းလဲစေသည်ဆိုသည့်အချက်ဖြစ်၏။ ရုပ်ဝတ္ထုအနက်မြင်ရာ၌ ဦးနှောက်၏ မြင်တတ်သော လှုပ်ရှားဆောင်ရွက်မှုမှတစ်ဆင့် ကျွန်ုပ်တို့သည် ထိုရုပ်ဝတ္ထုနှင့် ဆက်သွယ်မိခြင်းဖြစ်၏။ ရုပ်ဝတ္ထုတစ်ခုကို တွေးရာ၌လည်း ဦးနှောက်၏ တွေးခေါ်တတ်သော လှုပ်ရှားဆောင်ရွက်မှုမှတစ်ဆင့် ကျွန်ုပ်တို့သည် ထိုရုပ်ဝတ္ထုနှင့် ဆက်သွယ်မိခြင်းဖြစ်၏။ ထိခြင်း၊ မွှေးခြင်း၊ ကြားခြင်း၊ သိခြင်း စသည်တို့၌လည်း ထို့အတူ ဖြစ်၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့နှင့် ပြင်ပရုပ်ဝတ္ထုများ ဆက်သွယ်မိကြခြင်းမှာ ဦးနှောက်ရှိ သက်ဆိုင်ရာအစိတ်အပိုင်းများ၏ လုပ်ဆောင်ချက်ကြောင့်သာဖြစ်၏။ ဦးနှောက်မှတစ်ဆင့် ကျွန်ုပ်တို့သည် ရုပ်ဝတ္ထုများနှင့် ဆက်သွယ်မိကြခြင်းဖြစ်၏။

သိစိတ်သည် ရုပ်မှကင်းကွာတည်ရှိနေသော နာမ်ခန္ဓာ၏ ပစ္စည်းဖြစ် သည်ဟု စိတ်ဝါဒက ယူဆ၏။ သို့ဖြင့် သိစိတ်ကို နားလည်ရန်မှာ ကျွန်ုပ်တို့၏ အတွင်းအဇ္ဈတ္တသဏ္ဍာန်ကို ကြည့်ရှုရမည်ဟု စိတ်ဝါဒက ယူဆ၏။ ဆိုလိုသည်မှာ သိစိတ်ကို နားလည်ရန်အတွက် သိစိတ်ကို ခွဲခြမ်းစိတ်ဖြာကာ သိစိတ်၏အတွင်းကို ကြည့်ရှုရမည်ဟု ဆိုလိုခြင်းဖြစ်၏။ ခေတ်သစ်စိတ္တဗေဒပညာ၌ သိစိတ်၏ အဇ္ဈတ္တသဏ္ဍာန်အား ယင်းသို့ ကြည့်ရှုနည်းကို စိတ်နာမ်သရုပ်ခွဲအတတ်ပညာ (ဆိုက်ကို – အင်နာလစ်ဆစ်) ဟုခေါ်၏။ စိတ်နာမ်သရုပ်ခွဲအတတ်ပညာသည် လူနာနှင့်သမားတို့နှစ်ဦး ပါဝင်ဆောင်ရွက်ရသော အဇ္ဈတ္တသဏ္ဍာန်ကို အုပ်ထိန်းကြည့်ရှုနည်း စသည့်နည်းတစ်နည်းကို ထွင်ခဲ့၏။ ထိုနည်းအရဆိုလျှင် လူနာသည် သူ့စိတ်နာမ်ထဲ၌ ပေါ်လာသည့်အရာ၊ သူစိတ်ကူးသည့်အရာ စသည်တို့ကို ပြောရ၏။ သို့ဖြင့် လူ၏ သိစိတ်အောက်တွင် ဖုံးကွယ်နေသော မသိစိတ်ကလေးတစ်ခု ရှိသည်ဟု ဆိုကြ၏။ သို့ဖြင့် လူ၏ မနောဝိညာဉ်တွင်း၌ သိစိတ်နှင့် မသိစိတ်၊ အတ္တစိတ်နှင့် အတ္တမဟုတ်သောစိတ် စသဖြင့် အစိတ်အပိုင်း အမျိုးမျိုး ပါဝင်ကြသည်ဟု ယူဆကြ၏။ ယင်းကား နာမ်ခန္ဓာသည် ပြင်ပရုပ်ကမ္ဘာလောကကြီးနှင့် ကင်းလွတ်တည်နေသည်ဟူသော ရှေးဟောင်းစိတ်ဝါဒ အယူအဆကို ခေတ်မီစွာ အမွမ်းတင်ခြင်းဖြစ်၏။

ယင်းသို့ဖြင့် စိတ်နာမ်သရုပ်ခွဲနည်းကို လက်ခံကြသည့် များစွာသော စိတ်ဝါဒအဘိဓမ္မာပညာရှင်များက သိမြင်ခြင်း၊ တွေးခေါ်ခြင်း စသည့်သိစိတ်တွင် အကျုံးဝင်နေကြသော အရာဟူသမျှသည် ရုပ်ဝတ္ထုများ၏ ရုပ်ကျသောဖြစ်တည်မှုမှ ကင်းလွတ်နေသော နာမ်တရားများဖြစ်သည်ဟု ယူဆလာကြ၏။ ယင်းသို့သော စိတ်ဝါဒအဘိဓမ္မာ

ပညာရှင်များအဖို့ ကျွန်ုပ်တို့၏ သိစိတ်အတွင်း ကျွန်ုပ်တို့သိ၍နေသောအရာများသည် ရုပ်ဝတ္ထုများမဟုတ်ဟု ယူဆလာကြတော့၏။ ကျွန်ုပ်တို့ သိနေသော အရာများသည် ''၎င်းတို့ဘာသာ ၎င်းတို့ တည်ရှိနေသော အရာဝတ္ထုများ''(အနုတ္တတရားများ) မဟုတ်ကြဘဲ ကျွန်ုပ်တို့အာရုံကိုမှီ၍ ဖြစ်နေသည့်အရာများ၊ ကျွန်ုပ်တို့၏ စိတ်ကိုမှီ၍ နေသောအရာများဟု ၎င်းတို့က ယူဆလာကြတော့သည်။ စာအုပ်သည် သူ့ဘာသာသူ သီးခြားတည်နေသော ရုပ်ဝတ္ထုတခု မဟုတ်၊ ကျွန်ုပ်တို့၏သိစိတ်က ရုပ်ဟုထင်နေသည့် အရာတစ်ခုမျှသာဖြစ်သည်ဟု ယူဆလာကြ၏။ ထို့ကြောင့် ''*စိတ်နှင့် ၎င်း၏ စေတသိတ်များကို မည်သည့်ရုပ်ဝတ္ထုများကမှ လွှမ်းမိုးခြင်းမပြုနိုင်၊ ရုပ်ဝတ္ထုများသည် စိတ်၏ ထင်စားချက်မျှသာဖြစ်သည်။ စိတ်ကိုမှီ၍သာ ဖြစ်ကြရသည်။ စိတ်သည်သာလျှင် တွေးခေါ်ခြင်းအမှုကိုပြု၍ ပြုလည်းပြုနိုင်ပေသည်.....*'' ဟု အင်္ဂလိပ်အဘိဓမ္မာ ပညာရှင် ဂျွန်လော့ခ်က ပြောခဲ့ခြင်းဖြစ်၏။

သို့ဖြစ်ရာ မြင်မြင်သမျှ အရာဝတ္ထုများသည် ၎င်းတို့ဘာသာ တည်ရှိကြခြင်း မဟုတ်၊ ကျွန်ုပ်တို့စိတ်ကြောင့်သာ တည်ရှိနေသည်ဟု ထင်ရခြင်းဖြစ်သည်။ ''အရာဝတ္ထုများ၏ လူ့စိတ်မှ ကင်းလွတ်ဖြစ်တည်နေခြင်းတရား'' (အနုတ္တတရား) ကို ကျွန်ုပ်တို့မသိနိုင်၊ ထာဝရဘုရားသည်သာ သိနိုင်သည်ဟု စိတ်ဝါဒသမားများက ကောက်ချက်ဆွဲလာကြတော့၏။ ကျွန်ုပ်တို့၏အာရုံများ၊ စိတ်ကူးတွေးခေါ်မှုများသည်လည်း ပြင်ပကမ္ဘာလောကကြီးမှ အဆက်ပြတ်ကာ သိစိတ်၏အခွံထဲတွင် အောင်းနေသော၊ သီးခြားတည်နေသော အရာများသာဖြစ်သည်ဟု ယူဆလာကြတော့၏။ ထို့ကြောင့် အချုပ်တွင် ရှိရှိသမျှ၊ မြင်မြင်သမျှ၊ ပြင်ပရုပ်ဝတ္ထုတို့သည် အဟုတ်တကယ်မရှိ၊ ကျွန်ုပ်တို့၏ စိတ်ကြောင့်သာ ရှိနေသည်ဟု ထင်ရခြင်းဖြစ်သည်။ တကယ်ရှိ၊ အဟုတ်ရှိသည့်အရာမှာ နာမ်တရားနှင့် နာမ်ခန္ဓာတွင် အကျုံးဝင်သည့် အာရုံများ၊ စိတ်ကူးတွေးခေါ်မှုများသာ ဖြစ်သည်။ ထိုအရာများမှလွဲ၍ အခြား ဘာမျှ တကယ်မရှိဟု ယူဆလာကြတော့သည်။ ထို့ကြောင့် ဆန္ဒစွဲ၊ စိတ်ဝါဒအဘိဓမ္မာပညာရှိတစ်ဦးဖြစ်သူ ဂျွန်းဘာကဲလေက ''*လောက၌ စိတ်နှင့်ကင်းသော ပြင်ပရုပ်ဝတ္ထုဟူ၍ တကယ်ရှိလျှင်လည်း ကျွန်ုပ်တို့သည် ပြင်ပရုပ်ဝတ္ထုအကြောင်းကို သိနိုင်၊ မြင်နိုင်စွမ်းမရှိ၊ ယခု ကျွန်ုပ်တို့ လက်ခံထားသလို တကယ်မရှိဘူးဆိုလျှင်ကား ရုပ်အကြောင်းကို သိရန်မြင်ရန် ခက်ခဲသည်မှာ ဆိုဖွယ်မရှိ တော့ပေ*''ဟု ရေးခဲ့၏။

ယင်းမှာ လူ၏သိစိတ်ကို လေ့လာကြည့်မြင်သော စိတ်ဝါဒနည်းဖြစ်၏။ အခြားတစ်ဖက်၌ သိစိတ်ကို လေ့လာသော ရုပ်ဝါဒနည်းရှိပေသည်။ ရုပ်ဝါဒနည်းသည်





သိပ္ပံနည်းကျ၍။ အသက်ရှိသော၊ သိစိတ်ရှိသော ရုပ်ခန္ဓာကို လေ့လာ၏။ ၎င်းတို့သည် ပတ်ဝန်းကျင်နှင့် မည်သို့ဆက်သွယ်နေသည်ကို လေ့လာ၏။ ဤနည်းကို မာ့က်စ်နှင့် အိန်ဂျယ်လ်တို့ကလည်းကောင်း၊ ပက်ဗလော့ကလည်းကောင်း လက်ခံကျင့်သုံးခဲ့၏။ ရုပ်ဝါဒနည်းအရဆိုလျှင် သိစိတ်သည် အဏ္ဏာတ္တသဏ္ဌာန်၏ ပစ္စည်းမဟုတ်။ သိစိတ်သည် ပင်လျှင် ရုပ်ဖြစ်၏။ သိစိတ်ရှိသော ရုပ်ဖြစ်တည်မှုပင်ဖြစ်၏။ ထို့ကြောင့် သိစိတ်သည် အသက်ရှိသော၊ သိစိတ်ရှိသော ရုပ်ခန္ဓာ၏ ဇီဝဖြစ်စဉ်နှင့်ကင်း၍ တည်နေ သောအရာ မဟုတ်ဟု ယူဆ၏။ ထို့ကြောင့် ရုပ်ဝါဒနည်းသည် ရုပ်ခန္ဓာများ၏ သိစိတ်ရှိသော လှုပ်ရှားဆောင်ရွက်မှုကို လေ့လာ၏။

သိစိတ်ရှိသော လှုပ်ရှားဆောင်ရွက်မှုသည် သိစိတ်ရှိသော ရုပ်ခန္ဓာများနှင့် ပတ်ဝန်းကျင်၏ ဆက်သွယ်ရေးကို ဖွဲ့စည်းတည်ဆောက်ပေး၏။ ယင်းသို့ ဖွဲ့စည်းတည်ဆောက်ခြင်းအလုပ်ကို ဦးနှောက်က ပြုလုပ်ပေး၏။ ထို့ကြောင့် သိစိတ်၏ ဖြစ်စဉ်များသည် ကျွန်ုပ်တို့က ကျွန်ုပ်တို့နှင့် ပြင်ပကမ္ဘာလောကကြီးအား ဆက်သွယ်ပေးသည့် ဖြစ်စဉ်များသာဖြစ်၏။ ယင်းသို့ ပြင်ပကမ္ဘာကြီးနှင့် ကျွန်ုပ်တို့ဆက်ဆံရာ၌ အာရုံများနှင့် စိတ်ကူးတွေးခေါ်မှုများသည် ကြိယာတန်ဆာပလာများ၊ ယဉ်များဖြစ်ကြ၏။ လီနင်က အောက်ပါအတိုင်းရေးခဲ့၏။

> ''*သိစိတ်နှင့် ပြင်ပကမ္ဘာလောကကြီးကို ဆက်သွယ်ပေးရာ၌ တိုက်ရိုက်အောင် သွယ်ပြုလုပ်ပေးသူမှာ အာရုံများဖြစ်ပေသည်။ စိတ်ဝါဒအဘိဓမ္မာကမူ အာရုံသည် သိစိတ်နှင့် ပြင်ပကမ္ဘာ လောကကြီးကို ဆက်သွယ်ပေးသောအရာဟု မယူဆ၊ အာရုံသည် ပြင်ပကမ္ဘာလောကကြီးနှင့်သိစိတ်ကို ကတ္တားခြားပေးသည့် တံတိုင်း၊ ခြံစည်းရိုးဟု ယူဆ၏။ ယင်းကား စိတ်ဝါဒအဘိဓမ္မာ၏ စဉ်းလဲသော ဆင်ခြေလိမ်ဖြစ်လေသည်.....*''

မာ့က်စ်ဝါဒသည် သိစိတ်၏ သဘာဝကို သိပ္ပံနည်းကျစွာ ချဉ်းကပ်လေ့လာ၏။ မြင်မှု၊ ထိမှု၊ သိမှု စသည်တို့သည် ဦးနှောက်၏ ရုပ်ဖြစ်စဉ်ရှိသည်။ သိစိတ်၏ စိတ်ပိုင်းဖြစ်စဉ်၌လည်း ရှိသည်။ ထို့ကြောင့်၊ မြင်မှု၊ ထိမှု၊ သိမှုသည် ရုပ်ခန္ဓာဖြစ်စဉ်၊ နာမ်ခန္ဓာဖြစ်စဉ် စသည့် ဖြစ်စဉ်နှစ်ရပ်စလုံးနှင့်ဆိုင်သောကိစ္စဖြစ်သည်ဟူသော စိတ်ဝါဒ သဘောတရားကို မာ့က်စ်ဝါဒ ပစ်ပယ်၏။ မာ့က်စ်ဝါဒအရဆိုလျှင် မြင်မှု၊ ထိမှု၊ သိမှု စသည်တို့အားလုံးတို့သည် ဦးနှောက်၏ ရုပ်ဖြစ်စဉ်တည်းဟူသော ဖြစ်စဉ်တစ်ခု တည်း၏ ကိစ္စဖြစ်သည်။ စိတ်ပိုင်းဖြစ်စဉ်၏ကိစ္စ၊ သို့မဟုတ် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ

နှစ်ခုစလုံး၏ ကိစ္စမဟုတ်၊ ရုပ်ခန္ဓာတခုတည်း၏ကိစ္စဖြစ်သည်ဟု အခိုင်အမာယူဆလေသည်။ အချုပ်၌ စိတ်ပိုင်းဖြစ်စဉ်များသည် ဦးနှောက်လုပ်ဆောင်ချက်၏ တစ်စိတ်တစ်ဒေသအရာသာဖြစ်သည်။ လက်အောက်ခံဖြစ်သည်ဟုယူဆ၏။ သို့ကြောင့် "*သိမှုသည် လူ့ဦးနှောက်၏ ဘဝဖြစ်စဉ်သာဖြစ်သည်*"ဟု မာ့က်စ်က ပြောခဲ့ခြင်းဖြစ်၏။

## သိစိတ်သည်ရုပ်ဖြစ်ပေါ်တိုးတက်မှု၏ထုတ်ကုန်ပစ္စည်း

၂။ စိတ်ဝါဒအယူ၌ မြင်မှု၊ ထိမှု၊ သိမှု စသည့် အသွင်သဏ္ဌာန်များသည် ရုပ်ဝတ္ထုများ လှုပ်ရှားအလုပ်လုပ်ကြသောကြောင့် ပေါ်ပေါက်လာခြင်းမဟုတ်၊ ယင်းသို့သော မြင်မှု၊ ထိမှု၊ သိမှု စသည့် နာမ်တရားများသည် ထိုနာမ်တရားများကို ဖြစ်ပေါ်စေသော ရုပ်အခြေအနေများ ပြည့်စုံသောကြောင့် ပေါ်ပေါက်လာသည်မဟုတ်၊ ရုပ်ပစ္စည်းများ ပေါင်းစပ်အလုပ်လုပ်ကြသောကြောင့် ပေါ်ပေါက်လာသည်မဟုတ်၊ နာမ်တရားသည် ရုပ်ပစ္စည်းများ၏ အရည်အချင်းများနှင့် လုံးဝဆက်စပ်ယှက်နွယ်ခြင်းမရှိ၊ ဆိလျော်ခြင်းမရှိ၊ နာမ်တရားသည်သာ အချက်အချာကျသည်။ ထိမှု၊ သိမှု၊ မြင်မှု စသည်တို့သည် ရုပ်မဟုတ်သောနာမ်တရား၏ ပစ္စည်းမျှသာဖြစ်သည်ဟု ယူဆ၏။

သို့ရာတွင် မာ့က်စ်ဝါဒအလိုအရ သိစိတ်သည် ရုပ်ဖြစ်ပေါ်တိုးတက်မှု၏ ထုတ်ကုန်ပစ္စည်းဟု ယူဆ၏။ ဇဟိုအာရုံကြောဖွဲ့စည်းမှုစနစ်ရှိသော သက်ရှိရုပ်ခန္ဓာများ၏ ပစ္စည်းဟု ယူဆ၏။ မြင်မှု၊ ထိမှု၊ သိမှုဟူသမျှသော အသွင်သဏ္ဌာန်အားလုံးသည် ရုပ်၏အမြင့်ဆုံးသော ထုတ်ကုန်ပစ္စည်းဟု ယူဆ၏။ ယင်းနှင့်စပ်လျဉ်း၍ အိန်ဂျယ်လ်က အောက်ပါအတိုင်း ပြောခဲ့ဘူး၏။

> *"သိမှု၊ ထိမှု၊ မြင်မှုဟူသည် အဘယ်နည်း။ ၎င်းတို့သည် လူ့ဦးနှောက်၏ ပစ္စည်းဖြစ်၍ လူ့ဦးနှောက်ထဲမှ ထွက်ပေါ်လာသည်။ ၎င်းတို့ ဘယ်ကလာသနည်း။ လူ့ဦးနှောက်ထဲမှလာသည်။ ဘယ်အချိန်၌ ပေါ်လာသနည်း။ သဘာဝ၏ ထုတ်ကုန်ပစ္စည်း ဖြစ်သော လူသည် မိမိ၏ ပတ်ဝန်းကျင်နှင့် ဆက်ဆံကြုံတွေ့သောအခါ၌ ထိုအရာများ ပေါ်လာပေသည်။ ရုပ်ကျသောအာရုံဖြင့် ခံစားသိမြင်နိုင်သော ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီးသာ အဟုတ်တကယ်ရှိ၍ အခြား ဘာမျှ အဟုတ်တကယ် မရှိပေ။ သိမှု၊ ထိမှု၊ မြင်မှုတို့သည် အာရုံ၏အပေါ်တွင် အထက်၌ရှိသည် ထင်ရသော်လည်း တကယ်၌ ၎င်းတို့သည် ရုပ်၏ပစ္စည်း၊ ကိုယ်ခန္ဓာ၏ ပစ္စည်း၊ ဦးနှောက်၏ပစ္စည်းမျှသာဖြစ်လေသည်။ ရုပ်သည် စိတ်၏ထုတ်*





> *ကုန်မဟုတ်မှု၍ စိတ်သည်သာလျှင် ရုပ်က ထုတ်လုပ်လိုက်သည့် အမြင့်ဆုံးသောပစ္စည်းဖြစ်ပေသည်။"*

ပထမတွင် ကမ္ဘာလောကကြီးသည် ရုပ်လောကကြီးသာဖြစ်၏။ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသောဖြစ်စဉ်အရ၊ သက်ဝင်ရုပ်၊ သက်ရှိရုပ်များ ဖြစ်လာကြ၏။ တိရစ္ဆာန်များ ဖြစ်လာကြ၏။ ထို့နောက် တိရစ္ဆာန်၏ ဖြစ်စဉ်တစ်လျှောက်တွင် အာရုံကြောဖွဲ့စည်းမှုစနစ် ပေါ်လာ၏။ တိရစ္ဆာန်သည် အာရုံကြောဖွဲ့စည်းမှုစနစ်အရ ပြုပြင်ဖန်တီးသော ဆက်သွယ်မှုများကြောင့် ပတ်ဝန်းကျင်နှင့် ဆက်ဆံတတ်လာ၏။ ထိုအခါ၌ တိရစ္ဆာန်၏ အာရုံကြောဖွဲ့စည်းမှုဖြစ်စဉ်သည် သိစိတ်ရှိသောဖြစ်စဉ်၊ အာရုံများ၏ ဖြစ်စဉ်ဖြစ်လာ၏။ နောက်လူအဖြစ်သို့ ဆင့်သက်လာကာ လူဖြစ်လာသောအခါတွင် အာရုံကြောဖွဲ့စည်းမှုဖြစ်စဉ်သည် သိမှုဖြစ်စဉ်၊ တွေးမှုဖြစ်စဉ် ဖြစ်လာလေတော့သည်။ ထို့ကြောင့် အာရုံများနှင့် အတွေးအခေါ်များသည် အာရုံကြောဖွဲ့စည်းမှုဖြစ်စဉ်၏ ထူးခြားသော ထုတ်ကုန်ပစ္စည်းသာဖြစ်လေသည်။ ယင်းနှင့်ပတ်သက်၍ လီနင်က အောက်ပါအတိုင်းပြောခဲ့၏။

> *"အာရုံသည် လှုပ်ရှားနေသော ရုပ်၏ပစ္စည်းတစ်ခုဖြစ်၏။ ရုပ်သည် အာရုံဒွါရများနှင့် ထိခတ်မိသောအခါ၌ အာရုံကို ဖြစ်ပေါ်စေခဲ့၏။ အာရုံများသည် ဦးနှောက်အာရုံ ကြောနှင့် မျက်စေ့အကြည်ဓာတ် စသည့် တိကျသော နည်းဖြင့် ဖွဲ့စည်းထားသည့် ရုပ်အပေါ်၌ အမှီသဟဲပြုနေ၏။ အာရုံ၊ တွေးခေါ်မှု၊ သိစိတ် စသည်တို့ကား တိကျစွာ ဖွဲ့စည်းထားသည့် ရုပ်၏အမြင့်ဆုံးသော ထုတ်ကုန်များဖြစ်ပေသည်. . . ."*

## သိစိတ်သည်ရုပ်ကမ္ဘာလောကကြီး၏အရောင်ရိုက်ခတ်မှုဖြစ်သည်

၃။ စိတ်သည် ရုပ်နှင့်သီးခြားကင်း၍ တည်ရှိသည်ဟု ယူဆသော စိတ်ဝါဒအလိုအားဖြင့် မြင်မှု၊ သိမှုဟူသမျှတို့သည် မည်သည့်ရုပ်ဖြစ်စဉ်၏ ထုတ်ကုန်ပစ္စည်းမှမဟုတ်၊ မြင်မှု၊ သိမှုဟူသမျှသည် စိတ်၏ဖန်တီးမှုကြောင့်သာ ဖြစ်ရသည်။ စိတ်သည် လူ၏သိစိတ်အား ပြင်ပရုပ်အရာဝတ္ထုများ၏ ဖြစ်တည်မှုမှ ကင်းလွတ်တည်ရှိနေအောင် ပြုလုပ်ပေးသောအရာဖြစ်သည်ဟု ယူဆသည်။

မာ့က်စ်ဝါဒအမြင်၌မူ ထိမှု၊ သိမှု၊ မြင်မှုဟူသမျှတို့သည် ရုပ်အရာဝတ္ထုများ၏ အရောင်ရိုက်ခတ်မှုမှလွဲ၍ အခြားဘာမျှမဟုတ်၊ သိစိတ်၏ ဖြစ်စဉ်များသည် ပြင်ပဖြစ်သော ရုပ်အမှန်တရား၏ ဖြစ်စဉ်များသာဖြစ်သည်။ ထို့ကြောင့် သိစိတ်ထဲတွင် ပေါ်လာ

သည့် အရာဟူသမျှသည် ရုပ်ကမ္ဘာလောကကြီး၏ အရောင်ရိုက်ခတ်မှုမှလွဲ၍ အခြား ဘာမျှမဖြစ်နိုင်ဟု ယူဆသည်။

''. . . . *စိတ်နာမ်နှင့် ဆိုင်သမျှသော အရာတိုင်းသည် လူ၏ စိတ်တွင် ထင်ဟပ်လာသော ရုပ်ကမ္ဘာလောကကြီးဖြစ်သည်။ စိတ်နာမ်နှင့် ဆိုင်သမျှသော အရာတိုင်းသည် သိမှုအဖြစ် ပုံပြောင်းထားသော ရုပ်ကမ္ဘာလောကကြီးသာဖြစ်သည်''* ဟု မာ့က်စ်က ရေးခဲ့၏။

မာ့က်စ်၏ အလိုအရ သိမှု၏ဖြစ်စဉ်၊ သိစိတ်၏ဖြစ်စဉ်တစ်လျှောက်၌ ရုပ်ကမ္ဘာ လောကကြီး၏ အစိတ်အပိုင်းအမျိုးမျိုး၏ ရောင်ပြန်ဟပ်ချက်များသည် ရုပ်ဖြစ်စဉ်တည်း ဟူသော ဦးနှောက်၏ ဘဝဖြစ်စဉ်ထဲ၌ ပေါ်ထွက်လာကြ၏။ သိစိတ်အတွင်း၌ ရုပ်ကမ္ဘာ လောကကြီး၏ အစိတ်အပိုင်းအမျိုးမျိုးသည် မြင်မှု၊ ထိမှု၊ သိမှု စသည့် စိတ်၏အသွင် သဏ္ဌာန်များ ဖြစ်လာကြ၏။ ခက်မာခြင်း၊ နူးညံ့ခြင်းသဘောရှိသော ပထဝီရုပ်၊ ပူခြင်း အေးခြင်းသဘောရှိသော တေဇောရုပ်၊ ဖွဲ့စည်းခြင်းသဘောရှိသော အာပေါရုပ် စသည့် ရုပ်ကမ္ဘာလောကကြီး၏ အစိတ်အပိုင်းအသီးသီးတို့သည် လူ၏ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးထဲသို့ အာရုံများမှတစ်ဆင့် ဝင်ရောက်လာကြ၏။ ၎င်းတို့သည် တကယ်ရှိသော အရာများမဟုတ်မူ၍ ရုပ်၏ ကိုယ်စားလှယ်များသာ ဖြစ်ကြ၏။ အရောင်ဟပ်ချက်များသာ ဖြစ်၏။ ယင်းသို့ဖြင့် ရုပ်၏အရောင်ရိုက်ခတ်မှုတို့သည် ဦးနှောက်ဖြစ်စဉ်ထဲတွင် ပေါ်လာ ကြ၏။ သက်ဆိုင်ရာရုပ်သည် ဆိုင်ရာအာရုံကို ဝင်၍ထိခတ်၏။ ထိုအခါ၌ သက်ဆိုင် ရာအာရုံကိုလိုက်၍ အကြည့်ဓာတ်၊ အတွေးဓာတ်တို့သည် ပေါ်လာ၏။ သို့ဖြင့် သိမှု၊ ထိမှု၊ မြင်မှု၊ ကြားမှု စသည်တို့ ပေါ်လာကြလေသည်။ ဥပမာ–ဦးနှောက်၏ အာရုံခံစားမှု ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများထဲ၌ အလင်းရောင်ဖမ်းယူသောသဘော၊ ပြန်လွှတ်သော သဘောရှိသည့် ရုပ်ခန္ဓာ၏ သတ္တိများသည် အသွေးအရောင်ကို ခံစားတတ်သော အာရုံများကို ဖြစ်ပေါ်စေ၏။ ရုပ်အရာဝတ္ထုများ၏ ပုံပန်းသဏ္ဌာန်များ၊ ဆက်သွယ်မှုများ သည် သိမှုကို ဖြစ်ပေါ်စေ၏။

သို့ရာတွင် သိစိတ်သည် ရုပ်၏ အမှန်တရား၏ အရောင်ရိုက်ခတ်ချက်ဟု ဆိုရာ၌ ''အရောင်ရိုက်ခတ်ချက်''ဆိုသည်မှာ ဘာလဲ၊ ရုပ်၏ အရောင်ရိုက်ခတ်ချက် ဖြစ်စဉ်၌ အဓိကအသွင်သဏ္ဌာန်ကြီးလေးရပ်ရှိ၏။ ၎င်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

(က) ရုပ်အမှန်တရားသည် ပဓာနဖြစ်၍ စိတ်အရောင်ရိုက်ခတ်မှုသည် သာမညဖြစ်၏။ နောက်ပေါ်ဖြစ်၏။ အရောင်ရိုက်ခတ်ချက်၏ ဖြစ်စဉ်၌ သီးခြားတည်၍ နေသော ရုပ်ဖြစ်စဉ်နှစ်ခု၏ ဆက်သွယ်မှုရှိရ၏။ ပထမရုပ်ဖြစ်စဉ်၏ အသွင်သဏ္ဌာန်သည်





ဒုတိယရုပ်ဖြစ်စဉ်၏ သက်ဆိုင်ရာ အသွင်သဏ္ဌာန်များထဲ၌ ဖြစ်ပေါ်လာရ၏။ ထိုအခါ၌ အရောင်ရိုက်ခတ်ချက်သည် ဖြစ်ပေါ်လာ၏။ ကြားမှုကို ဥပမာပြအံ့။ အသံသည် ပထမရုပ်ဖြစ်၏။ ကြားခြင်း (သောတ) အာရုံသည် ဒုတိယရုပ်ဖြစ်၏။ ပထမရုပ်သည် ဒုတိယရုပ်နှင့် ဆက်သွယ်မိသောအခါ အရောင်ရိုက်ခတ်ချက်ဟူ၍ ပေါ်လာ၏။ ကြားမှု သည် ဒုတိယရုပ်ဖြစ်စဉ်ထဲတွင်ပေါ်လာသော ပထမရုပ်ဖြစ်စဉ်၏ အရောင်ရိုက်ခတ်ချက် ဖြစ်၏။ ထို့ကြောင့် ပထမရုပ်ဖြစ်စဉ်သည် ပဓာနကျ၏။ အဓိကကျ၏။ ဒုတိယရုပ်ဖြစ်စဉ် သည် သာမညဖြစ်၏။ နောက်ပေါ်ဖြစ်၏။ ပထမရုပ်ဖြစ်စဉ် ဒုတိယရုပ် ဖြစ်စဉ်နှင့် ကင်း၍ဖြစ်ပေါ်၏။ ဒုတိယရုပ်ဖြစ်စဉ်ရှိ အသွင်သဏ္ဌာန်များကား ပထမ ရုပ်ဖြစ်စဉ်ကိုမှီ၍ ဖြစ်ပေါ်၏။ ဒုတိယရုပ်ဖြစ်စဉ်ထဲ၌ ပေါ်လာသော အသွင်သဏ္ဌာန်များသည် ပထမရုပ် ဖြစ်စဉ်ထဲတွင်ရှိသည့် အသွင်သဏ္ဌာန်များသာဖြစ်၏။ ပထမရုပ်ဖြစ်စဉ်၌ အသွင် သဏ္ဌာန် မရှိဘဲ ဒုတိယရုပ်ဖြစ်စဉ်ထဲ၌ အသွင်သဏ္ဌာန်များ ပေါ်မလာနိုင်ပေ။ စက္ခုရုပ်ရှိ သောကြောင့် စက္ခုဝိညာဉ်၊ သောတဝတ္ထုရုပ်ရှိ၍သာ သောတဝိညာဉ် ပေါ်လာရ၏။ ရှားပင်ရှိ၍ ရှားမှိုပေါက်သကဲ့သို့လည်းကောင်း၊ ထနောင်းပင်ရှိ၍ ထနောင်းမှို ပေါက်လာ သကဲ့သို့လည်းကောင်း ဖြစ်၏။ ပထမရုပ်ဖြစ်စဉ်သည် ဒုတိယရုပ်ဖြစ်စဉ်၌ အရောင်ရိုက် ခတ်ပုံ တစ်ရပ်မှာ မှန်တွင် အရိပ်ထင်မှုနှင့်တူ၏။ မှန်ရှေ့တွင် ထောင်ထားသော အရာဝတ္ထုများသည် မှန်ထဲ၌ အရိပ်ထင်လာခြင်းကြောင့် အဟုတ်တကယ်ရှိခြင်း မဟုတ်၊ မှန်တွင် ထင်သည်ဖြစ်စေ၊ မထင်သည်ဖြစ်စေ၊ ၎င်းတို့သည် နဂိုကပင် ရှိနေကြ၊ ဖြစ်တည်နေကြခြင်းဖြစ်၏။ တစ်နည်းဆိုရလျှင် မှန်ရှေ့တွင် အရာဝတ္ထုများ ရှိ၊ မရှိသည် မှန်တွင် အရိပ်ထင်မှု၊ မထင်မှုအပေါ်၌ မတည်ပေ။ သို့ရာတွင် မှန်ထဲ၌ အရာဝတ္ထုတို့ ထင်ခြင်း၊ မထင်ခြင်းမှာ မှန်ရှေ့တွင် အရာဝတ္ထုများ တကယ်ရှိ၊ မရှိအပေါ်၌ တည်ပေ သည်။ မှန်ထဲတွင် မရှိသော အရာဝတ္ထုတစ်ခုသည် မှန်ထဲတွင် လာ၍ အရိပ်ထင်နိုင်ခြင်း မရှိပေ။

သိစိတ်နှင့် ရုပ်၏ဆက်သွယ်မှုတွင်လည်း အလားတူပင်ဖြစ်၏။ ရုပ်ဝတ္ထုများ ဖြစ်တည်မှုသည် ကျွန်ုပ်တို့က ထိုအရာဝတ္ထုများအား သိစိတ် ရှိ၊ မရှိအပေါ်၌ မတည်ပေ။ ကျွန်ုပ်တို့တွင် သိစိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရုပ်ဝတ္ထုများသည် အဟုတ်တကယ်ဖြစ်တည်၍ နေကြပေ၏။ သို့ရာတွင် ကျွန်ုပ်တို့၏ သိစိတ်ထဲတွင် ဖြစ်ပေါ်ရသည့် ရုပ်သဏ္ဌာန်ကား အဟုတ်ရှိ၊ တကယ်ရှိသော ရုပ်ဝတ္ထုကိုစွဲ၍ ဖြစ်ပေါ် လာရ၏။ ကျွန်ုပ်တို့၏ သိစိတ်သည် မှန်နှင့်အလားသဏ္ဌာန်တူ၏။ မှန်သည် ပြင်ပရုပ်ကို အရောင်ရိုက်ခတ်သကဲ့သို့ သိစိတ်သည်လည်း ပြင်ပရုပ်ဝတ္ထုကို အရောင်ရိုက်ခတ်၏။

ပြင်ပရုပ်မရှိဘဲ မှန်တွင် အရိပ်မထင်နိုင်သကဲ့သို့ ပြင်ပရုပ်မရှိဘဲ သိစိတ်တွင် အရောင်ရိုက်ခတ်ချက်မရှိနိုင်ချေ။ ထို့ကြောင့် ရုပ်အမှန်တရားသည် သိစိတ်တွင် အရောင်ရိုက်ခတ်သည်ဟုဆိုရာတွင် ရုပ်အမှန်တရား၏ အသွင်သဏ္ဍာန်များ သိစိတ်တွင် ပြန်၍ပေါ်လာခြင်းကို ဆိုလို၏။ ရုပ်အမှန်တရားသည် အဓိကဖြစ်၍ သိစိတ်ထဲတွင်ပေါ်လာသော ရုပ်အမှန်တရား၏ အရိပ်ထင်မှုသည်သာမည်၏။ "*ကျွန်ုပ်တို့၏ သိစိတ်သည် ပြင်ပကမ္ဘာလောကကြီး၏အရိပ်သာဖြစ်၏။ အကောင်သည် အရိပ်မရှိဘဲ တည်နိုင်သော်လည်း အရိပ်သည် အကောင်မရှိဘဲ မထင်နိုင်ချေ*"ဟု လီနင်က ပြောခဲ့ပေသည်။ ထို့ပြင်မက "*ရုပ်သည် အာရုံများ၊ စိတ်ကူးတွေးခေါ်မှုများနှင့် စိတ်၏အရင်းအမြစ်ဖြစ်သည့်အတွက် ရုပ်သည် အဓိကဖြစ်၏။ စိတ်သည်ကား ရုပ်၏ အရောင်ရိုက်ခတ်ချက်သာဖြစ်သဖြင့် သာမညဖြစ်၏။ နောက်ပေါ်ဖြစ်၏....*" ဟု စတာလင်ကလည်း ပြောခဲ့၏။

(ခ) ရုပ်အမှန်တရားသည် ဦးနှောက်က ဆုံးဖြတ်ပြဋ္ဌာန်းသည့် ပုံသဏ္ဍာန်အတိုင်း သိစိတ်ထဲတွင် လာ၍အရိပ်ထင်ရသည်။ ပထမရုပ်ဖြစ်စဉ်သည် ဒုတိယရုပ်ဖြစ်စဉ်ထဲတွင် လာ၍အရောင်ရိုက်ခတ်သည်။ (ဥပမာ စက္ကူရုပ်ဝတ္ထုကြောင့် စက္ကူဝိညာဉ်ပေါ်သည်) ဆိုရာ၌ ပထမရုပ်သည် ဒုတိယရုပ်ထဲတွင် နဂိုပုံသဏ္ဍာန်အတိုင်း အရောင်ရိုက်ခတ်သည်မဟုတ်ပေ။ ပထမရုပ်သည် ဒုတိယမစ်ရှင်၏ အရောင်ရိုက်ခတ် ချက်ဖြစ်စဉ်ထဲသို့ ရောက်သွားသောအခါတွင် ပုံပြောင်းသွား၏။ အသွင်ပြောင်းသွား၏။ ရုပ်အမှန်တရားသည် သိစိတ်ထဲတွင် အရောင်ရိုက်ခတ်သွားသောအခါ အဆိုပါရုပ်အမှန်တရား၏ ဖြစ်စဉ်များသည် ဦးနှောက်၏ဖြစ်စဉ်တည်းဟူသော အခြားရုပ်ဖြစ်စဉ်များထဲတွင် ပုံသဏ္ဍာန်တစ်မျိုးဖြင့် ပေါ်လာကြ၏။ ထိုပုံသဏ္ဍာန်များမှာ သိမှုနှင့်မြင်မှုတို့ဖြစ်၏။ သိမှု၊ မြင်မှုဟူသော ရုပ်၏ပုံသဏ္ဍာန်တစ်မျိုးဖြင့်ပေါ်လာသောအရိပ်များသည် ဦးနှောက်ဖြစ်စဉ်များ၏ လှုပ်ရှားမှုထဲတွင် လာ၍ထင်ကြ၏။ ဥပမာ ကျွန်ုပ်တို့၏အာရုံများသည် ဦးနှောက်၏ သိစိတ်ရှိသော ဖြစ်စရာများထဲတွင် ရုပ်အရာဝတ္ထုများ၏ အသွင်သဏ္ဍာန်များ၏ အရိပ်များ၊ အရောင်ရိုက်ခတ်ချက်များသာဖြစ်၏။ သို့ရာတွင် ထိုရုပ်အရာဝတ္ထုများ၏ အသွင်သဏ္ဍာန်များသည်လည်း အာရုံများမဟုတ်သေးပေ။ အာရုံတွင် ထင်လာသောအရာများသာ ဖြစ်ကုန်၏။ အချုပ်၌ ကျွန်ုပ်တို့၏ အာရုံများသည် ကျွန်ုပ်တို့က ရုပ်၏အသွင်သဏ္ဍာန်များ သိမြင်သောပုံသဏ္ဍာန်သာဖြစ်၏။ ကျွန်ုပ်တို့က ထိုရုပ်အသွင်သဏ္ဍာန်များ တုံ့ပြန်သောပုံသဏ္ဍာန်သာဖြစ်၏။

ဥပမာ အရောင်ကိုမြင်သည်ဆိုပါစို့။ အချို့သောအဘိဓမ္မာပညာရှင်များကမူ အရောင်ဟူသည် ဟာကယ်မရှိ၊ အရောင်သည် ကျွန်ုပ်တို့ စိတ်၊ မျက်စိနှင့် မြင်ရသော





အရာ၊ ကျွန်ုပ်တို့၏ စိတ်၊ မျက်စိနှင့် ထင်ရသော အရာမျှသာဟု ဆိုကြ၏။ မာ့က်စ်ဝါဒက ယင်းသို့ မယူဆပေ။ အရောင်သည် ကျွန်ုပ်တို့စိတ်ထဲတွင်ရှိသော အရာမဟုတ်ဘဲ ကျွန်ုပ်တို့စိတ်၏ ပြင်ပတွင် စိတ်နှင့်ကင်း၍ အဟုတ်ရှိ၊ တကယ်ရှိနေသော အရာဖြစ်သည်ဟု ယူဆ၏။ အရောင်၏ နဂိုသတ္တိများကြောင့် ကျွန်ုပ်တို့၏ အရောင်အဖွေးခံစားမှု အာရုံတွင် လာ၍အရိပ်ထင်ခြင်းဟု ယူဆ၏။ အလင်းရောင်ပြန်ခြင်း၊ ဖမ်းခြင်းစသည့် ဗိဇသတ္တိများသည် ကျွန်ုပ်တို့၏ သိစိတ်ထဲ၌ အရောင်ရိုက်ခတ်လာသောအခါ အရောင် ကိုခံစားသော အာရုံဟူ၍ဖြစ်လာ၏။ ဤသည်ကို လီနင်က အောက်ပါအတိုင်း ရေးခဲ့၏။

> *"အရောင်သည် စက္ခုအာရုံတွင် တည်မှီ၍နေသော အာရုံဖြစ်သည်။ (ဤသည်ကို သဘာဝသိပ္ပံပညာက တွေ့ရှိခဲ့ပြီးဖြစ်ပါသည်) သို့ဖြစ်၍ စက္ခုအာရုံကြောပေါ်သို့ ကျရောက်လာသော အလင်းရောင်ခြည်များသည် အရောင်ခံစားမှုအာရုံကို ထုတ်လုပ်ပေးလိုက်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ပြင်ပ၊ ကျွန်ုပ်တို့၏စိတ်နှင့် ကင်းလွတ်သော ဌာန၌ ရုပ်၏ လှုပ်ရှားမှုတစ်ခုရှိသည်။ ထိုရုပ်၏ လှုပ်ရှားမှုသည် စက္ခုအာရုံကြောနှင့် လာ၍ထိခတ်သောအခါ လူ၌ တစ်စုံတစ်ခုသော အရောင်၏ အာရုံကို ထုတ်လုပ်ပေးလိုက်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ဤအချက်ကို သိပ္ပံပညာကလည်း ပြသခဲ့ပြီးဖြစ်ပေသည်။ လူ၏ စက္ခုအာရုံ၏ ပြင်ပ၊ လူနှင့်ကင်းလွတ်သောဌာန၌ ဖြစ်တည်နေသည့် အလင်းရောင်လှိုင်းအမျိုးမျိုးကြောင့် အရောင်အမျိုးမျိုး၏ အာရုံများ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်....*"

ယင်းတို့မှာ မြင်မှုနှင့်စပ်လျဉ်း၍ မာ့က်စ်ဝါဒက ခံယူပုံဖြစ်၏။ ပြင်ပရုပ်အမှန်တရားက မြင်မှုကို မည်သို့ဖြစ်ပေါ်စေပုံဖြစ်၏။ သို့ဖြစ်လျှင် ပြင်ပရုပ်အမှန်တရားသည် တွေးမှု၊ သိမှုကို မည်သို့ဖြစ်ပေါ်စေသနည်း။ ပြင်ပရုပ်အမှန်တရားသည် တွေးမှု၊ သိမှုထဲ၌ မည်သည့်ပုံသဏ္ဍာန်များဖြင့် ဖြစ်ပေါ်လာကြသနည်း။ တွေးမှု၊ သိမှု ဖြစ်စဉ်ထဲ၌ ပြင်ပရုပ်အမှန်တရားများသည် စကားလုံးများ၊ ထိုမှတဆင့် ကတ္တားပုဒ်၊ ကြိယာပုဒ်များဖြင့် ပေါင်းစပ်ဖွဲ့စည်း၍ တည်ရှိခြင်းမဟုတ်သော်လည်း ဦးနှောက်၏ တွေးကြံသော ဆောင်ရွက်မှု စကားတည်းဟူသော ဒုတိယ (သွယ်ဝိုက်) အချက်ပြ ကြိယာတို့ကြောင့် ကတ္တားပုဒ်များ၊ ကြိယာပုဒ်များဟူ၍ ဖြစ်လာကြ၏။ ဤကတ္တားပုဒ်၊ ကြိယာပုဒ်များမှတစ်ဆင့် ပြင်ပရုပ်အမှန်တရားသည် သိမှုထဲတွင် အရောင်ရိုက်ခတ်လာ၏။

ယင်းသို့ဖြင့် ပြင်ပရုပ်အမှန်တရားသည် သိမှုပုံသဏ္ဍာန်အဖြစ်သို့ ကူးပြောင်းလာတော့၏။

ဥပမာအားဖြင့် ခဲနီတန်တချောင်း ဆိုကြပါစို့။ ခဲနီတန်သည် ရုပ်ဝတ္ထုပစ္စည်းဖြစ်၏။ စက္ခုအာရုံသည် ခဲနီတန်ကို ခံစား၏။ နောက် ထိုခဲနီတန်အကြောင်း ဦးနှောက်က တွေး၏။ သိ၏။ ထိုသိမှုကို ''ဒီခဲတန်နီတယ်''ဟု ဝါကျဖြင့် ပြည့်စုံစွာ ဖော်ပြ၏။ ထိုဝါကျ၌ ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ ပါရှိ၏။ သို့ဖြင့် ပြင်ပရုပ်သည် သိမှု၊ တွေးမှု ထဲ အရောင်ရိုက်ခတ်လာသောအခါတွင် စကားလုံး၊ ကတ္တားပုဒ်၊ ကြိယာပုဒ်၊ ဝါကျ စသည့်ပုံသဏ္ဍာန်တမျိုးဖြင့် ပေါ်ထွက်လာ၏။ တကယ်၌ကား ခဲနီတန်၌ ကတ္တားပုဒ်၊ ကြိယာပုဒ် စသည်တို့ပါဝင်သည် မဟုတ်ပေ။ သို့သော်လည်း အဆိုပါ ကတ္တားပုဒ်၊ ကြိယာပုဒ်များသည် ပြင်ပရုပ်အမှန်တရားက သိစိတ်ထဲတွင် အရောင်ရိုက်ခတ်လိုက် သောအခါ ပေါ်လာသောသိမှု၏ပုံသဏ္ဍာန်များ ဖြစ်ပေသည်။

(ဂ) တဖန်၊ သိစိတ်ထဲတွင်ပေါ်လာသော ရုပ်အမှန်တရား၏ အရောင်ရိုက်ခတ်မှုသည်လည်း သက်ရှိခန္ဓာနှင့် ပတ်ဝန်းကျင်တို့၏ အပြန်အလှန် တုံ့ပြန်ဆက်သွယ်မှုအရ ပေါ်ပေါက်လာခြင်းဖြစ်၏။ မူလရုပ်ဖြစ်စဉ် (ပြင်ပရုပ်ဝတ္ထု) နှင့် ဒုတိယရုပ်ဖြစ်စဉ် (ပထမရုပ်ကို ဖမ်းယူသောရုပ်)တို့၏ ဆက်သွယ်မှု၊ အညမည တုံ့ပြန်လှုပ်ရှားမှုတို့ကြောင့် အရောင်ရိုက်ခတ်မှု(အရိပ်)သည် ပေါ်လာရ၏။ အရောင်ရိုက်ခတ်မှု၏ အရင်းအမြစ်သည် မူလရုပ်ဖြစ်စဉ်ဖြစ်၏။ သို့ဖြင့် ဦးနှောက်၏ဘဝဖြစ်စဉ်သည် ၎င်း၏ ထုတ်ကုန်ပစ္စည်းဖြစ်သော မြင်မှု၊ သိမှု၊ တွေးမှုတို့အထဲ၌ ထိုမြင်မှု၊ သိမှု၊ တွေးမှုတို့၏ အရင်းမူလဖြစ်သော ပတ်ဝန်းကျင်ရုပ်အမှန်တရားကို ထုတ်လုပ်ပေးသည်။ (ဃ) အရောင်ရိုက်ခတ်သည်။ ယင်းသို့ တွေးမှု၊ သိမှုထဲတွင် ပြင်ပရုပ်အမှန်တရားက အရောင်ရိုက်ခတ်ခြင်းမှာလည်း သိစိတ်ရှိသော ရုပ်ခန္ဓာကိုယ်နှင့် ၎င်း၏ပတ်ဝန်းကျင်သည် အညမည တုံ့ပြန်လှုပ်ရှားကြသောကြောင့်ဖြစ်၏။ ဤတုံ့ပြန်လှုပ်ရှားမှုကိုလည်း ဦးနှောက်က ပြုလုပ်ပေး၏။ အဘယ့်ကြောင့်ဆိုသော် ဦးနှောက်သည် တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်တို့၏ ရှုပ်ထွေးသော ဆက်ဆံရေးအင်္ဂါအစိတ်အပိုင်း ဖြစ်သောကြောင့်ဖြစ်၏။ အရောင်ရိုက်ခတ်မှုဖြစ်စဉ်၌ ဦးနှောက်သည် တစ်ရံမလတ် တက်ကြွလှုပ်ရှားသော သဘောရှိ၏။ ဦးနှောက်သည် သိစိတ်ထဲ၌ ပြင်ပရုပ်ဝတ္ထုများ၏ အရောင်ရိုက်ခတ်မှုများကို တစ်ရံမလပ် ထုတ်လုပ်ပေးနေ၏။

ထို့ကြောင့် သိစိတ်ထဲ၌ ပြင်ပရုပ်ကမ္ဘာလောကကြီး၏ ဘယ်လို ဘယ်နည်း အရောင်ရိုက်ခတ်သည်ဆိုသည်ကို သိစိတ်ရှိသော ရုပ်ခန္ဓာနှင့် ၎င်း၏ ပတ်ဝန်းကျင်တို့ ဘယ်လိုဆက်သွယ်သည်ဆိုသည့်အချက်က ပြဋ္ဌာန်း၏။ တိရစ္ဆာန်၏ အဖွဲ့ဝင်သန္ဓာန်နှင့်





ဇဟိဒ္ဓသန္ဓာန်တို့ ဘယ်လိုဆက်သွယ်သည်ဆိုသည့်အချက်က ဆုံးဖြတ်၏။ တိရစ္ဆာန်၏ ပတ်ဝန်းကျင်က ပြဋ္ဌာန်း၏။

ယင်းအချက်ကို ထည့်သွင်းစဉ်းစားလျှင် ကျွန်ုပ်တို့၏ သိစိတ်ထဲ၌ ပြင်ပအမှန်တရားများ လာ၍ အရောင်ရိုက်ခတ်သောအခါ ပြင်ပရုပ်ဝတ္ထုများသည် တစ်နည်းတစ်ဖုံ အသွင်ပြောင်းသွားနိုင်သည်ဆိုသည့်အချက်ကို သိနိုင်၏။ ပြင်ပရုပ်ဝတ္ထုများက ကျွန်ုပ်တို့၏ သိစိတ်ထဲသို့ လာ၍အရိပ်ထင်ပုံသည် ရုပ်ဝတ္ထုတစ်ခု မှန်ထဲ၌ အရိပ်ထင်ပုံနှင့် ထပ်တူထပ်မျှ တူသည်မဟုတ်ပေ။ သဘောမျှတူသည်သာဖြစ်၏။ ထို့ကြောင့် တစ်ခါတစ်ရံတွင် ရုပ်ဝတ္ထုများအား ကျွန်ုပ်တို့က မြင်မှုသည် အတိအကျမဟုတ်ဘဲ ပုံသဏ္ဍာန်လွဲ၍ သွားတတ်၏။ ထို့ကြောင့် သစ်ငုတ်တို့ကို ခွေးနက်ကြီးတစ်ကောင် . . . . စသဖြင့် နဝေတိမ်တောင် ထင်ခြင်းမျိုးများ ရှိခြင်းဖြစ်၏။ သို့ထင်ခြင်းမှာ ပတ်ဝန်းကျင်ကြောင့်ဖြစ်၏။ ပတ်ဝန်းကျင်နှင့် ရုပ်ခန္ဓာ၏ ဆက်သွယ်မှုအခြေအနေကြောင့်ဖြစ်၏။

သိစိတ်သည် ပြင်ပအမှန်တရားအား အရောင်ရိုက်ခတ်သည်ဆိုသော ရုပ်ဝါဒသမားအမြင်ကို များစွာသောအဘိဓမ္မာပညာရှင်များက ဆန့်ကျင်ခဲ့ကြ၏။ သို့ဆန့်ကျင်ရာ၌ ၎င်းတို့ပေးသော ဆင်ခြေတွင် ထင်မြင်မှု၏ အသွင်လက္ခဏာများကို မကြာခဏ ဥပမာပေးကြ၏။ ၎င်းတို့၏ဆင်ခြေမှာ ဤသို့ဖြစ်၏။ ''ပိုက်ဆံတစ်ပြားကိုကြည့်စမ်း၊ ပိုက်ဆံပြားဆိုတဲ့ ရုပ်ဝတ္ထုဟာ တိကျတဲ့ အရွယ်ပမာဏ၊ တိကျတဲ့ ပုံပန်းသဏ္ဍာန်ရှိတယ်လို့ ထင်ရတယ်၊ အဲဒီပိုက်ဆံပြားကို ကြည့်လိုက်ရင် ခင်ဗျားရဲ့ မြင်မှုအာရုံထဲမှာ အရောင် ဟပ်လာတယ်မဟုတ်လား။ ကောင်းပြီ. . . . ဒီလိုဆိုရင် အဲဒီပိုက်ဆံပြားကို တော်တော်လေး ခပ်ဝေးဝေးက ကြည့်စမ်း၊ ငယ်မသွားဘူးလား . . . .၊ တစ်ခါ မျက်စိနားကပ်ပြီး ကြည့်စမ်း၊ ကြီးမလာဘူးလား။ တစ်ခါ အဲဒီပိုက်ဆံပြားကို တည့်တည့်ကြည့်တော့ အဝိုင်းဖြစ်မနေဘူးလား၊ ထောင်ကြည့်တဲ့အခါကျတော့ ပြားချပ်ချပ်ပြောင်ပြောင်ကလေး မမြင်ရဘူးလား၊ တကယ်တော့ အဲဒီပိုက်ဆံပြားကို မြင်တဲ့ ခင်ဗျားရဲ့ မြင်မှုအာရုံဟာ အမျိုးမျိုးပြောင်းလဲနေပြီး ခင်ဗျားအာရုံကို ဖြစ်ပေါ်လာစေတယ်ဆိုတဲ့ ရုပ်ဝတ္ထုပိုက်ဆံ ပြားကတော့ ဘာမှပြောင်းလဲခြင်းမရှိဘူးမဟုတ်လား။ ဒါ့ကြောင့် မြင်မှုရဲ့ အာရုံကသာ ပြောင်းပြီး မြင်မှုကို ဖြစ်ပေါ်စေတယ်ဆိုတဲ့ ရုပ်ဝတ္ထုပိုက်ဆံပြားက ပြောင်းလဲခြင်းမရှိတာထောက်ရင် ခင်ဗျားရဲ့ မြင်မှုဆိုတာဟာ ပြင်ပရုပ်ရဲ့ အမှန်တရားကို အရောင်ရိုက်ခတ်မှုသာဖြစ်တယ်လို့ ဆိုနိုင်ပါဦးမလား''ဟု ဆိုကြ၏။

စိတ်ဝါဒအဘိဓမ္မာပညာရှင်များသည် ဤမေးခွန်းကို အပိုင်မေးတတ်ကြ၏။ အရောင်ရိုက်ခတ်ချက်သဘောတရားကို ဤနည်းဖြင့် ချေပကြ၏။ သို့ရာတွင် ယင်းသို့

မေးရာ၌ အရောင်ရိုက်ခတ်ချက်ဟူသည် တက်ကြွလှုပ်ရှားသော ဖြစ်စဉ်၊ ရုပ်ခန္ဓာနှင့် ပတ်ဝန်းကျင်တို့၏ တိကျသော ဆက်သွယ်မှုက ဖန်တီးပေးလိုက်သော ဖြစ်စဉ်ဖြစ်ကြောင်းကို စိတ်ဝါဒအဘိဓမ္မာပညာရှင်များ မေ့နေကြ၏။ ထို့ကြောင့် အရာဝတ္ထုတစ်ခုကို အဝေးအနီးကြည့်လျှင် ထောင့်အမျိုးမျိုးဖြင့်ကြည့်လျှင် ၎င်းသည် ကျွန်ုပ်တို့၏ မြင်မှုထဲ၌ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အရောင်ရိုက်ခတ်လာလိမ့်မည်ဖြစ်၏။ ၎င်း၏ ပမာဏနှင့် ပုံပန်းသဏ္ဌာန်သည်လည်း အမျိုးမျိုးကွဲပြားလိမ့်မည်ဖြစ်၏။ တစ်ဖန် အရာဝတ္ထုတစ်ခုကို ပကတိအတိုင်း မကြည့်ဘဲ တစ်ခုခုထဲတွင် ထည့်၍ကြည့်လျှင်လည်း ပုံသဏ္ဌာန်သည် ကွဲပြားသွားလိမ့်မည်ဖြစ်၏။ ဥပမာ–တုတ်ဖြောင့်ဖြောင့်တစ်ချောင်းကို ရေထဲတွင်နှစ်၍ ကြည့်လျှင် ကောက်နေသည်ကို တွေ့ရမည်ဖြစ်၏။ တစ်ဖန် ကျွန်ုပ်တို့ အာရုံဒွါရများ၏ အခြေအနေကို လိုက်၍လည်း အရာဝတ္ထု၏ အရောင်ရိုက်ခတ်မှုသည် ပြောင်းသွားနိုင်၏။ ဥပမာ–မျက်ခွံထောင့်ကိုဖိ၍ အရာဝတ္ထုကို ကြည့်လျှင် နှစ်ခုဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။ လက်တစ်ဖက်ကို ပူအောင်လုပ်ပြီး အခြားလက်တစ်ဖက်ကို အေးအောင်လုပ်၍ ထိုလက်နှစ်ဖက်စလုံး ရေထဲနှစ်ကြည့်လျှင် လက်တစ်ဖက်၏အတွေ့၌ ရေသည် ပိုအေးနေသည်ကို တွေ့ရမည်ဖြစ်၏။ မြင်မှုသည် အချုပ်၌ ဦးနှောက်၏ လှုပ်ရှားဆောင်ရွက်ချက်တစ်ခုသာဖြစ်ရာ အရာဝတ္ထုတစ်ခုသည် ထိုလှုပ်ရှားဆောင်ရွက်ချက်တွင် အရောင်ရိုက်ခတ်မိသည်နှင့်တပြိုင်နက် ဦးနှောက်သည် ထိုအရာဝတ္ထု၏ အရောင်ရိုက်ခတ်ချက်အမျိုးမျိုးကို အခြေအနေကို လိုက်၍ ထုတ်လုပ်ပေးနိုင်လေသည်။ ဦးနှောက်သည် အရာဝတ္ထုတစ်ခုကို တစ်ခါအရောင်ဟပ်ဖူးသည်နှင့်၊ နောက်တွင်လည်း ထိုအရာဝတ္ထု၏ တကယ့်ရုပ်ကို မမြင်ရသည့်တိုင် ဦးနှောက်ထဲတွင် စွဲနေတတ်လေသည်။ အိပ်မက်ခြင်း၊ နဝေတိမ်တောင်ထင်ခြင်း စသည်တို့မှာ မြင်ဖူးသော အရာဝတ္ထုတစ်ခု၏ အရောင်ရိုက် ခတ်ချက်သည် ဦးနှောက်ထဲတွင် စွဲနေသောကြောင့်ဖြစ်၏။

(ဃ) သိစိတ်ထဲတွင်ပေါ်သော အမှန်တရား၏ အရောင်ရိုက်ခတ်ချက်သည် အမှန်တရားအား ပြောင်းလဲပစ်ရေးအတွက် လမ်းညွှန်ရာတွင် တက်ကြွလှုပ်ရှားသော အကြောင်းအချက်ဖြစ်၏။ သိစိတ်ထဲ၌ပေါ်သော အရောင်ရိုက်ခတ်ချက်သည် ရုပ်ဘဝလှုပ်ရှားဆောင်ရွက်ချက်၏ ထုတ်ကုန်ပစ္စည်း၊ ရုပ်ခန္ဓာက ပတ်ဝန်းကျင်နှင့် ဆက်ဆံလှုပ်ရှားရာမှပေါ်လာသော ထုတ်ကုန်ပစ္စည်းဟု ဆိုခြင်းအားဖြင့် မြင်မှု၊ သိမှု၊ တွေးမှုဟူသော လူ၏သိစိတ်အား ၎င်း၏အတွေ့အကြုံ၊ ၎င်း၏ လူမှုလှုပ်ရှားဆောင်ရွက်ချက်တို့က ဖန်တီးသည်ဟု ဆိုလိုခြင်းဖြစ်၏။ လူက မြင်သောအရာ၊ လူကတွေးသော အတွေးသည် မြင်မှု၊ သိမှုထဲ၌ တိုက်ရိုက်ပေါ်လာသော အမှန်တရား၏ ဖြစ်စဉ်မဟုတ်ဘဲ လူ၏အတွေ့





အကြုံ၊ ဘဝအခြေအနေ၊ လူမှုဆက်ဆံရေး စသည်တို့၏ ပြုပြင်ဖန်တီးမှုကို ခံယူပြီး နောက်မှ ပေါ်လာခြင်းဖြစ်၏။ ထို့ကြောင့် လူ၏အတွေ့အကြုံ၊ ဘဝအခြေအနေကိုလိုက်၍ မြင်မှု၊ သိမှု၊ တွေးမှုကို ကြားခြင်းဖြစ်၏။ ဥပမာ–ရှုပ်ထွေးသော စက်ယန္တရားတစ်ခုကို စစ်ဆေးနေသည့် ကျွမ်းကျင်သော အင်ဂျင်နီယာတစ်ယောက်နှင့် လူပြိန်းတစ်ယောက်၏ အာရုံဒွါရများသည် စက်ယန္တရားကိုမြင်ရာတွင် အတူတူပင်ဖြစ်၏။ သို့ရာတွင် ၎င်းတို့၏ စက်ယန္တယားကိုမြင်ရာတွင် အတူတူပင်ဖြစ်၏။ သို့ရာတွင် ၎င်းတို့၏ စက်ယန္တရားကို မြင်မှု၊ သိမှုကား မတူကြပေ။ ကျေးလက်ရှုခင်းတစ်ခုကို မြင်ရာတွင် သာမန်လူနှင့် ပန်းချီဆရာတစ်ယောက်၏ အာရုံဒွါရများသည် အတူတူမြင်ကြသည် ပင်ဖြစ်၏။ သို့ရာတွင် ၎င်းတို့နှစ်ဦး၏ မြင်မှု၊ သိမှုကား မတူကြပေ။ ထို့ကြောင့် အတွေ့အကြုံ၊ ကြီးပြင်းမှု၊ လူတန်းစား စသည်တို့ မတူကြသူများ၏ သိမှု၊ မြင်မှုတို့သည် အရာဝတ္ထုတစ်ခုကို ကြည့်တာချင်းတူသော်လည်း မြင်မှု၊ သိမှုမတူကြပေ။

လူသတ္တဝါတွင် အရာဝတ္ထုများနှင့်ပတ်သက်သော စိတ်ကူးတွေးခေါ်မှုသည် မြင်မှု၊ သိမှုကို တစ်ဖန်ပြန်၍ ဩဇာလွှမ်းမိုးနေပြန်သည်။ လူသည် အရာဝတ္ထုများကို မြင်ရုံ သိရုံမျှသာမက ထိုအရာဝတ္ထုအကြောင်းကို စိတ်ကူးတွေးခေါ်ခြင်းလည်း ပြုတတ်၏။ ထိုစိတ်ကူးတွေးခေါ်မှုသည် မြင်မှု၊ သိမှုကို အခြေခံ၏။ တဖန် ထိုမြင်မှု၊ သိမှုကိုအခြေခံ၍ ပေါ်သော စိတ်ကူးတွေးခေါ်မှုသည် ပြန်၍ မြင်မှု၊ သိမှုကို ဩဇာလွှမ်းပြန်၏။ တစ်နည်းဆိုရလျှင် လူ၏ပထမအချက်ပြကြိယာ(မြင်မှုသိမှု)ကို မှီ၍ဖြစ်ပေါ်လာသော ဒုတိယ အချက်ပြကြိယာ(တွေးမှု၊ စိတ်ကူးမှု)သည် ပထမအချက်ပြကြိယာကို ပြန်၍ ကျေးဇူးပြု၏။ ကျွမ်းကျင်သူ အင်ဂျင်နီယာသည် သာမန်လူထက် စက်ယန္တရားအကြောင်းကို သိခြင်းမှာ အင်ဂျင်နီယာသည် သာမန်လူထက် စက်ယန္တရားနှင့် ပတ်သက်သော စိတ်ကူးတွေးခေါ်မှုရှိခြင်းကြောင့်ဖြစ်၏။ အလားတူပင် ပန်းချီဆရာသည် သာမန်လူထက် ကျေးလက်ရှုခင်းကို အသေးစိတ်မြင်ခြင်းမှာ ပန်းချီဆရာသည် သာမန်လူထက် ရှုခင်းနှင့်ပတ်သက်သော စိတ်ကူးတွေးခေါ်မှုရှိသောကြောင့်ဖြစ်၏။ မြင်မှု၊ သိမှုကိုအခြေခံ၍ ပေါ်လာသော စိတ်ကူးတွေးခေါ်မှုသည် ထိုမြင်မှု၊ သိမှုကို တစ်ဖန်ပြန်၍ တုံ့ပြန်လွှမ်းမိုးပြန်လေသည်။

ကျွန်ုပ်တို့၏ သိစိတ်ထဲသို့ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်က အရောင်ရိုက်ခတ်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူ၏ဆက်သွယ်မှုက အရောင်ရိုက်ခတ်ခြင်းတို့ကား ပတ်ဝန်းကျင်ကို လူကပြောင်းလဲရာ၌ အဆုံးအဖြတ်ပြုသော အဓိကအကြောင်းကြီးတစ်ရပ်ပင်ဖြစ်၏။ သိစိတ်သည် ပြင်ပရုပ်အမှန်တရား၏ အရောင်ရိုက်ခတ်ချက်ဆိုခြင်းကြောင့် သိစိတ်သည်

လူ့ဘဝတွင် အရေးကြီးသော အချက်မဟုတ်ဟု ဆိုလိုခြင်း မဟုတ်ပေ၊ အချုပ်ဆိုရသော် ပထမအချက်အားဖြင့် သိစိတ်သည် ဘဝလှုပ်ရှားဆောင်ရွက်မှု၏ ထုတ်ကုန်ပစ္စည်းတခု ဖြစ်၏။ ဒုတိယအချက်အားဖြင့် ၎င်းကို ထုတ်လုပ်ပေးလိုက်သော ဘဝလှုပ်ရှားဆောင်ရွက်ချက်ကို လမ်းညွှန်ရာတွင် အရေးကြီးသောအခန်းမှ ပါဝင်သည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်၏။ ရုပ်ဘဝသည် ၎င်းအား တစ်စုံတစ်ခုသော ဦးတည်ချက်ဆီသို့ရောက်အောင် ပြန်၍လမ်းညွှန်ပေးမည့် နည်းလမ်းများကို သိစိတ်ထဲတွင် ထုတ်လုပ်ပေးလိုက်လေသည်။ သိစိတ်သည် သက်ဝင်၍ ရုပ်ခန္ဓာများ၏ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော ဖြစ်စဉ်၌ မွေးဖွားပေါ်ပေါက်လာသော အရာမျှသာဖြစ်ပေသည်။

ထို့ကြောင့် သိစိတ်ရှိသော ဖြစ်တည်မှုသည် ဦးနှောက်ထဲနှင့် ပြင်ပရုပ်အခြေအနေများ၏ အရောင်ရိုက်ခတ်မှုက လွှမ်းမိုးထားသော ရုပ်ဘဝလှုပ်ရှားဆောင်ရွက်ချက်ပင်ဖြစ်၏။ ပထမအားဖြင့် ယင်းအရောင်ရိုက်ခတ်မှုသည် သိစိတ်ရှိသော ရုပ်ခန္ဓာများက ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံရာမှ မွေးဖွားလာသော ထုတ်ကုန်ပစ္စည်းဖြစ်၏။ တစ်ဖန် ထိုထုတ်ကုန်ပစ္စည်း(အရောင်ရိုက်ခတ်မှု)သည် သိစိတ်ရှိသော ရုပ်ခန္ဓာ (လူ) နှင့် ပတ်ဝန်းကျင်တို့၏ ဆက်ဆံရေးကို ပိုမိုတိုးတက်ဖြစ်ပေါ်စေ၏။ အချုပ်အားဖြင့် ပြင်ပရုပ်ကမ္ဘာကြီးသည် သိစိတ်သို့လာ၍ အရောင်ရိုက်ခတ်ရာ၌ မြင်မှု၊ သိမှု၊ တွေးမှု ပုံသဏ္ဍာန်ဖြင့်လည်း ပေါ်လာသေး၏။ စိတ်ခံစားချက်(ဝေဒနာ)သည် ပြင်ပ ရုပ်ကမ္ဘာကြီးက ကမ္ဘာလောကကြီး၏ ပုံသဏ္ဍာန်တစ်မျိုးဖြစ်၏။

စိတ်ဝါဒသမားများကမူ လူ၏ စိတ်ခံစားချက်(ဝေဒနာ)သည် လူ၏ အဇ္ဈတ္တနာမ်ဘဝမှ ပေါ်ပေါက်လာသည်ဟု ယူဆ၏။ ရုပ်ဝါဒအမြင်၌ကား စိတ်ခံစားချက်(ဝေဒနာ) သည်လည်း ရုပ်အမှန်တရားက လူ၏သိစိတ်ထဲတွင် အရိပ်လာထင်သော ရုပ်၏အရောင်ရိုက်ခတ်မှုပုံသဏ္ဍာန်တစ်မျိုးဟု ယူဆပေသည်။ စိတ်ခံစားမှု(ဝေဒနာ)သည် လူနှင့် ပတ်ဝန်းကျင်တို့၏ တက်ကြွလှုပ်ရှားသော ဆက်သွယ်မှုကို ထင်ဟပ်ဖော်ပြ၏။ လူသည် ရုပ်ဝတ္ထုနှင့် တွေ့ထိဆက်သွယ်မိ၍ ထိုရုပ်ဝတ္ထုနှင့် ပတ်သက်သော သဘောထားခံယူချက် စိတ်ကူးတွေးခေါ်မှုပေါ်လာ၏။ နောက် စိတ်ခံစားချက် (ဝေဒနာ) ပေါ်လာ၏။ လူသည် ၎င်းသိစိတ်ရှိသော ဖြစ်တည်မှု၌ အရာဝတ္ထုများကို မြင်ရုံ၊ သိရုံမျှသာမက၊ ထိုအရာဝတ္ထုများနှင့် ဆက်ဆံထိတွေ့ရသော စိတ်ခံစားမှု(ဝေဒနာ)လည်း ပေါ်လာတော့၏။

သို့ကြောင့် စိတ်ခံစားမှုကို သိစိတ် (ဝေဒနာကို သိစိတ်) သည် လူ့ရုပ်ဘဝ၏ လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်၏။ လူသည် မြင်မှုအားဖြင့်လည်းကောင်း၊ စိတ်ကူးတွေးခေါ် မှုအားဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်အမှန်တရားနှင့် ဆက်သွယ်လာ





ရ၏။ သို့ရာတွင် ဤဆက်သွယ်မှုသည် စိတ်ခံစားမှု(ဝေဒနာ)များဖြင့်သာ ပြည့်စုံ၍ လာ၏။ အလားတူပင် စိတ်ခံစားမှု(ဝေဒနာ)များဖြင့်သာ ပြည့်စုံ၍လာ၏။ အလားတူပင် စိတ်ခံစား မှု(ဝေဒနာ)အား မြင်မှု၊ သိမှု၊ စိတ်ကူးမှုတို့ဖြင့် ရှေ့ဆောင်ညွှန်ကြားရန် လိုအပ်၏။

ရုပ်နှင့်၎င်း၏အရောင်ရိုက်ခတ်ချက်

ချုပ်အံ့။

သက်ရှိ ဦးနှောက်နှင့်ကင်း၍ တည်ရှိသေ ာစိတ်ဟူ၍ လောက၌ မရှိ၊ သိစိတ်ဟူသမျှ သိစိတ်ထဲတွင် ဝင်လာသည့်အရာဟူသမျှ၏ အရင်းအမြစ်သည် ရုပ်ကမ္ဘာလောကကြီးဖြစ်၏။ ဦးနှောက်၏ ရုပ်ဘဝဖြစ်စဉ်တွင်ထင်သော ရုပ်ကမ္ဘာလောကကြီး၏ အရောင်ရိုက်ခတ်မှုသည် သိစိတ်ထဲလာ၍ ဖြစ်ပေါ်၏။ ယင်းအရောင်ရိုက်ခတ်ချက်သည် သိစိတ်၏ အနှစ်သာရကို လွှမ်းမိုးသောအရာ ဖြစ်၏။

သို့ကြောင့် ရုပ်နှင့် နာမ်ဟူ၍ သီးခြားဖြစ်တည်မှုနှစ်ခုမရှိ၊ ရုပ်ကမ္ဘာလောကနှင့် နာမ်ကမ္ဘာလောကဟူ၍ ကမ္ဘာလောကနှစ်ခုမရှိ။ ရုပ်ကမ္ဘာလောကဟူ၍ တစ်ခုသာရှိသည်။ ရုပ်ဖြစ်စဉ်ဟူ၍ တစ်ခုသာရှိသည်။ ရုပ်ဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းတလျှောက်၌ ရုပ်ဖြစ်စဉ်တစ်ခု၏ အရောင်ရိုက်ခတ်ချက်သည် ဦးနှောက်၏ ဘဝဖြစ်စဉ်တည်းဟူသော အခြားရုပ်ဖြစ်စဉ်တစ်ခုထဲတွင် လာ၍ ထွက်ပေါ်လာသည်။ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ၊ ရုပ်နှင့်စိတ်တို့ကို ခွဲခြားခြင်းသည် ရုပ်၏ဖြစ်တည်မှု၊ အချိန်ကာလနှင့် လဟာပြင်အကွင်း လှုပ်ရှားမှုတို့ကို ဦးနှောက်တွင်းရှိ ၎င်း၏အရောင်ရိုက်ခတ်ချက်နှင့် ခွဲခြားခြင်းပင်ဖြစ်၏။ တကယ့်ရုပ်နှင့် သိစိတ်အတွင်း၌ ထိုရုပ်၏ အရောင်ရိုက်ခတ်ချက်တို့ကို ခွဲခြားခြင်းသာ ဖြစ်၏။ အရောင်ရိုက်ခတ်မှုကိုဖြစ်ပေါ်စေသော မူလဖြစ်စဉ်နှင့် အရောင်ရိုက်ခတ်မှုပေါ်သည့် ဒုတိယဖြစ်စဉ်နှစ်ခုစလုံးသည် ရုပ်ဖြစ်စဉ်ချည်းသာဖြစ်၏။ သို့ရာတွင် အရောင်ရိုက်ခတ်မှုသည် ရုပ်မဟုတ်၊ စိတ်ဖြစ်၏။ ဆိုလိုသည်မှာ မူလရုပ်မဟုတ်၊ မူလရုပ်၏ အရောင်ရိုက်ခတ်ချက်သာဖြစ်၏။ ထို့ကြောင့် လီနင်က အောက်ပါအတိုင်း ရေးခဲ့၏။

> *"ရုပ်ဝါဒသည် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာကို အတူတကွ တည်ရှိသည်ဟူသော ရုပ်နာမ်ဒွန်တွဲဝါဒကို ငြင်းပါယ်၏။ ရုပ်ဝါဒ၏ အဆိုပြုချက်သဘောကား နာမ်ခန္ဓာသည် ရုပ်ခန္ဓာမှ သီးခြားကင်းလွတ်၍ မတည်ရှိဟူ၍ ဖြစ်၏။ စိတ်နာမ်သည် သာမညဖြစ်သည်။ ဦးနှောက်၏ လုပ်ဆောင်ချက်ဖြစ်သည်။ ပြင်ပကမ္ဘာကြီး၏ အရောင်ရိုက်ခတ်ချက်*

*ဖြစ်သည်ဟူ၍ ဖြစ်၏။ ရုပ်နှင့်စိတ်တို့၏ ပဋိပက္ခတရားသည် ကျဉ်းမြောင်းသည့် နယ်နိမိတ်ကွက် ကွက်ကလေးအတွင်းမှာသာ အကြွင်းမဲ့ဖြစ်ပေါ်၏။ မည်သည့်အရာက ပဓာနကျသည်၊ မည်သည့်အရာက သာမညကျသည်ဆိုသည့် ငြင်းခုန်မှုနယ်ပယ်၌သာ ၎င်းတို့၏ ပဋိပက္ခတရားသည် အပြင်းထန်ဆုံးဖြစ်ပေါ်၏။ ထိုနယ်နိမိတ်ကျော်လျှင်ကား ရုပ်နှင့်စိတ်တို့၏ ပဋိပက္ခသည် မှေးမှိန်သွားကာ ရုပ်နှင့်စိတ်တို့သည် တစ်ခုကိုတစ်ခု အပြန်ပြန် အလှန်လှန် အမှီသဟဲပြုနေသည်သာ ဖြစ်ပေသတည်း. . . .''*

※ ※ ※





## အခန်း (၃)
## လူမှုအလုပ်နှင့် လူမှုတွေးကြံမှု

လူ၏ စိတ်ပိုင်းလုပ်ဆောင်ချက် ဖြစ်ပေါ်တိုးတက်မှုသည် ၎င်း၏ လူမှုလုပ်ရှားဆောင်ရွက်ချက်မှ ပေါ်ထွက်လာသည်။ မြင်မှုနှင့် သိမှုတို့မှ ပေါ်ထွက်လာသည်။ လူသည် တွေးကြံတတ်လာခြင်း၊ စကားပြောတတ်လာခြင်းမှာ လူမှုအလုပ်၏ ဖြစ်စဉ်ကြောင့်ဖြစ်သည်။ လူမှုအလုပ်သည်လည်း လူ၏အခြေခံကျသော လူမှုလှုပ်ရှားဆောင်ရွက်ချက်ဖြစ်သည်။

### လူ၏ဦးနှောက်နှင့် ၎င်းကိုအသုံးချပုံ

လူ၏ ဦးနှောက်သည်သာလျှင် ယေဘုယျ စိတ်ကူးတွေးခေါ်မှုများကို ပြုလုပ်နိုင်၏။ တွေးကြံမှုတည်းဟူသော ခံယူတတ်သော သိစိတ်ကို ပြုလုပ်နိုင်၏။ တစ်ဖန် လူ၏ ဦးနှောက်သည်လည်း ဘဝပုံသဏ္ဌာန်မှာ ဤရှည်လျားသော တရွေ့ရွေ့နှင့် အဆင့်ဆင့် ပြောင်းလဲသည့်ဖြစ်စဉ်၏ ထုတ်ကုန်ပစ္စည်းဖြစ်၏။ ဦးနှောက်၏ အရွယ်ပမာဏနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဤအခြေထိ ရောက်ရှိလာသည်မှာလည်း တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော ဖြစ်စဉ်သည် အထွဋ်အထိပ်သို့ ရောက်လာခြင်းကြောင့်ဖြစ်၏။ အထူးသဖြင့် လူ့ဦးနှောက်၏ အမြွေးခွံသည် အခြားသော တိရစ္ဆာန်များမှာထက် ကြီး၏။ ဦးနှောက်အမြွေးခွံ၏ ကြီးမားသောအစိတ်အပိုင်းသည် လက်နှင့် စကားပြောသော အင်္ဂါအစိတ်အပိုင်းများကို ထိန်းချုပ်၏။

ဦးနှောက် မည်သို့အလုပ်လုပ်သည်ကို သိပ္ပံပညာနည်းကျစွာ သိခြင်းမှာ ယခု အစမျှသာရှိသေး၏။ သို့ရာတွင် ဦးနှောက်သည် အတွေးအခေါ်၏ ကြိယာအစိတ်အပိုင်းဖြစ်ကြောင်း၊ တွေးကြံမှုကို ဦးနှောက်က ပြုလုပ်ကြောင်း၊ တွေးကြံနိုင်ရန်အတွက် ဦးနှောက်၏ အရွယ်ပမာဏနှင့် ဖွဲ့စည်းတည်ဆောက်ပုံသည် တဖြည်းဖြည်း ကြီးထွားလာရခြင်းဖြစ်ကြောင်းကိုကား ကျွန်ုပ်တို့ယခုတွေ့ထားသော သိပ္ပံပညာတွေ့ရှိချက်များအရ

သေချာစွာသိနိုင်ပြီဖြစ်၏။

ဦးနှောက်သည် တွေးကြံမှုကြိယာအစိတ်အပိုင်းအဖြစ် ရောက်ရှိလာသည်အထိ ဖြစ်သော သတ္တဗေဒဆိုင်ရာ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ်သည် လူမပေါ်မီ ဘဝကပင် စတင်ဖြစ်ပေါ်ခဲ့၏။ ထိုအဆင့်၌ လူဝံလိုတိရိစ္ဆာန်များသည် တဖြည်းဖြည်း လူအဖြစ်သို့ ရောက်ရှိလာခဲ့ကြ၏။ တိရစ္ဆာန်များသည် မတ်မတ် လမ်းလျှောက်သည်။ အသိပြောင်းလဲဖြစ်ပေါ်လာသည်၌ လူအဖြစ်သို့ ရောက်ရှိလာရေးအတွက် အရေးပါအရာရောက်သော အချက်တစ်ရပ်ဖြစ်လာသည်ဟု ယူဆချက်ဖြစ်၏။ မတ်မတ်လမ်းလျှောက်သဖြင့် လက်များသည် လွတ်လပ်လာကြ၏။ သို့ဖြစ်ရာ ထုတ်လုပ်ရေးလုပ်ရှားဆောင်ရွက်မှုကို လက်ဖြင့် ပြုလုပ်လာကြ၏။ ယင်းသို့ လက်ကို အသုံးပြုခြင်းဖြင့် လက်၏ အင်္ဂါအစိတ်အပိုင်းများသည် ကြီးထွားပြောင်းလဲလာကြကာ နောက်ဆုံး၌ ယခု လူတို့၏ လက်ပုံသဏ္ဌာန်များဖြစ်လာကြ၏။ လက်ကို အသုံးချခြင်းဖြင့် ထိုလက်အသုံးချမှုကို ထိန်းချုပ်သော ဦးနှောက်လည်း ဖြစ်ပေါ်တိုးတက်လာလေတော့သည်။

ပေါ်စဦးလူများ၌ ကျွန်ုပ်တို့ကဲ့သို့ပင် ဦးနှောက်များ၊ ခြေများ၊ လက်များ၊ မျက်စိများ၊ နှာခေါင်းများ၊ သွားများ၊ ဝမ်းဗိုက်များ စသဖြင့် ၃၂ ကောဋ္ဌာသ အပြည့်အစုံရှိကြ၏။ ဦးနှောက်အပါအဝင် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအားလုံးသည် ပေါ်ဦးစ လူများ၏ အစိတ်အပိုင်းများနှင့် ဘာမျှ ကွာခြားခြင်းမရှိ ထပ်တူထပ်မျှပင် ဖြစ်ကြ၏။ ကွာခြားသည်မှာ ယခုခေတ်ပေါ် ကျွန်ုပ်တို့က အရာတော်တော်များများကို သိနားလည်ပြီး ပေါ်ဦးစ လူများက မသိနားမလည်ခြင်းသာဖြစ်၏။

သို့ဖြစ်ရာ သတ္တဗေဒဆိုင်ရာ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ်သည် လူ၏ ဦးနှောက်နှင့် လက်များကို ပြုလုပ်ပေးလိုက်ပြီးသည့်နောက်တွင်ကား၊ နောက်ပိုင်းတရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ်များကို လူကပြုလုပ်လာခြင်းဖြစ်တော့၏။ ထို့ကြောင့် တိရစ္ဆာန်မှ လူသို့၊ လူဝံမှလူသို့ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ်သည် သတ္တဗေဒနည်းအရ ဖြစ်သော်လည်း၊ လူ၏ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ်ကား သတ္တဗေဒနည်းအရဖြစ်သည်မဟုတ်ချေ။ လူ၏ လူမှုအသင်းအပင်း၊ အတတ်ပညာ၊ ယဉ်ကျေးမှု၊ အသိပညာ၊ ပြင်ပသဘာဝအား သိစိတ်က လွှမ်းမိုးခြင်း စသည်တို့ကာ လူက ပြုလုပ်သော တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်ဇဉ် ဖြစ်ပေ၏။ သတ္တဗေဒဆိုင်ရာ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ် မဟုတ်ပေ။





ထို့ကြောင့် လူဟူ၍ ဖြစ်လာပြီးသည့်နောက်မှ ဖြစ်ပေါ်တိုးတက်လာသော အရာသည်ကား ဦးနှောက်မဟုတ်ဘဲ၊ ဦးနှောက်ကို မည်သို့မည်ပုံ အသုံးချသည်၊ ဦးနှောက်ထဲရှိ စွမ်းအားသတ္တိများကို မည်သို့ဖြစ်ပေါ်စေသည်ဆိုသည့် အတတ်ပညာသာ ဖြစ်ပေ၏။ လူသည် ၎င်း၏ ရုပ်ကျသော လှုပ်ရှားဆောင်ရွက်မှုများကိုလည်းကောင်း၊ မြင်မှု၊ သိမှု၊ တွေးမှုတို့ကိုလည်းကောင်း ဖြစ်ပေါ်တိုးတက်စေခဲ့၏။ ဤသို့ ပြုလုပ်ရင်းဖြင့်လည်း လူသည် ၎င်း၏ဘဝအခြေအနေများကို တော်လှန်ပြောင်းလဲစေခဲ့ပြီး ၎င်း၏ စွမ်းရည်သတ္တိများကို တိုးတက်လာစေခဲ့လေသည်။

## မြင်မှုမှ စိတ်ကူးတွေးခေါ်မှုသို့

တွေးမှုသည် မြင်မှု၊ သိမှုအာရုံမှသာ ပေါ်ထွက်လာနိုင်၏။ ကမ္ဘာလောကကြီးအကြောင်းကို တွေးလိုလျှင် ပထမ ကမ္ဘာလောကကြီးကို မြင်ရ၊ သိရမည်ဖြစ်၏။ မြင်မှု၊ သိမှု၏ စေ့ဆော်ချက်မရှိဘဲ၊ မြင်မှု၊ သိမှုကို အခြေမခံဘဲ မည်သည့်တွေးမှုကိုမျှ မပြုလုပ်နိုင်ပေ။ ယေဘုယျအားဖြင့်ဆိုရလျှင် မြင်မှု၊ သိမှုမရှိဘဲ မည်သည့်စိတ်ကူးတွေးခေါ်မှုကိုမှ မပြုလုပ်နိုင်ပေ။ ၎င်းသည် တွေးမှုအလုပ်လုပ်ရာ ရုပ်အခြေခံဖြစ်၏။

ဥပမာ–လူတစ်ယောက်အား မွေးကင်းစ အရွယ်ကလေးကတည်းက အခန်းတစ်ခုထဲတွင် တစ်ယောက်တည်းထားသည်ဆိုပါစို့။ သူ့ဦးနှောက်သည် အခြားသူများ၏ ဦးနှောက်လိုပင်ဖြစ်၏။ သို့ရာတွင် သူ့၌ တွေးစရာအကြောင်းအရာ၊ တွေးစရာအခြေခံရှိတော့မည် မဟုတ်ပေ။ ထို့ကြောင့် သူသည် တွေးမှုကို များများလုပ်နိုင်မည် မဟုတ်တော့ပေ။ သူ၏ စိတ်ကူးတွေးခေါ်မှုနှင့် စိတ်ကူးတွေးခေါ်မှု၏ နယ်ပယ်အဝန်းအသိုင်းသည်လည်း ကျဉ်းမြောင်းသွားမည်ဖြစ်၏။ ပေါ်ဦးခေတ်က လူများ၏ တွေးခေါ်မှုနှင့် နှိုင်းစာလျှင် များစွာကျဉ်းမြောင်းနေသည်ကို တွေ့ရ၏။ သို့ကလို ဖြစ်ရသည်မှာ ဦးနှောက်ချင်းမတူသောကြောင့် မဟုတ်ပေ။ အခြေအနေခြင်း၊ အဆက်အသွယ်ခြင်း မတူသောကြောင့်သာဖြစ်၏။ သို့ဖြစ်ရာ စိတ်ကူးတွေးခေါ်မှုကို ဖြစ်ပေါ်တိုးတက်စေသော အရာကား မြင်မှု၊ သိမှု၊ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်ချက်နှင့် လူမှုအဆက်အသွယ်တို့ပင်ဖြစ်၏။

သို့ဖြင့် တွေးမှုသည် မြင်မှုသိမှုမှ ပေါ်ထွက်လာခဲ့၏။ ဤဖြစ်ပေါ်တိုးတက်မှုသည် လူ၏လက်တွေ့လူမှုဆောင်ရွက်ချက်လမ်းကြောင်းတစ်လျှောက်တွင် လူနှင့်ပြင်ပရုပ်ကမ္ဘာလောကကြီးတို့၏ ဆက်သွယ်မှုမှတစ်ဆင့်သာ ဖြစ်နိုင်၏။ မြင်မှု၊ သိမှုသည် ပြင်ပရုပ်ဝတ္ထုများ၏ အရိပ်အယောင်များအား ထင်ပြရုံသက်သက်မျှသာ မဟုတ်ပေ။

အာရုံသည် သိမှု၊ မြင်မှုအဖြစ်သို့ ရောက်ရှိလာခြင်းမှာ ပြင်ပကမ္ဘာလောကကြီးနှင့် ဆက်သွယ်မိသောကြောင့်သာဖြစ်၏။ ထို့ကြောင့် ရုပ်ခန္ဓာများနှင့် ပတ်ဝန်းကျင်၏ ဆက်သွယ်မှုသည် ရှုပ်ထွေးဆန်းကြယ်သည်နှင့်အမျှ ထိုပတ်ဝန်းကျင်ကို သိမှု၊ မြင်မှု၏ အနှစ်သာရသည်လည်း ရှုပ်ထွေးဆန်းကြယ်မည်သာဖြစ်၏။ ထို့ကြောင့် "လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အသိဉာဏ်ပညာကြွယ်ဝမှုသည် ထိုသူ၏ ဆက်သွယ်မှု မည်မျှကြွယ်ဝသည်ဆိုသည့်အချက်ပေါ်၌ လုံးဝ အမှီပြုပေသည်"ဟု မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က ရေးခဲ့ခြင်းဖြစ်ပေ၏။

လူ၏ သိမြင်မှုသည် အခြားတိရစ္ဆာန်များ၏ သိမြင်မှုထက် ကျယ်ဝန်း၏။ အကြောင်းမှုကား၊ လူ၌ ပိုမိုကျယ်ပြန့်သော လှုပ်ရှားဆောင်ရွက်မှုနှင့် ပို၍ ကျယ်ပြန့်သော စိတ်အာရုံဝင်စားမှုများရှိသောကြောင့်ဖြစ်၏။ လူသည် ဤလှုပ်ရှားဆောင်ရွက်မှုများ၊ စိတ်အာရုဝင်စားမှုများကို ဖြစ်ပေါ်တိုးတက်စေရင်းဖြင့်ပင် သူ၏သက်ဆိုင်ရာအာရုံများကိုလည်း ဖြစ်ပေါ်တိုးတက်စေခဲ့ပေသည်။ ယင်းသို့ လှုပ်ရှားဆောင်ရွက်မှုနှင့် သိမြင်မှုကို ဖြစ်ပေါ်တိုးတက်စေသောကြောင့်လည်း လူသည် တွေးခြင်းအမှုကို ပြုလုပ်နိုင်ကာ စိတ်ကူးတွေးခေါ်မှုတို့ကို ဖြစ်ပေါ်တိုးတက်စေနိုင်ခဲ့ခြင်းဖြစ်၏။ တစ်ဖန် ထိုတွေးမှုနှင့် စိတ်ကူးတွေးခေါ်မှုသည်ပင်လျှင် လူ၏ လှုပ်ရှားဆောင်ရွက်ချက်များနှင့် သိမှု၊ မြင်မှုတို့ကို အပြန်အလှန်ကျေးဇူးပြုသောအားဖြင့် ဖြစ်ပေါ်တိုးတက်စေခဲ့ပြန်လေသည်။ ဤသည်ကို အိန်ဂျယ်လ်စ်က ရေးခဲ့၏။

> *"လင်းယုန်ငှက်သည် လူထက်ပို၍ မြင်နိုင်စွမ်းရှိ၏။ သို့သော်လည်း အရာဝတ္ထု များကို ကြည့်မြင်ရာ၌ကား....လူ၏မျက်စိသည် လင်းယုန်ငှက်၏ မျက်စိထက် ပို၍မြင်ပေသည်။ အနံ့ခံသည့်နေရာ၌ ခွေးသည် လူထက် များစွာထက်မြက်၏။ သို့ရာတွင် အနံ့ခံကောင်းခြင်း၊ အနံ့ကို ခွဲခြားသိခြင်းသည် အရာဝတ္ထုအမျိုးမျိုး၏ ပုံသဏ္ဍာန်အမျိုးမျိုးကို ခွဲခြားတတ်သော လူ၏ သိခြင်းနှင့်စာလျှင် အပုံတစ်ရာပုံလျှင် တစ်ပုံမျှသာရှိပေသည်။ တွေ့ထိမှုကိစ္စတွင်လည်း လူသည် ၎င်းကို ဆင်းသက်ပေါက်ဖွားစေသောလူထက် အဆများစွာ သာပေသည်.*
> *..."*

ယင်းသို့သော လူ၏ စူးရှထက်မြက်သည့် မြင်မှု၊ သိမှု ကျယ်ပြန့်သော မြင်မှု၊ သိမှု၏အခြေခံကို လူ၏ဘိုးဘွားဘီဘင်များက ပြုလုပ်တည်ဆောက်ခဲ့ကြ၏။ လူ၏ ဘိုးအေဖြစ်သော မျောက်ဝံသည် မတ်မတ်သွားတတ်လာသောအခါ ဘေးပတ်ဝန်းကျင်ကို ကြည့်တတ်လာသောအခါ၊ လက်ကို အသုံးပြုတတ်လာသောအခါ သစ်ကိုင်းများကြားတွင် ခုန်လွှားဖြတ်ကူးခြင်း၊ အစာကို လုယက်စားခြင်းမပြုဘဲ ကိရိယာတန်ဆာပလာကို ပြုလုပ်တတ်လာသောအခါ၌ လူ၏မြင်မှု၊ သိမှုသည်လည်း အစပြု၍ လာလေတော့သည်။ လူ၏လှုပ်ရှားဆောင်ရွက်ချက်သည် ဖြစ်ပေါ်လာတော့သည်။ လူ၏ လှုပ်ရှားဆောင်ရွက် ချက်ဖြစ်ပေါ်လာသည်နှင့် မိမိ၏ ပတ်ဝန်းကျင်လောကနှင့် ဆက်သွယ်မှုသည်လည်း ကြွယ်ဝများပြားလာတော့သည်။ သို့ဖြင့် ပထမ၌ လူသည် စူးရှထက်မြက်သည့် မြင်မှု၊ သိမှု၊ ကျယ်ဝန်းသော မြင်မှုသိမှုကို ရ၍လာ၏။ ထို့နောက် ဒုတိယအချက်ပြကြိယာဖြစ်သော စကားကို ပြောတတ်လာ၏။ စကားပြောတတ်လာခြင်းသည် တိကျသော၊ ရုပ်ဝတ္ထုစွဲဖြစ်သော သိမှု၊ မြင်မှုအာရုံကို ဝတ္ထုမဲ့ဖြစ်သော၊ ယေဘုယျဖြစ်သော စိတ်ကူးတွေးခေါ်မှုများအဖြစ်သို့ ပြောင်းလဲရန် အစပျိုးလာခြင်းပင်ဖြစ်တော့၏။ လူ၏လှုပ်ရှား ဆောင်ရွက်မှု၌ ပထမအချက်ပြကြိယာ(အာရုံ) နှင့် ဒုတိယအချက်ပြကြိယာ(စကား)တို့၏ အညမညတုံ့ပြန်လှုပ်ရှားမှုသည် လူ၏သိမှု၊ မြင်မှုကို ဖြစ်ပေါ်တိုးတက်စေခဲ့၏။ ထိုမှတစ်ဖန် စိတ်ကူးတွေးခေါ်မှုကို ဖြစ်ပေါ်တိုးတက်စေခဲ့လေသည်။





လူ့ဦးနှောက်၏ တွေးနိုင်စွမ်းအား၊ သိမြင်နိုင်စွမ်းအားသည် လူ၏လှုပ်ရှားဆောင်ရွက်မှုတစ်လျှောက်၌ ပေါ်ပေါက်ဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်ပေသည်။

အလုပ်

လူသည် လူ့အဖွဲ့အစည်းတွင်း၌ နေထိုင်၏။ အပေါင်းအသင်းများဖြင့် လှုပ်ရှားဆောင်ရွက်၏။ လူ၏ အစတည်နေမှုစနစ်တစ်ခုလုံးသည် သူ့မှုဆန်၏။ ဘုံလက္ခဏာကို ဆောင်၏။ ထို့ကြောင့် လူသည် လူမှုလှုပ်ရှားဆောင်ရွက်ချက်အတွင်း၌ သိမှု၊ မြင်မှုဟူသမျှကို တိုးချဲ့ရသလို စိတ်ကူးတွေးခေါ်မှုကို ပြုလုပ်လာ၏။ တွေးတောခြင်းအမှုကို ပြုလုပ်လာကြ၏။ သို့ဖြင့် ၎င်း၏စိတ်ကူးတွေးခေါ်မှုများကို ဖြစ်ပေါ်တိုးတက်စေ၏။

လူ၏ လူမှုလှုပ်ရှားဆောင်ရွက်ချက်၏ အခြေခံမှာ အလုပ်ဖြစ်၏။ မြင်မှုသိမှုကို တိုးချဲ့ခြင်း၊ တွေးတောရန်အတွက် ဦးနှောက်ကို အသုံးပြုခြင်း၊ စိတ်ကူးတွေးခေါ်မှုကို ဖွဲ့စည်းခြင်း၊ တစ်ဦးနှင့်တစ်ဦး စိတ်ကူးတွေးခေါ်မှုချင်း ဆက်သွယ်ရန်အတွက် အတွေးအခေါ်နှင့် ဘာသာစကားကို ဖြစ်ပေါ်တိုးတက်စေခြင်း စသည်တို့ကို ပြုလုပ်ရာ၌ လူသည် အလုပ်မှတစ်ဆင့် အလုပ်ဖြင့် ပြုလုပ်ခဲ့ရခြင်းဖြစ်၏။

ထို့ကြောင့် အလုပ်သည် အတွေးအခေါ်နှင့် ဘာသာစကား၏ မူလအစဖြစ်၏။

*"အလုပ်သည် လူ့ဘဝတည်ရှိမှု၏ အဓိကကျသော အခြေခံလိုအပ်ချက်ဖြစ်ပေရာ၊ တစ်နည်းအားဖြင့်ဆိုရလျှင်ကား အလုပ်သည် လူကိုဖန်တီးပြုလုပ်ခဲ့သည်ဟုပင် ဆိုသင့်လေတော့သည်"*ဟု အိန်ဂျဲလ်စ်က ရေးခဲ့၏။

အိန်ဂျဲလ်စ်၏ အဆိုအရ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော လူ၏ ဖြစ်စဉ်၌ အဆင့်ကြီး လေးဆင့်ရှိ၏။ ပထမအဆင့်မှာ လူသည် မတ်မတ်လျှောက်သော အနေအထားကို ရ၍လာခြင်းဖြစ်၏။ ဒုတိယအဆင့်မှာ ထိုသို့မတ်မတ်အနေအထားကို ရရှိလာသဖြင့် လက်များ လွတ်လပ်လာခြင်းဖြစ်၏။ တတိယအဆင့်မှာ ပြင်ပရုပ်ဝတ္ထုများကို ပြောင်းလဲရန်အတွက် လက်နက်ကြိယာတန်ဆာပလာများကို လက်ဖြင့်ပြုလုပ်လာခြင်းဖြစ်၏။ စတုတ္ထအဆင့်ကား ဘဝတည်မြဲမှုကြိယာများကို ထုတ်လုပ်လာခြင်းဖြစ်လေသည်။ ဤအဆင့်သို့ရောက်သည်၌ လူသည် ပြီးပြည့်စုံသော တကယ့်လူဖြစ်ပေါ်လာကာ၊ လူ့အဖွဲ့အစည်းလည်း ဖြစ်ပေါ်လာလေတော့သည်။ ဤသည်ကို မာ့က်စ်နှင့် အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ရေးခဲ့၏။

> *"လူ့သမိုင်း၏ မူလအစသည်ကား သက်ရှိတစ်ဦးချင်း လူပုဂ္ဂိုလ်များ တည်ရှိခြင်းဖြစ်ပေသည်။ သို့ဖြင့် ပထမအချက်အားဖြင့် ထိုတစ်ဦးချင်း လူပုဂ္ဂိုလ်များအား စုရုံးဖွဲ့စည်းရန် လိုအပ်လာ၏။ နောက် စုရုံးဖွဲ့စည်းထားသော လူ့အသင်းအပင်းအား သဘာဝ၏ ကျန်အစိတ်အပိုင်းများအားလုံးနှင့် ဆက်သွယ်ပေးရန် လိုအပ်လာ၏။ သို့ရာတွင် ဤမျှနှင့်လည်း မလုံလောက်သေးပေ။ ၎င်းတို့၏ လူ့ပ်ရှားဆောင်ရွက်ချက်၊ ၎င်းတို့၏ ဘဝတည်နေမှုစနစ်ကို ထူထောင်ရန်လည်း လိုအပ်လာပြန်သည်။ ဘဝတည်မြဲ မှုကြိယာများကို ထုတ်လုပ်လာသည်နှင့် လူသည် တရိစ္ဆာန်နှင့် ကွဲပြားလာတော့သည်။ ယင်းသို့ ဘဝတည်မြဲမှုကြိယာများကို ထုတ်လုပ်ခြင်းဖြင့် လူသည် ၎င်း၏ရုပ်ဘဝကို သွယ်ဝိုက်ထုတ်လုပ်နေခြင်းပင် ဖြစ်လေသည်။"*

လူသည် ယင်းသို့ လူ့အသင်းအပင်းက စေ့ဆော်မှုအရ ဘဝတည်မြဲမှုကြိယာများကို ထုတ်လုပ်ခြင်း၊ ရုပ်ဘဝကို သွယ်ဝိုက်ထုတ်လုပ်ခြင်း စသည်တို့ကြောင့် လူ့အမှုများကို ဆောင်ရွက်လာရတော့သည်။ လူ့မှုအသင်းအပင်းကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်လာရတော့သည်။ လူ၏သမိုင်းကို ကိုယ့်ဘာသာကိုယ် လုပ်လာရတော့သည်။ သို့ လုပ်ရင်းဖြင့် စိတ်ကူးတွေးခေါ်မှုများကို ဖွံ့စည်းရတော့သည်။ တွေးတောခြင်းအမှုကို ပြုလာရတော့သည်။ စကားပြောခြင်းကို ပြုလာရတော့သည်။





**လူ့အလုပ်၏ထူးခြားသောအသွင်သဏ္ဍာန်**

လူသည် ဘဝတည်မြဲမှုကြိယာများကို ပြုလုပ်ရာတွင် အခြားတိရစ္ဆာန်များနှင့် ဘာခြားနားသလဲ၊ လူ့အလုပ်၏ ထူးခြားသော အသွင်သဏ္ဍာန်များသည် ဘာလဲ။ ထူးခြားချက်နှစ်ချက်ရှိ၏။ ၎င်းတို့ကား . . . .

၁။ လူသတ်လက်နက်ကြိယာများကို ပုံသွန်းပြုလုပ်၏။ သဘာဝဝတ္ထုများ၏ စွမ်းရည်သတ္တိများကို အသုံးချနိုင်ရေးအတွက် သဘာဝ ဝတ္ထုများကို ပြောင်းလဲပစ်၏။

အခြားဘက်၌မူ တိရစ္ဆာန်သည် သဘာဝဝတ္ထုများကို စုဆောင်း၍ စနစ်တကျ သိုမှီး၏။ သဘာဝ ဝတ္ထုများ၌ စွမ်းရည်သတ္တိများအား နဂိုအရှိအတိုင်း အသုံးချ၏။ ပြောင်းလဲ၍ အသုံးချခြင်းမပြုနိုင်ပေ။ လူသတ်လက်နက်ကြိယာတန်ဆာပလာတို့ဖြင့် အသုံးချ၍ သဘာဝပစ္စည်းများကို လိုသလိုအသုံးပြုသော်လည်း တိရစ္ဆာန်မှာ လက်နက်ကြိယာတန်ဆာပလာတို့ကို အသုံးပြုနိုင်ခြင်းမရှိသဖြင့် သဘာဝပစ္စည်းများကို နဂိုအရှိအတိုင်းသာ အသုံးချနိုင်၏။ အမှန်အားဖြင့် လက်နက်ကြိယာတန်ဆာပလာကို ထုတ်လုပ်၍ အသုံးချတတ်လာခြင်းကား လူ၏ ထူးခြားချက်ပင်ဖြစ်၏။ ဤနေရာတွင် လက်နက်ကြိယာတန်ဆာပလာဟူသော စကား၏အနက်ကို မာ့က်စ်က အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့၏။

> *"အလုပ်၏ တန်ဆာပလာဟူသည်ကား အလုပ်သမားက မိမိနှင့် အလုပ်ခံရသည့်အရာ၏ကြားတွင် ဆက်စပ်ပေးလိုက်သော အရာဝတ္ထု သို့မဟုတ် အရာဝတ္ထု များပင်ဖြစ်သည်။ အလုပ်သမားသည် အချို့ ပစ္စည်းများ၏ စက်မှုဆိုင်ရာ၊ ရူပဗေဒဆိုင်ရာ စွမ်းအင်များကို အသုံးချခြင်းဖြင့် ၎င်း၏ဆန္ဒ ပြည့်ဝရေးအတွက် လိုသောပစ္စည်းများကို ပြုလုပ်လေသည်။"*

ဤကား လက်နက်ကြိယာတန်ဆာပလာဟူသော စကား၏ အဓိပ္ပာယ်ဖြစ်၏။ အလုပ်သမားသည် ကုလားထိုင်တစ်လုံးကို လုပ်သည်ဆိုပါစို့ သူနှင့် ကုလားထိုင်လုပ်ခြင်းကို ဆက်သွယ်ပေးသည့်အရာသည် အလုပ်၏တန်ဆာပလာဟု ဆိုလိုရင်းဖြစ်၏။ သို့ဖြင့် လူသည် သဘာဝပစ္စည်းများကို ပြုပြင်ပြီးသုံး၍ တိရစ္ဆာန်မှာမူ သဘာဝပစ္စည်းများကို နဂိုအရှိအတိုင်း အသုံးပြုပေ၏။ ဤကား လူနှင့်တိရစ္ဆာန်တို့၏ ပထမခြားနားချက်ဖြစ်၏။ အိန်ဂျဲလ်စ်ကလည်း ယင်းခြားနားချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *"ကြိယာတန်ဆာပလာသည် လူ့လှုပ်ရှားဆောင်ရွက်မှုကို ဖော်ပြ၏။ လူက*

*သဘာဝအား တုံ့ပြန်ပုံကို ဖော်ပြ၏။ တစ်နည်းအားဖြင့် ကုန်လုပ်ရေးကို ဖော်ပြခြင်းလည်း ဖြစ်ပေသည်။ အတိအကျပြောရလျှင် တိရစ္ဆာန်တွင်လည်း ကြိယာတန်ဆာပလာများ မရှိမဟုတ် ရှိပါ၏။ သို့ရာတွင် ၎င်းတို့၏ ကြိယာတန်ဆာပလာမှာ မွေးကတည်းက ပါလာသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြစ်လေသည်။ ဥပမာ–ပုရွက်ဆိတ်၊ ပျား၊ ဖျံ စသည်တို့ဖြစ်၏။ တိရစ္ဆာန်သည် ထုတ်လုပ်ခြင်းအမှုကို မပြုမဟုတ် ပြုပါ၏။ သို့ရာတွင် တိရစ္ဆာန်၏ ထုတ်လုပ်မှုသည် ယင်းထုတ်လုပ်မှုကို စေဆော်သော ပတ်ဝန်းကျင်နှင့်စာလျှင် ဘာမျှပြောပလောက်သည်မဟုတ်ပေ။ လူသာလျှင် သဘာဝကိုပြောင်းအောင်၊ အရာထင်အောင် လုပ်နိုင်၏။ လူသာလျှင် သစ်ပင်လောကနှင့် တိရစ္ဆာန်လောကကို ရွှေ့ပြောင်းနိုင်၏။ လူသာလျှင် မိမိဌာန၏ ရာသီဥတုကို ပြောင်းလဲအောင်၊ မျှတအောင် ပြုလုပ်နိုင်၏။ အချုပ်ဆိုရလျှင်ကား တိရစ္ဆာန်သည် ပြင်ပသဘာဝကို အသုံးပြုရုံမျှပြု၍ လူသည် မိမိ၏ရည်ရွယ်ချက်ပြည့်ဝရေးအတွက် ပြင်ပသဘာဝအား ပြောင်းလဲရုံမျှမက စိုးမိုးချယ်လှယ်ပေသည်။''*

ဤကား လူ့အလုပ်၏ ပထမထူးခြားချက်ဖြစ်ပေ၏။

၂။ လူ့အလုပ်၏ ဒုတိယထူးခြားကား ၎င်းသည် သိစိတ်ရှိသော အသွင်လက္ခဏာကို ဆောင်ခြင်းဖြစ်၏။

လက်နက်ကြိယာတန်ဆာပလာများကို ပြုလုပ်ရာနှင့် အသုံးချရာ၌လည်းကောင်း၊ သဘာဝပစ္စည်းများနှင့် သဘာဝအင်အားစုများအား မိမိလိုအင်ဆန္ဒပြည့်ရေးအတွက် စေခိုင်းရာ၌လည်းကောင်း၊ လူတွင် သိစိတ်ရှိသော ရည်ရွယ်ချက်ရှိ၏။ ဘာလုပ်လျှင် ဘာဖြစ်မည်ဆိုသော အသိရှိ၏။ လူသည် အလုပ်လုပ်ရာ၌လည်း သိစိတ်ရှိသော ကြံရွယ်ချက်နှင့် စီမံကိန်းအရ စုပေါင်း၍လုပ်၏။ အချို့တိရစ္ဆာန်များမှာ စုပေါင်းလုပ်ကြသော်လည်း သိစိတ်မရှိ အလိုအလျောက်ထိုးသွင်းအသိဖြင့် လုပ်ကြခြင်းဖြစ်၏။ ဥပမာ –ပျားများ ပျားအုံဆောက်နည်းမျိုးဖြစ်၏။ သို့ရာတွင် လူကား ဤသို့မဟုတ်ချေ။ လူသည် သိစိတ်ဖြင့် အလုပ်လုပ်ပေသည်။ ဤသည်ကို မာ့က်စ်က အောက်ပါအတိုင်း ရေးခဲ့သည်။

> *''ကျွန်ုပ်တို့သည် အလုပ်ပုံသဏ္ဌာန်ကို လူ၏အလုပ်ပုံသဏ္ဌာန်ဖြင့် ကြည့်မြင်ယူ ဆပေသည်။ မိမိ၏အိမ်ကို ဖွဲ့လုပ်သော ပင့်ကူအား ယက္ကန်းသည်နှင့် အာလားသဏ္ဌာန် တူအောင်ကြည့်သည်။ ပျားအိမ်ကလေးကို အုံဖွဲ့ဆောက်သည်များကို ဗိသုကာအကျော်တို့နှင့် နှိုင်းယှဉ်ကြည့်ရှုသည်။ သို့ရာတွင် ပင့်ကူနှင့်*





> *ယက္ကန်းသည် ပျားနှင့် ဗိသုကာပညာ ကျော်တို့၏ ခြားနားချက်ကား ပင့်ကူနှင့် ပျားသည် ပင့်ကူအိမ်နှင့် ပျားအုံကို ထိုးထွင်းဉာဏ်ဖြင့် ရက်လုပ်တည်ဆောက်ခြင်းဖြစ်ကြ၏။ ရက်ကန်းသည်နှင့် ဗိသုကာပညာကျော်တို့ကား ယက်ထည်နှင့် တိုက်တာအဆောက်အဦကို ရက်လုပ်တည်ဆောက်ခြင်းမပြုမီ စိတ်ကူးတွေးထင်ကြည့်ပြီးမှ ပြုလုပ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ သို့ဖြစ်ရကား အလုပ်ဖြစ်စဉ်တိုင်း၏ အဆုံးတွင် ပေါ်လာသော ရလဒ်သည်ကား(ပြုလုပ်သူ) အလုပ်သမား၏ စိတ်ကူးထဲ၌ တည်ရှိနေခဲ့သော အရာသည် အကောင်အထည်ပေါ်လာခြင်း ဖြစ်ပေသည်။''*

### အလုပ်၊ စကားနှင့် အတွေးအခေါ်

သို့ဖြစ်၍ အလုပ်၏ထူးခြားသော အသွင်သဏ္ဌာန်သည် အဘယ်နည်း။ ပထမ လူ၏အသိထဲ၌ ဘာလုပ်မည်ဆိုသော စိတ်ကူးရှိရမည်။ ဒုတိယ ထိုစိတ်ကူးကို အကောင်အထည်ဖော်ရန် လက်နက်ကြိယာများ၊ တန်ဆာပလာများရှိရမည်၊ စိတ်ကူးနှင့် တန်ဆာပလာကို ပေါင်း၍ လူ၏အလုပ်ဖြင့် ပြုလုပ်လိုက်သောအခါ ပြင်ပရုပ်ဝတ္ထုတွင် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်ပေါ်လာလေသည်။ သို့ဖြင့် အလုပ်ကို ပြုလုပ်၍ရအောင် အတွေးအခေါ်နှင့် စကားတို့က အကူအညီပေးခဲ့ကြသည်။ အိန်ဂျဲလ်စ်က ပြောခဲ့သည်မှာ......

> *''လက်နှင့်အလုပ်ကို အသုံးပြုတတ်လာခြင်းကြောင့် သဘာဝတရားကို လူက အောင်နိုင်လာခဲ့သည်။ ယင်းသို့ သဘာဝကို လူက အောင်နိုင်ခြင်းကြောင့် လူ၏ မြင်ကွင်းသည်လည်း ကျယ်ပြန့်လာခဲ့လေသည်။ သို့ဖြင့် လူသည် သဘာဝအရာဝတ္ထုများ၏ ယခင်က မသိသေးသော၊ အသစ်ဖြစ်သော ဂုဏ်သတ္တိများကို အမြဲတစေတွေ့ရှိ လျက်ရှိပေသည်။''*

လူပေါ်စခေတ်ဦးက လူသည်အသက်ရှင်နေနိုင်ရေးအတွက် မုဆိုးလိုက်ခြင်း၊ ငါးမျှားခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။ ထိုစဉ်က လူများအသုံးပြုသော လက်နက်ကြိယာများမှာ ရှေးအကျဆုံးသော ကျောက်လက်နက်ကြိယာများဖြစ်သည်။ လူသည် ဤမျှ ရှေးကျသော လက်နက်ကြိယာများသုံးစွဲ၍ အလုပ်လုပ်ရင်းဖြင့် တဖြည်းဖြည်း သဘာဝကြီး၏ အချင်းအရာကိုသိ၍ နားလည်လာကာ မျက်စေ့ပွင့်လာခဲ့သည်။ အမြင်

ကျယ်လာခဲ့သည်။ သဘာဝအရာဝတ္ထုများ၏ ဗီဇသတ္တိများအကြောင်းကိုလည်း ပို၍ သိနားလည်လာခဲ့သည်။ ထိုမှအစပြု၍ လူ၏မျိုးဆက်များသည် တစ်ဆက်ပြီးတစ်ဆက် သဘာဝအရာဝတ္ထုများ၏ ဗီဇသတ္တိများကို ပိုမို၍ သိလာခဲ့ကြခြင်း ဖြစ်လေသည်။ သို့ဖြင့် လူသည် အဆင့်သစ်တစ်ရပ်သို့ရောက်တိုင်း အမြင်သစ်တစ်ခု၊ တွေ့ရှိချက်အသစ်တစ်ခုကို ရ၍လာခဲ့လေသည်။

အလုပ်၏ ဖြစ်ပေါ်တိုးတက်မှု (အလုပ်ကို အသုံးချလာတတ်ခြင်း) ကြောင့် အခြားတစ်ဖက်၌ လူ့အဖွဲ့အစည်းဝင်များအချင်းချင်းသည် ပေါင်းစည်းဆက်သွယ်လာကြကာ တစ်ဦးကိုတစ်ဦး အပြန်အလှန် ကူညီဆောင်ရွက်လာကြသည်။ အလုပ်တူပူးပေါင်းဆောင်ရွက်လာကြလေသည်။ သို့ဖြင့် တဖြည်းဖြည်း ပုံပြောင်းနေသောလူသည် တစ်ဦးနှင့်တစ်ဦး စကားပြောစ ပြုလာကြလေသည်။

ပထမ၌ လူသည် အချင်းချင်း လူ့အတွက် အသုံးကျမည့် သဘာဝအရာဝတ္ထုများအကြောင်းကို ပြောဆိုကြသည်။ နောက် လူ၏ ပူးပေါင်းဆောင်ရွက်ခြင်းအလုပ်ဖြင့် ရရှိလာမည့် အကျိုးတရားများအကြောင်းကို ပြောဆိုကြသည်။ ဤအကြောင်းအရာများကို တစ်ဦးနှင့်တစ်ဦး နားလည်အောင်လုပ်ရန်မှာ လူသည် တိရစ္ဆာန်များကဲ့သို့ ဝူးဝါးအော်သံများဖြင့်လည်းကောင်း၊ လက်ဟန်ခြေဟန်အမူအရာများဖြင့်လည်းကောင်း ပြုလုပ်၍မရပေ။ ဤအကြောင်းအရာများသည် "ပါးစပ်က ပြောမှ" နားလည်နိုင်သော အရာများသာဖြစ်သည်။ ပီသသောစကားဖြင့်သာ ထုတ်ဖော်အချက်ပြ၍ရသော အကြောင်းအရာများဖြစ်ပေ သည်။ ထို့ကြောင့် "*အမြင့်ဆုံးဖြစ်ပေါ်သော တိရစ္ဆာန်များ၌ပင်လျှင် တစ်ကောင့်တစ်ကောင် ဆက်ဆံရာ၌ ပီသသော စကားကို အသုံးပြုခြင်းမရှိဘဲ ကောင်းစွာ ဆက်ဆံနိုင်ခြင်း မရှိကြပေ*"ဟု အိန်ဂျဲလ်စ်က ရေးခဲ့ခြင်းဖြစ်ပေသည်။

တိရစ္ဆာန်များသည် တစ်စုံတစ်ခုသော အရာဝတ္ထုကို တွေ့ရှိကြသောအခါ၌ တစ်ကောင့်ကို တစ်ကောင် အချက်ပေး အကြောင်းကြားလေ့ရှိကြသည်။ ဥပမာအားဖြင့် ပျားသည် ပျားရည်ရှိရာအရပ်ကို ပျားကောင်အချင်းချင်း သိအောင်ပြုလုပ်ရာ၌ ခြေချောင်းကလေးများကို က,သကဲ့သို့ ကွေးချည်၊ ဆန့်ချည်ပြုကာ အမူအရာဖြင့် ပြလေ့ရှိ၏။ တစ်စုံတစ်ရာသော ဘေးအန္တရာယ်ကျရောက်၍ ပျားဘုရင်မက အချက်ပေးလျှင်လည်း ပျားများသည် ခြေလက်များကို လှုပ်ရှား၍ တစ်ကောင့်တစ်ကောင် အချက်ပေးလေ့ရှိကြသည်။ ဤကား ပျားများ၏ အချက်ပေးပုံတည်း။ သို့ဖြစ်ရကား အကယ်၍ ပျားသည် အချင်းချင်းဖွဲ့စည်းနေထိုင်မှုအဆင့်မြင့်သော တရိစ္ဆာန်၊ တစ်ကောင့်တစ်ကောင် ပို၍ ဆက်ဆံမှု ဘဝတည်မြဲမှုစိတ်ချရသော တရိစ္ဆာန်ဖြစ်ပါက အရာဝတ္ထုများ၏ အသီးသီး





သော ဗီဇသတ္တိများအကြောင်းကို ထို့ထက်ပို၍ တစ်ကောင့်တစ်ကောင် အသိပေးရန် လိုလားပေလိမ့်မည်။ ၎င်းအရာဝတ္ထုများကို မည်သို့မည်ပုံ အသုံးချရမည်ဟု တစ်ကောင့်တစ်ကောင် နားလည်အောင် လုပ်ရန် လိုလာလိမ့်မည်။ စုပေါင်းဆောင်ရွက်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများကို ရရှိလာစေနိုင်သည်ဟု တစ်ကောင့်တစ်ကောင်သိရှိအောင်လုပ်ရန် လိုလာလိမ့်မည်။ ဤအခါ၌ အချက်ပေးရန် လက်ဟန်ခြေဟန် အမူအရာဖြင့် အချက်ပြရုံနှင့် မလုံလောက်တော့ပေ။ တစ်ကောင့်တစ်ကောင် သီးခြားဆက်ဆံရုံမျှမကတော့ဘဲ ယေဘုယျဆက်ဆံဖို့ လိုအပ်လာ၏။ တိရစ္ဆာန်များတွင် ဤသို့ဆက်ဆံရန် အလိုရှိသော်လည်း လူမှာမူကား စုပေါင်းအလုပ်၊ ဘုံအလုပ်ကို ပြုလုပ်လာသည်နှင့်၊ ယင်းသို့ တစ်ဦးတစ်ဦး ပိုမို၍ သိနားလည်အောင် ဆက်ဆံရန် အပူတပြင်း လိုအပ်လာလေတော့သည်။ သို့ဖြင့် လူသည် နားလည်စေချင်သောအရာကို ထုတ်ဖော်ပြောဆိုရန် နည်းလမ်းများကို ရှာကြံလာလေတော့သည်။ ဤသည်ကို အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ပြောခဲ့လေသည်။

"*လူ၌ တစ်ယောက်ကိုတစ်ယောက် စကားပြောရန် လိုအပ်လာခြင်းကြောင့် စကားပြောနိုင်သော အင်္ဂါအစိတ်အပိုင်းများ ဖြစ်ပေါ်လာလေသည်။ တဖြည်းဖြည်း အသံညှိလာခြင်းဖြင့် မျောက်ဝံ၏ ဖွံ့ဖြိုးခြင်းမရှိသေးသော အာခေါင်သည် တဖြည်းဖြည်း ပုံသဏ္ဌာန်ပြောင်းလာလေသည်။ ပါးစပ်၏ အင်္ဂါအစိတ်အပိုင်းများသည်လည်း တဖြည်းဖြည်းနှင့် စကားလုံးများကို တစ်လုံးပြီးတစ်လုံး ပီသစွာ ရွတ်ဆိုတတ်လာပေသည်။ တိရစ္ဆာန်များကို နှိုင်းယှဉ်လေ့လာကြည့်ခြင်းအားဖြင့် ဘာသာစကား၏ မူလအစသည် အလုပ်၏ဖြစ်စဉ်တွင်း၌လည်းကောင်း၊ အလုပ်၏ ဖြစ်စဉ်တွင်းမှ လည်းကောင်း ပေါ်ထွက်လာသည်ဟူသော အချက်သည် မှန်ကန်ကြောင်း တွေ့ရပေသည်။*"

အရာဝတ္ထုများ၏ ဗီဇသတ္တိများ၊ ထိုဗီဇသတ္တိများကို မည်သို့အသုံးချနိုင်ပုံများနှင့် စပ်လျဉ်း၍၊ လူသည် တစ်ဦးနှင့်တစ်ဦး သိရှိနားလည်အောင် ဆက်ဆံလာရ၏။ သို့ဖြင့် ယင်းသို့ ဆက်ဆံနိုင်ရေးကို ဖြစ်စေသော စကားလုံးများ၊ ဝါကျများကို ပီသစွာ ရွတ်ဆိုနိုင်လေအောင် အာခေါင်နှင့် ပါးစပ်၏ အင်္ဂါအစိတ်အပိုင်းများကို လူသည် တိုးတက်အသုံးချလာခဲ့လေသည်။ ဤသည်နှင့်တစ်ပြိုင်နက် လူနှင့် စကားပြောအချက်ပြကြိယာ (ပက်ဗလော့၏ အဆိုအားဖြင့် ဒုတိယ(ဝါ)သွယ်ဝိုက်အချက်ပြကြိယာ)သည် ပေါ်ပေါက်လာလေသည်။ ဒုတိယ(ဝါ)သွယ်ဝိုက်အချက်ပြကြိယာသည် အာရုံများကဲ့သို့ ပြင်ပ အရာဝတ္ထုများနှင့် ဆက်သွယ်မိသောကြောင့် ချက်ချင်းပေါ်လာသော အချက်ပြကြိယာ မဟုတ်ပေ။

## တွေးခေါ်မှုများ

သို့ဖြင့် ဒုတိယ (ဝါ) သွယ်ဝိုက်အချက်ပြုကြိယာဖြစ်သော စကားပေါ်လာသည်နှင့်အတူ တိရစ္ဆာန်မှ လူ၏ ဦးနှောက်အထိဖြစ်သော ဖြစ်ပေါ်တိုးတက်မှု၊ အာရုံခံစားမှုသက်သက်မှ တွေးခေါ်မှုများအား သိမြင်၊ မြင်မှုထိဖြစ်သော ဖြစ်ပေါ်တိုးတက်မှုသည်လည်း ပေါ်ပေါက်လာလေသည်။

သို့ဖြစ်၍ တွေးခေါ်မှုဟူသည် အဘယ်နည်း။

မိမိ၏ ရှေ့၌ သစ်ပင်၊ လူ၊ မော်တော်ကား စသည်တို့ကို မြင်သဖြင့် ထိုအရာဝတ္ထုများသည် သစ်ပင်၊ လူ၊ မော်တော်ကားဟု သိလိုက်ခြင်းသည် တွေးခေါ်မှုမဟုတ်သေးပေ။ ၎င်းမှာ အာရုံမျှသာရှိသေး၏။ တွေးခေါ်မှုကား အာရုံထက် အဆင့်မြင့်ပေသည်။ သစ်ပင်၊ လူ၊ မော်တော်ကား စသော မြင်လိုက်၊ သိလိုက်သည့် အရာဝတ္ထုများ၏ ဗီဇသတ္တိများ၊ ၎င်းတို့၏ ဆက်သွယ်မှုများကို ရုပ်ဝတ္ထုမဲ့၊ ဒြပ်မဲ့ တွေးထင်ကြည့်တတ်မှသာလျှင် တွေးခေါ်မှုဟူ၍ ဖြစ်လာလေသည်။ ဥပမာအားဖြင့် သင်သည် သစ်ပင်၊ လူနှင့် မော်တော်ကားကိုမြင်ရာ၌ မြင်သည်ဟု သိရုံမျှမက သစ်ပင်၏သဘာဝ၊ လူ၏ သဘာဝ၊ မော်တော်ကား၏သဘာဝကို ထိုသစ်ပင်၊ ထိုလူ၊ ထိုမော်တော်ကား စသည်တို့ မျက်စိရှေ့တွင် မမြင်ရတော့ဘဲ ပျောက်ကွယ်သွားသည့်တိုင်အောင် သိနေ၊ မြင်နေမှသာလျှင် တွေးခေါ်မှုဟု ခေါ်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်ရကား အရာဝတ္ထုတစ်ခုကို တွေးခေါ်မှုဟူသည် ထိုအရာဝတ္ထုတစ်ခုအား အာရုံထဲ၊ အမှတ်သညာထဲ၌ အာရုံသိ၊ သညာသိ သိမြင်နေခြင်းမဟုတ်၊ ထိုအရာဝတ္ထု၏ ယေဘုယျအမျိုးအစားကို တွေးခေါ်သိမြင်ခြင်းမျိုးသာဖြစ်ပေသည်။

သို့ဖြစ်ရကား ကျွန်ုပ်တို့သည် ရှေ့၌ရှိသော အရာဝတ္ထုကို ပထမ မြင်ကြ၊ သိကြသည်။ ထိုအခါ၌ ထိုအရာဝတ္ထုများသည် ကျွန်ုပ်တို့၏ အာရုံဒွါရများမှတစ်ဆင့် ဝင်လာကြသည်။ ဤအထိမှာ အာရုံ၏အခန်း၊ အာရုံ၏အလုပ်ဖြစ်သည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မြင်နေရသော အရာဝတ္ထုများ၏အကြောင်းကို အမြင်အတိုင်း၊ အရှိ အတိုင်း မတွေးကြတော့ဘဲ မည်သို့မည်ပုံဖြစ်လာသည်၊ မည်သို့မည်ပုံဖြစ်နေသည်၊ နောင် မည်သို့မည်ပုံဖြစ်နိုင်သည် စသဖြင့် ၎င်းတို့၏သဘောသဘာဝကို အမျိုးမျိုး၊ အဖုံဖုံ တွေးကြည့်တတ်လာသည်။ ထိုအရာဝတ္ထုများအချင်းချင်း၏ ဆက်သွယ်ပုံအမျိုးမျိုး၊ သဘာဝအမျိုးမျိုးကို ၎င်းတို့၏ရုပ်ဖြစ်စဉ်တည်မှုမရှိဘဲ တွေးကြည့်တတ်လာသည်။ ယင်းကား တွေးခေါ်မှု၏ အဓိပ္ပာယ်ပေတည်း။

တွေးခေါ်မှုထဲတွင် တစ်ဖန်အတွေးအခေါ်၏ အစွမ်းသတ္တိထက်မြက်မှုဟူ၍





ရှိသေး၏။ လူတိုင်း၌ တွေးခေါ်မှုရှိကြ၏။ သို့ရာတွင် အတွေးအခေါ်၏ အစွမ်းသတ္တိထက်မြက်မှုကား တစ်ဦးနှင့်တစ်ဦး မတူကြပေ။ ကျွန်ုပ်တို့သည် အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် ဘယ်လိုလုပ်မည်နည်း၊ မည်သည့်အရာနှင့်လုပ်မည်နည်း၊ မည်သို့ပြီးအောင်လုပ်မည်နည်းဟု ကြိုတင်၍ တွေးကြရ၏။ နည်းလမ်းများကို စိတ်ထဲတွင်တွေးထားရ၏။ သို့တွေးရင် ကျွန်ုပ်တို့ခေါင်းထဲတွင် အစမ်းလုပ်ကြည့်ကြ၏။ ယင်းသို့အတွေးအခေါ်ထဲ၌ အစမ်းပြုလုပ်ရရှိထားသည့် ရလဒ်များကို လက်တွေ့တွင်ရသော ရလဒ်များဖြင့် နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ပြီးမပြီး၊ အောင်မအောင်ကို သိကြရ၏။ ဤကား အလုပ်၏ဖြစ်စဉ်မှ ပေါ်လာသော တွေးကြံမှု၏ ဖြစ်စဉ်ပေတည်း။

ဤနေရာတွင် သတိချပ်သင့်သော အချက်တစ်ချက်ရှိသည်။ ယင်းမှာ တွေးခေါ်မှုသည် စိတ်ကူးတွေးထင်သောသဏ္ဌာန်သည် တခြားစီဖြစ်သည်ဆိုသော အချက်ဖြစ်၏။ အရောင်တစ်ခု သို့မဟုတ် ပုံသဏ္ဌာန်တစ်ခုကို တွေးခေါ်ခြင်း၊ သိမြင်ခြင်းနှင့် ကျောင်းတစ်ခု သို့မဟုတ် ပုံသဏ္ဌာန်တစ်ခုကို စိတ်ကူးဖြင့် တွေးထင်သောသဏ္ဌာန်သည် ကွဲပြားခြားနားပေသည်။ စိတ်ကူးတွေးထင်သော သဏ္ဌာန် သည် စိတ်ကူးတွေးထင်မှုမှ ပေါက်ပွားလာခြင်းဖြစ်လေသည်။ လက်တွေ့စမ်းသပ် စစ်ဆေးရေးဝါဒ အဘိဓမ္မာပညာရှင်များဖြစ်သည့် ဘာကဲလေနှင့် ဟျုမ်း စသည်တို့ကမူ တွေးခေါ်မှုနှင့် စိတ်ကူးတွေးထင်သောသဏ္ဌာန်ကို အတူတူပင်ဖြစ်သည်ဟု ယူဆကြသည်။ အမှန်အားဖြင့် ၎င်းတို့သည် တစ်ခုနှင့်တစ်ခု မတူကြပေ။ စိတ်ကူးတွေးထင်သောသဏ္ဌာန်သည် ပထမအချက်ပြုကြိယာ၏ နောက်ဆက်တွဲ၊ အာရုံ၏ နောက်ဆက်တွဲဖြစ်၏။ *(အနီရောင်အား စိတ်ကူးတွေးထင်သော သဏ္ဌာန်ဆိုပါစို့၊ ၎င်းသည် အနီရောင်မြင်သော စက္ခုအာရုံတွင်စွဲသည့် သဏ္ဌာန်သာဖြစ်သည်။)* တွေးခေါ်မှုကား နိမိတ် (ဝါ) သွယ်ဝိုက်အချက်ပြုကြိယာ၏ ဖြစ်ပေါ်တိုးတက်မှုဖြစ်၏။ ရုပ်တရား၊ အမှန်တရားကို ရုပ်မဲ့ဒြပ်မဲ့တွေးခြင်း၊ ရုပ်တရား၊ အမှန်တရားအသီးသီးကိုသိပြီး မြင်ပြီးနောက် ရုပ်မဲ့ဒြပ်မဲ့ ယေဘုယျကျကျ တွေးခြင်းဖြစ်လေသည်။

လူနှင့်တကွ အဆင့်မြင့်သော တိရစ္ဆာန်များ၌ အရာဝတ္ထုများ၏ အာရုံစွဲစိတ်ကူးတွေးထင်သောသဏ္ဌာန်များကို စိတ်ထဲတွင် ပြုလုပ်နိုင်သည်မှာ မှန်ပေသည်။ ဆိုလိုသည်မှာ လူနှင့်အဆင့်မြင့်သော တိရစ္ဆာန်များ၌ အာရုံသိ၊ ပညာသိများလည်း ရှိသည်ဟူ၍ဖြစ်သည်။ ဥပမာအားဖြင့် မြေခွေး၌ ယုန်ကို ဘယ်လိုရှာရသည်၊ ဘယ်လိုလိုက်ရသည်၊ ဘယ်လိုစားရသည် စသည့်အချက်များကို စိတ်ကူးတွေးထင်သောသဏ္ဌာန်များရှိ၏။ မြေခွေးသည် ထိုစိတ်ကူးတွေးထင်သောသဏ္ဌာန်ကို လက်တွေ့ကျင့်

သုံးလေသည်။ မြေခွေးသည် သားကောင်ရရေးအတွက် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ကျွမ်းကျင်လိမ္မာမှုရှိ၍ တစ်စုံတစ်ခုသော အတိုင်းအတာထိ မျှော်တွေးတတ်လေသည်။

သို့ဖြစ်ရကား အတွေးအခေါ်သည် အာရုံ၏ခွဲသိမြင်မှုထက် အဆင့်မြင့်သော သိစိတ်တစ်မျိုးဖြစ်ပေသည်။ အရာဝတ္ထုများကို မြင်သဖြင့် အာရုံဒွါရများမှတစ်ဆင့် ကျွန်ုပ်တို့အာရုံထဲတွင် အရာဝတ္ထုများ၏ ပုံသဏ္ဍာန်ပေါ်လာခြင်းကို အာရုံခွဲသိမြင်မှုဟုခေါ်၏။ သို့ရာတွင် တွေးခေါ်မှုကား အာရုံခွဲသိမြင်မှုမျှသာ မကတော့ပေ။ အရာဝတ္ထုများ၏ အဓိကအသွင်လက္ခဏာများ၊ အရည်အချင်းများကို ၎င်းအရာဝတ္ထုများမရှိဘဲ၊ မပေါ်ဘဲ တွေးထင်နိုင်ခြင်းကို ခေါ်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် မည်သည့်အခြေအနေနှင့် မည်သည့် အရာဝတ္ထုများသည် ၎င်းတို့အချင်းချင်း မည်သို့တုံ့ပြန်လှုပ်ရှားနေကြသည်၊ မည်သည့် အရာဝတ္ထုနှင့် မည်သည့်အရည်အချင်းများရှိသည်၊ ၎င်းတို့၏ဆက်သွယ်မှုနှင့် ပြောင်းလဲ လှုပ်ရှားမှုဥပဒေသများမှာ မည်သို့ဖြစ်သည်ဆိုသည့်အချက်ကို အတွေးအခေါ်ဖြင့် သိမြင် နိုင်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် တွေးခေါ်မှုပေါ်ပေါက်လာသည်၌ သိစိတ်၏ ဖြစ်ပေါ်တိုးတက်မှုသည် အဆင့်မြင့်မားလာလေသည်။ လူသည် လက်နက်ကြိယာများကို ထုတ်လုပ်အသုံးပြုလာသည်နှင့် တိရစ္ဆာန်ဘဝတည်နေမှု၊ လူ့ဘဝတည်နေမှုတို့ ခွန်ကျော်ကူးပြောင်းလေတော့သည်။

※ ※ ※





အခန်း (၄)

## အတွေးအခေါ်၊ ဘာသာစကားနှင့် လောဂျစ်

တွေးခေါ်မှု၏ ဖြစ်ပေါ်တိုးတက်မှုသည် စကားနှင့် ဘာသာစကား၏ ဖြစ်ပေါ် တိုးတက်မှုနှင့် ခွဲခြား၍မရပေ။ ဘာသာစကားမရှိဘဲ အတွေးအခေါ်မရှိနိုင်။ ဘာသာစကားနှင့် အကျုံးဝင်သည့် စကားလုံးများနှင့် သဒ္ဒါနည်းများသည် လူ၏ရည်ရွယ်ချက်ကို နားလည်အောင် ပြုလုပ်ရေးဟူသော လိုအပ်ချက်ကို ဖြည့်စွမ်းသည်။ ရည်ရွယ်ချက်များကို နားလည်ရေးလိုအပ်ချက်သည် လောဂျစ်၏ ဥပဒေသများ၊ အတွေးအခေါ်၏ ဥပဒေသများကို ဖြစ်ပေါ်စေသည်။ လောဂျစ်၏ ဥပဒေသများ၊ အတွေးအခေါ်၏ ဥပဒေသများသည် ဒိဋ္ဌကျသော အမှန်တရားအား အတွေးအခေါ်ထဲတွင် အရိပ်ထင်စေ သော အရောင်ရိုက်ခတ်မှု၏ ဥပဒေသဖြစ်သည်။ ယင်းသည် ယထာဘူတကျ၍ လိုလည်း လိုအပ်သော ဥပဒေသဖြစ်ပေသည်။

### တွေးခေါ်မှုနှင့်ဘာသာစကား

တွေးခေါ်မှု၏ စွမ်းအားသတ္တိ၊ အရာဝတ္ထုများအား နဂိုအရှိအတိုင်း ကျွန်ုပ်တို့ အာရုံထဲသို့ ပို့ဆောင်ပေးရုံမျှမက၊ ထိုအရာဝတ္ထုများ၏ အချင်းချင်းဆက်သွယ်မှုများ၊ ဇီဇသတ္တိများကိုပါ ဒြပ်မဲ့၊ ဝတ္ထုမဲ့ တွေးခေါ်မှုပုံသဏ္ဍာန်များအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးသည့် တွေးခေါ်မှု၏ စွမ်းအားသတ္တိများသည် ဘယ်ကလာသနည်း။ တွေးခေါ်မှု၏ စွမ်းအားသတ္တိသည် လူ့ဦးနှောက်ထဲရှိ ဒုတိယ (၀ါ) သွယ်ဝိုက်အချက်ပြ ကြိယာ၏ ထုတ်ကုန်ပစ္စည်းဖြစ်ပေသည်။ ထို့ကြောင့် တွေးကြံမှု၏ ဖြစ်ပေါ်တိုးတက်မှု နှင့် အတွေးအခေါ်၏ အစွမ်းသတ္တိတို့သည် စကားပြောနိုင်ခြင်း၏ အစွမ်းသတ္တိဖြစ်ပေါ် တိုးတက်မှုနှင့် ခွဲခြား၍မရပေ။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အာရုံများသည် ရူပဓန္ဓာနှင့် ပြင်ပရုပ်ဝတ္ထုများ၏ ရုတ်ခြည်းဆက်သွယ်မှုမှ ပေါ်ပေါက်လာသော အချက်ပြကြိယာများဖြစ်သည်။ စကားလုံးများကား "ပထမအချက်ပြကြိယာများ၏ အချက်ပြကြိယာများ" ဖြစ်ပေသည်။ စကားလုံးသည် အာရုံများက အချက်ပြသော တစ်စုံတစ်ခုသော၊ သီးခြားသော အရာဝတ္ထုများကို ရည်ညွှန်းပြောဆိုခြင်းမဟုတ်မူ၍ တစ်စုံတစ်ခုသော၊ အမျိုးမျိုးသော အာရုံကို ထုတ်လုပ်ပေးလိုက်သည့် အရာဝတ္ထုများကို ယေဘုယျရည်ညွှန်းပြောဆိုလိုရင်းဖြစ်ပေသည်။

ဥပမာ–မည်သည့်အရာဝတ္ထုများသည် မည်သည့်ပုံပန်းသဏ္ဌာန်ကို ဆောင်ကြောင်းကို ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အာရုံများမှတစ်ဆင့် သိရှိလာကြ၏။ သစ်ပင်ဆိုသည် မည်သို့သောပုံသဏ္ဌာန်ရှိသည်ကို သိကြ၏။ သစ်ပင်ဆိုသည်မှာ ဤသို့ပါတကားဟု စွဲမှတ်လာကြ၏။ ထို့ကြောင့် အလားတူပုံပန်းသဏ္ဌာန်ရှိသော အရာအားလုံးကို "သစ်ပင်"ဟု ပညတ်ပြုခေါ်လိုက်ခြင်းဖြင့် သစ်ပင်ဆိုသောစကား ဖြစ်လာလေသည်။

သို့ဖြစ်ရကား စကားလုံးများကို သုံးစွဲခြင်းဖြင့် ကျွန်ုပ်တို့သည် အရာဝတ္ထုများနှင့် ၎င်းတို့၏ ဇီဝသတ္တိများနှင့်ပတ်သက်သော ယေဘုယျကောက်နုတ်ချက်များကို ဆွဲထုတ်လာနိုင်ပေသည်။ ဥပမာအားဖြင့် လူတစ်စုသည် သစ်ခုတ်နေသည်ဆိုကြပါစို့၊ သစ်ပင်ကို မည်သို့မည်ပုံခုတ်လှဲရမည်ကို စကားလုံးများဖြင့် ထုတ်ဖော်ပြောဆိုကြသည်။ သို့ဖြင့် သစ်ခုတ်သူတစ်စုသည် သူတို့၏ ဘုံအလုပ်ကို အကြံဉာဏ်ချင်း ဖလှယ်ကြသည်။ စကားပြောနိုင်ခြင်းဟူသော အချက်ပြကြိယာကို စုပေါင်းလုပ်ကိုင်ကြရပေသည်။ စကားပြောနိုင်ခြင်းဟူသော အချက်ပြကြိယာကို ရရှိလာသည့်နောက်တွင်ကား သစ်ခုတ်သူတစ်စုသည် ထို့ထက်ပို၍ အကြံဉာဏ်များကို ဖလှယ်နိုင်ကြလေသည်။

သို့ဖြစ်ရကား စကားလုံးကို အသုံးပြုခြင်းသည် လူ၏ လူမှုလုပ်ရှားဆောင်ရွက်ချက်အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။ လူအချင်းချင်း စုပေါင်းလုပ်ကိုင်သော ဘုံအလုပ်တွင် မရှိမဖြစ်သော တန်ဆာပလာတစ်ခုအနေဖြင့် ထွက်ပေါ်လာရခြင်းဖြစ်ပေသည်။ စကားလုံးသည် လူ၏ လူမှုပေါင်းသင်းဆက်သွယ်ရေးတွင် ဆက်သွယ်ရေးကြိယာတစ်ခုဖြစ်လာပေသည်။ စကားပြောနိုင်ခြင်းဟူသော ဒုတိယအချက်ပြကြိယာသည် လူတစ်ဦးချင်းနေထိုင်ရာမှ အလိုအလျောက်ပေါ်ထွက်လာခြင်းမဟုတ်ဘဲ လူအများစုပေါင်းနေထိုင်ရာ၌ ၎င်းတို့အချင်းချင်း တွေးခေါ်မှုများ ဖလှယ်ရာမှ အကြံဉာဏ်များဖလှယ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ယင်းသို့တွေးခေါ်မှုများ ဖလှယ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရာမှ တဖြည်းဖြည်းပေါ်ပေါက်လာခြင်းဖြစ်ပေသည်။





သို့ကြောင့် စကားပြောခြင်းဟူသော ဒုတိယ (ဝါ) သွယ်ဝိုက်အချက်ပြကြိယာသည် လူမှုအစုတစ်ခုအတွင်း အများနားလည်နိုင်သည့် ဘာသာစကားဖြစ်ပေါ်လာရာမှ တဖြည်းဖြည်းဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်လေသည်။ ဘာသာစကား ဖြစ်ပေါ်ပုံတွင်လည်း အဆင့်နှစ်ဆင့်ရှိလေသည်။

ပထမအားဖြင့် လူမှုအစုကလေးတစ်ခုအတွင်း အများသုံးစွဲနေသည့် စကားလုံးများ ရှိနေရသည်။ ဒုတိယအားဖြင့် စကားလုံးများကို တစ်ခုနှင့်တစ်ခု ဆက်သွယ်ပေးသော နည်းစနစ်များရှိရမည်။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *"ဘာသာစကားတိုင်းသည် ပထမအချက်အားဖြင့် ၎င်း၏ အခြေခံဖြစ်သော မျိုးတူစကားစုများရှိသည်။ ဒုတိယအားဖြင့် သဒ္ဒါဖွဲ့စည်းမှုရှိသည်။ မျိုးတူစကားစုများ သဒ္ဒါဖွဲ့စည်းမှုသည် ဘာသာစကားအသီးသီး၏ အခြေခံအသွင်လက္ခဏာရပ်များ ဖြစ်ပေသည်။ ဝါကျများဖြစ်လာအောင် စကားလုံးများကို နေရာတကျစီခြင်း၊ စကားလုံးများ ပေါင်းစပ်ဆွဲယူခြင်း စသည့် နည်းလမ်းစည်းကမ်းများကို သဒ္ဒါက ဆုံးဖြတ်ပေသည်။ သို့ဖြင့် ဘာသာစကားသည် ပြည့်စုံကာ အဓိပ္ပာယ်ရှိလာပေသည်။ ဘာသာစကားတစ်ခု ၏ သဒ္ဒါစနစ်နှင့် အခြေခံမျိုးတူစကားစုဖွဲ့စည်းမှုသည် ဘာသာစကား၏ အခြေခံဖြစ်ပေသည်။ ဘာသာစကား၏ သီးခြားသောသဘာဝ ဖြစ်ပေသည်။"*

ဘာသာစကားနှင့်အတွေးအခေါ်ဖြစ်ပေါ်တိုးတက်လာပုံ

ဘုံကုန်လုပ်ရေးအတွက် လူသည် လက်နက်ကိရိယာများကို သုံးစွဲလာရသည်။ ဤသည်နှင့် တစ်ပြိုင်နက် လူသည် စကားစတင်ပြောဆိုလာကာ ဘာသာစကားဟူ၍လည်း တဖြည်းဖြည်းပေါ်ပေါက်လာခဲ့လေသည်။ ဘာသာစကားသည် "အလုပ်၏ဖြစ်စဉ်အတွင်းမှ" ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။ ဤသည်ကိုထောက်၍ ဘာသာစကားသည် အတွေးအခေါ်ဖလှယ်ရေး၊ အတွေးအခေါ်ဆက်သွယ်ရေးတန်ဆာပလာဖြစ်ကြောင်းကို သိသာနိုင်ပေသည်။

ဘာသာစကားသည် လူ၏ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်ချက်တွင် အစပြုကာ၊ ထိုကုန်လုပ်ရေးဆောင်ရွက်ချက်ကို အကျိုးပြုပေသည်။ ထိုမှတစ်ဆင့် ကုန်လုပ်ရေး

အခြေခံတွင် ပေါ်ပေါက်လာသော လူ၏လူမှုပေါင်းသင်းဆက်ဆံရေးနှင့် လုပ်ရှားဆောင်ရွက်ချက်တစ်ရပ်လုံးကို အကျိုးပြုခဲ့ခြင်းဖြစ်ပေသည်။ ဤသည်နှင့် ပတ်သက်၍ စတာလင်က အောက်ပါအတိုင်း ထပ်မံရေးခဲ့ဖူး၏။

*"ဘာသာစကားသည် လူ၏ ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်ချက်နှင့် တိုက်ရိုက်ဆက်သွယ်နေပေသည်။ ထိုမှတဆင့် လူ့လှုပ်ရှားဆောင်ရွက်ချက်အားလုံးနှင့် တိုက်ရိုက်ဆက်သွယ်နေပေသည်။ လူအချင်းချင်း၏ ပေါင်းသင်းဆက်သွယ်ရေး၊ အတွေးအခေါ်ဖလှယ်ရေးနှင့် တစ်ဦးကို တစ်ဦး နားလည်ရေးတွင် ဘာသာစကားသည် ဆက်သွယ်ရေးကိရိယာတစ်ခု၊ တန်ဆာပလာတစ်ခု ဖြစ်ပေသည်။ ဘာသာစကားမရှိဘဲ လူ့အဖွဲ့အစည်း၏ ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်ချက်ကို အောင်မြင်စွာပြုလုပ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လူမှုကုန်လုပ်ရေး(ဘုံကုန်လုပ်ရေး)လည်း ဖြစ်ပေါ်တည်ရှိလာနိုင်မည်မဟုတ်ပေ။ အလားတူပင် အကြင်လူ့အဖွဲ့အစည်းတစ်ခု၌ လူ့အဖွဲ့အစည်းဝင် များအားလုံး နားလည်နိုင်သော ဘာသာစကား မရှိငြားအံ့၊ ထိုလူ့အဖွဲ့အစည်းသည် ကုန်လုပ်ရေးကို ပြုလုပ်နိုင်တော့မည်မဟုတ်ချေ။ ထိုလူ့အဖွဲ့အစည်းသည် ပျက်စီးပြိုကွဲကာ လူ့အဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနိုင်တော့မဟုတ်ပေ။ ဤသည်ကိုထောက်လျှင်ဘာသာစကားသည် ပေါင်းသင်းဆက်သွယ်မှုကြိယာတစ်ခုမျှသာမကတော့ဘဲ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု၏ တန်ဆာပလာတစ်ခု၊ လူ့အဖွဲ့အစည်း၏ တန်ဆာပလာတစ်ခုလည်း ဖြစ်နေကြောင်းကို တွေ့ရပေသည်. . . . ."*

*"ဘာသာစကားသည် လူအချင်းချင်း၏ ပေါင်းသင်းဆက်သွယ်ရေးနည်းလမ်းတစ်ခုအနေဖြင့် လူ့အဖွဲ့အစည်းကို အကျိုးပြုပေသည်၊ လူ့အဖွဲ့အစည်းအတွင်း၌ အတွေးအခေါ်များကို ဖလှယ်ရေးနည်းလမ်းတစ်ခုအနေဖြင့်လည်း အကျိုးပြုပေသည်။ လူအချင်းချင်း သိနားလည်ရေးနည်းလမ်းတစ်ခုအနေဖြင့်လည်း အကျိုးပြုပေသည်။ ကုန်လုပ်ရေးနယ်ပယ်၊ စီးပွားရေးဆက်ဆံမှုနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ လူမှုဆက်ဆံရေးနယ်ပယ်နှင့်တကွ လူ၏နေ့စဉ်ဘဝ စသည့်လူမှုလှုပ်ရှားဆောင်ရွက်ချက်နယ်ပယ်တစ်ခုလုံး*





*တွင် လူအချင်းချင်း အလုပ်တူပူးပေါင်းဆောင်ရွက်အောင် စည်းရုံးသော နည်းလမ်းတစ်ခုလည်းဖြစ်ပေသည်. . . ."*

ထို့ကြောင့် ဘာသာစကားတစ်ခုသည် လူမျိုးတစ်မျိုးလုံး၏ ဘုံဘာသာစကားဖြစ်၍၊ ထိုလူမျိုး၏ သမိုင်းစဉ်တစ်လျှောက်တွင် အမြဲတစေ ဖြစ်ပေါ်တိုးတက်လျက်ရှိနေပေသည်။ ယင်းကို စတာလင်က အောက်ပါအတိုင်း ထပ်မံပြောဆိုခဲ့ပြန်သည်။

*"ဘာသာစကားသည် လူ့အဖွဲ့အစည်းဖြစ်တည်မှု တစ်လျှောက်လုံးတွင် မောင်းနှင်လှုပ်ရှားနေသော လူမှုအသွင်သဏ္ဍာန်တစ်ခုဖြစ်ပေသည်။ ဘာသာစကား သည် လူ့အဖွဲ့အစည်းနှင့်အတူ တည်ရှိဖြစ်ပေါ်တိုးတက်၍ လာခဲ့ပေသည်။ လူ့အဖွဲ့အစည်း ချုပ်ငြိမ်းသည်၌ ဘာသာစကားလည်း ချုပ်ငြိမ်းလေတော့သည်။ ဘာသာစကားနှင့် ၎င်း၏ဖြစ်ပေါ်တိုးတက်မှုဥပဒေသများကို သိနားလည်လိုလျှင် လူ့အဖွဲ့အစည်း၏ သမိုင်း၊ ထိုဘာသာစကားကို သုံးစွဲသူ၊ ဖန်တီးသူ လူမျိုး၏ သမိုင်းကိုပါ ယှဉ်တွဲလေ့လာရ မည်သာ ဖြစ်လေသည်. . . ."*

အချို့က ဘာသာစကားသည် လူမှုအပေါ်ယံအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြစ်ပေါ်တိုးတက်လာသည်ဟု ယူဆကြသော်လည်း စတာလင်ကမူ ဘာသာစကားဟူသည် လူမှုအပေါ်ယံအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်ကြောင်း အခြေခံအဆောက်အအုံဖြစ်ကြောင်းကို အလေးအနက်ပြု၍ ပြောဆိုခဲ့လေသည်။

လူမှုအပေါ်ယံအဆောက်အအုံသည် အဓိကအားဖြင့် တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေး၏ ထုတ်ကုန်ပစ္စည်းသာဖြစ်၏။ ယင်းသည် ၎င်း၏သီးခြားသော စီးပွားရေးအခြေခံခိုင်မြဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုကို အကျိုးပြု၏။ အခြေခံအဆောက်အအုံ ကွယ်ပျောက်သွားသည်၌ အပေါ်ယံအဆောက်အအုံသည်လည်း ကွယ်ပျောက်ချုပ်ငြိမ်းသွားလေတော့သည်။ လူမှုအပေါ်ယံအဆောက်အအုံသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးဆက်ဆံမှုများကို ထင်ဟပ်ဖော်ပြကာ ကုန်ထုတ်လုပ်အားနှင့် သွယ်ဝိုက်ဆက်စပ်လျက်ရှိပေသည်။

ဘာသာစကားမှာ ဤသို့မဟုတ်ပေ။ ဘာသာစကားသည် တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေး၏ ထုတ်ကုန်ပစ္စည်း၊ တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေး၏ ရလဒ်မဟုတ်ပေ။ ယင်းသည် တစ်စုံတစ်ခုသော စီးပွားရေးစနစ်တစ်ခုကိုလည်း

အကျိုးပြုခြင်းမရှိပေ။ ထိုစီးပွားရေးစနစ် ကွယ်ပျောက်ချုပ်ငြိမ်းသွားတိုင်းလည်း ဘာသာစကားသည် ကွယ်ပျောက်ချုပ်ငြိမ်းသွားသည်မဟုတ်ပေ။ ဘာသာစကားသည် ကုန်လုပ်ရေးလုပ်ရှားဆောင်ရွက်ချက်များနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပေသည်။

ဘာသာစကားသည် တစ်စုံတစ်ခုသော လူတန်းစား၏ ထုတ်ကုန်ပစ္စည်း၊ တစ်စုံတစ်ခုသော လူတန်းစား၏ ကိုယ်ပိုင်ပစ္စည်း မဟုတ်ပေ။ ပထမ၌ ဘာသာစကားသည် လူ၏ကုန်လုပ်ရေးဆောင်ရွက်ချက်အတွင်း၌ ပေါ်ပေါက်လာခဲ့သည်။ လူမျိုးတစ်မျိုး၏ ဘာသာစကားသည် ထိုလူမျိုးအချင်းချင်း၏ လူမှုဆက်သွယ်ရေးကြိယာဖြစ်၏။ လူမျိုး၏ ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်ချက်နှင့် အခြားဆောင်ရွက်ချက်များတွင် ဆက်သွယ်ရေးကြိယာဖြစ်၏။ လူမျိုးတစ်မျိုးအတွင်းရှိ လူတန်းစားအသီးသီး၏ကြားတွင် ဆက်သွယ်ရေးကြိယာဖြစ်၏။ လူမျိုးတစ်မျိုးသည် မည်သည့်စီးပွားရေးစနစ်အတွင်း၌ နေထိုင်သည်ဖြစ်စေ၊ ထိုလူမျိုး၏ ဘာသာစကားသည် ထိုစီးပွားရေးစနစ်အား ခိုင်မာအောင်လုပ်ရေး၊ အကာအကွယ်ပေးရေး စသည့်အလုပ်များကို လုပ်ဆောင်ရမြဲဖြစ်သည်။ သို့မဟုတ် ထိုစီးပွားရေးစနစ်အား ပြောင်းလဲပစ်ရေး၊ အခြားစီးပွားရေးစနစ်တစ်ရပ်ဖြင့် အစားထိုးရေး စသည့်အလုပ်များကို လုပ်ဆောင်ရမြဲပင်ဖြစ်သည်။

လူမျိုးတစ်မျိုး၏ ကုန်လုပ်ရေးဆောင်ရွက်ချက်သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထိုလူမျိုး၏ ဘာသာစကားသည်လည်း ဖွံ့ဖြိုးတိုးတက်လာရပေသည်။ ဘာသာစကားသည် ၎င်း၏အခြေခံစကားလုံးစုများ၊ ဝေါဟာရများကို ပိုမိုကြွယ်ဝလာစေကာ၊ တဖြည်းဖြည်းပြောင်းလဲရင်းဖြင့် ၎င်း၏သဒ္ဒါကိုလည်း ပြုပြင်ပြောင်းလဲလာခဲ့လေသည်။ အသီးသီးသော ဘာသာစကားများသည် သက်ဆိုင်ရာလူအချို့၏ တိုးတက်ဖွံ့ဖြိုးမှုအရ တိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက်ဆံရင်းနှီးခြင်းဖြင့်လည်း တိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်။ သို့ဖြင့် ဘာသာစကားအသီးသီးတို့သည် မူလပထမ၌ အခြေခံတစ်ခုတည်းတွင် အစပြုခဲ့ကြပြီး နောက်၌ တဖြည်းဖြည်းကွဲပြားလာခဲ့ကြခြင်းဖြစ်ပေသည်။ ဘာသာစကားအသီးသီးသည် အပြန်အလှန် ဩဇာသက်ဝင်လွှမ်းမိုးနေကြခြင်းဖြင့် ပြုပြင်ပြောင်းလဲလာခဲ့ကြသည်။ ဘာသာစကားများ အဟောင်းစုပေါင်းခြင်းဖြင့် ဘာသာစကားအသစ်များ ပေါ်ပေါက်လာခဲ့ကြသည်။ လူမျိုးတစ်မျိုးသည် အခြားလူမျိုးတစ်မျိုးအား ဖိနှိပ်ချုပ်ချယ်သည်ဖြစ်အံ့၊ ဖိနှိပ်ချုပ်ချယ်ခြင်းခံရသောလူမျိုး၏ ဘာသာစကားသည်လည်း ဖွံ့ဖြိုးတိုးတက်ခြင်းမရှိဘဲ ရပ်တန့်နေလေတော့သည်။ လူမျိုးတစ်မျိုးသည် အခြားလူမျိုးတစ်မျိုးအား ကျူးကျော်ဖျက်ဆီးသည်ဖြစ်အံ့၊ ကျူးကျော်ဖျက်ဆီးခြင်းခံရသော လူမျိုး၏





ဘာသာစကားသည်လည်း ပျက်စီးခြင်းသို့ ရောက်လေတော့သည်။

ထို့ကြောင့် ဘာသာစကားနှင့် ယဉ်ကျေးမှုကို ရောထွေးမပစ်ရန် အရေးကြီးလှပေသည်။ ဘာသာစကားတစ်ခုအား ပြုပြင်ပြောင်းလဲခြင်း၊ သို့မဟုတ် ဝေါဟာရအား တိုးတက်ကြွယ်ဝစေခြင်းဖြင့် လူမျိုးတစ်မျိုးသည် ယဉ်ကျေးမှုအဟောင်းမှ အသစ်တစ်ခုသို့ ကူးပြောင်းနိုင်သောကြောင့် ဖြစ်လေသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ဆိုရှယ်လစ်ယဉ်ကျေးမှုကို တည်ဆောက်သည်ဆိုပါစို့၊ ဤတွင် ကျွန်ုပ်တို့သည် ''ဆိုရှယ်လစ်အမျိုးသားနှင့် အမျိုးသားပုံသဏ္ဍာန်'' (ဘာသာစကား) ဟု ကြွေးကြော်ကြသည်။ ယင်းမှာ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ ကွဲပြားပုံပင်ဖြစ်သည်။ လူမျိုးတစ်မျိုး၏ အမျိုးသားဘာသာစကား (ပုံသဏ္ဍာန်) သည် ဓနရှင်ယဉ်ကျေးမှုဟောင်းကိုလည်း အကျိုးပြုသည်။ ဆိုရှယ်လစ်ယဉ်ကျေးမှုသစ်ကို တည်ဆောက်ပြီးသောအခါ၌ ထိုအမျိုးသားဘာသာစကားသည်ပင် ဆိုရှယ်လစ်ယဉ်ကျေးမှုသစ်ကို အကျိုးပြုပြန်ပေသည်။ ထို့ကြောင့် *''ယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုကာလတိုင်းတွင် အတွင်းအနှစ်သာရအားဖြင့် ပြောင်းလဲသော်လည်း ဘာသာစကားမှာမူကား နှစ်ပေါင်းများစွာ အခြေခံအားဖြင့် ပြောင်းလဲခြင်းမရှိဘဲ ယဉ်ကျေးမှုသစ်နှင့် ယဉ်ကျေးမှုဟောင်းနှစ်ခုစလုံးကို တညီတည်း အကျိုးပြုပေသည်''*ဟု စတာလင်က ရေးခဲ့ခြင်းဖြစ်ပေသည်။

အလားတူပင် ဘာသာစကားတိုးတက်ဖွံ့ဖြိုးမှုကို တွေးခေါ်တူမြင်ချက်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်လည်း ရောထွေးမပစ်ရန် အရေးကြီးလှပေသည်။ လူမှုဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းတလျှောက်တွင် အသီးသီးသော လူတန်းစားများသည် အသီးသီးတွေးခေါ်ရှုမြင်ချက်များကို ရရှိလာခဲ့ကြသည်။ လူ့အဖွဲ့အစည်းကို လွှမ်းမိုးသောတွေးခေါ်ရှုမြင်ချက်များသည် စီးပွားရေးစနစ်၏ အသွင်လက္ခဏာကိုလိုက်၍ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းခဲ့ကြသည်။ ဤတွေးခေါ်ရှုမြင်ချက်များကို ဘာသာစကားဖြင့် ဖော်ပြခဲ့ကြသည်။ သို့ရာတွင် တွေးခေါ်ရှုမြင်ချက်များသည်သာ ပြောင်းလဲကြသော်လည်း ဘာသာစကားမှာမူကား ပြောင်းလဲခြင်းမရှိပေ။ လူတန်းစားတစ်ခုသည် ၎င်း၏သီးခြားသော လူတန်းစားအမြင်ကို ထုတ်ဖော်ပြောဆိုရန်အတွက် ၎င်း၏ အကျိုးစီးပွားနှင့်သာ ကိုက်ညီသောစကားလုံးများ၊ ဝေါဟာရများ၊ စကားစုများကို ရှာဖွေတီထွင်ကောင်း တီထွင်ကြမည်ဖြစ်သော်လည်း၊ ထိုလူတန်းစားသည် အခြေခံဝေါဟာရသစ်များ၊ သဒ္ဒါဖွဲ့စည်းမှုသစ်များကို အသစ်တီထွင်ကာ ဘာသာစကားသစ်တစ်ခုကို ထပ်မံပြုလုပ်သည်မဟုတ်ပေ။ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနား၍

ဆန့်ကျင်ဘက်ဖြစ်နေသော တွေးခေါ်ရှုမြင်ချက်များကို ဘာသာစကားတစ်မျိုးတည်းဖြင့်သာ ထုတ်ဖော်ပြောဆိုကြပေသည်။ ဥပမာအားဖြင့် လူ့အဖွဲ့အစည်း၊ လူမျိုးတစ်မျိုးအတွင်း၌ လူတန်းစားအသီးသီးရှိသဖြင့် သို့ လူတန်းစားကွဲပြားခြားနားမှုကိုလိုက်၍ ကွဲပြားခြားနားသော တွေးခေါ်ရှုမြင်ချက်များ ရှိကြသည်မှန်သော်လည်း တွေးခေါ်ရှုမြင်ချက်များကို ထိုလူမျိုး၏ဘာသာစကားဖြင့်ပင် ဖော်ပြကြသည်ချည်းဖြစ်ပေသည်။

သို့ဖြင့် ဘာသာစကားနှင့် တွေးခေါ်ရှုမြင်ချက်သည် မတူကြပေ။ လူ့အဖွဲ့အစည်း၏ တွေးခေါ်ရှုမြင်ချက်သည် ခေတ်တစ်ခေတ်ကုန်လုပ်ဆက်ဆံရေးစနစ်တစ်ခု၊ လူတန်းစားတစ်ခု၏ ထုက်ကုန်ပစ္စည်းမျှသာဖြစ်သည်။ ထိုတွေးခေါ်ရှုမြင်ချက်များကို ဖော်ပြသည့် ဘာသာစကားသည် ၎င်း၏ဝေါဟာရများကို ကြွယ်ဝစေခြင်း၊ ၎င်း၏သဒ္ဒါကို ပြုပြင်ပြောင်းလဲရင်းဖြင့် ခေတ်ကာလများစွာကို ဖြတ်သန်း၍ တိုးတက်ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်၏။ ဘာသာစကားသည် ရုတ်တရက်ဖြစ်သော၊ တော်လှန်ရေး ပြောင်းလဲမှုမရှိဘဲ တဖြည်းဖြည်း ဖြစ်ပေါ်တိုးတက်လာခြင်း ဖြစ်ပေသည်။ အခြားသောဘက်တွင်မူ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု၏ တစ်စုံတစ်ခုသော အဆင့် လွန်မြောက်သွားချိန်၊ ကုန်လုပ်ဆက်ဆံရေးများ ပြောင်းလဲသွားချိန်၊ လူတန်းစားသစ်များက ရှေ့တန်းသို့ ရောက်လာသည့်အချိန်တွင် တွေးခေါ်ရှုမြင်ချက်များသည် အခြေခံအားဖြင့် ပြောင်းလဲသွားကြပေသည်။

## ဘာသာစကားမရှိဘဲအတွေးအခေါ်ပြောင်းလဲနိုင်သလော

သဘာဝကို လေ့လာခြင်း၊ ရုပ်အခြေခံကို လေ့လာခြင်း၊ ဖြစ်ပေါ်တိုးတက်မှုဥပဒေသများ၏ ဆောင်ရွက်ချက်များကို လေ့လာခြင်း၊ အတွေးအခေါ်ဘာသာစကားကို လေ့လာခြင်းဖြင့် တွေးခေါ်မှုများ ပေါ်ပေါက်လာခြင်း၊ တွေးခေါ်မှုများ ဖလှယ်ခြင်းတွင် ဘာသာစကားမပါဘဲ မဖြစ်နိုင်ကြောင်းကို သိနိုင်ပေသည်။ အမှန်အားဖြင့် တွေးခေါ်မှုသည် ဘာသာစကားကြောင့် တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်ပေသည်။

ပထမ၌ တွေးခေါ်မှုများသည် စကားလုံးများ၊ စကားလုံးပေါင်းစပ်ဖွဲ့စည်းမှုများဖြင့်သာ ပုံသဏ္ဌာန်ပေါ်လာကြခြင်းဖြစ်သည်။ စကားလုံးများ၊ ဝါကျများအဖြစ် စကားလုံးများကို ပေါင်းစပ်ဖွဲ့စည်းမှုများဖြင့်သာ အမှန်တရားသည် အတွေးအခေါ်အဖြစ်သို့ ကူးပြောင်းရောက်ရှိလာခြင်းဖြစ်လေသည်။ အတွေးအခေါ်များသည်





သတ်မှတ်ထားသော စကားလုံးများ၊ ဝါကျအဖြစ် ဖွဲ့စည်းထားသော စကားလုံးများဖြင့်သာ ပြည့်စုံသော အတွေးအခေါ်အဖြစ်သို့ ရောက်ရှိနိုင်ပေသည်။ ဝိညာဉ်သည် ခန္ဓာကိုယ်မှကင်း၍ မတည်နိုင်သကဲ့သို့ တွေးခေါ်မှုသည်လည်း ဘာသာစကားမှကင်း၍ မတည်ရှိနိုင်ပေ။

သို့ဆိုခြင်းဖြင့် တွေးကြံခြင်းနှင့် စကားပြောခြင်းသည် အတူတူလော၊ တွေးကြံမှုဖြစ်စဉ်နှင့် ပြောဆိုမှုဖြစ်စဉ်သည် အတူတူလောဟု မေးဖွယ်ရှိ၏။ မတူကြပေ။ ပထမအားဖြင့် စကားများ၊ ဝါကျများနှင့် တစ်စုံတစ်ရာသောအဓိပ္ပာယ်များ ရှိပေရာ၊ ထိုအဓိပ္ပာယ်များကို ရည်ညွှန်းမှသာ ထိုစကား၊ ထိုဝါကျများကို ပြောဆိုနိုင်၏။ ဒုတိယအားဖြင့် လူတစ်ယောက်သည် စကားမပြောတတ်သေး၍သာ သူ၏တွေးခေါ်မှုများကို စကားဖြင့် ပီသကြည်လင်လာအောင် လုပ်ရသော်လည်း စကားပြောတတ်ပြီးသည့်နောက်တွင်ကား နှုတ်မှတစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုရန် မလိုတော့ဘဲ တွေးခေါ်ခြင်းအမှု၊ စစ်ဆေးခြင်းအမှုကို ပြုလုပ်နိုင်လာခဲ့၏။

ပြဿနာတစ်ရပ်ကို မကြာခဏ ဆွေးနွေးငြင်းခုံလေ့ရှိသော လူတစ်စုသည် ထိုပြဿနာကို စကားလုံးအနည်းငယ်ထုတ်ဖော်ပြောဆိုကြရုံဖြင့် ဆိုလိုချင်သော အနက်အဓိပ္ပာယ်ကို ချက်ချင်းနားလည်သဘောပေါက်နိုင်ကြသည်။ သို့ရာတွင် ထိုပြဿနာမျိုးကို တစ်ရံတစ်ခါမျှ ဆွေးနွေးဖူးခြင်းမရှိသည့် လူစိမ်းတစ်ယောက်ရှေ့တွင် သွားရောက်ဆွေးနွေးလျှင်မူကား၊ ထိုလူစိမ်း နားလည်အောင် အချိန်ကြာမြင့်စွာ လေကုန်ခံ၍ ရှင်းပြနေရမည်ဖြစ်ပေသည်။ သို့ဖြစ်ရခြင်းမှာ ပြဿနာကို ဆွေးနွေးနေကျလူစုသည် ထိုစကားလုံးကို နားလည်နေပြီဖြစ်၍ စကား အနည်းငယ်ပြောရုံဖြင့် အဓိပ္ပာယ်ကို သိရှိနားလည်နေသောသဘောပင်ဖြစ်ပေသည်။

လူ၏ဦးနှောက်အတွင်းရှိ တွေးခေါ်မှုဖြစ်စဉ်တွင်လည်း အလားတူပင်ဖြစ်ပေသည်။ လူတစ်ယောက်သည် အချိန်ကြာမြင့်စွာ စဉ်းစားတွေးခေါ်ခြင်းမပြုဘဲ အမှန်၊ အမှား စသည့် ကောက်ချက်တစ်ခုကို ဆွဲထုတ်နိုင်ပေသည်။ ထို့ကြောင့် စကားဖြင့် ထုတ်ဖော်ပြောဆိုနိုင်သော အတွေးတစ်ခုရှိသည်။ သူ့အတွေးကို စကားဖြင့် ထုတ်ဖော်ပြောဆိုခြင်းမပြုနိုင်ဟု ပြောကြခြင်းမှာ အလကားပြောကြခြင်းဖြစ်၏။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"အတွေးအခေါ်သည် စကားဖြင့် ထုတ်ဖော်ပြောဆိုခြင်း မပြုမီ လူ၏စိတ် ထဲတွင် ပေါ်ပေါက်လာခဲ့သည်ဟု မကြာခဏ*

> *ပြောတတ်ကြသည်။ အတွေးအခေါ်သည် ဘာသာစကားတည်းဟူသော ရုပ်ပစ္စည်းမရှိဘဲ ပေါ်ပေါက်လာသည်ဟု ပြောတတ်ကြသည်။ အတွေးအခေါ်သည် ဘာသာစကားတည်းဟူသော အဆင်အယင်မပါဘဲ၊ ၎င်း၏ နဂိုအရှိအတိုင်း ပေါ်ထွက်လာခဲ့သည်ဟု ပြောတတ်ကြသည်။ ထိုအဆိုပြုချက်သည် သွက်သွက်လည်အောင်မှားပေသည်။ လူ၏စိတ်ထဲတွင် ပေါ်လာသမျှသော အတွေးအခေါ်ဟူသမျှသည် ဘာသာစကားရုပ်ပစ္စည်း၏ အခြေခံပေါ်တွင် တည်မှီ၍နေကာ၊ ထိုမှ ပေါ်ထွက်လာခြင်းသာဖြစ်လေသည်။ ဘာသာစကား၏ ဝေါဟာရများ၊ စကားစုများမှ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ ဘာသာ စကားရုပ်ပစ္စည်းမှ ကင်းလွတ်တည်ရှိသော အတွေးအခေါ်ဟူ၍ မရှိနိုင်ပေ။ (ဘာသာစကားသည် အတွေးအခေါ်ကို တိုက်ရိုက်ရောင်ပြန်ဟပ်သည့် ဓာတ်တရားဖြစ်သည်) ဟူ၍လည်း မာ့က်စ်က ပြောခဲ့ပေသည်။ အတွေးအခေါ်၏ ရုပ်ဓာတ်တရားသည် ဘာသာစကားထဲတွင် ထင်ရှားပေါ်လာလေတော့သည်။ ဘာသာစကားမရှိဘဲ အတွေးအခေါ်ရှိနိုင်သည်ဟု ယူဆသူများမှာ စိတ်ဝါဒသမားများသာလျှင် ဖြစ်ပေသည် ”*

သို့ရာတွင် ယင်းသို့ဆိုလိုက်ခြင်းဖြင့် တွေးခေါ်မှုတစ်ခုနှင့် စကားလုံးတစ်ခု၊ သို့မဟုတ် စကားစုတစ်ခုသည် အတူတူဖြစ်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ဆိုလိုချက်မှာ အတွေးအခေါ်သည် ၎င်းအားဖော်ပြသော စကားလုံးများ၊ သို့မဟုတ် စကားစုများအတွင်း၌သာ တည်ရှိနိုင်သည်ဟု ပြဆိုလိုရင်းဖြစ်ပေသည်။ တွေးခေါ်မှုသည် ၎င်း၏အဓိပ္ပာယ်ကို ထုတ်ဖော်ပြဆိုရာဖြစ်သော ဘာသာစကားမှ ကင်းလွတ်မတည်ရှိနိုင်ပေ။

ဥပမာအားဖြင့် အင်္ဂလိပ်စကားလုံးဖြစ်သည့် Red နှင့် ပြင်သစ်စကားလုံးဖြစ်သည့် Rouge သည် အနက်အဓိပ္ပာယ်တွင် အတူတူပင်ဖြစ်၏။ နှစ်ခုစလုံးသည် အနီရောင်ဟု အဓိပ္ပာယ်ထွက်ကြ၏။ သို့ဖြင့် ၎င်းစကားလုံးနှစ်ခုသည် အနီရောင်ဟု တွေးခေါ်ခြင်းသဘောတွင်သာ တူညီကြသော်လည်း စကားမှာ ကွဲပြားခြားနားကြလေသည်။ သို့ရာတွင် အနီရောင်ဟု တွေးခေါ်ခြင်းသဘောသည် ထိုစကားလုံးများမှ ကင်းကွာသွားသည်နှင့်တပြိုင်နက် အဓိပ္ပာယ်ကင်းမဲ့သွားလေတော့သည်။ ထိုစကားလုံးနှစ်ခုသည် ၎င်းတို့သက်ဆိုင်ရာဘာသာစကားအသီးသီး၌ အနီရောင်ဟု တွေးခေါ်ခြင်း





သဘောကို ဖော်ပြကြသည်သာ ဖြစ်လေသည်။ ထိုစကားလုံးများသည် သက်ဆိုင်ရာလူမျိုး၏အတွေးအခေါ်၌ လူနှင့် ပြင်ပကမ္ဘာလောကကြီးကို ဆက်စပ်ပေးသည့် ကြိယာဖြစ်၏။ ထို့ကြောင့် ဦးနှောက်၏ တွေးကြံတတ်သော လှုပ်ရှားဆောင်ရွက်ချက်သည် လူနှင့် ပြင်ပကမ္ဘာလောကကြီးအား ဆက်စပ်ပေးသော လှုပ်ရှားဆောင်ရွက်ချက်သာ ဖြစ်ပေသည်။ ထိုလှုပ်ရှားဆောင်ရွက်ချက်သည် ဘာသာစကားအရင်ပေါ်သည်မဟုတ်ပေ။ ဘာသာစကားမှ ကင်းကွာ၍ ပေါ်သည်မဟုတ်ပေ။ ဘာသာစကားကို နည်းလမ်းအဖြစ် အသုံးပြုခြင်းဖြင့်သာ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

※ ※ ※

အပိုင်း (၂)

# တွေးခေါ်မှုများဖြစ်ပေါ်တိုးတက်လာပုံ





အခန်း (၅)

## စိတ္တဇဆန်သော စိတ်ကူးတွေးခေါ်မှုများ

တွေးကြံခြင်းအမှုကို ပြုရာ၌ ကျွန်ုပ်တို့သည် အခြေခံကျသော စိတ်ကူးတွေးခေါ်မှုများမှ အစပြုသည်။ သက်ဆိုင်ရာဝတ္ထုရုပ်များသည် အာရုံများကို လာ၍ တိုက်ခတ်မိကြသည်။ သို့ တိုက်ခတ်မိရာမှ အခြေခံစိတ်ကူးတွေးခေါ်မှုများ ပေါ်ပေါက်လာကြသည်။ သို့မှ တစ်ဆင့် စိတ္တဇဆန်သော (ရုပ်ဝတ္ထုမဲ့သော) စိတ်ကူးတွေးခေါ်မှုများ ပေါ်ပေါက်လာကြသည်။ စိတ္တဇဆန်သော စိတ်ကူးတွေးခေါ်မှုများသည် လူမှုဆက်ဆံရေးများ၊ ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်ချက်များနှင့် လူ၏ အခြားသော လှုပ်ရှားဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာခဲ့ကြသည်။ စိတ္တဇဆန်သော စိတ်ကူးတွေးခေါ်မှုများသည် ကာယအလုပ်နှင့် ဉာဏအလုပ်ကို ခွဲခြားပေးလိုက်သည်။ သဘောတရားနှင့် လက်တွေ့ကို ခွဲခြားပေးလိုက်သည်။ သို့ခွဲခြားရာတွင် သဘောတရားကို ရုပ်အမှန်တရားမှ ကင်းကွာစေသောသဘောဖြင့် ခွဲခြားပေးလိုက်သည်။ သို့ဖြင့် စိတ်ဝါဒသမားတွေးခေါ်မှုနှင့် ရုပ်ဝါဒသမားတွေးခေါ်မှုဟူ၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

### စိတ္တဇဆန်သောတွေးခေါ်မှုပေါ်ပေါက်လာပုံ

ဘာသာစကားကဲ့သို့ပင် အတွေးအခေါ်နှင့် စိတ်ကူးတွေးခေါ်မှုများသည် အလုပ်မှ စတင်ပေါ်ထွက်လာခြင်းဖြစ်လေသည်။ အလားတူပင် လူသည် ၎င်း၏ လူမှုလှုပ်ရှားဆောင်ရွက်ချက်လမ်းကြောင်းတစ်လျှောက်၌ ၎င်း၏ တွေးကြံမှုနှင့် စိတ်ကူးတွေးခေါ်မှုကို ဖြစ်ပေါ်တိုးတက်စေခဲ့ခြင်းဖြစ်ပေသည်။

လူ၏သိစိတ် သို့မဟုတ် လူ၏ စိတ်ကူးတွေးခေါ်မှုများ ဖြစ်ပေါ်တိုးတက်လာပုံနှင့်ပတ်သက်၍ မာ့က်စ်နှင့် အိန်ဂျဲလ်စ်တို့က ရေးသားခဲ့ရာတွင် *''လူ၏သိစိတ်ဖြစ်ပေါ်တိုးတက်လာခဲ့ခြင်းမှာ လူအချင်းချင်းဆက်ဆံရေးတွင် လိုအပ်သောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် သိစိတ်သည် မူလပထမကပင်လျှင် လူမှုထုတ်ကုန်ပစ္စည်းတစ်ရပ်ဖြစ်ခဲ့၍ လူတည်ရှိနေသမျှကာလပတ်လုံး သိစိတ်သည်လည်း လူမှုထုတ်ကုန်ပစ္စည်းတစ်ရပ်သာဖြစ်နေပေလိမ့်မည်''*ဟု ဆိုခဲ့ကြပေသည်။

စိတ်ကူးတွေးခေါ်မှုသည် အသိဉာဏ်ပညာဆိုင်ရာ ဖြစ်စဉ်တစ်ခုတည်းထုတ်ကုန်ပစ္စည်း မဟုတ်ပေ။ ပြင်ပရုပ်ဝတ္ထုများက ကျွန်ုပ်တို့ကို အရောင်လွှမ်းမိုးသဖြင့် ကျွန်ုပ်တို့က ထိုပြင်ပရုပ်ဝတ္ထုများအား အလိုအလျောက် ပြန်၍ တုံ့ပြန်ခြင်းသက်သက်မျှလည်း မကသေးပေ။ စိတ်ကူးတွေးခေါ်မှုသည် လူ၏ လူမှုလှုပ်ရှားဆောင်ရွက်ချက်လမ်းကြောင်းတစ်လျှောက်တွင် လူ၏ ဦးနှောက်က ထုတ်လုပ်ပေးလိုက်ခြင်းသာဖြစ်ပေသည်။ စိတ်ကူးတွေးခေါ်မှုသည် လူအချင်းချင်းဆက်သွယ်မှု၊ လူနှင့် ပြင်ပရုပ်ကမ္ဘာလောက၏ ဆက်သွယ်မှု၊ လူတည်ရှိမှု၏ တကယ့်အခြေအနေများ စသည်တို့ကို အရောင်ရိုက်ခတ်ပေသည်။ ထင်ဟပ်ဖော်ပြပေသည်။ ဤသည်ကို မာ့က်စ်နှင့် အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *''ပထမ၌ သိစိတ်သည် အာရုံဖြင့် သိမြင်ခံစားနိုင်သော ပတ်ဝန်းကျင် နှင့်သာ သက်ဆိုင်သည့် သိစိတ်မျှသာဖြစ်သည်။ လူနှင့် အခြားအရာဝတ္ထုများ ကျဉ်းမြောင်းစွာဆက်စပ်နေပုံနှင့် သက်ဆိုင်သည့်သိစိတ်မျှသာ ဖြစ်သည်။ ထိုအဆင့်၌ သိစိတ်သည် တရိစ္ဆာန်သိစိတ်မျှသာ ဖြစ်ပေသည်''*
>
> . . . .

ထို့ကြောင့် လူ၏ စိတ်၌ ပထမဆုံးပေါ်လာသည့် အခြေခံစိတ်ကူးတွေးခေါ်မှုသည် အခြားလူများနှင့်၎င်း၊ ပတ်ဝန်းကျင်အရာဝတ္ထုများနှင့်၎င်း၊ လက်တွေ့ဆက်ဆံရာမှ ပေါ်ပေါက်လာသည့် စိတ်ကူးတွေးခေါ်မှုမျှသာဖြစ်သည်။ သိမှုမြင်မှုတွင် မှတ်မိလွယ်သော အရာဝတ္ထုများ၏ အသွင်တူညီသောအရာများကို နာမပညတ်ပြုလိုက်ခြင်းဖြင့် စိတ်ကူးတွေးခေါ်မှုများ ပေါ်ပေါက်လာကြခြင်းဖြစ်သည်။ မာ့က်စ်ပြောခဲ့သကဲ့သို့ *''စိတ်ကူးတွေးခေါ်မှုများ ထုတ်လုပ်ရေးသည် လူ၏ ရုပ်ကျသော လှုပ်ရှားဆောင်ရွက်ချက်၊ ရုပ်ကျသော ဆက်သွယ်မှုမှ ပေါက်ဖွား လာခဲ့ခြင်းဖြစ်ပေသည်။''* လူ၏ ယင်းသို့ရုပ်ကျသော လှုပ်ရှားဆောင်ရွက်ချက်၊ ရုပ်ကျသော





ဆက်သွယ်မှုမှတဆင့် ပြင်ပရုပ်ဝတ္ထုများနှင့်ပတ်သက်သော စိတ်ကူး တွေးခေါ်မှုများနှင့်ပတ်သက်သော စိတ်ကူးတွေးခေါ်မှုများ ပေါ်ပေါက်လာကြပေသည်။ မိမိနှင့်ပတ်သက်သော စိတ်ကူးတွေးခေါ်မှု၊ အခြားသူများနှင့် ပတ်သက်သော စိတ်ကူးတွေးခေါ်မှုများ ပေါ်ပေါက်လာကြပေသည်။

လူ၏ လှုပ်ရှားဆောင်ရွက်ချက်အသွင်သဏ္ဌာန်များနှင့် အရာဝတ္ထုများ၏ အသွင်သဏ္ဌာန်များသည် ကျွန်ုပ်တို့၏ သိမှုမြင်မှုထဲသို့ ဝင်ရောက်လာကာ ထိုမှတဆင့် ကျွန်ုပ်တို့၏ စိတ်ကူးတွေးခေါ်မှုထဲသို့ သွား၍ အရောင်ရိုက်ခတ်ကြသည်။ ယင်းသို့ အရောင်ရိုက်ခတ်သဖြင့် ပထမဆုံးပေါ်လာသည့် စိတ်ကူးတွေးခေါ်မှုများသည်ကား လူ့အတွေးအခေါ်၏ အခြေခံပေတည်း။ လူသည် ထိုစိတ်ကူးတွေးခေါ်မှုများကို စကားလုံးများဖြင့် ဖော်ပြကာ တစ်ဦးကိုတစ်ဦး နားလည်အောင် ဆက်သွယ်လာခဲ့ကြခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့၌ ယင်းသို့သော စိတ်ကူးတွေးခေါ်မှုများ များစွာရှိပေသည်။ ထိုစိတ်ကူးတွေးခေါ်မှုများ ရှိသဖြင့်သာ ကျွန်ုပ်တို့သည် လူအချင်းချင်း ပေါင်းသင်းဆက်ဆံနိုင်ကြခြင်းဖြစ်ပေသည်။ ကလေးသည် စကားပြောတတ်လာစ၊ မှတ်ဉာဏ်ကို သုံးတတ်လာကာစအရွယ်သို့ ရောက်လာသည်တွင် အရာဝတ္ထုများကို မှတ်ဉာဏ်ဖြင့်မှတ်ပြီးနောက် စကားဖြင့် ခေါ်ဝေါ်စပြုလာပေသည်။

သို့ဖြင့် စိတ်ကူးတွေးခေါ်မှုများသည် လူမှုဆက်သွယ်ရေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ပေသည်။ ကုန်လုပ်ရေးဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ ယေဘုယျဆိုရလျှင် လူမှုဆက်ဆံရေးနှင့် လူမှုဆောင်ရွက်ချက်များ ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ စိတ်ကူးတွေးခေါ်မှုများသည်လည်း ဖြစ်ပေါ်တိုးတက်လာခဲ့ကြပေသည်။ အစပထမတွင် လူသည် မိမိ၏ လူမှုဘဝ၊ ကမ္ဘာလောကကြီး စသည်တို့နှင့်ပတ်သက်၍ စိတ်ကူးတွေးခေါ်မှုများကို ပြုလုပ်၏။ ပြင်ပ၌ မြင်ရသော အရာဝတ္ထုများနှင့်ပတ်သက်၍ စိတ်ကူးတွေးခေါ်မှုများကို ပြုလုပ်ဖန်တီး၏။ နောက်၌ လူအချင်းချင်း ဆက်ဆံရေး၊ လူနှင့် သဘာဝဆက်ဆံရေးတို့မှ ရရှိလာသော အတွေ့အကြုံများအရ ကောင်းသည်၊ ဆိုးသည်၊ ပူသည်၊ အေးသည် စသော ရုပ်ဝတ္ထုမဲ့ တွေးခေါ်မှုများကို ပြုလုပ်လာကြခြင်းဖြစ်သည်။ ယင်းတို့ကို *''စိတ္တဇဆန်သော တွေးခေါ်မှု''*ဟု ခေါ်ခြင်းဖြစ်ပေသည်။ အဓိပ္ပာယ်ကား တွေးခေါ်မှုကိစ္စ၌ ရုပ်ဝတ္ထုကို အစွဲပြုမှုနည်းပါးလာသည်အတွက် ၎င်းကို စိတ္တဇဆန်သည်ဟု ဆိုလိုက်ခြင်းဖြစ်ပေသည်။

## စိတ္တဇဆန်သောတွေးခေါ်မှုများ၏မူလအစ

စိတ္တဇဆန်သော တွေးခေါ်မှုအားလုံးသည် ရုပ်ကမ္ဘာလောကကြီးတွင်ရှိသော အတွေ့အကြုံများမှတဆင့် ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ လူနှင့် အရာဝတ္ထု ဆက်ဆံရေး၊ လူလူချင်း ဆက်ဆံရေးထဲတွင်ရှိသော အတွေ့အကြုံများမှတဆင့် ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ လူသည် အခြားလူနှင့် ဆက်ဆံရာမှငင်း၊ သဘာဝနှင့် ဆက်ဆံရာမှငင်း၊ အတွေ့အကြုံများကို ရရှိလာခဲ့ကာ ထိုအတွေ့အကြုံများကို အခြေခံ၍ ရုပ်ဝတ္ထုမဲ့သော (စိတ္တဇဆန်သော) တွေးခေါ်မှုများကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပေသည်။ တဖန် ထိုရုပ်ဝတ္ထုမဲ့သော (စိတ္တဇဆန်သော) တွေးခေါ်မှုများသည်ပင် လူအချင်းချင်း ဆက်သွယ်မှုကို ဖြစ်ပေါ်တိုးတက်စေပြန်သည်။

ရုပ်ဝတ္ထုမဲ့သော (စိတ္တဇဆန်သော) တွေးခေါ်မှုများ ဖြစ်ပေါ်တိုးတက်ပုံ အကြောင်းရင်းတစ်ရပ်မှာ လူများ၏ လူမှုဆက်ဆံရေး ဖြစ်ပေါ်တိုးတက်လာမှု ဖြစ်သည်။ ဥပမာအားဖြင့် ရှေးဟောင်းမျိုးတူစု လူ့အဖွဲ့အစည်း၌ လက်ထပ်ထိမ်းမြားရေးနှင့်စပ်လျဉ်း၍ ရှုပ်ထွေးသော စည်းကမ်းများရှိ၏။ ဘယ်သူက ဘယ်အမျိုးထဲတွင်ပါတယ်ဟူသော သတ်မှတ်ချက်များ ရှိ၏။ ဘယ်သူဟာ ဘာလုပ်ရမည်ဟူသော သတ်မှတ်ချက်များရှိ၏။ ဘယ်သူဟာ ဘာလုပ်ရမည်ဟူသော ကျင့်ဝတ်များရှိ၏။ သို့ဖြင့် ရှေးဟောင်းမျိုးတူစုလူ့အဖွဲ့အစည်း၌ ယင်းသို့သောသတ်မှတ်ချက်များသည် လူမှုဆက်ဆံရေးနှင့်ပတ်သက်သည့် ရုပ်ဝတ္ထုမဲ့သော(စိတ္တဇဆန်သော) တွေးခေါ် မှုများကို ပေါ်ပေါက်စေပေသည်။ နောက်၌ လူမှုအဆင့်အတန်းသတ်မှတ်ချက်အကြီး အကဲဖြစ်ခြင်း စသည်တို့နှင့်ပတ်သက်သော တွေးခေါ်မှုများ ပေါ်ပေါက်လာသည်။ ပစ္စည်းပိုင်ဆိုင်မှု ဖြစ်ပေါ်တိုးတက်လာသည့်အတွက် ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးနှင့် ပတ်သက်သော စိတ်ကူးတွေးခေါ်မှုများလည်း ပေါ်ပေါက်လာပေသည်။

ဥပမာအားဖြင့် အချို့လူများသည် မြေယာများကို ပိုင်ဆိုင်လာကြသည်။ ထို့ကြောင့် မြေရှင်တွေးခေါ်မှုများ ပေါ်ပေါက်လာကြကာ မြေရှင်ဝတ္တရား၊ မြေရှင်အခွင့်အရေး၊ မြေရှင်အကျိုးခံစားခွင့် စသည်တို့နှင့်ပတ်သက်သော တွေးခေါ်မှုများလည်း ပေါ်ပေါက်လာကြလေသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် ယင်းသို့သော တွေးခေါ်မှုများသည် စိတ္တဇဆန်သော တွေးခေါ်မှုများသာ ဖြစ်ကြပေသည်။ ၎င်းတို့သည် အာရုံဖြင့် တိုက်ရိုက်သိမြင်ခံစားနိုင်သော အရာဝတ္ထုများကို အစွဲပြု၍ ပေါ်ပေါက်လာကြခြင်း မဟုတ်ပေ။ လယ်မြေတစ်ကွက်နှင့်ပတ်သက်သော တွေးခေါ်





မြော်မြင်မှုသည် လယ်မြေကွက်ကို အစွဲပြု၍ ဖြစ်ပေါ်သော တွေးခေါ်မြော်မြင်မှု ဖြစ်သဖြင့် ခိုင်မာ၏။ တိကျ၏။ သို့ရာတွင် ထိုလယ်မြေတစ်ကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်သော တွေးခေါ်မြော်မြင်မှုကား ရုပ်ဝတ္ထုကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ ပိုင်ဆိုင်မှုကို အစွဲပြု၍ ဖြစ်ပေါ်လာသည့်အတွက် စိတ္တဇဆန်ပေသည်။ အငှားတူပင် လယ်ယာမှ ထွက်သောစပါးသည် လုပ်ကိုင်ရ၍ သိနိုင်မြင်နိုင်သော အမှန်တရားဖြစ်၏။ သို့ရာတွင် ထိုစပါးကို မြေရှင်က ပိုင်ရမည်ဆိုသောအချက်ကား မြင်နိုင်၊ လုပ်ကိုင်နိုင်သော အရာမဟုတ်ပေ။ ထို့ကြောင့် ၎င်းသည် စိတ္တဇဆန်ပေသည်။ သို့ရာတွင် ယင်းသို့သော စိတ္တဇဆန်သည့် တွေးခေါ်မှုများသည် အဟုတ်တကယ်ရှိသောအရာများက လူ၏ စိတ်ကူးထဲတွင်လာ၍ အရောင်ဟပ်ခြင်းသာဖြစ်သည်။ ကုန်လုပ်ရေးဖြစ်စဉ် ပြောင်းလဲမှုတွင် ပေါ်ပေါက်ခဲ့ကြသော ကုန်လုပ်ဆက်ဆံရေးများသာ ဖြစ်ပေသည်။

လူသည် ပြင်ပသဘာဝကို ရင်ဆိုင်လာရသောအခါ သဘာဝ၏ အန္တရာယ်ကို ခုခံရန်အတွက် လှုပ်ရှားဆောင်ရွက်ချက်များကို ပြုလုပ်လာရသည်။ ဤအချက်များပေါ်တွင် တည်၍ စိတ္တဇဆန်သော တွေးခေါ်မှုများ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ သို့ရာတွင် လူသည် အရာဝတ္ထုများ၏ ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေပုံများ၏ အကြောင်းရင်းကို ပြီးပြည့်စုံစွာ နားလည်သည် မဟုတ်ပေ။ အရာဝတ္ထုများ၊ ဖြစ်စဉ်များသည် ဘာကြောင့်ရွေ့လျားပြောင်းလဲနေသည်ကို ကောင်းစွာမသိပေ။ ဤအခါ၌ ယင်းသို့ပြောင်းလဲရခြင်းမှာ မမြင်ရသော တန်ခိုးရှင်များက ဖန်ဆင်းသဖြင့် ယခုကဲ့သို့ ပြောင်းလဲနေရခြင်းဖြစ်သည်ဟု ယူဆလာကြသည်။ ထိုတန်ခိုးရှင်ကို မျက်စိဖြင့်လည်း မမြင်နိုင်၊ လက်ဖြင့်လည်း ဖမ်းဆုပ်မရနိုင်ဟု ယူဆလာကြသည်။ အိန္ဒိယလူနီမျိုးများက ယင်းသို့ လူ၊ အရာဝတ္ထုနှင့် ဖြစ်စဉ်များကို ဖန်တီးနေသူသည် ဝါကန်ဒါဟုခေါ်သော တန်ခိုးရှင်ဖြစ်ကြောင်း ယခုထက်တိုင် ယူဆနေကြသည်။ ၎င်းတို့က ဝါကန်ဒါမည်သော တန်ခိုးရှင်ကို လူတို့၏ မျက်စိဖြင့် မြင်နိုင်စွမ်းမရှိဟု ဆိုကြသည်။ ဘာသာရေးသည် ယင်းသို့သော မမြင်နိုင်သောတန်ခိုးရှင်ကို ယုံကြည်မှုဟူသော စိတ္တဇဆန်သည့် တွေးခေါ်မှုမှ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

## ကာယအလုပ်နှင့်ဉာဏအလုပ်တို့ပေါ်ပေါက်လာပုံ

သို့ဖြစ်ရကား ဖော်ပြပါအချက်တို့ကို ကြည့်ခြင်းအားဖြင့် စိတ္တဇဆန်သော တွေးခေါ်မှုများသည် လူမှုဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်

သည်ကို သိနိုင်ပေသည်။ မာ့က်စ်နှင့် အိန်ဂျဲလ်စ်တို့ကမူ စိတ္တဇဆန်သော တွေးခေါ်မှုများ ဖြစ်ပေါ်တိုးတက်လာပုံသည် အလုပ်တာဝန်ခွဲဝေမှုဟူသော အခြေခံ လူမှုဖြစ်စဉ်အရ ပေါ်ပေါက်လာသည်ဟု ယူဆပေသည်။

မည်သို့သော စိတ္တဇဆန်သည့် တွေးခေါ်မှုမျိုးပင်ဖြစ်စေ၊ ၎င်းသည် လူ၏ ကုန်လုပ်ရေးစွမ်းအားနှင့် လူမှုဆက်ဆံရေးများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် စိတ္တဇဆန်သည့်တွေးခေါ်မှုများသည် အလုပ်တာဝန်ခွဲဝေခြင်းသဘောကိုလည်း ဖြစ်ပေါ်ပေသည်။ အလုပ်တာဝန်ခွဲဝေမှုပေါ်ပေါက်လာသည်တွင် ယခင်က အတူ ဝိုင်းဝန်းလုပ်ခဲ့ကြသော ကုန်လုပ်ရေးအစု သို့မဟုတ် ကုန်လုပ်ရေးအုပ်စုသည် ကွဲပြားသွားကာ တစ်ဦးစီ တာဝန်ခွဲဝေသောသဘောကို ဖြစ်ပေါ်စေခဲ့သည်။ ဤသည်နှင့်တပြိုင်နက် စိတ္တဇဆန်သော တွေးခေါ်မှုများကို ပေါ်ပေါက်စေသည့် လှုပ်ရှားဆောင်ရွက်ချက်များ၊ ဆက်ဆံရေးများကို ဖြစ်ပေါ်လာစေခဲ့ပေသည်။ တစ်ဦးချင်း အလုပ်တာဝန်ခွဲဝေမှုပေါ်လာသည်တွင် ''အုပ်စု''စိတ်ထားလည်း ပျောက်ကွယ်သွားကာ တစ်ဦးချင်းတွေးခေါ်မှုကို ဖြစ်ပေါ်စေခဲ့ပေသည်။

''*စိတ္တဇဆန်သော တွေးခေါ်မှုများ ပေါ်ပေါက်လာသည်နှင့် ဉာဏအလုပ်နှင့် ကာယအလုပ်ဟူ၍လည်း ကွဲပြား၍ထွက်ပေါ်လာလေတော့သည်။ ထို့ကြောင့် ပညာရှိနှင့် ပညာမဲ့ အကြီးအကဲနှင့် လက်အောက်ခံဟူ၍ ပေါ်လာ လေတော့သည်။ ဤအခါတွင် ပညာရှိနှင့် အကြီးအကဲတို့သည် တွေးခေါ်မှုများကို ပြုလုပ်လာကြကာ တဖြည်းဖြည်း ပြန့်ပွားတိုးတက်လာစေခဲ့လေသည်။ တွေးခေါ်မှုများကို ပြုလုပ်ခြင်းသည် လူမှုဘဝနှင့် ခွဲခြား၍မရသော အသွင်သဏ္ဍာန်တစ်ခု ဖြစ်လာလေသည်။ တွေးခေါ်မှုမရှိဘဲ အလုပ်တာဝန်ခွဲဝေမှုမရှိနိုင်ပေ။ တွေးခေါ်မှုမရှိဘဲ ကုန်လုပ်ရေးဖြစ်စဉ်များနှင့် လူမှုဆက်ဆံရေးများ ဖြစ်ပေါ်မလာနိုင်ပေ။ ထို့ကြောင့် ''ကာယအလုပ်နှင့် ဉာဏအလုပ်တို့ ကွဲပြားလာသောအခါတွင် အလုပ် တာဝန်ခွဲဝေမှုသည်လည်း ပေါ်ပေါက်လာလေတော့သည်''*ဟု မာ့က်စ်နှင့် အိန်ဂျဲလ်စ်တို့က ပြောခဲ့ခြင်းဖြစ်ပေသည်။

ယေဘုယျဆိုရလျှင် စိတ္တဇဆန်သော တွေးခေါ်မှုများသည် လူမှုလိုအပ်ချက်အသစ်များနှင့်အညီ ပေါ်ထွက်လာကြခြင်းဖြစ်ပေသည်။ ဤသည်နှင့်တပြိုင်တည်းမှာပင် တွေးခေါ်မှုများ၏ ဖြစ်ပေါ်တိုးတက်မှုသည် လူမှုလှုပ်ရှားဆောင်ရွက်ချက်၏ ထူးခြားသော အသွင်တစ်ရပ်ဖြစ်လာလေသည်။ အလုပ်တာဝန်ခွဲဝေမှု၏ ထူးခြားသောအစိတ်အပိုင်းတစ်ခု ဖြစ်လာလေသည်။





စိတ္တဇဆန်သော တွေးခေါ်မှုများသည် ဤနည်းလမ်းဖြင့် ပေါ်ပေါက်လာခဲ့ကြပြီးနောက် လူတို့က ထိုစိတ္တဇဆန်သော တွေးခေါ်မှုများကို စကားလုံးများဖြင့် တစ်ဦးမှတစ်ဦးသို့ ထုတ်ဖော်ပြောဆိုလာကြသည်။ သို့ရာတွင် စိတ္တဇဆန်သော တွေးခေါ်မှုကိုဖော်ပြသည့် စကားလုံးများသည် ရုပ်ကမ္ဘာလောကကြီး၌ တကယ်ရှိ၊ အဟုတ်ရှိသော အရာဝတ္ထုများကို ရည်ညွှန်းပြောဆိုခြင်းမပြုတော့ဘဲ သိမှု၊ မြင်မှုအာရုံထဲသို့လာ၍ အရောင်ရိုက်ခတ်သည့် ရုပ်ကမ္ဘာလောကကြီး၏ အရိပ်ထင်မှုများကိုသာ ရည်ညွှန်းပြောဆိုခြင်းပြုလေသည်။ ဤသည်နှင့်တပြိုင်နက် သဘာဝမဟုတ်သောအရာများ၊ မြင်နိုင်စွမ်းမရှိသောအရာများအား သက်ဝင်ယုံကြည်စိတ်တို့ ပေါ်ပေါက်လာလေတော့သည်။ စိတ္တဇဆန်သော တွေးခေါ်မှုကို လက်ခံယုံကြည်သူများက တွေးခေါ်မှုဟူသည် အဟုတ်ရှိ၊ တကယ်ရှိသော အရာဝတ္ထုများ၊ တွေ့နိုင်၊ မြင်နိုင်၊ ထိနိုင်သော ရုပ်အရာဝတ္ထုများနှင့်မဆိုင်၊ ထိုအဟုတ်ရှိ၊ တကယ်ရှိသော ရုပ်အရာဝတ္ထုများနှင့် သီးခြားကင်းလွတ်တည်နေသည့် သိနားလည် ရခက်သော တန်ခိုးရှင်များနှင့်သာ သက်ဆိုင်သည်ဟု ယူဆလာကြလေသည်။ အထက်လမ်းဆရာများ၊ အောက်လမ်းဆရာများ၊ ဘာသာရေးသမားများသည် ယင်းသို့သော အယူအဆများ၊ ဩဝါဒများကို ဖြန့်ချိခဲ့ကြလေသည်။

သို့ဖြစ်လျှင် စိတ္တဇဆန်သော တွေးခေါ်မှုဟူသည် အဘယ်နည်း။ စိတ္တဇဆန်သော တွေးခေါ်မှုသည် မြင်နိုင်၊ ထိနိုင်၊ သိနိုင်သော အရာဝတ္ထုများနှင့် တိုက်ရိုက်ဆက်သွယ်နေခြင်းမရှိသော တွေးခေါ်မှုပင်ဖြစ်သည်။ လက်တွေ့စမ်းသပ်နိုင်သော၊ အတွေ့အကြုံဖြင့် စစ်ဆေးနိုင်သော အရာတို့မှ သီးခြားကင်းလွတ်ကာ သာမန်မျက်စိဖြင့်သာ မြင်နိုင်သောအရာများကို ဆိုလိုခြင်းဖြစ်၏။ ဤသည်နှင့် ပတ်သက်၍ လီနင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> ''*တစ်စုံတစ်ခုသော အရာဝတ္ထုတစ်ခုအား စိတ်စေတသိတ် စသည်တို့က ကြည့်ရှုပုံသည် အသက်မဲ့သောမှန်တွင် အရိပ်ထင်သကဲ့သို့ တိုက်ရိုက်ကျသော ကြည့်ရှုပုံမျိုး မဟုတ်ပေ။ စိတ်စေတသိတ်၏ ကြည့်ရှုနည်းသည် ရှုပ်ထွေးဆန်းကျယ်ပေသည်။ အကွေ့အကောက်များလှပေသည်။ စိတ်ကူးကို တကယ့်အမှန်တရားမှ ထွက်ပြေးစေသော ကြည့်ရှုပုံမျိုး ဖြစ်ပေသည်။ သို့ဖြင့် စိတ္တဇဆန်သော တွေးခေါ်မှုသည် ဆန်းကျယ်သောစိတ်ကူးအဖြစ်သို့ တဖြည်းဖြည်းရောက်ရှိလာသည်။ ရှည်ကြာလာသောအခါတွင်*

*ထာဝရဘုရားသခင်အား သက်ဝင်ယုံကြည်စိတ်အဖြစ်သို့ ရောက်ရှိလာပေသည်။ အဘယ်ကြောင့်ဆိုသော် သမာန်အကျဆုံး၊ အခြေခံအကျဆုံး သော တွေးခေါ်မှုသည်ပင် ဆန်းကျယ်သောစိတ်ကူး၏ အစိတ်အပိုင်းတစ်ခုဖြစ်နေသောကြောင့်ပေတည်း။''*

ဉာဏအလုပ်သည် ကာယအလုပ်နှင့် ဝေးလာသည်နှင့်အမျှ သဘောတရားဆိုင်ရာဆောင်ရွက်ချက်သည် လက်တွေ့ဆောင်ရွက်ချက်နှင့် ဝေးလာသည်နှင့်အမျှ စိတ္တဇဆန်သော တွေးခေါ်မှုသည်လည်း တကယ့်အမှန်တရားနှင့် တဖြည်းဖြည်းဝေးလာလိမ့်မည်ဖြစ်ပေသည်။ စိတ္တဇဆန်သော တွေးခေါ်မှုများ ဖြစ်ပေါ်တိုးတက်လာသည်တွင် တွေးကြံမှုသည်လည်း တကယ့်ရုပ်ဝတ္ထုများနှင့် တဖြည်းဖြည်းဝေးလာလိမ့်မည်ဖြစ်ပေသည်။ ထိုအခါ၌ ကျွန်ုပ်တို့တွေးသမျှ၊ ကြံသမျှတို့သည် ကျွန်ုပ်တို့မြင်သမျှ၊ တွေ့သမျှနှင့် တဖြည်းဖြည်း ဝေးလာလိမ့်မည်ဖြစ်ပေသည်။ ဤသည်ကို မာ့က်စ်နှင့် အိန်ဂျဲလ်စ်တို့က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"ဤသည်နှင့်တပြိုင်နက် သိစိတ်သည် တည်ရှိနေသော အတွေ့အကြုံ၏ သိစိတ်မဟုတ်တော့ဘဲ အာရုံဖြင့် အဟုတ်တကယ်ခံစားသိမြင်နိုင်ခြင်းမရှိသော အရာများကိုသာ ဖော်ပြသော သိစိတ်ဖြစ်လာလေတော့သည်။ ထိုအချိန်မှစ၍ သိစိတ်သည် ကမ္ဘာလောကကြီးနှင့်ကင်းလွတ်ကာ သဘောတရားသက်သက်၊ ဘာသာရေးသက်သက်၊ အဘိဓမ္မာသက်သက်၊ လူမှုကျင့်ဝတ်သက်သက်မျှသာဖြစ်လာလေတော့သည်။''*

တွေးတတ်၊ကြံတတ်လာပုံ

ဉာဏအလုပ်ကို ကာယအလုပ်နှင့် တွဲစပ်ပေးခြင်းမရှိဘဲ သီးသန့်ခွဲခြားပစ်လိုက်သည်နှင့် စိတ္တဇဆန်သော တွေးခေါ်မှုများ ပေါ်ပေါက်လာတတ်ကြ၏။ စိတ္တဇဆန်သော တွေးခေါ်မှုတွင် အောက်ပါအချက်ကြီးနှစ်ချက် အကျုံးဝင်ကြသည်။ ၎င်းတို့ကား (၁) လူ့ဘဝတည်ရှိမှုအခြေအနေများနှင့် အရာဝတ္ထုများ၏ တကယ့်ဆက်သွယ်မှုများကို လေးနက်စွာ စူးစမ်းဖော်ပြခြင်း၊ (၂) အထူးထူးသော စိတ်ကူးဆန်းကျယ်မှုများနှင့် အသိအမြင်တိုးပွားမှုများကို ဖြစ်စေခြင်းတို့ဖြစ်သည်။

စိတ္တဇဆန်သော တွေးခေါ်မှုများ၌ ယင်းသို့အချက်ကြီးနှစ်ချက် ပါဝင်နေသော်လည်း ထိုအချက်ကြီးနှစ်ချက်သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင် ပဋိပက္ခဖြစ်သော





အချက်ကြီးနှစ်ချက်ဖြစ်ကြသည်။ ခြုံ၍ဆိုရလျှင် အသိဉာဏ်ပညာဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်ကြီးတစ်ရပ်လုံး၌ ပဋိပက္ခဖြစ်လျက်ရှိသော အချက်များပါဝင်နေကြသည်။ တစ်ဘက်၌ အမှန်တရားနှင့် ဆက်သွယ်ရင်းနှီးနေသောကြောင့် သဘာဝ၊ လူ့အဖွဲ့အစည်း၊ လူနှင့် သဘာဝ၏ ဆက်ဆံရေး စသည့်ကိစ္စရပ်များကို တကယ် နားလည်သိရှိလာခဲ့သည်။ ၎င်းတို့နှင့်ပတ်သက်သော စစ်မှန်သည့် တွေးခေါ်မှုများ၊ စစ်မှန်သော အသိပညာများ ပေါ်ပေါက်လာခဲ့သည်။ အခြားတစ်ဖက်၌ လွဲမှားသော တွေးခေါ်မှုများလည်း ပေါ်ပေါက်လာကြသည်။ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်လာသည်၌ လူသည်လည်း သူနေထိုင်သော ကမ္ဘာလောကကြီးကို၎င်း၊ သူ့အကြောင်းကို၎င်း၊ တွေးခေါ်သိမြင်ရာ၌ လွဲမှားစွာ တွေးခေါ်လာလေတော့သည်။ တပြိုင်တည်းမှာပင် လူ့အဖွဲ့အစည်းရောက်ရှိနေသည့် ခေတ်ကာလသည်လည်း လူ၏အသိ ဉာဏ်ပညာ ထုတ်လုပ်ရေးကို လွှမ်းမိုးချယ်လှယ်လာလေတော့သည်။

ဤသည်မှစ၍ ရုပ်ဝါဒသမားနှင့် စိတ်ဝါဒသမားတို့၏ နိမိတ်များသည် အတိုက်အခံဖြစ်လာကြလေသည်။ ဤသို့ အမှန်ကို အမှန်ဟုသိခြင်း၊ အမှန်ကို အမှားဟုလွဲ၍သိခြင်း စသဖြင့် ကွဲပြားလာသည့်အချိန်မှစ၍ အတွေးအခေါ်၏ ဖြစ်စဉ်တွင် ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲလာလေတော့သည်။

ရုပ်ဝါဒသမား၏ နိမိတ်(အမှန်ကို အမှန်ဟုတွေးခြင်း)နှင့် စိတ်ဝါဒသမား၏ နိမိတ် (အမှန်ကို အမှားဟုထင်ခြင်း) တို့၏ ပဋိပက္ခသည် အခြေခံပဋိပက္ခဖြစ်လာပေသည်။ စိတ္တဇဆန်စွာ တွေးခေါ်လာသည်နှင့်တပြိုင်နက် ၎င်းသည် ရုပ်ကျသော တွေးခေါ်မှုနှင့် ပဋိပက္ခဖြစ်လာပေသည်။ ဉာဏအလုပ်ကို ကာယအလုပ်မှ ခွဲထုတ်လိုက်သည်နှင့် ရုပ်ကျသော တွေးခေါ်မှုနှင့် စိတ်ဆန်သော တွေးခေါ်မှု၏ ပဋိပက္ခသည် ပေါ်ပေါက်လာလေတော့သည်။

ယင်းသို့ဖြင့် စိတ်ဆန်သောတွေးခေါ်မှုနှင့် ရုပ်ကျသော တွေးခေါ်မှုတို့၏ တိုက်ပွဲသည် ရှေးပဝေဏီကစ၍ ယခုထက်တိုင် ပေါ်ပေါက်လျက်ရှိပေသည်။ စိတ်ဆန်သော တွေးခေါ်မှုသည် မသိနားမလည်မှုနှင့် ဥပါဒါန်စွဲလမ်းမှုများကို ကိုယ်စားပြုသည်။ ရုပ်ကျသောတွေးခေါ်မှုကား အသိပညာနှင့် ဉာဏ်အလင်းရောင်တို့ ကိုယ်စားပြုပေသည်။

※ ※ ※

## အခန်း (၆)
## ဝါဒသဘောတရား

လူမှုဖြစ်ပေါ်တိုးတက်ရေးလမ်းကြောင်းတစ်လျှောက်၌ အသီးသီးသော လူမှုအစုကလေးများသည် အယူဝါဒများ၊ ရှုမြင်ချက်များကို ထူထောင်ဖန်တီးကြသည်။ ဤရှုမြင်ချက်များ၊ ဝါဒသဘောတရားများကို ရှင်းလင်းဖွင့်ဆိုသည့် အခါတွင် စိတ္တဇဆန်သော တွေးခေါ်မှုများကို အသုံးပြုကြသည်။ ဝါဒသဘောတရားဖြစ်ပေါ်တိုးတက်မှုသည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝဖြစ်ပေါ်တိုးတက်မှုကို အမှီသဟဲပြုနေသည်။ အသီးသီးသော ဝါဒသဘောတရားများသည် လူတန်းစားအကျိုးစီးပွားများကို အကျိုးပြုကြသည်။ အသညာဏ်ပညာဆိုင်ရာ လိုအပ်ချက်များကြောင့်လည်း ဝါဒသဘောတရားများကို တီထွင်လာကြသည်။ သို့ဖြင့် ဝါဒသဘောတရားဖြစ်ပေါ် တိုးတက်မှု၌ ပဋိပက္ခများပေါ်လာကြသည်။ အယူဝါဒအသီးသီး၌ အမှားနှင့် အမှန်သည် ဒွန်တွဲတည်ရှိနေကြသည်။

### ဝါဒသဘောတရားများပေါ်ပေါက်လာပုံ

လူ့အဖွဲ့အစည်း တဖြည်းဖြည်းဖြစ်ပေါ်တိုးတက်လာသည်တွင် ရှုမြင်ချက်များ၊ သဘောတရားများ၊ သြဝါဒများလည်း အသီးသီးပေါ်ပေါက်လာကြသည်။ စနစ်ကျသည်လည်းရှိ၍ စနစ်မကျသည်လည်း များစွာရှိ၏။ ယင်းသို့သော သဘောတရားရှုမြင်ချက်များ၊ သြဝါဒများကို အကျယ်ရှင်းလင်းဖွင့်ဆိုရန်အတွက် စိတ္တဇဆန်သောတွေးခေါ်မှုများကို အသုံးပြုလာကြလေသည်။ ယေဘုယျရှုမြင်ချက်များ၊ တွေးကြံ





မှုများ၊ စိတ္တဇဆန်သော တွေးခေါ်မြော်မြင်ရေးစနစ်များသည် ယင်းသို့ဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏အမြင် ဖြစ်လာတတ်သည်။ သို့မဟုတ် လူတစ်စု၊ အစိတ်အပိုင်းတစ်ပိုင်း၏ အမြင်ဖြစ်လာတတ်သည်။

လူ့အဖွဲ့အစည်းတစ်ခု၏ ရှုမြင်ချက်နှင့် အခြားလူ့အဖွဲ့အစည်းတစ်ခု၏ ရှုမြင်ချက်များသည် လုံးဝဥဿုံ မတူကြပေ။ အလားတူပင် လူမှုဖြစ်ပေါ်တိုးတက်မှုခေတ်ကာလတစ်ခု၏ ရှုမြင်ချက်နှင့် အခြားခေတ်ကာလတစ်ခု၏ ရှုမြင်ချက်များသည် မတူကြပေ။ ခေတ်ကာတစ်ခု၌ ၎င်း၏ နိုင်ငံရေးရှုမြင်ချက်၊ လူ့ကျင့်ဝတ်ဆိုင်ရာ ရှုမြင်ချက်၊ တရားဥပဒေဆိုင်ရာ ရှုမြင်ချက်၊ ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ ရှုမြင်ချက်၊ အဘိဓမ္မာဆိုင်ရာ ရှုမြင်ချက်များ ရှိကြပေသည်။ ဤရှုမြင်ချက်များသည် လူမှုအတွေးအခေါ်တွင် ဝင်ရောက်ကိန်းဝပ်နေကြကာ၊ တသီးပုဂ္ဂလများ၏ အတွေးအခေါ်များကို ပုံသွင်းလွှမ်းမိုးနေကြပေသည်။

ဥပမာအားဖြင့် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုနှင့် အစိုးရဟူ၍ ပေါ်ပေါက်လာပြီးသည့်နောက်တွင် တရားဥပဒေဆိုင်ရာ''ပိုင်ခွင့်''များ၊ နိုင်ငံရေးပိုင်ခွင့်များနှင့်ပတ်သက်သည့် စိတ္တဇဆန်သော တွေးခေါ်မှုများသည်လည်း ပေါ်ပေါက်လာကြပေသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုကိုလိုက်၍ ပိုင်ခွင့်နှင့်ပတ်သက်သော ရှုမြင်ချက်များလည်း အထိုက်အလျောက် ကွဲပြားခြားနားလာကြလေသည်။ ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်းတွေးခေါ်မှုအရဆိုလျှင် ကျေးကျွန်များ၌ မည်သည့် ပိုင်ခွင့်မျှ မရှိကြပေ။ မြေရှင်ပဒေသရာဇ် လူ့အဖွဲ့အစည်း တွေးခေါ်မှုအရဆိုလျှင်ကား လူတိုင်း၌ ပိုင်ခွင့်များရှိသည်ဟု ယူဆပေသည်။ သို့ရာတွင် ပိုင်ခွင့်ပုံသဏ္ဌာန်သည် မြေရှင်ပဒေသရာဇ်စနစ်အတွင်းတွင်နေထိုင်သည့် အဆင့်အတန်း အရသာရှိရမည်ဟု ဆိုကြသည်။ ထို့ကြောင့် မြေကျွန်တစ်ယောက်၏ ပိုင်ခွင့်သည် မြေရှင်ပဒေသရာဇ်တစ်ယောက်၏ ပိုင်ခွင့်နှင့် တူညီခြင်းမရှိနိုင်ဟု ယူဆကြပေသည်။ အရင်းရှင်စနစ်ပေါ်ပေါက်လာသည့်အခါတွင်မူကား ''လူ၏ ပိုင်ခွင့်'' ဟူသော အယူအဆပေါ်ပေါက်လာလေသည်။ ၎င်းအယူအဆအရဆိုလျှင် လူတိုင်း၌ တန်းတူညီမျှသော ပိုင်ခွင့်များရှိသည်ဟု ယူဆပေသည်။

ယင်းသို့ဖြင့် အသီးသီးသော လူမှုအစုကလေးများက ၎င်းတို့၏ လူမှုဇာစ်မြစ်အရ ပြုလုပ်သည့် ရှုမြင်ချက်များကို အယူဝါဒများဟု ခေါ်ပေသည်။ ထိုအယူဝါဒများ တိုးတက်ပြန့်ပွားလာခြင်းကို အယူဝါဒဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုဟု ခေါ်ပေသည်။

အယူဝါဒဆိုင်ရာဖြစ်ပေါ်တိုးတက်မှု၏ရုပ်ကျသောအခြေခံ

အဓိကအားဖြင့် အယူဝါဒသည် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ပစ္စည်းမဟုတ်။ အများ၏ ဘုံပိုင်ပစ္စည်းဖြစ်ပေသည်။ ထို့ကြောင့် အယူဝါဒ၏ ဖြစ်ပေါ်တိုးတက်မှုကို လေ့လာခြင်းသည် လူများ၏ တွေးခေါ်မှုများကို လေ့လာခြင်းဖြစ်ပေသည်။ လူတစ်ဦးတစ်ယောက်၏စိတ်ထဲတွင် တွေးခေါ်မှုများ ဘယ်လိုပေါ်ပေါက်လာသည်ကို ကြည့်မြင်ခြင်းမဟုတ်ဘဲ၊ လူအားလုံး၏ လူမှုဖြစ်ပေါ်တိုးတက်မှုတွင် တွေးခေါ်မှုရေစီးကြောင်းကြီး ဘယ်လိုစီးဆင်းလာသည်ကို ကြည့်မြင်ခြင်းဖြစ်ပေသည်။ အယူဝါဒများကို ဖြစ်ပေါ်တက်လာစေရာတွင် တသီးပုဂ္ဂလများသည်လည်း သူတို့အစွမ်းအလျောက်၊ သူတို့ပတ်ဝန်းကျင်အလျောက်၊ တစ်ဦးချင်းပါဝင်ကူညီခဲ့ကြခြင်းမျိုးမရှိမဟုတ် ရှိပေသည်။ သို့ရာတွင် ထိုတစ်ဦးချင်း ပုဂ္ဂိုလ်များ၏ တွေးခေါ်ရှုမြင်ချက်များသည်လည်း လူ့အဖွဲ့အစည်းတွင် ထိုခေတ်ထိုအခါက ပေါ်ပေါက်နေသော ယေဘုယျတွေးခေါ်ရှုမြင်ချက်များကို အမှီသဟဲပြု၍ ပေါ်ပေါက်လာရခြင်းဖြစ်လေသည်။ တစ်ဖန် ထိုတစ်ဦးချင်းပုဂ္ဂိုလ်များ၏ တွေးခေါ်ရှုမြင်ချက်များသည်လည်း လူ့အဖွဲ့အစည်း၏ ယေဘုယျတွေးခေါ်ရှုမြင်ချက်များ ဖြစ်လာကြပြန်သည်။ သို့ဖြစ်ရကား တစ်ဦးချင်း၏ သီးခြားတွေးခေါ်ရှုမြင်ချက်များနှင့် လူ့အဖွဲ့အစည်း၏ တွေးခေါ်ရှုမြင်ချက်များသည် တစ်ခုကိုတစ်ခု အမှီသဟဲပြုကာ အပြန်အလှန် ကျေးဇူးပြုနေကြပေသည်။

လူမှုဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်း၌ အယူဝါဒများ ဖြစ်ပေါ်လာခြင်း၊ ပြောင်းလဲလာခြင်းတို့သည် အဆက်မပြတ်ဖြစ်ပေါ်တည်ရှိနေကြသည်။ အယူဝါဒတစ်ခုကို တစ်ခုက တိုက်ဖျက်ကာ အစားထိုးလာသည်။ လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ပင် ဆန့်ကျင်ခြားနားကြသော အယူဝါဒများသည် အပြိုင်ထွက်ပေါ်လာကြကာ တစ်ခုကို တစ်ခု အတိုက်အခံပြုနေကြသည်။ သို့ရာတွင် အယူဝါဒသည် သူ့အလိုအလျောက် သီးခြားလွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်လာခြင်း မဟုတ်ပေ။ လူမှုဘဝ၏ ရုပ်အခြေအနေများနှင့် ကင်းလွတ်ဖြစ်ပေါ်သော ''အတွေးအခေါ်၏သမိုင်း''ဟူ၍ မရှိပေ။ လူမှုဘဝ၏ ရုပ်အခြေအနေများနှင့် ကင်းလွတ်ဖြစ်ပေါ်သော ''အဘိဓမ္မာ၏သမိုင်း''ဟူ၍လည်း မရှိပေ။

အယူဝါဒတစ်ခုသည် ရှိရှိသမျှ လူအားလုံး၏ အယူဝါဒမဖြစ်နိုင်၊ သက်ဆိုင်ရာလူတစ်စု၏ အယူဝါဒသာ ဖြစ်နိုင်ပေသည်။ အယူဝါဒတစ်ခုသည် တစ်စုံတစ်ခုသော အခြေအနေတွင် တစ်စုံတစ်ခုသော ကုန်လုပ်ရေးစနစ်၊ တစ်စုံတစ်ခုသော





လူမှုဆက်ဆံရေးအရ တည်ရှိသော၊ တစ်စုံတစ်ခုသော လူတစ်စု၏ အယူဝါဒသာ ဖြစ်နိုင်ပေသည်။ ရှိရှိသမျှ လူသတ္တဝါအားလုံး၏ အယူဝါဒဟူ၍ မရှိနိုင်ပေ။ အယူဝါဒတစ်ခုသည် ထိုအယူဝါဒကို စွဲကိုင်သူလူတစ်စု၊ အစိတ်အပိုင်းတစ်ပိုင်း၏ ရုပ်ဘဝဖြစ်စဉ်နှင့်ကင်း၍ မဖြစ်ပေါ်နိုင်ပေ။ ဤသည်ကို မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*''ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အယူဝါဒကို စတင်တည်ထောင်ရာ၌ တကယ့် လှုပ်ရှားနေသောလူများနှင့် ထိုလူများ၏ တကယ့်ဘဝဖြစ်စဉ်ကို အခြေခံပေသည်။ ဤဘဝဖြစ်စဉ်ကို ထင်ဟပ်ဖော်ပြပေသည်။ ထို့ကြောင့် လူ့ကျင့်ဝတ်၊ လူ့ကျင့်ဝတ်တရား၊ ဘာသာရေး၊ တက္ကဗေဒ စသည့်အယူဝါဒအားလုံးသည်လည်း ရုပ်အခြေခံများနှင့် ကင်းလွတ်ကာ သီးခြားပေါ်ပေါက်လာကြခြင်း မဟုတ်ပေ။ ၎င်းတို့၌ ၎င်းတို့၏ သီးခြားသမိုင်းဟူ၍ မရှိပေ။ သီးခြားဖြစ်ပေါ်တိုးတက်မှုဟူ၍လည်း မရှိပေ။ လူသည် ၎င်း၏ ရုပ်ဝတ္ထုထုတ်လုပ်ရေးကို ပြုလုပ်ရင်း ရုပ်ကျသော ဆက်သွယ်မှုကို ပြုလုပ်ရင်းဖြင့် ၎င်းတို့၏ တွေ့ကြုံမှုများ၊ ၎င်းတို့တွေ့ကြုံမှု၏ ထုတ်ကုန်ပစ္စည်းများ၊ (အဘိဓမ္မာ၊ ဘာသာရေး၊ လူ့ကျင့်ဝတ်) စသည်တို့ကို ပြုလုပ်လာခြင်းဖြစ်ပေသည်။ ထို့ကြောင့် လူ့ကျင့်ဝတ်၊ ဘာသာရေး၊ တက္ကဗေဒ စသည့် အယူဝါဒအားလုံးသည် လူမှုကုန်လုပ်ရေးလမ်းကြောင်းကို လိုက်၍ ဖြစ်ပေါ်လာရသည်သာ ဖြစ်လေသည်''။*

သို့ဖြစ်ရကား အယူဝါဒများ၊ စိတ်စေတသိက်ဆိုင်ရာ တွေးခေါ်မှုများအားလုံးသည် ကုန်လုပ်ရေးစနစ်၊ ကုန်လုပ်ဆက်ဆံရေး၊ လူမှုဆက်ဆံရေးတို့ကို လိုက်၍ ဖြစ်ပေါ်ရခြင်းသာ ဖြစ်ပေသည်။ အယူဝါဒများသည် လူ့စိတ်အလုပ်လုပ်ပုံကို လိုက်၍ ဖြစ်ပေါ်ပြောင်းလဲရခြင်းမဟုတ်ဘဲ၊ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝဖြစ်ပေါ်ပြောင်းလဲမှုကိုလိုက်၍ ဖြစ်ပေါ်ပြောင်းလဲရခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် လူတန်းစားကွဲပြားနေသည့် လူ့အဖွဲ့အစည်း၌ အယူဝါဒများသည် လူတန်းစားလက္ခဏာကို ဆောင်ပေသည်။ မြေရှင်နှင့် မြေကျွန်ဟူ၍ လူတန်းစားကွဲနေသော မြေရှင်ပဒေသရာဇ်လူ့အဖွဲ့အစည်း၌ အယူဝါဒများသည်လည်း မြေရှင်၏အယူဝါဒနှင့် မြေကျွန်၏အယူဝါဒဟု ကွဲပြားကြပေသည်။ အလားတူပင်၊ အရင်းရှင်နှင့် အလုပ်သမားဟူ၍ ကွဲပြားနေသည့် အရင်းရှင်လူ့အဖွဲ့အစည်း

၌ အယူဝါဒများသည်လည်း အရင်းရှင်အယူဝါဒနှင့် အလုပ်သမားလူတန်းစား အယူဝါဒဟု ကွဲပြားကြပေသည်။ လူအားလုံးက လက်ခံနိုင်သော အယူဝါဒဟူ၍ မရှိနိုင်ပေ။ ဘုံကုန်ထုတ်လုပ်ရေးတွင်လည်းကောင်း၊ ကုန်လုပ်ကြိယာများ ပိုင်ဆိုင်မှု တွင်လည်းကောင်း၊ တာဝန်ခွဲဝေမှုတွင်လည်းကောင်း ရောက်ရှိနေသော နေရာအဆင့် အတန်းကို လိုက်၍ အယူဝါဒများသည်လည်း ကွဲပြားခြားနားကြပေသည်။ သို့ဖြင့် အသီးသီးသော အယူဝါဒများသည် အသီးသီးသော လူတန်းစားအကျိုးစီးပွားများကို ကိုယ်စားပြုကြသည်သာ ဖြစ်ပေသည်။

## အမှန်တရားကိုအယူဝါဒက အရောင်ရိုက်ခတ်ပုံ

သို့ဖြင့် အယူဝါဒဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုသည် လူ့အဖွဲ့အစည်း၏ ရုပ်ကျသော ဖြစ်ပေါ်တိုးတက်မှုကို အမှီပြုနေပေသည်။ ကုန်လုပ်ရေးဖြစ်ပေါ်တိုးတက် မှုကို အမှီပြုနေပေသည်။ ကုန်လုပ်ဆက်ဆံရေးများကို အမှီပြု၍နေပေသည်။ လူတန်းစားများနှင့် လူတန်းစားတိုက်ပွဲများကို အမှီပြုနေပေသည်။

ထို့ကြောင့် အယူဝါဒတစ်ခုသည် ဘယ်ဆီသို့ ဦးတည်နေသည်ဆိုသော အချက်ကို ရှာဖွေရာတွင် သူ့အလိုအလျောက်ရှာဖွေ၍ မရနိုင်ပေ။ ရုပ်ဘဝ အခြေအနေများတွင် လိုက်လံရှာဖွေရမည်ဖြစ်ပေသည်။ ဥပမာအားဖြင့် လူ၏ ပိုင်ခွင့်နှင့် ပတ်သက်သည့် အရင်းရှင်အယူဝါဒသည် လူ၏ ပိုင်ခွင့်နှင့် ပတ်သက် သော မြေရှင်ပဒေသရာဇ်အယူဝါဒအား ဘာကြောင့် ပယ်ရှားပစ်သည်ကို ရှာဖွေလို လျှင် ရုပ်ဘဝ၌ ကုန်လုပ်ရေးစနစ်များ ပြောင်းလဲနေသည်ကို ရှာဖွေလေ့လာရမည် ဖြစ်ပေသည်။ ကုန်လုပ်ရေးစနစ် ပြောင်းလဲမှုများကြောင့် တကယ်တည်ရှိနေသော လူ၏ပိုင်ခွင့် များနှင့် စိတ်ကူးထဲမှ ဖြစ်စေချင်သော လူ၏ပိုင်ခွင့်များ ဤအချက်သည် ကြီးမားလာကာ ပဋိပက္ခဖြစ်လာကြသည်။ ထို့ကြောင့် စိတ်ကူးထဲတွင်ရှိသော လူ၏ပိုင်ခွင့်များ အကောင်အထည်ပေါ်လာရေးအတွက် နေရှင်ကုန်လုပ်ရေးစနစ်ကို တည်ထောင်ရန် လိုအပ်လာသည်။ ထိုနေရှင်ကုန်လုပ်ရေးရုပ်အမှန်တရားနှင့် လိုက် လျောညီထွေ ရှိရန် ပိုင်ခွင့်နှင့်ပတ်သက်သော အတွေးအခေါ်များကို ပြောင်းလဲရန် လိုအပ်လာပေသည်။ သဘာဝနှင့် ပတ်သက်သော တွေးခေါ်မှု၌လည်း အလားတူ ပင်ဖြစ်သည်။ ကုန်လုပ်ရေးစနစ်၌ ပြောင်းလဲသည်နှင့်အမျှ သဘာဝနှင့်ပတ် သက်သော တွေးခေါ်မှု၌လည်း ပြောင်းလဲလာရပေသည်။ ယေဘုယျအားဖြင့် ဆိုရလျှင် မြေရှင်ပဒေသရာဇ်အယူဝါဒကို နေရှင်အယူဝါဒက အစားထိုးခဲ့ခြင်းမှာ





လူ့အဖွဲ့အစည်း၏ ရုပ်ဘဝတွင် မြေရှင်ပဒေသရာဇ်လူမှုဆက်ဆံရေးအား နေရှင်လူမှု ဆက်ဆံရေးက အစားထိုးခဲ့သောကြောင့် ဖြစ်လေသည်။

အယူဝါဒဖြစ်ပေါ်တိုးတက်မှုတွင် ၎င်း၏ ကိုယ်ပိုင်ထူးခြားသော အသွင် လက္ခဏာများရှိပေသည်။ ၎င်း၏ ကိုယ်ပိုင်ဥပဒေသများရှိပေသည်။ အယူဝါဒတစ်ခု ၏ ဖြစ်ပေါ်တိုးတက်မှုကို လူ့အဖွဲ့အစည်း၏ ရုပ်ဘဝက အဆုံးအဖြတ်ပြုပေသည်။ အယူဝါဒတိုင်းသည် တစ်စုံတစ်ခုသော ရုပ်ကျသည့်လူမှုဆက်ဆံရေးအခြေခံပေါ် တါင် ဖြစ်ပေါ်တိုးတက်လာခဲ့ခြင်းဖြစ်သည်။ အယူဝါဒများသည် တစ်စုံတစ်ခုသော လူတန်းစားအကျိုးစီးပွားကို အကျိုးပြုရန် ပေါ်ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ သည် လူတန်းစားတစ်ခု၏ အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် အသိဉာဏ်ပညာ ဆိုင်ရာ လက်နက်ကြိယာများအဖြစ် အသုံးတော်ခံကြပေသည်။ အသဉာဏ်ပညာ ဆိုင်ရာ လက်နက်ကြိယာဖြစ်သည့်အတွက်လည်း အသိဉာဏ်ပညာဆိုင်ရာ [illegible] ချက်များကို ဖြည့်စွမ်းရမည်ဖြစ်သည်။ ဓား၊ လှံ စသည့် လက်နက်များသည် သတ္တု၏အလိုကိုလိုက်၍ ပုံသွန်းယူရသကဲ့သို့၊ အသိဉာဏ်ပညာဆိုင်ရာ လက်နက် များသည်လည်း တွေးခေါ်မှု၏ အလိုကို လိုက်၍ ပုံသွန်းယူရပေသည်။

ဤနေရာတွင် အယူဝါဒဆိုသောစကား၏အဓိပ္ပာယ်ကို ရှင်းလိုသည်။ အယူဝါဒဟူသည် စိတ္တဇဆန်သော တွေးခေါ်မှုပုံသဏ္ဌာန်ဖြင့် ပေါ်လာသော အဟုတ် ရှိ၊ တကယ်ရှိသော ရုပ်ကမ္ဘာလောကကြီး၏ အရောင်ရိုက်ခတ်မှုကို ခေါ်ခြင်း ဖြစ်သည်။ အယူဝါဒတိုင်းသည် လူက ၎င်းတို့နေထိုင်သော အဟုတ်ရှိ၊ တကယ်ရှိ သည့် ကမ္ဘာလောကကြီးကို သိနားလည်ရန်၊ ဖော်ပြရန် ကြိုးပမ်းချက်တစ်ရပ် ဖြစ်သည်။ ယင်းသို့ ကမ္ဘာလောကကြီးအား သူမြင်သလိုဖော်ပြကာ အယူဝါဒ တစ်ရပ် ထူထောင်ပြီးနောက်၊ ထိုအယူဝါဒဖြင့် ၎င်းတို့၏နေမှုထိုင်မှုကို အကျိုးပြုစေ ရန်ဖြစ်သည်။ ထို့ကြောင့် လူသည် အယူဝါဒတစ်ခုအား ၎င်းတို့၏ဘဝအခြေအနေ နှင့် ကိုက်ညီမည့်စနစ်တစ်ခုအဖြစ်သို့ ထူထောင်ရန် ကြိုးပမ်းရမည်သာဖြစ်ပေသည်။

## အယူဝါဒခန်းတွင် အမှားနှင့်အမှန်

တွေးခေါ်မှုဟူသမျှသည် ဒိဋ္ဌကျသော ရုပ်အမှန်တရား၏ အရောင်ရိုက် ခတ်မှုသာဖြစ်သည်။ ရုပ်အမှန်တရားကို သစ္စာရှိစွာ၊ မှန်ကန်စွာ ထင်ဟပ်ဖော်ပြ သော အယူဝါဒသည် မှန်ကန်သောအယူဝါဒဖြစ်၍ ရုပ်အမှန်တရားကို ကိုယ်လိုချင် သလို၊ ကိုယ်စိတ်ကူးရသလို ဆွဲယူထင်ဟပ်ပြသော အယူဝါဒသည် မှားယွင်းသော

အယူဝါဒဖြစ်သည်။ ရုပ်အမှန်တရားကို ထင်ဟပ်သည့် တွေးခေါ်မှုဖြစ်ပေါ်လာပုံတွင်လည်း နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ တိုက်ရိုက်နည်းဖြစ်သည်။ ၎င်းသည် ရုပ်အရာဝတ္ထုများနှင့် လက်တွေ့ကျကျ ဆက်စပ်နေကာ၊ စမ်းသပ်စစ်ဆေး၍ရနိုင်သော လက်တွေ့၊ ကိုယ်တွေ့အတွေ့အကြုံများကို အခြေပြုသည်။ နောက် အရာဝတ္ထုများ၏ ဖြစ်စဉ်များ၊ ဗီဇသတ္တိများ၊ ပြောင်းလဲလှုပ်ရှားမှုများ၊ အညမည ဆက်သွယ်မှုများကို သိပ္ပံနည်းကျသော စူးစမ်းမှုများဖြင့် ခိုင်မာစေသည်။ ဒုတိယနည်းမှာ သွယ်ဝိုက်နည်းဖြစ်သည်။ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်ပေါ်လာသော တွေးခေါ်မှု၌ အဆင့်သုံးဆင့်ရှိသည်။ ပထမအမျိုးမျိုးသော လူမှုဆက်ဆံရေးများ၊ လူများ၏ အတွေ့အကြုံများကို အခြေခံကာ စိတ္တဇဆန်သော တွေးခေါ်မှုများ ပေါ်ပေါက်လာသည်။ ဒုတိယစိတ္တဇဆန်သော တွေးခေါ်မှုများကို လက်တွေ့ အတွေ့အကြုံများ၊ လူမှုဆက်ဆံရေးများမှ ခွဲထုတ်လိုက်သည်။ ထိုစိတ္တဇဆန်သော တွေးခေါ်မှုများ၏ အကူအညီဖြင့် အရာဝတ္ထုများအားလုံးကို ယေဘုယျကျစွာ ကောက်ချက်ချလိုက်သည်။ ယင်းသို့ဖြင့် အယူဝါဒများသည် ပေါ်ပေါက်လာကြပေသည်။

ဥပမာအားဖြင့် လူ့အဖွဲ့အစည်းတွင် လူတန်းစားများ ကွဲပြားလာပြီးနောက် အုပ်စိုးသော လူတန်းစားများဟူ၍ပေါ်လာသည့်အခါတွင် အုပ်စိုးသူနှင့် အုပ်စိုးခံရသူတို့၏ ဆက်ဆံရေးကို ကြည့်မြင်သော တွေးခေါ်မြော်မြင်မှု ပေါ်ပေါက်လာသည်။ ယင်းသို့ပေါ်လာခြင်းမှာ အုပ်စိုးသူနှင့် အုပ်စိုးခံရသူတို့၏ တကယ့်ဆက်ဆံရေးအတွေ့အကြုံများကို မှီ၍ တွေးခေါ်မှုတစ်ရပ်ကို ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ထိုအသိ၊ ထိုတွေးခေါ်မှုသည် ရုပ်အမှန်တရားကို အရောင်ရိုက်ခတ်သည်။ သို့ရာတွင် ထိုမျှနှင့်မကတော့ဘဲ ယင်းသို့သော အုပ်စိုးသူနှင့် အုပ်စိုးခံရသူတို့၏ ဆက်ဆံရေးသည် လူ့အဖွဲ့အစည်းတွင်သာမက သဘာဝ၌လည်းရှိသည်။ စကြဝဠာတစ်ခုလုံးတွင်လည်း ထိုအတိုင်းရှိသည်ဟု လိုသလိုဆွဲယူ၍ ယူဆလာကြသည်။ သို့ဖြင့် စကြဝဠာကြီးကို အုပ်စိုးနေသူမှာ ထာဝရဘုရားသခင်ဖြစ်သည်ဟု ဆိုလာကြသည်။ ထိုသို့ဆိုလိုက်သည်နှင့် ထိုတွေးခေါ်မှုသည် ရုပ်အမှန်တရားမှ ကင်းကွာလာလေတော့သည်။ တစ်ဖန် ထိုမျှနှင့်မရပ်သေးဘဲ သဘာဝသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းတော်မူချက်ဖြစ်သည်။ လူအချင်းချင်း ဆက်ဆံရေးများသည်လည်း ဘုရားသခင်၏ အလိုတော်ကျဖြစ်ရသည်ဟု နိဂုံးချုပ်လိုက်ကြပြန်သည်။ ခရစ်ယာန်အယူဝါဒသည် ဤနည်းဖြင့် ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

ဤသို့ဤပုံတွေးခေါ်လာသည်၌ တွေးခေါ်မှုသည် အမှန်သို့ မရောက်တော့





ဘဲ အမှားသို့ ရောက်လာလေတော့သည်။ ရုပ်အမှန်တရားကို မှန်ကန်စွာ ထင်ဟပ်ဖော်ပြခြင်းမပြုနိုင်တော့ဘဲ ရုပ်အမှန်တရားကို ကိုယ်လိုရာဆွဲ၍ အဓိပ္ပာယ်ကောက်ယူခြင်းမျိုး ဖြစ်ပေါ်လာလေတော့သည်။

သို့ရာတွင် ကိုယ်လိုရာဆွဲ၍ ကြည့်မြင်သောအမြင်မျိုး (အတ္တနောမတ္တိ) သည်လည်း အချုပ်၌ ရုပ်အမှန်တရားပေါ်တွင် အခြေတည်ရသည်။ ရုပ်အခြေခံမရှိဘဲ စိတ်ထဲတွင် ဘာမှမဖြစ်ပေါ်နိုင်ပေ။ ထို့ကြောင့် ကိုယ်လိုရာဆွဲ၍ ကြည့်မြင်သော အမြင်မျိုးသည်လည်း တစ်စုံတစ်ခုသော ရုပ်ဘဝအခြေအနေကို ထင်ဟပ်ဖော်ပြရ၏။ တစ်စုံတစ်ခုသော လူမှုဆက်ဆံရေးများမှလည်းကောင်း၊ အတွေ့အကြုံများမှ လည်းကောင်း၊ လှုပ်ရှားဆောင်ရွက်ချက်များမှလည်းကောင်း ပေါ်ပေါက်လာရ၏။ ထို့ကြောင့်လည်း အချို့သောအတ္တနောမတ္တိအမြင်များသည် ပျောက်ပျက်မသွားသေးဘဲ ယခုတိုင် ဆက်လက်တည်မြဲနေကြခြင်းဖြစ်ပေသည်။

ခြုံ၍ကြည့်လျှင် အတ္တနောမတ္တိအပြင် နှစ်မျိုးရှိသည်။

၁။ ပထမတစ်မျိုးမှာ အဟုတ်ရှိ၊ တကယ်ရှိသော အရာဝတ္ထုကို မှီ၍ ကိုယ်လိုရာ ဆွဲကြည့်သော အမြင်မျိုးဖြစ်သည်။ ၎င်းသည် တကယ့်ဖြစ်စဉ်များ၊ တကယ့်ဆက်သွယ်မှုများ၊ အတွေ့အကြုံများ၊ လက်တွေ့များကို လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူရာမှ ပေါ်ထွက်လာသည်။ ဥပမာ–တစ်စုံတစ်ခုသော လူမှုဆက်ဆံရေးများ၊ စနစ်များသည် လူ့သဘာဝကို လိုက်၍ ဖြစ်ပေါ်သည်ဟူသော အမြင်မျိုး၊ သို့မဟုတ် လူ၏ ဆင်ခြင်တုံတရားကို လိုက်၍ ဖြစ်ပေါ်သည်ဟူသော အမြင်မျိုး ဖြစ်သည်။

၂။ ဒုတိယတစ်မျိုးမှာ ယုံတမ်းဒဏ္ဍာရီများ၊ စိတ်ကူးဆန်းကြယ်မှုများ၊ စိတ်ကူးဖြင့် တီထွင်ဖန်တီးမှုများမှ ပေါ်ထွက်လာသောအမြင်မျိုးဖြစ်သည်။ သို့ကြည့်မြင်ခြင်းဖြင့် တကယ်ရှိ၊ အဟုတ်ရှိသော ရုပ်ကမ္ဘာလောကဖြစ်သည့် သဘာဝနှင့် လူ့အဖွဲ့အစည်းကိုသာမက၊ အဟုတ်တကယ်မရှိသော စိတ်နာမ်ဆိုင်ရာကမ္ဘာ လောကဖြစ်သည့် နိဗ္ဗာန်ဘုံနှင့် ငရဲဘုံတို့ရှိသည်ဟူသော ကြည့်ခြင်းတို့ ပေါ်ပေါက်လာသည်။ ထိုမှတစ်ဆင့် ထာဝရဘုရားသခင်၊ နတ်၊ တစ္ဆေသရဲစသည်တို့ကို ယုံကြည်မှုများ ပေါ်ပေါက်လာသည်။

သို့ဖြစ်ရကား အမြင်လွဲမှားမှုသည် အမှားပင်ဖြစ်သည်။ သို့ရာတွင် သာမန်မှားယွင်းခြင်းတစ်ရပ်မဟုတ်ဘဲ ထူးခြားသောအသွင်ကို ဆောင်သည့် အမှားတစ်မျိုးဖြစ်ပေသည်။ ဥပမာ–၁၂ ၏ နှစ်ထပ်ကိန်းသည် ၁၄၄ ဟု ဆိုကြပါစို့။

အမှန်မှာ ၁၃ ၏ နှစ်ထပ်ကိန်းသည် ၁၆၉ ဖြစ်၏။ ၁၆၆ ဟု ဆိုလိုက်ခြင်းဖြင့် ၎င်းသည် မှားနေ၏။ သို့ရာတွင် ထိုအမှားသည် သာမန်အမှားမျှသာဖြစ်၏။ အတွက်အချက်တွင် မှားယွင်းမှုတစ်ရပ်သာဖြစ်၏။ တစ်ဖန် ၁၃ ဂဏန်းသည် ကံမကောင်းသော ဂဏန်းဖြစ်သည်ဟု ဆိုကြပါစို့။ ဤအမှားမှာ သာမန်အမှား မဟုတ်ပေ။ အတွက်အချက်မှားယွင်းမှုတစ်ရပ်မျှသာ မကပေ။ ဂဏန်းများတွင် ကံမကောင်းသော ဂဏန်းနှင့် ကံကောင်းသော ဂဏန်းရှိသည်ဟူသော အမြင်လွဲမှားမှုတစ်ရပ်ဖြစ်ပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကံကောင်းသည် မကောင်းဘူးဟူသော ကြိုတင်ကိန်းဝပ်နေသည့် တွေးခေါ်မှုများ ရှိနေသောကြောင့် ဖြစ်ပေသည်။

နောက်ထပ် ဥပမာတစ်ခု။ ဗြိတိသျှဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပါလီမန်တွင် တင်သွင်းလာသူမှာ အောလစ်ဒါကရွန်းဝဲလ် ဖြစ်သည်ဟု ပြောသည်ဆိုပါစို့။ ဤပြောဆိုချက်သည် မှားယွင်းပေသည်။ သို့ရာတွင် ဤအမှားသည် သာမန်အမှားမျှသာဖြစ်သည်။ ဗြိတိသျှဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သေချာစွာ လေ့လာခြင်းမရှိဘဲ ပြောသည့်အတွက်ကြောင့် မှားယွင်းခြင်းသာဖြစ်သည်။ တစ်ဖန် ဗြိတိသျှဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အင်္ဂလိုဆက်ဆွန်အမျိုးအနွယ်တစ်ရပ်လုံး၏ ထူးခြားသော ပါရမီဉာဏ်အရ ပေါ်ပေါက်လာသည်ဟုလည်းကောင်း၊ သို့မဟုတ် ထာဝရဘုရားသခင်က ဗြိတိသျှလူမျိုးများအား ပေးသနားတော်မူခြင်း ဖြစ်သည်ဟုလည်းကောင်း ပြောဆိုလာပါက ၎င်းပြောဆိုချက်သည် မလေ့လာ၍၊ မသိနားမလည်၍ မှားသော သာမန်အမှားတစ်ရပ် မဟုတ်တော့ပေ။ လူ့မှုရေးရာကိစ္စများအား ထာဝရ ဘုရားသခင်က ဖန်ဆင်းပေးသည်ဟူသော အမြင်လွဲမှားမှု ပေါ်ပေါက်လာခြင်းသာ ဖြစ်ပေသည်။

## သိပ္ပံနည်းကျသောအယူဝါဒနှင့်လွဲမှားသောအယူဝါဒ

ယင်းသို့ဖြင့် လက်တွေ့အတွေ့အကြုံများနှင့် အရာဝတ္ထုများ၏ အညမည ဆက်စပ်မှုမှ ပေါ်ထွက်လာသည့် စိတ္တဇဆန်သော တွေးခေါ်မှုများနှင့် ကြိုတင်စိတ်ကူးမှုများမှ ပေါ်ထွက်လာသည့် စိတ္တဇဆန်သော တွေးခေါ်မှုများ စသည့် တွေးခေါ်မှုနှစ်မျိုးစလုံးသည် တဖြည်းဖြည်းနှင့် ခိုင်မာသော အယူဝါဒများ ဖြစ်လာကြ၏။ လက်တွေ့အတွေ့အကြုံများမှ ပေါ်ထွက်လာသည့်တွေးခေါ်မှုများသည် အနည်းနှင့်အများ သိပ္ပံနည်းကျ၍ ကြိုတင်စိတ်ကူးမှုများမှ ပေါ်ပေါက်လာသော တွေးခေါ်မှုများသည် သိပ္ပံနည်းကျခြင်းမရှိဘဲ စိတ်ဆန်လာသည်။





လူတန်းစားကွဲပြားသည့် လူ့အဖွဲ့အစည်း၌ လူတန်းစားအသီးသီး၏ အသိဉာဏ်ပညာကိုယ်စားလှယ်များသည် အယူဝါဒအသီးသီးကို တီထွင်ခဲ့ကြ၏။ ထိုအယူဝါဒအသီးသီးသည် သက်ဆိုင်ရာ လူတန်းစားများ၏ တကယ့်အခြေအနေနှင့် ကိုက်ညီ ဆီလျော်ကာ သက်ဆိုင်ရာ လူတန်းစား၏ လိုအပ်ချက်များကို ဖြည့်စွမ်းပေးခဲ့ကြ၏။ ဤသို့ဖြင့် လူတန်းစားအယူဝါဒများလည်း ပေါ်ပေါက်ခဲ့ကြပေသည်။

လူတန်းစားတစ်ခု၏ အကျိုးစီးပွားသည် တကယ့်အခြေအနေမှန်ကို ဆုပ်ကိုင်မိရန် တောင်းဆိုလာသည်နှင့်အမျှ ၎င်းလူတန်းစား၏ အယူဝါဒသည်လည်း အနည်းနှင့်အများ သိပ္ပံနည်းကျ၍လာခဲ့၏။ အရင်းရှင် လူတန်းစား၏ အကျိုးစီးပွားသည် အမျိုးမျိုးသော သဘာဝဖြစ်စဉ်များအား ထိန်းချုပ်လျက်ရှိသည့် ဥပဒေသများကို ရှာဖွေရန် တောင်းဆိုခဲ့၏။ အရင်းရှင်အယူဝါဒတွင် ယင်းဥပဒေသများအား တွေ့ရှိချက်များသည် အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်ခဲ့ကြ၏။ ထို့ကြောင့် အရင်းရှင်အယူဝါဒသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ သိပ္ပံနည်းကျပေသည်။ သို့ရာတွင် ဘုံကုန်လုပ်ရေး၌ အရင်းရှင်လူတန်းစား ရောက်ရှိနေသည့် အနေအထားသည် ကြိုတင်စိတ်ကူးမှုများ၊ အမြင်မှားမှုများကို ပေါ်ပေါက်စေခဲ့၏။ ထို့ကြောင့် အချုပ်၌ အရင်းရှင်လူတန်းစား၏ အယူဝါဒသည် လွဲမှားသောအယူဝါဒသာဖြစ်ခဲ့ပေသည်။

ခေတ်ရှင်အယူဝါဒသည် လက်တွေ့နည်း၊ ကြိုတင်စိတ်ကူးနည်း စသည့် နည်းနှစ်နည်းစလုံးဖြင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ခေတ်ရှင်အယူဝါဒ ဖြစ်ပေါ်တိုးတက်မှုသည်လည်း ရုပ်ကျသော အပိုင်းနှင့် စိတ်ဆန် သောအပိုင်းဟူ၍ ပဋိပက္ခဖြစ်နေသောအရာများဖြင့် ပြွမ်းတီးနေပေ၏။ ထို့ကြောင့် သိပ္ပံနည်းကျသော တွေ့ရှိချက်များနှင့် ခေတ်ရှင်ကြိုတင်စိတ်ကူးမှုများအား အမြဲတစေ ဈေးစပ်ပေးနေသည်ကို ခေတ်ရှင်အဘိဓမ္မာထဲတွင် တွေ့မြင်နိုင်ခြင်းဖြစ်၏။ ထို့ကြောင့် ခေတ်ရှင် အဘိဓမ္မာထဲတွင် ကမ္ဘာလောကကြီးကို ရုပ်ကျကျ၊ သိပ္ပံနည်းကျကျ ကြည့်မြင်ပုံမျိုး တစ်ဘက်က ပါဝင်နေပြီး ဘာသာရေးဆန်ဆန်၊ စိတ်ဆန်ဆန် ကြည့်မြင်ပုံမျိုး တစ်ဘက်ကပါဝင်နေခြင်းဖြစ်၏။ ခေတ်ရှင်အဘိဓမ္မာ ပညာရှင်များသည် ခေတ်ရှင် အဘိဓမ္မာထဲ၌ ယင်းသို့သော ပဋိပက္ခများကို ဖြေရှင်းရန် အမြဲတစေ ကြိုးစားခဲ့ကြ၏။ ကိုယ့်ဘာသာကို ပြေလည်သည်ဟု ထင်ရသော်လည်း လက်တွေ့တွင် သူတို့ဖြေရှင်းတိုင်း ပြဿနာသည် ပို၍သာ ရှုပ်လာခဲ့ပေသည်။

ခေတ်ရှင်သိပ္ပံပညာ၌လည်း ထို့အတူပင်ဖြစ်၏။ ခေတ်ရှင်သိပ္ပံပညာရှင်များသည် သိပ္ပံနည်းကျသော တွေ့ရှိချက်များကို ခေတ်ရှင်အဘိဓမ္မာပညာရှင်တို့၏ အကူအညီဖြင့်

ဓနရှင်ကြိုတင်စိတ်ကူးမှုများအရ အဓိပ္ပာယ်ကောက်ယူခဲ့ကြ၏။ ဤသဘောကို ယနေ့ ရူပဗေဒပညာရပ်တွင် တွေ့ရှိနိုင်၏။ ရူပဗေဒတွင် ကွမ်တန်သီယိုရီခေါ်သော သဘောတရားကို ဓနရှင်သိပ္ပံပညာရှင်များက အဓိပ္ပာယ်ကောက်ကြပုံမှာ ဤသို့ဖြစ်၏။ ရုပ်လောကတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များသည် ကြိုတင်ပြောပြ၍ မရနိုင်သောအရာများဖြစ်သည်။ ထိုအဖြစ်အပျက်များ၏ တကယ့်သဘာဝကိုလည်း သိနားလည်နိုင်ခြင်းမရှိဟူ၍ဖြစ်သည်။ ဤသည်မှာ အရင်းရှင်စနစ်၏ အကျပ်အတည်းကြောင့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းမရှိသောအခါ ဓနရှင်များက ရူပဗေနယ်ပယ်တွင် ဓနရှင်ကြိုတင်စိတ်ကူးမှုများကို သွတ်သွင်းလာခြင်းဖြစ်၏။ တစ်ပြိုင်တည်းမှာပင် ဓနရှင်သည် သိပ္ပံပညာတွေ့ရှိချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်၍လာသော ကြိုတင်စိတ်ကူးမှုများကို စွန့်လွှတ်လာခဲ့ရ၏။ သိပ္ပံပညာနှင့် ဘာသာရေးကို ဓေ့စပ်ပေးရန် ကြိုးစားရင်း နောက်ဆုံးတွင် ဓနရှင်ပညာရှင်များသည် ဘာသာရေးကိစ္စများကို သိပ္ပံပညာနှင့်ဟပ်မိအောင် ပြင်ပေးခဲ့ကြရ၏။ ဘယ်လောက်အထိ သူတို့ဘာသာရေးကို သိပ္ပံပညာနှင့်ကိုက်အောင် ပြင်ပေးရသနည်းဆိုလျှင် အာဒမ်နှင့်ဧဝသည် အီဗော်လူးရှင်းခေါ် လူ၏တကွေ့ကွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသော ဖြစ်စဉ်ထဲတွင် ပါဝင်ခဲ့သည်ဟု ဆိုလာကြသည်အထိဖြစ်၏။

သို့ဖြင့် လူ၌ အယူဝါဒသည် မှန်သောအယူနှင့် မှားသောအယူ၊ သိပ္ပံနည်းကျသောအမြင်နှင့် စိတ်ဆန်သောအမြင် စသဖြင့် ပဋိပက္ခများဖြင့် ပြွမ်းလျက်ရှိ၏။ သဘာဝ၏ဖြစ်စဉ်များကို ကြည့်ရာတွင် ဓနရှင်အမြင်သည် အတော်အတန် သိပ္ပံနည်းကျသော်လည်း လူမှုဖြစ်စဉ်ကို ကြည့်မြင်ရာတွင်မူ စိတ်ဆန်လှပေသည်။ သို့ရာတွင် ဓနရှင်အယူဝါဒတစ်ရပ်လုံးကို ခြုံ၍ကြည့်လိုက်လျှင်မူကား သိပ္ပံနည်းကျသောအမြင်ထက် စိတ်ဆန်သောအမြင်က ပို၍ကဲနေသည်ကိုတွေ့ရ၏။

မာ့က်စ်ဝါဒသမား၏ အယူဝါဒကား ယင်းသို့မဟုတ်ပေ။ မာ့က်စ်ဝါဒသမား၏ အယူဂါဒသည် အဓိကအားဖြင့် သိပ္ပံနည်းကျသော အယူဝါဒဖြစ်၏။ ဤအချက်တွင် မာ့က်စ်ဝါဒသမား၏အယူဝါဒသည် အခြားအယူဝါဒများနှင့် လုံးဝကွာခြားပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အရင်းရှင်စနစ်ဖြိုဖျက်ရေးတိုက်ပွဲ၊ လူလူချင်း သွေးစုပ်ခြယ်လှယ်မှုကို ဖျက်ဆီးရေးတိုက်ပွဲ စသည့် မာ့က်စ်၏အယူဝါဒက ခံယူထားသောအရာများက တကယ့်အဖြစ်မှန်များကို ဆုပ်ကိုင်ရန် တောင်းဆိုသောကြောင့်တည်း။ သွေးစုပ်ခြယ်လှယ်မှုတွင် အခြေခံသည် လူ့အဖွဲ့အစည်းများ၏ အမြင်လွဲမှုကို ဆန့်ကျင်ရပ်တည်သောကြောင့်ပေတည်း။

※ ※ ※





## အခန်း (၇)
## အယူဝါဒလွဲမှားမှုများ

လူ့အဖွဲ့အစည်း၏ ကုန်လုပ်ဆက်ဆံရေးကို လိုက်၍ အယူဝါဒလွဲမှားမှုများ ပေါ်ပေါက်လာသည်။ သို့ရာတွင် ကုန်လုပ်ဆက်ဆံရေးမှ တိုက်ရိုက်ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ သွယ်ဝိုက်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့ဖြင့် လွဲမှားသော အယူဝါဒများ ဘယ်လိုပေါ်ပေါက်လာသည်ကို အယူဝါဒတည်ထောင်သူများသည် သူတို့ ကိုယ်တိုင်မသိကြဘဲ၊ ထိုအယူဝါဒများသည် သူတို့၏ တွေးကြံစိတ်မှ ပေါ်ပေါက်လာသည်ဟု အထင်ရောက်နေကြသည်။ သို့ဖြင့် အယူဝါဒခန်းတွင် ဇောက်ထိုးပြောင်းပြန်ဖြစ်ကာ ရုပ်ကျသော လူမှုဆက်ဆံရေးများကို စိတ္တဇဆန်သော စိတ်ကူးတွေးခေါ်မှုများအဖြစ် ပြောင်းပစ်ကြသည်။

### ကုန်လုပ်ဆက်ဆံရေးများကိုအယူဝါဒကအရောင်ရိုက်ခတ်ပုံ

လူတန်းစားကွဲပြားနေသော လူ့အဖွဲ့အစည်း၌ အယူဝါဒလွဲမှားမှုများ ပေါ်ပေါက်လာပုံတွင် အဓိကအသွင်ကြီးငါးရပ်ရှိသည်။ ၎င်းတို့ကား အောက်ပါအတိုင်းဖြစ်ပေ၏။

၁။ အယူဝါဒလွဲမှားမှုများသည် တစ်စုံတစ်ခုသော သမိုင်းအရဖြစ်ပေါ်သော တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေး၏ အရောင်ရိုက်ခတ်မှုအရ ပေါ်ပေါက်လာခြင်းဖြစ်၏။ ဆိုလိုသည်မှာ အယူဝါဒလွဲမှားမှုသည် လူ့အဖွဲ့အစည်း၏ ကုန်လုပ်ဆက်ဆံရေးမှ ပေါ်ပေါက်လာသည်ဟု ဆိုလိုခြင်းဖြစ်၏။ ရှင်းအံ့။

အပေါ်ယံအားဖြင့် ကြည့်လျှင် စိတ္တဇဆန်သော တွေးခေါ်မှုများ၊ ယေဘု

ယျှသဘောတရားများသည် လူများ၏ ခေါင်းထဲမှ ယက်ထုတ်လိုက်သော ပစ္စည်းများဟု ထင်ရ၏။ လူ၏တွေးကြံမှုဖြစ်စဉ်အရ ပေါ်ပေါက်လာသည်ဟု ထင်ရ၏။ သို့ရာတွင် ထိုစိတ်ကူးတွေးခေါ်မှုများသည် လူတွေခေါင်းထဲသို့ ဘယ်လိုရောက်၍ လာကြသလဲ၊ စိတ်ကူးတွေးခေါ်မှုများ၏ ဇာစ်မြစ်သည်ဘာလဲ၊ စိတ်ကူးတွေးခေါ်မှုသည် လူတွေ၏ ခေါင်းထဲတွင် အလိုအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဟုဆိုလျှင် လူတွေသည် မွေးကတည်းက စိတ်ကူးတွေးခေါ်မှုဖြင့် မွေးလာခြင်းမဟုတ်ဟု မယုံကြည်လျှင် အပြင်ဘက် ရုပ်အမှန်တရားတွင် ၎င်းစိတ်ကူးတွေးခေါ်မှုကို မွေးဖွားပေးလိုက်သော အရာတစ်ခုခုတော့ ရှိရမည်ဖြစ်၏။ ထို့ကြောင့် ၎င်း၏ဇာစ်မြစ်ကို အောက်ပါအစီအစဉ် အတိုင်း ရှာဖွေရမည်ဖြစ်၏။

သိစိတ်သည် ရုပ်ကျသော ဖြစ်တည်မှု၏ အရောင်ရိုက်ခတ်ချက်သာဖြစ်၏။ ရုပ်ကျသောဖြစ်တည်မှုမရှိလျှင် သိစိတ်လည်း မရှိနိုင်။ ပထမ၌ ကျွန်တော်တို့၏ ကမ္ဘာသည် ရုပ်ဖြစ်၏။ ဒြဗ္ဗကျသော ဖြစ်တည်မှုဖြစ်၏။ ဒုတိယ ထိုရုပ်ကို ထင်ဟပ်ပြသော သိစိတ်ပေါ်လာ၏။ စိတ်သည် စိတ်ကူးတွေးခေါ်မှုများကို ထုတ်လုပ်ပေးနိုင်သော ၎င်း၏ကိုယ်ပိုင်ကြိယာ မရှိပေ။ စိတ်ကူးတွေးခေါ်မှုတိုင်း၊ အယူဝါဒတိုင်းသည် ဒြဗ္ဗကျသော အမှန်တရားမှ ပေါ်ပေါက်လာ၏။ ၎င်းကို အရောင်ရိုက်ခတ်၏။ ရုပ်ကမ္ဘာလောကကြီးကို ထင်ဟပ်၏။

ထို့ကြောင့် အယူဝါဒလွဲမှားမှုများသည်လည်း လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံတွင် တည်ရှိ၏။ လူသည် အသက်ရှင်လျက်ရှိပြီး တွေးခေါ်ခြင်းအမှုကို ပြုရ၏။ ဘဝတည်မြဲရေးကြိယာများကို ထုတ်လုပ်ရာ၌ တစ်စုံတစ်ခုသော ဆက်ဆံရေးနယ်ပါယ်ထဲသို့ ရှောင်လွှဲမရဘဲ ဝင်ရောက်နေထိုင်ရကာ၊ ထိုနေထိုင်မှုကို အခြေခံ၍ လူမှုတွေးခေါ်မှုများ၊ လူမှုရေးသဘောတရားများကို ထုတ်လုပ်လာရ၏။

ထို့ကြောင့် မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော မြေရှင်ပဒေသရာဇ်တွေးခေါ်မှုများ၊ မြေရှင်ပဒေသရာဇ် ယေဘုယျအယူအဆများထဲတွင် မြေရှင်ပဒေသရာဇ်ကုန်လုပ်ရေးစနစ်အရ ဖြစ်ပေါ်လာရသော မြေရှင်၊ မြေကျွန်ဆက်ဆံရေးများ ထင်ဟပ်နေသည်ကို တွေ့ရ၏။ အလားတူပင် အရင်းရှင်အယူဝါဒထဲတွင် အရင်းရှင်ဆက်ဆံရေးများ ထင်ဟပ်နေသည်ကို တွေ့ရလေသည်။ ရှေးဟောင်းဘုံစနစ်၏ ရှေးဟောင်းအယူဝါဒထဲတွင်လည်း အလားတူပင်။ မျိုးတူစုဆက်ဆံရေးသဘောများ ထင်ဟပ်နေသည်ကို တွေ့ရပေသည်။

သို့ဖြင့် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်လာသည်နှင့်အတူ လူ့အဖွဲ့အစည်း





ရှိ ပစ္စည်းပိုင်ဆိုင်မှုဆက်ဆံရေးကို ထင်ဟပ်ဖော်ပြသော တွေးခေါ်မှုများသည်လည်း နိုင်ငံရေး၊ လူမှုအခွင့်အရေး၊ လူမှုတာဝန်၊ တရားဥပဒေ စသည့် ဆိုင်ရာဆိုင်ရာစနစ်များ၊ သဘောတရားများအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြ၏။ ခြုံ၍ဆိုရလျှင် နိုင်ငံရေး၊ လူမှုရေး၊ တရားဥပဒေရေးဆိုင်ရာစနစ်များ၊ သဘောတရားများ စသည့် အယူဝါဒအားလုံးသည် ကုန်လုပ်ဆက်ဆံရေးကို ထင်ဟပ်ဖော်ပြချက်မျှသာဖြစ်၏။

လူ့ကျင့်ဝတ္တရားနှင့်ပတ်သက်သော တွေးခေါ်မှုများသည်လည်း အလားတူပင်ဖြစ်ပေသည်။ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ သူ့စရိုက်နှင့် ဒုစရိုက် စသည်များကို စဉ်းစားဆုံးဖြတ်ရာတွင် ဒြဗ္ဗကျသော လုပ်ဆောင်ချက်များနှင့် လူပုဂ္ဂိုလ်များ ပါဝင်နေသည်။ လူမှုဆက်ဆံရေးများနှင့် ကင်းကွာတွေးခေါ်၍ ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။ အရာတစ်ခုသည် တစ်စုံတစ်ခုသော လူ့အဖွဲ့အစည်း၊ လူမှုဆက်ဆံရေးဘောင်အတွင်း၌ အကောင်းဖြစ်နေမည်ဖြစ်သော်လည်း အခြားလူ့အဖွဲ့အစည်း၊ အခြားလူမှုဆက်ဆံရေးဘောင်တစ်ခုအတွင်း၌ အဆိုးဖြစ်ချင်ဖြစ်နေတတ်သည်။ ထို့ကြောင့် လူ့ဆက်ဆံရေးတွင် အခြေခံပြောင်းလဲမှုများဖြစ်ပေါ်နေသည်နှင့်အတူ လူ့ကျင့်ဝတ်ဆိုင်ရာ အကဲဖြတ်ချက်များ၊ ယူဆချက်များသည်လည်း ပြောင်းလဲနေကြပေသည်။

ဘာသာရေးအယူဝါဒများ၊ သဘာဝမဟုတ်သော ဝါဒသဘောတရားများ၌လည်း အလားတူပင်ဖြစ်၏။ အချို့လူများက ရှိသည်ဟု သူတို့စိတ်ထဲတွင် ယူဆထားကြသော သဘာဝအထက် ကမ္ဘာလောကကြီး (စိတ်နာမ်ကမ္ဘာလောကကြီး) မှာ အမှန်အားဖြင့် လူ့အဖွဲ့အစည်း၏ အဟုတ်ရှိ၊ တကယ်ရှိသော တကယ့်ကမ္ဘာလောကကြီး၏ အရောင်ရိုက်ခတ်မှုသာဖြစ်၏။ လူတွေ ပေါင်းသင်းဖွဲ့စည်း၍ထားသော လူမှုဆက်ဆံရေးများ၏ အရောင်ရိုက်ခတ်ချက်မျှသာဖြစ်၏။ သဘာဝအထက်ကမ္ဘာလောကကြီး (စိတ်နာမ်ကမ္ဘာလောကကြီး) သည် လူ့အဖွဲ့အစည်းကြီးကို အပေါ်ယံက လွှမ်းခြုံထားသော ခြုံထည်ကြီးသာဖြစ်၏။ ဖုံးကွယ်ပေးထားသည့် အဖုံးအကာကြီးသာဖြစ်၏။ မျိုးတူစု၊ ဇာတ်တူစု ကိုးကွယ်သော ဘာသာရေးသည် မျိုးတူစု၊ ဇာတ်တူစုစနစ်ကို ဖုံးကာပေးထားသောအရာဖြစ်၏။ မျိုးတူစု၊ ဇာတ်တူစု ဆက်ဆံရေးကို အပေါ်က လွှမ်းခြုံထားသောအရာဖြစ်၏။ ခရစ်ယာန်သာသနာသည် အရင်းရှင်လူ့အဖွဲ့အစည်းတည်နေပုံစနစ်ကြီးအား ကောင်းကင်ဘုံက လွှမ်းခြုံဖုံးကာပေးထားသည်ဟု တွေးခေါ်ရာမှ ပေါ်ပေါက်တည်တန့်နေခြင်းသာဖြစ်၏။ သို့ဖြစ်ရကား လူမှုစနစ်တစ်ရပ်ကို သမာသမတ်ဖြစ်လေဟန် အထင်ရောက်အောင်

ဖုံးကာပေးနေသည့် သဘာဝအထက် ကမ္ဘာလောကကြီး (စိတ်နာမ်ကမ္ဘာလောကကြီး) သည် အချုပ်၌ ထိုလူမှုစနစ်၏ အရိပ်အယောင်မျှသာ ဖြစ်ပေသည်။

သို့ဖြင့် အသီးသီးသော ဝါဒသဘောတရား တိမ်းမှားချက်များသည် ဤပုံဤနည်းဖြင့် စိတ္တဇဆန်သော တွေးခေါ်မှုများအဖြစ်သို့ ရောက်ရှိလာကြခြင်း ဖြစ်ရာ၊ ထိုစိတ္တဇဆန်သော တွေးခေါ်မှုများ၏ မူလအစသည်ကား လူ့ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုသာဖြစ်ပေသည်။ တိကျစွာဆိုရလျှင် ကုန်လုပ်ဆက်ဆံရေး ဖြစ်ပေါ် တိုးတက်မှုသာဖြစ်ပေသည်။ တွေးခေါ်မှုများထဲတွင် ကိန်းဝပ်နေသည့် ဒိဋ္ဌကျသော အမှန်တရားသည် ဘဝတည်မြဲမှုရုပ်ကြိယာများထုတ်လုပ်ရေးမှ ပေါ်ထွက်လာသည့် လူမှုဆက်ဆံရေးဖွဲ့စည်းမှုကြီးမှလွဲ၍ အခြား ဘာမျှမဖြစ်နိုင်ပေ။

ဝါဒသဘောတရားတိမ်းမှားချက်၏သယံဇာတလက္ခဏာ

၂။ ဝါဒသဘောတရားတိမ်းမှားချက် ဒုတိယလက္ခဏာချက်မှာ ဤသို့ ဖြစ်၏။ ဝါဒသဘောတရားတိမ်းမှားချက်များသည် အဟုတ်ရှိ၊ တကယ်ရှိသော လူမှုဆက်ဆံရေးဖွဲ့စည်းမှုတွင် အခြေခံသည် မှန်သော်လည်း၊ ၎င်းတို့သည် လူမှုဆက်ဆံရေးဖွဲ့စည်းမှုမှ တမင်တကာလုပ်ယူ၍ ပေါ်ထွက်လာခြင်းမဟုတ်၊ တည်ဆဲ လူမှုဆက်ဆံရေးများ၏ သတ္တုချချက်တစ်ရပ်အနေဖြင့် ပေါ်ထွက်လာသည်လည်း မဟုတ်ဟူသောအချက်ဖြစ်၏။

လူများ လက်ခံကျင့်သုံးနေကြသော တွေးခေါ်မှုများသည် ၎င်းတို့၏ လူမှုဆက်ဆံရေးများကို ထင်ဟပ်ဖော်ပြကောင်းဖော်ပြမည်မှန်သော်လည်း၊ ၎င်းတွေး ခေါ်မှုများသည် သိပ္ပံနည်းကျစွာ တမင်တကာ ပေါ်ထွက်လာခြင်း မဟုတ်ပေ။

သို့ရာတွင် မာ့က်စ်၏ "အရင်းကျမ်း"တွင် ဖော်ပြထားသည့် နိုင်ငံရေး ဘောဂဗေဒဆိုင်ရာ တွေးခေါ်ချက်များမှာ အသိစိတ်မရှိဘဲ အလိုအလျောက် ပေါ်ထွက်လာကြခြင်း မဟုတ်ပေ။ တည်ဆဲ ကုန်လုပ်ဆက်ဆံရေးများကို စနစ်တကျ စူးစမ်းလေ့လာပြီးနောက်မှ သိစိတ်ဖြင့် တမင်တကာပေါ်ထွက်ဖွဲ့စည်းလာခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် "အရင်းကျမ်းတွင် ဖော်ပြထားသည့် နိုင်ငံရေးဘောဂဗေဒ ဆိုင်ရာ တွေးခေါ်မှုများ၌ တံလျှပ်ထင်မှုများ မပါဝင်ကြပေ။ သိပ္ပံနည်းကျသော လက္ခဏာကို ဆောင်ပေသည်။ အယူဝါဒဆိုင်ရာ တံလျှပ်ထင်မှုများကား ယင်းသို့ မဟုတ်ပေ။ ၎င်းတို့သည် သိစိတ်ကင်းမဲ့စွာ၊ ရည်ရွယ်ချက်ကင်းမဲ့စွာ ပေါ်ထွက်လာ ခဲ့ကြခြင်းဖြစ်၏။ တည်ဆဲလူမှုအဆောက်အအုံကို ရည်ရွယ်ချက်မရှိ ထင်ဟပ်ဖော်ပြ





ရာမှ ပေါ်ပေါက်လာခြင်းဖြစ်၏။ ထို့ကြောင့် အယူဝါဒဆိုင်ရာ တံလျှပ်ထင်မှုများသည် သိစိတ်မရှိသော၊ သယံဇာတဖြစ်သော လက္ခဏာကို ဆောင်ပေသည်။ ထို့ကြောင့် အချို့သော တံလျှပ်အသွင်ဆောင်သည့် အယူဝါဒများ၏ အဓိကအသွင်သဏ္ဌာန်များ ကို သိလိုလျှင် လူတို့ အဆင်သင့်ပြုလုပ်ထားသည့် ဆင်ခြင်မှုပုံသဏ္ဌာန်များထဲတွင် လိုက်ရှာ၍ တွေ့နိုင်သည်မဟုတ်ဘဲ အဆင်သင့် ပြုလုပ်ထားခြင်းမရှိသော ယူဆချက် များ၊ ကြိုတင်တွေးခေါ်မှုများ၊ ၎င်းတို့၏ ဆင်ခြင်မှုပုံသဏ္ဌာန်များ နောက်ကွယ်တွင် ရှိနေသည့်အရာများထဲတွင်သာ တွေ့ရှိနိုင်ပေသည်။

ဥပမာအားဖြင့် ခေတ်လယ်ဗရင်ဂျီသာသနာအယူဝါဒအရ ကောင်းကင်ဘုံ နှင့် မြေကြီးအပါအဝင် ကမ္ဘာလောကကြီးတစ်ခုလုံးသည် သာသနာအုပ်ချုပ်ပုံစနစ် ကြီးတစ်ခုဖြစ်ကာ၊ ထိုအုပ်ချုပ်ပုံစနစ်ကြီးထဲ၌ အဆင့်နိမ့်သောအဖွဲ့ဝင်များသည် အဆင့်မြင့်သော အဖွဲ့ဝင်၏ လက်အောက်ခံဖြစ်ကြရမည်ဟု ယူဆခဲ့ကြ၏။ အမှန် အားဖြင့် ဤအယူဝါဒမှာ ကမ္ဘာလောကကြီးတစ်ခုလုံး၏ ဖွဲ့စည်းတည်ရှိနေပုံကို ဖော်ပြရန် ရည်ရွယ်ရင်းဖြစ်၏။ သို့ရာတွင် ဤအယူဝါဒကို ထုတ်လုပ်လူများမှာ မြေရှင် ပဒေသရာဇ်လူ့အဖွဲ့အစည်းတွင် အသက်ရှင်နေထိုင်သူများဖြစ်ရာ သူတို့၏ တွေးခေါ် မှုများထဲတွင် တည်ဆဲမြေရှင်ပဒေသရာဇ် လူမှုဆက်ဆံရေးများသည် ထင်ဟပ်နေကြပေသည်။ တည်ဆဲမြေရှင်ပဒေသရာဇ် လူမှုဆက်ဆံရေးများသည် သယံဇာတဖြစ်စဉ်၊ ရည်ရွယ်ချက်မရှိသောဖြစ်စဉ်၊ သိစိတ်မရှိသော ဖြစ်စဉ်အရ လူများ၏ တွေးခေါ်မှုများကို ထုတ်လုပ်ပေးလိုက်လေသည်။ ဤနည်းအားဖြင့် ခေတ်လည် ဗရင်ဂျီ အယူဝါဒ၏ ကမ္ဘာလောကကြီးကို ရှုမြင်ချက်သည် မြေရှင် ပဒေသရာဇ်လူ့အဖွဲ့အစည်းကို ရှုမြင်ချက်နှင့် တစ်ထပ်တည်းဖြစ်လာခဲ့ခြင်းဖြစ်ပေ သည်။ ထို့ကြောင့် လူများ လက်ခံကျင့်သုံးနေကြသည့် ယေဘုယျတွေးခေါ်မှုများသည် တကယ်ရှိ၊ အဟုတ်ရှိသော လူမှုဆက်ဆံရေးများ၏ အရောင်ရိုက်ခတ်ချက်မျှသာ ဖြစ်ပေသည်။ လူ၏စိတ်ထဲတွင် လာ၍ အရောင်ရိုက်ခတ်သည်ဆိုရာ၌လည်း သိသိသာသာ လာ၍အရောင်ရိုက်ခတ်ခြင်း မဟုတ်၊ မသိမသာ အလိုအလျောက် လာ၍ထင်ဟပ်ခြင်း ဖြစ်၏။ ယင်းသို့ အရောင်ရိုက်ခတ်ခြင်းကြောင့် လူ၏ စိတ်တွင် တွေးခေါ်မှုများ ပေါ်လာ၏။ ထို့မှတစ်ဖန် ကြိုတင်သက်ဝင်ယုံကြည်မှုများ ပေါ်လာ၏။ ထိုကြိုတင် သက်ဝင်ယုံကြည်မှုများဖြင့် တစ်ဖန် လူများက မိမိတို့စိတ်ဝင်စားသော ကိစ္စများနှင့် စပ်လျဉ်း၍ သဘောတရားများကို ထုတ်ယူကြခြင်းဖြစ်လေသည်။

ဝါဒသဘောတရားများထဲတွင် ယင်းသို့ ကုန်လုပ်ဆက်ဆံရေးများ မသိ

မသာ၊ အလိုအလျောက် ထင်ဟပ်နေခြင်းမှာ ကုန်လုပ်ဆက်ဆံရေးများကိုယ်၌က သယံဇာတဖြစ်သော လက္ခဏာကို ဆောင်သောကြောင့်ဖြစ်၏။ ''လူ၏ ကုန်လုပ်ဆက်ဆံရေးများသည် လူ၏ စိတ်ဆန္ဒနှင့်တွဲ၍လည်းနေ၊ ခွဲ၍လည်းနေသော သဘောရှိပေသည်''ဟု မာ့က်စ်က ပြောခဲ့၏။ ကမ္ဘာလောကကြီးနှင့်တကွ လူ့အဖွဲ့ အစည်းနှင့်ပတ်သက်သော တွေးခေါ်မှုများထဲ၌ ကုန်လုပ်ဆက်ဆံရေးများက ဝါဒသဘောတရားများအဖြစ် အရောင်ရိုက်ခတ်ပုံကို ကောင်းစွာနားလည်ရေးအတွက် ဖော်ပြပါစကားသည် များစွာ အရေးကြီး၏။ တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေးသည် လူက ပြုလုပ်သောကြောင့် တမင်ပေါ်ပေါက်လာခြင်း မဟုတ်ပေ။ ကုန်လုပ်ဆက်ဆံရေးသည် လူ၏စိတ်ဆန္ဒနှင့် ကင်းလွတ်၍ ဖြစ်ပေါ်လာခြင်းဖြစ်၏။ သို့ရာတွင် လူ့မှုတိုးတက်ဖြစ်ပေါ်မှုနှင့်လည်း လုံးဝ ခွဲခွာမရပေ။ လူသည် တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေးကို တည်ထောင်ခြင်းမပြုနိုင်သော်လည်း ထိုကုန်လုပ်ဆက်ဆံရေးများနှင့် ခွဲ၍ ရပ်တည်နိုင်သည် မဟုတ်ပေ။ တစ်စုံတစ်ခုသော ကုန်လုပ်ရေးစနစ်နှင့် အညီ မလွဲမရှောင်သာ ပေါ်ပေါက်လာရသော လူမှုဆက်ဆံရေး၊ လူနှင့် သဘာဝ ဆက်ဆံရေး စသည့်ကိစ္စများသည် လူ၏စိတ်ထဲတွင် တွေးခေါ်မှုများအဖြစ် လာ၍ ထင်ဟပ်ကြ၏။ သို့ဖြင့် လူ၏ပိုင်ခွင့်၊ တရားမျှတမှု၊ ထာဝရဘုရားသခင် စသော အယူအဆများ ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ပေသည်။

အတွေးအခေါ်သည်အတွေးအခေါ်သက်သက်မျှသာဖြစ်သည်ဟူသောယူဆချက်

၃။ ဝါဒသဘောတရားတိမ်းမှားချက်၏ တတိယအသွင်သဏ္ဌာန်မှာ ဤသို့ဖြစ်၏။ ဝါဒသဘောတရားဟူသမျှသည် လွတ်လပ်သော အတွေးအခေါ်ဖြစ်စဉ်မှ ပေါက်ဖွားလာသည်။ စိတ်သည် မည်သည့်ရုပ်ပတ်ဝန်းကျင်၊ ရုပ်အခြေအနေ၏ အရောင်ရိုက်ခတ်မှုကို မခံရဘဲ ၎င်း၏ အလိုအလျောက် တွေးကြံလျက်ရှိသည်။ တစ်နည်းဆိုရလျှင် အတွေးအခေါ်သည် အတွေးအခေါ်မျှသာဖြစ်သည်။ ရုပ်ပတ်ဝန်းကျင်အခြေအနေများမှ ကင်းလွတ်အလုပ်လုပ်နေသော တွေးခေါ်မှု (ဝါ) တွေးကြံစိတ်ကြောင့် ဝါဒသဘောတရားများ ဖြစ်ပေါ်လာရသည်ဟူသောအချက် ဖြစ်၏။

ဤသည်နှင့်ပတ်သက်၍ အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ဖူး၏။

''ဝါဒသဘောတရားဆိုသည်မှာ တွေးကြံမှုပညာရှင်ဆိုသူများက သိစိတ်ဖြင့် ပြုလုပ်ခဲ့ကြသော ဖြစ်စဉ်တစ်ခုဖြစ်ပေသည်။ သို့ရာတွင် သူတို့၏ သိစိတ်သည် လွဲမှားသော သိစိတ်မျှသာဖြစ်ပေသည်။ တွေးကြံမှုပညာရှင်ဆိုသူများသည် ဝါဒ





သဘောတရားတစ်ခုကို ထူထောင်ရာ၌ သူတို့အား ထိုအယူဝါဒကို ထူထောင်မိအောင် ဘယ်ရည်ရွယ်ချက်က စေ့ဆော်လိုက်သည်ကို မသိကြပေ။ ထို့ကြောင့် သူတို့သည် သူတို့စိတ်ကူးတည့်ရာ ရည်မှန်းချက်များကို ထားလိုက်ကြသည်။ သို့ဖြင့် သူတို့၏ဝါဒသဘောတရားများသည် သူတို့၏ ရွှေဉာဏ်တော်စူးရောက်ရာမှ ပေါ်ပေါက်လာသည်ဟု အထင်ရှိလာကြကာ သီးခြားကင်းလွတ်သော တွေးကြံမှုရှိသည်ဟု လက်ခံယူဆလာကြခြင်းဖြစ်လေသည်။

တွေးကြံမှုပညာရှင်ဆိုသူများက တွေးကြံမှု (ဝါ) အတွေးအခေါ်ဆိုသည်မှာ မည်သည့်အရာနှင့်မျှ ဆက်စပ်နေခြင်းမရှိ၊ သီးခြားကင်းလွတ်စေသောအရာဖြစ်သည်ဟု ယူဆကြ၏။ တွေးကြံမှု (ဝါ) အတွေးအခေါ်သည် ၎င်း၏ အလိုအလျောက် လွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်နေသည်ဟု ယူဆကြ၏။ ၎င်းသည် ၎င်း၏ ကိုယ်ပိုင်ဥပဒေသများအရ ဖြစ်ပေါ်နေသည်ဟု ယူဆကြ၏။ အမှန်မှာ ဤသို့မဟုတ်ပေ။ ဤသည်ကို အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*''တွေးကြံမှု (ဝါ) တွေးခေါ်မှု၏ ဖြစ်စဉ်သည် လူ၏ခေါင်းထဲမှ ပေါ်ထွက်လာသည်မှာ မှန်ပေသည်။ သို့ရာတွင် ထိုတွေးခေါ်မှု၏ဖြစ်စဉ်ကို နောက်ဆုံးအဆုံးအဖြတ်ပေးသည့်အရာကား ထိုတွေးခေါ်မှုကို ပြုလုပ်သူ၏ ရုပ်ဘဝအခြေအနေများသာ ဖြစ်ပေသည်။''*

သို့ဖြစ်ရကား တွေးကြံမှုသည် လူတစ်ဦးတစ်ယောက်၏ ဉာဏ်စူးရောက်မှုမှ ပေါ်လာသည်။ တွေးကြံမှုသည် သီးခြားကင်းလွတ်၍ ဖြစ်ပေါ်သည်ဆိုသည့် အချက်ကို မာ့က်စ်ဝါဒက လက်မခံပေ။

ဝါဒသဘောတရားဆိုင်ရာ ပြောင်းပြန်ဖြစ်မှု

၄။ ဝါဒသဘောတရား တိမ်းမှားချက်၏ စတုတ္ထအသွင်သဏ္ဌာန်မှာ ဤသို့ ဖြစ်၏။ ဝါဒသဘောတိမ်းလွဲချက်၌ ပြောင်းပြန်ဖြစ်စဉ်များရှိသည်။ ပြောင်းပြန်ဖြစ်စဉ်ကြောင့် အဟုတ်ရှိ၊ တကယ်ရှိသော လူမှုဆက်ဆံရေးများသည် ဒြပ်မဲ့တွေးခေါ်မှုများမှ ပေါက်ဖွားလာသည်ဟူသော အမြင်ကို ဖြစ်ပေါ်စေခဲ့ပေသည်။

ဝါဒသဘောတရား တိမ်းမှားချက်ဖြစ်စဉ်အရ ဒြပ်မဲ့တွေးကြံမှုသည် ရုပ်ကျသော လူမှုဆက်ဆံရေးများမှ သီးခြားကင်းလွတ်နေသည်ဟု ထင်စရာရှိ၏။ ဒြပ်မဲ့တွေးကြံမှု၏ အရင်းအမြစ်သည် လူ့ဆက်ဆံရေးများ၏ ရုပ်ကျသော အမှန်တရား မဟုတ်ဘဲ စိတ်သာဖြစ်သည်ဟု ယူဆ၏။ ထို့ပြင်မက ရုပ်ကျသော လူမှုဆက်ဆံရေး

များသည်ပင်လျှင် စိတ်၏ဒြပ်မဲ့သတ္တိများကြောင့် ပေါ်ထွက်လာရသည်ဟု ယူဆ၏။ ထို့ကြောင့် အမှန်တရားသည် မူလအစမဟုတ်တော့ဘဲ စိတ်၏ ဒြပ်မဲ့သတ္တိများသာ မူလအစဖြစ်သည်ဟူသော ပြောင်းပြန်သဘောသို့ ရောက်ရှိသွား ပေသည်။ ဤမှုမက ရုပ်ကျသော လူမှုဆက်ဆံရေးသည်ပင် စိတ်၏ ဒြပ်မဲ့သတ္တိများမှ ပေါက်ဖွားလာသည်ဟူသောသဘောသို့ ကျရောက်သွားလေတော့သည်။

အရာဝတ္ထုအားလုံးအား ပြောင်းပြန်ကြည့်လိုက်သည့်အတွက်ကြောင့် လူသည် ပတ်ဝန်းကျင်အခြေအနေအရ သူ၏ လူမှုဆက်ဆံရေးများကို ပြုပြင်ဖန်တီးလာရသည်ဟူသော သဘောထက် သူ၏ ဒြပ်မဲ့တွေးခေါ်မှုများအရ သူ၏ လူမှုဆက်ဆံရေးများကို ပြုပြင်ဖန်တီးလာရသည်ဟူသောသဘောသို့ ကျရောက်သွားစေပေသည်။

ဝါဒသဘောတရားအားလုံးတွင်အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်နေသည့် ပိုင်ခွင့်နှင့်ပတ်သက်သော ခံယူချက်၊ တရားမျှတမှုနှင့် ပတ်သက်သော ခံယူချက်များကို ဥဒါဟရုဏ်ဆောင်ကြည့်ကြစို့။ ပြောင်းပြန်ရှုမြင်ချက်အရကြည့်လျှင် လူ၏ပိုင်ခွင့်၊ တရားမျှတမှု စသည်တို့နှင့် ပတ်သက်သော အတွေးအခေါ်များသည်၊ ရုပ်ပတ်ဝန်းကျင်အခြေအနေအရ ပေါ်ပေါက်ရသည်မဟုတ်ဘဲ၊ ၎င်းတို့ အလို အလျောက်ပေါ်ပေါက်လာသည်ဟု ယူဆသည်။ ထိုမှုမက ယင်းသို့အလိုလျောက် ပေါ်ပေါင်လာသော လူ၏ ပိုင်ခွင့်၊ တရားမျှတမှု စသည်တို့နှင့် ပတ်သက်သော အတွေးအခေါ်များကပင်လျှင် ရုပ်ပတ်ဝန်းကျင် အခြေအနေကို ပြုပြင်ဖန်တီးသည်ဟု ယူဆပေးသည်။ မာ့က်စ်ဝါဒအရဆိုလျှင် ဤသို့မဟုတ်ပေ။ လူ၏ပိုင်ခွင့်၊ တရားမျှတမှု စသည်တို့နှင့် ပတ်သက်သည့်အတွေးအခေါ်များကို ဆုံးဖြတ်သော အရာမှာ လူ၏ ဆက်ဆံရေးများ ဖြစ်သည်ဟု ယူဆပေသည်။ ဤသည်နှင့်ပတ်သက်၍ အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် အခြားအရောင်ရိုက်ခတ်မှုအားလုံးသည် ပြင်ပအရာဝတ္ထုများက လူ၏မျက်စိသို့လာ၍ အရောင်ရိုက်ခတ်ပုံနှင့် တူပေသည်။ ပြင်ပအရာဝတ္ထုများသည် ဗဟိုချက်တွင် အလင်းရောင်ကို စုယူလိုက်သည့် မှန်ဘီလူးကို ဖြတ်သန်းဝင်ရောက်လာကြသည်။ ထို့ကြောင့် ၎င်းတို့၏သဏ္ဌာန်သည် ပြောင်းပြန်ဖြစ်သွားကြသည်။ သို့ရာတွင် ကွာခြားချက်မှာ မျက်လုံးတွင်လာ၍ အရောင်ရိုက်ခတ်သော ပြင်ပအရာဝတ္ထုများ*





*သည် အာရုံကြောဖွဲ့စည်းမှုစနစ်ကြောင့် အတည့်ပြန်ဖြစ်သွားကြသော်လည်း တွေးခေါ်မှုထဲတွင်ရောက်လာသည့် အရောင်ရိုက်ခတ်ချက်များမှာ အတည့်ပြန်မဖြစ်တော့ဘဲ ပြောင်းပြန်အတိုင်းပင်ရှိနေပေသည်။ သို့ဖြင့် ယင်းသို့ပြောင်းပြန်အရိပ်ထင်ခြင်းဖြင့် ဝါဒ သဘောတရားတွင်လည်း ပြောင်းပြန်ဖြစ်လာတော့သည်။"*

ယင်းသို့သော ဝါဒသဘောတရား ပြောင်းပြန်ဖြစ်မှုကြောင့် ခေတ်တိုင်းတွင် တိမ်းလွဲမှုများ ပေါ်ပေါက်လာသည်။ ဖွဲ့စည်းပုံစနစ်နှင့် လူ၏ လှုပ်ရှားဆောင်ရွက်ချက်များသည် လူတို့၏ဘာသာရေးဆိုင်ရာ၊ အဘိဓမ္မာဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ တွေးခေါ်မှုများမှ ပေါက်ဖွားလာသည်ဟု ထင်မှတ်လာခဲ့ကြသည်။ ထို့ကြောင့် ရှေးဟောင်းရောမခေတ် ကျေးပိုင်ကျွန်ပိုင်များက ၎င်းတို့ကျေးပိုင်ကျွန်ပိုင် ဖြစ်လာရခြင်းမှာ ကုန်လုပ်ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှု၊ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု စသည့် ရုပ်ကျသော အကြောင်းတရားများကြောင့်မဟုတ်ဘဲ၊ ၎င်းတို့၏ လွတ်လပ်သော တွေးခေါ်မှုကြောင့် ဖြစ်လာရသည်ဟု ယူဆခဲ့ကြခြင်းဖြစ်၏။ အရင်းရှင်များကလည်း ၎င်းတို့အရင်းရှင်ဖြစ်လာရခြင်းမှာ ကုန်လုပ်ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှု စသည့် ရုပ်ကျသောအကြောင်းတရားများကြောင့်မဟုတ်ဘဲ၊ ၎င်းတို့၏ ဒီမိုကရေစီကျသော တွေးခေါ်မှုများကြောင့် ယူဆကြခြင်းဖြစ်ပေသည်။ ဤသည်နှင့်ပတ်သက်၍ မာ့က်စ်က အောက်ပါအတိုင်း ရေးခဲ့ဖူး၏။

*"အရာဝတ္ထုများကို ဤအမြင်ဖြင့်သာ ကြည့်ရှုရမည်ဆိုပါက ရာစုနှစ်တိုင်း၏ အဖြစ်အပျက်များသည် ရုပ်ကျသော အကြောင်းတရားများကြောင့် ဖြစ်ပျက်ကြသည်မဟုတ်ဘဲ တွေးခေါ်မှုကြောင့်သာ ဖြစ်ခဲ့ကြသကဲ့သို့ ရှိပေလိမ့်မည်။ ဥပမာအားဖြင့် ဆယ့်တစ်ရာစုနှစ် အဖြစ်အပျက်များသည် အခွင့်အာဏာပိုင်ရေး၊ တွေးခေါ်မှု၊ ဆယ့်နှစ်ရာစုနှစ် အဖြစ်အပျက်များသည် တသီးပုဂ္ဂလဝါဒတွေးခေါ်မှု စသည်တို့ကြောင့် ပေါ်ပေါက်လာခဲ့ကြသလို ဖြစ်နေပေလိမ့်မည်။ ရာစုနှစ်အဖြစ်အပျက်များက ထိုခေတ်တွေးခေါ်မှုများကို ပြုလုပ်ခြင်းမဟုတ်ဘဲ ထိုတွေးခေါ်မှုများက ရာစုနှစ်အဖြစ်အပျက်များကို ဖန်တီးသလို ဖြစ်နေပေလိမ့်မည်။ တနည်းဆိုရလျှင် သမိုင်းက တွေးခေါ်မှုများကို ပြုလုပ်သည်မဟုတ်ဘဲ တွေးခေါ်မှုကသာလျှင် သမိုင်းကို ပြုလုပ်သလို ဖြစ်နေပါလိမ့်မည်။"*

ဤကား ဝါဒသဘောတရား တိမ်းမှားချက်နှင့်စပ်လျဉ်း၍ မာ့က်စ်နှင့် အိန်ဂျဲလ်စ်တို့က ကြည့်မြင်ပုံဖြစ်၏။ ဝါဒသဘောတရား တိမ်းမှားချက်ဖြင့်ကြည့်လျှင် စိတ်စေတသိက် စသည်တို့သည် လူမှုကိစ္စများတွင် အရေးကြီးသော စိုးမိုးချုပ်ချယ်နေသော အကြောင်းအချက်များသာ ဖြစ်နေပေလိမ့်မည်။

သို့ဖြစ်လျှင် လူမှုရေး၊ နိုင်ငံရေး စသည့်တွေးခေါ်မှုများ၊ ၎င်းနှင့်ဆိုင်သော ဝါဒသဘောတရားများကို မာ့က်စ်ဝါဒက ဘယ်လိုသဘောထားသနည်း။ ဤသည်ကို မာ့က်စ်က အောက်ပါအတိုင်းပြောခဲ့၏။

> *"နိုင်ငံရေးဘဝ၊ လူမှုရေးဘဝ၊ အသိဉာဏ်ပညာဆိုင်ရာ ဘဝတို့ကို ပြုပြင်ဖန်တီးပေးသည့်အရာမှာ ရုပ်ဘဝ၏ ကုန်လုပ်ရေး စနစ်ဖြစ်ပေသည်။"*

ဝါဒသဘောတရားနှင့်လူတန်းစားအကျိုးစီးပွား

၅။ ဝါဒသဘောတရားတိမ်းမှားချက်၏ ပဋ္ဌမအသွင်သဏ္ဍာန်မှာ ဤသို့ဖြစ်၏။ လူတန်းစားကွဲပြားသည့် လူ့အဖွဲ့အစည်းတွင် ဝါဒသဘောတရားများသည် လူတန်းစားအကျိုးစီးပွား၏ စေ့ဆော်ချက်အရ ပေါ်ပေါက်လာသော လိမ်လည်ချက်ဖြစ်၏။ တကယ့်လူမှုဆက်ဆံရေးများကို တစ်စုံတစ်ခုသော လူတန်းစား၏ အကျိုးစီးပွားကို ဖုံးကွယ်ပေးထားသောအရာမျှသာ ဖြစ်သည်ဆိုသောအချက်ဖြစ်၏။

ဥပမာအားဖြင့် ခေတ်လယ်ဘာသာရေးဝါဒသဘောတရားများကို ကြည့်ပါ။ ခေတ်လယ်ဘာသာရေးဝါဒသဘောတရားများက သဘာဝကြီးသည် ကောင်းကင်ဘုံက စိုးမိုးခြယ်လှယ်ထားသည့်အမြင့်မှအနိမ့်သို့ တစ်ဆင့်တစ်ဆင့် အုပ်ချုပ်နေသည့် သာသနာအဆောက်အအုံကြီးဖြစ်သည်ဟု လူများအား သင်ကြားပေးခဲ့၏။ ဤသင်ကြားချက်ဖြင့် လူ့အဖွဲ့အစည်း၏ကိစ္စ၊ လူ၏ကိစ္စများကို ထင်ဟပ်ယူကြည့်၏။ သို့ဖြင့် မြေကျွန်များသည် ထာဝရဘုရားသခင်၏ အလိုတော်အတိုင်း ၎င်းတို့ထက် အဆင့်မြင့်သော မြေရှင်ပဒေသရာဇ်များထံ ကျွန်ခံနေရသည်ဟု သင်ကြားခဲ့၏။ မြေကျွန်ပဒေသရာဇ်များအား ခေါင်းပုံဖြတ်နေခြင်းကိုလည်း မြေရှင်ပဒေသရာဇ်တို့အတွက် တီထွင်ထားသောလူ၏ပိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်မှု စသည့် တွေးခေါ်မှုများဖြင့် သမာသမတ်ဖြစ်လေဟန် ပြုလုပ်ထား၏။ အမှန်အားဖြင့် ခေတ်လယ် ဘာသာရေး တွေးခေါ်မှုများသည် မြေရှင်ပဒေသရာဇ်စနစ်မှ အရောင်ရိုက်ခတ်လာသော တွေးခေါ်မှုများသာ ဖြစ်ပေသည်။ မြေရှင်ပဒေသရာဇ်များက မြေကျွန်များအား သွေးစုတ်





ခြယ်လှယ်သည့်စနစ်သည် သဘာဝ ဖန်တီးပေးလိုက်သောအရာဖြစ်သည်။ ထာဝရဘုရားအလိုတော်ကျဖြစ်သည်။ ဘုရားကြိုက်၊ နတ်ကြိုက်ဖြစ်သည်ဟု ယူဆ၏။ မြေကျွန်၏ အလုပ်အား မြေရှင်ပဒေသရာဇ်က ခေါင်းပုံဖြတ်ခြင်းကိုလည်း မြေရှင်ပဒေသရာဇ်၏ ပိုင်ဆိုင်မှု၊ ပိုင်ခွင့် စသည့် တွေးခေါ်မှုများဖြင့် ဖုံးကွယ်ထားပေသည်။

အလားတူပင် အလုပ်သမားအရင်းရှင်က ခေါင်းပုံဖြတ်ခြင်းကိုလည်း အရင်းရှင်ပိုင်ဆိုင်မှု၊ အရင်းရှင်ပိုင်ခွင့် စသော တွေးခေါ်မှုများဖြင့် ဖုံးကွယ်ပေးကြပေသည်။ ဤဖုံးကွယ်မှုကိုလည်း အရင်းရှင်သည် ဘာသာရေးမှအရေခြုံ၍ ဖုံးကွယ်ထားပေသည်။ တစ်ခါတစ်ရံတွင် အရင်းရှင်ဝါဒသဘောတရားသည် ဘာသာရေးကို ဆန့်ကျင်၏။ တစ်ခါတစ်ရံတွင် ဘာသာရေးကို အထွတ်အမြတ်ထား၏။ အရင်းရှင်စနစ်သည် လုပ်သားပြည်သူများအား လွတ်လပ်စွာ သွေးစုတ်ချယ်လှယ်ခွင့်ရနေချိန်၊ အရင်းရှင်စနစ်အတွင်း အကျပ်အတည်းများမရှိချိန်တွင် အရင်းရှင်ဘာသာရေး ဆန့်ကျင်မှုများကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပြုလုပ်တတ်ပြီး လွတ်လပ်စွာ သွေးစုပ်ခြယ်လှယ်ခွင့်မရသည့်အချိန်အတွင်း အကျပ်အတည်းဆိုက်နေသည့်အချိန်တွင်မူ အရင်းရှင်စနစ်သည် ဘာသာရေးကို ရှေ့တန်းသို့ တင်လာလေတော့သည်။ အရင်းရှင်စနစ်က ဘာသာရေးအသုံးချပုံကို မာ့က်စ်က အောက်ပါအတိုင်းရေးခဲ့၏။

> *"ရောင်းကုန်ထုတ်လုပ်ရေးကို အခြေခံသော လူ့အဖွဲ့အစည်းတွင် ကုန်ထုတ်လုပ်သူများ(အလုပ်သမားများ)သည် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းကုန်များ၊ ကြေးငွေတန်ဖိုးများအဖြစ် ယူဆထားရင်း တစ်ဖက်တွင် ထုတ်လုပ်သူအချင်းချင်း ပေါင်းသင်းဆက်ဆံကြရသည်။ ဤသို့သော လူ့အဖွဲ့အစည်းတွင် လောက၌ တကယ်မရှိနိုင်သောလူကို အထွတ်အမြတ်ထားသည့် ခရစ်ယာန်သာသနာသည် အသင့်လျော်ဆုံးသော ဘာသာရေးပုံစံ ဖြစ်ပေသည်။"*

ခေနရှင်ဘာသာရေးမှသည် ခေနရှင်နိုင်ငံရေး ဘောဂဗေဒအဆုံးဖြစ်သော ခေနရှင်ဝါဒသဘောတရားတစ်ခုလုံးသည် အရင်းရှင်သွေးစုပ်ခြယ်လှယ်မှုကို ဖုံးကွယ်ပေးထားသည့် အရာသာဖြစ်၏။ ဝါဒသဘောတရားသည် တစ်စုံတစ်ခုသော လူမှုရည်ရွယ်ချက်များ၊ လူမှုအကျိုးစီးပွားများကို အကျိုးပြုပေသည်။

လူတန်းစားများ မပေါ်ပေါက်သေးသော ရှေးဟောင်းလူ့အဖွဲ့အစည်းတွင် ဝါဒသဘောတရားသည် မျိုးတူစု၊ ဇာတ်တူစုဝင်အချင်းချင်း သွေးစည်းညီညွတ်

နိုင်မာရေးကိုရှေ့ရှု၍ ပေါ်ပေါက်လာခဲ့၏။ ယင်းသို့ ဇာတ်တူစုဝင်အချင်းချင်း သွေးစည်းညီညွတ်ရေးကို ရှေ့ရှုခြင်းမှာ မျိုးတူစုပျောက်ကွယ်မသွားရေးအတွက်ဖြစ်၏။ ထိုစဉ်က လူသည် ၎င်း၏ပတ်ဝန်းကျင်တွင်ရှိသော သဘာဝအင်အားစုများ၏ အကြောင်းကို နားမလည်သေးပေ။ သို့ရာတွင် လူသည် မိမိကိုယ်တိုင် နားမလည်နိုင်သော၊ မသိနိုင်သော ပဉ္စလက်နည်းများဖြင့် သဘာဝကို ထိန်းချုပ်နိုင်သည်ဟု ယုံကြည်ခဲ့၏။ ယင်းမှာ ရှေးဟောင်းလူ့အဖွဲ့အစည်းတွင် ပေါ်ပေါက်ခဲ့သော ဝါဒသဘောတရားဖြစ်ပေသည်။ ရှေးဟောင်းလူ့အဖွဲ့အစည်း၏ ဤဝါဒ သဘောတရားသည် မျိုးတူစု၊ ဇာတ်တူစု တည်တံ့ရေး၊ မတိမ်ကောရေးဟူသော လူမှုရည်ရွယ်ချက်မှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပေသည်။

ရန်ဘက်ကျသော လူတန်းစားများ ပေါ်ပေါက်လာသည့် လူ့အဖွဲ့အစည်း (ဝါ) လူ့သမိုင်းသည် လူတန်းစားတိုက်ပွဲများ၏ သမိုင်းဖြစ်လာသည့်အခါတွင်မူကား လူတန်းစားအကျိုးစီးပွားသည် အသီးသီးသော ဝါဒသဘောတရားများ ပေါ်ပေါက်လာအောင် စေ့ဆော်သည့် အဓိကအရာဖြစ်လာ၏။ တစ်စုံတစ်ခုသော ဝါဒသဘောတရားသည် တစ်စုံတစ်ခုသော လူတန်းစားအကျိုးစီးပွားကိုမှီ၍ ဖြစ်ပေါ်လာ၏။ ဝါ၏ဒသဘောတရားပိုင်းသည် လူတန်းစားတစ်ခု၏ ဝါဒသဘောတရား ဖြစ်လာကာ ထိုလူတန်းစားက အခြားလူတန်းစားအား ဆန့်ကျင်တိုက်ခိုက်ရာ၌ အသုံးပြုသော လက်နက်ဖြစ်လာလေတော့သည်။ သို့ဖြင့် ခေတ်တိုင်း၌ လွှမ်းမိုးခဲ့သော ဝါဒ သဘောတရားသည် ထိုခေတ်ရှိ အုပ်စိုးသူလူတန်းစား၏ ဝါဒသဘောတရား ဖြစ်လာလေတော့သည်။ သို့ဖြစ်ရာ ထိုဝါဒသဘောတရားကို အခြားဝါဒသဘော တရားတစ်ခုက ယှဉ်ပြိုင်တိုက်ခိုက်လာသည်နှင့်တစ်ပြိုင်နက် တည်ဆဲလူတန်းစား ဆက်ဆံရေးများကို အခြားလူတန်းစားတစ်ခုက ယှဉ်ပြိုင်တိုက်ခိုက်လာခြင်းဟု အဓိပ္ပာယ်ကောက်နိုင်ပေသည်။

သို့ရာတွင် ယင်းသို့ လူတန်းစားအကျိုးစီးပွားများကို ဝါဒသဘောတရား များဖြင့် ဖုံးကွယ်ကြခြင်းမှာ တမင်တကာပြုလုပ်ကြခြင်းမဟုတ်ပေ။ ဖုံးကွယ်ရန်အကြံ ဖြင့် တမင်ဖုံးကွယ်ထားခြင်းမဟုတ်ပေ။ မသိမသာ ဖုံးကွယ်လာကြခြင်းဖြစ်ပေသည်။ အလိုအလျောက် ဖုံးကွယ်လာကြခြင်းဖြစ်ပေသည်။ လူတန်းစားအကျိုးစီးပွားများကို ဝါဒသဘောတရားများဖြင့် ဖုံးကွယ်ကြသူများသည် ဤနည်းအားဖြင့် သူတစ်ပါးကို ရော ကိုယ့်ကိုယ်ကိုရော လိမ်နေကြပေသည်။

※ ※ ※





အခန်း (၈)

## သိပ္ပံပညာ

လူသည် လက်တွေ့လုပ်ရှားဆောင်ရွက်ချက်များကို လုပ်ဆောင်ရင်း အမှန်တရားကို တွေ့ရှိလာခဲ့သည်။ ဘုံကုန်လုပ်ရေးကို စတင်ပြုလုပ်လာသည်နှင့် တစ်ဦးနှင့်တစ်ဦး အကြံဉာဏ်များကို စုစည်းဖလှယ်လာရသည်။ ယင်းတို့ဖြင့် ကုန်လုပ်ရေးဖြစ်စဉ်ကြီး ပေါ်ပေါက်လာသည်။ ကုန်လုပ်ရေးဖြစ်စဉ်အတွင်းမှ သဘာဝသိပ္ပံပညာအား ကုန်လုပ်ရေးမှ ခွဲထုတ်ကာ လူတန်းစားများက သိပ္ပံပညာစူးစမ်းချက်များကို ပြုလုပ်လာကြသည်။ ဤသည်နှင့်တစ်ပြိုင်နက် သိပ္ပံပညာရပ်များထဲတွင် လူတန်းစား ဝါဒ သဘောတရားများ ဝင်ရောက်လာသည်။ တစ်ပြိုင်တည်း မှာပင် လူမှု သိပ္ပံပညာရပ်များသည်လည်း လူတန်းစားတိုက်ပွဲ အတွေ့အကြုံများကို ဖြတ်သန်းကာ ရင့်မာဖွံ့ဖြိုးလာခဲ့သည်။ သို့ရာတွင် သွေးစုပ်ခြယ်လှယ်သူ လူတန်းစား၏ လက်တွင် လူမှုသိပ္ပံပညာရပ်များသည် သဘာဝသိပ္ပံပညာရပ်များကဲ့သို့ သိပ္ပံနည်းကျသော အခြေအနေမျိုးသို့ မရောက်ခဲ့ပေ။

### ကုန်လုပ်ရေးဖြစ်စဉ်နှင့်ပတ်သက်သော တွေးခေါ်မှုများ

ကုန်လုပ်ဆက်ဆံရေးများသည် လူ၏သိစိတ်ထဲတွင် ပြောင်းပြန်လာ၍ အရောင်ရိုက်ခတ်ကြ၏။ ထို့ကြောင့် ဝါဒသဘောတရားတိမ်းလွဲချက်များ ပေါ်ပေါက်လာခဲ့ကြ၏။ သို့ရာတွင် တစ်ဖက်၌ ယင်းသို့ ပြောင်းပြန်အရောင်ရိုက်ခတ်မှုများ ရှိနေသကဲ့သို့၊ အခြားတစ်ဖက်တွင်လည်း ကုန်လုပ်ရေးဖြစ်စဉ်အတွင်းရှိ အရာဝတ္ထု

များ၊ လုပ်ရှားဆောင်ရွက်ချက်များ၊ လူမှုဆက်ဆံရေးများသည် လူ၏ စိတ်ကူးတွေးခေါ်မှုထဲသို့ အရင်အတိုင်း၊ နဂိုအရှိအတိုင်း လာ၍အရောင်ရိုက်ခတ်ကြ၏။ ပြင်ပရုပ်အမှန်တရားကို ဒိဋ္ဌကျကျ သိမြင်လာခဲ့၏။ ယင်းသို့ဖြင့် လူသည် မှန်ကန်သောတွေးခေါ်မှု၊ ပြင်ပအခြေအနေနှင့် ဟပ်မိသော တွေးခေါ်မှုကို ရရှိလာခဲ့၏။ ယင်းသို့ မှန်ကန်သော တွေးခေါ်မှုများ မရှိပါလျှင်လည်း လူသည် ကုန်လုပ်ရေးကို အောင်မြင်စွာ ပြုလုပ်နိုင်မည် မဟုတ်ပေ။ လူမှုကိစ္စများကို စီမံအုပ်ချုပ်နိုင်မည် မဟုတ်ပေ။ ကုန်လုပ်စွမ်းအားစုများသည် ထူးထွေသောသဏ္ဌာန်ကို ဆောင်လာသည်နှင့်အမျှ ပိုမိုစွမ်းအားထက်မြက်လာသည်နှင့်အမျှ၊ လူ၏ လူမှုလုပ်ဆောင်ချက်များသည်လည်း ပိုမိုရှုပ်ထွေးဆန်းကြယ်လာမည်ဖြစ်၏။ ထိုသို့ရှုပ်ထွေးလာသည်နှင့်အမျှလည်း လူသည် သဘာဝကြီးအကြောင်းနှင့် လူ့အကြောင်းကို ပို၍သိရှိနားလည်ရန် လိုအပ်လာလေသည်။

သို့ရာတွင် ပြင်ပရုပ်အခြေအနေများနှင့် ဟပ်မိသော၊ ကိုက်ညီအံကျသော တွေးခေါ်မှုများသည် လူ၏အသိအတွင်း၌ အလိုအလျောက် ပေါ်လာကြသည် မဟုတ်ပေ။ အပတ်တကုတ်အားထုတ်ကြံစည်ကြိုးပမ်းခြင်းဖြင့်သာ ပေါ်ပေါက်နိုင်၏။ လက်တွေ့ဖြင့် စစ်ဆေးကြည့်ရှုပြီးနောက်မှသာ ပေါ်ပေါက်နိုင်၏။ သို့ဖြင့် ပုဂ္ဂိုလ်ကျော်များ၏ အသစ်တွေ့ရှိချက်များသည် ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

သိပ္ပံပညာတွင်လည်းကောင်း၊ အခြားနယ်ပါယ်များတွင်လည်းကောင်း၊ အသစ်တွေ့ရှိချက်များ ပေါ်ပေါက်လာရခြင်းမှာ ဘုံကုန်လုပ်ရေးကြောင့် ဖြစ်ပေသည်။

လူသည် ကုန်ပစ္စည်းထုတ်လုပ်ခြင်းအမှုကိုမပြုမီ ပထမ၌ မည်သည့်ပစ္စည်းမျိုးကို ထုတ်လုပ်ရမလဲဟု ရည်ရွယ်ချက်ရှိရ၏။ ယင်းမှာ ကုန်လုပ်ရေးဖြစ်စဉ်၏ အသွင်လက္ခဏာတစ်ရပ်ပင်ဖြစ်၏။ ရည်ရွယ်ချက်မရှိဘဲ မည်သည့်ကုန်လုပ်ရေးကိုမျှ ပြုလုပ်၍ မရပေ။ ရည်ရွယ်ချက်မရှိပါက ရှေးအကျဆုံးကုန်လုပ်ရေးဖြစ်သည့် အမဲလိုက်ခြင်းနှင့် အစားအစာရှာဖွေခြင်းကိုပင် ပြုလုပ်၍မရပေ။ ထို့ကြောင့် ကုန်လုပ်ရာတွင် လူသည် သူတွေ့ကြုံဆက်ဆံရသော အရာဝတ္ထုများနှင့်ပတ်သက်၍ တွေးခေါ်လာရ၏။ သူအသုံးပြုသော ပစ္စည်းကိရိယာများ၊ ကိုင်တွယ်ပုံနည်းလမ်းများကို ကြံစည်လာရ၏။ သို့ဖြင့် ပစ္စည်းကိရိယာများကို မည်သို့အသုံးချရသည်၊ ၎င်းပစ္စည်းကိရိယာဖြင့် မည်သည့်အရာများကို ပြုလုပ်နိုင်သည်ဟူသော တွေ့ရှိချက်များကို ရရှိလာခဲ့လေသည်။

*''အလုပ်ဖြစ်စဉ်၏ အခြေခံအချက်များမှာ (၁) လူ၏ လှုပ်ရှားဆောင်ရွက်*





*မှု၊ (၂) ၎င်းပြုလုပ်မည့်အလုပ်နှင့် (၃) ကိရိယာတန်ဆာပလာများဖြစ်ပေသည်''* ဟု မာ့က်စ်က ရေးခဲ့၏။ ဤအခြေခံအချက်များသည် ၎င်းတို့နှင့်သက်ဆိုင်သော တွေးခေါ်မှုမရှိဘဲ အလိုအလျောက်ပေါ်ပေါက်လာကြသည်မဟုတ်ပေ။ လူ၏ လှုပ်ရှားမှုသည်လည်းကောင်း၊ အလုပ်သည်လည်းကောင်း၊ ကိရိယာတန်ဆာပလာသည် ၎င်းရည်ရွယ်ချက်မရှိဘဲ၊ လူ၏တွေးခေါ်မှုမပါဘဲ ပေါ်ပေါက်လာကြသည် မဟုတ်ပေ။ ကုန်လုပ်ရေးနှင့် အလုပ်တာဝန်ခွဲဝေမှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အလုပ်ပုံသဏ္ဌာန်သည်လည်း ထူးထွေများပြားလာတော့သည်။ ထိုနှင့်အတူ အလုပ်တန်ဆာပလာများသည်လည်း တိုးတက်ဖွံ့ဖြိုးလာခဲ့ပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာ လူသည် ရုပ်ပတ်ဝန်းကျင်နှင့် လိုက်လျောညီစွာ တွေးကြံတတ်လာခြင်းနှင့် အသစ်တွေ့ရှိချက်များကို ရရှိလာခြင်း ကြောင့်ဖြစ်ပေသည်။

ဥပမာအားဖြင့် ရှေးခေတ်ဦးလူသည် သူအမဲလိုက်သော တိရစ္ဆာန်များ၏ အမျိုးအမည်ကိုလည်းကောင်း၊ တိရစ္ဆာန်များ၏ အလေ့အထကိုလည်းကောင်း၊ ထိုတိရစ္ဆာန်များ၏ အရည်အချင်းများကိုလည်းကောင်း တိကျစွာ တွေးခေါ်တတ်လာပေသည်။ နောက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် လက်မှုပညာတိုးတက်ဖွံ့ဖြိုးလာသောအခါတွင်လည်း လူ၏ တွေးခေါ်မှုသည် တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ခေတ်သစ်အရင်းရှင် လူ့အဖွဲ့အစည်း၌ နေ့ရှင်ဘာသာရေး၊ နိုင်ငံရေးနှင့် အဘိဓမ္မာများကို သင်ကြားပေးလိုက်သည့် ကျောင်းများ၊ တက္ကသိုလ်များသည် သဘာဝနှင့်ပတ်သက်သော အသိပညာများကို စုဆောင်းသိုမှီးထားရာ ဘဏ္ဍာတိုက်ကြီးများ ဖြစ်လာခဲ့ကြ၏။ ထိုအသိပညာများကို သိုမှီးခဲ့ခြင်းမှာ နှစ်ထောင်ပေါင်းများစွာ ရှည်ကြာခဲ့သော လူ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်၏။ အရင်းရှင်ခေတ်ကုန်လုပ်ရေးတိုးတက်မှုများကြောင့်ဖြစ်၏။

## သဘာဝသိပ္ပံပညာပေါ်ပေါက်လာပုံ

သဘာဝသိပ္ပံပညာသည် ကုန်လုပ်ရေးဖြစ်စဉ်အတွင်း ရရှိလာခဲ့သော အသိဉာဏ်မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ *''သိပ္ပံပညာရပ်များ ပေါ်ပေါက်လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာခြင်းကို စေ့ဆော်သောအရာမှာ ကုန်လုပ်ရေးပင်ဖြစ်ပေသည်''*ဟု အိန်ဂျယ်လ်စ်က ပြောခဲ့သည်။ အိန်ဂျယ်လ်စ်က ဆက်၍ပြောရာ၌ . . .

*''အစကနဦး၌ သိပ္ပံပညာ၏ နယ်ပယ်တွင် နက္ခတ္တဗေဒပညာ၊ သင်္ချာဗေဒပညာနှင့် ယန္တရားဗေဒပညာတို့လောက်သာ ပါဝင်ကြလေသည်။ နက္ခတ္တ*

*ဗေဒပညာတွင် ရာသီခွင်များ လှည့်ပတ်နေပုံအကြောင်း ပါဝင်နေသည့်အတွက် နက္ခတ္တဗေဒပညာသည် လယ်ယာစိုက်ပျိုးသူများ၊ ကွဲခွာစားကျက်ရှာဖွေသူများအတွက် အရေးကြီးသော ပညာတစ်ရပ်ဖြစ်လာခဲ့၏။ သို့ရာတွင် နက္ခတ္တဗေဒပညာကို ဂဏန်း သင်္ချာဖြင့်သာ တွက်ချက်နိုင်သည့်အလျောက်၊ ဂဏန်းသင်္ချာသည်လည်း ပေါ်ပေါက်လာခဲ့သည်။ လယ်ယာစိုက်ပျိုးရေးစနစ် အဆင့်မြင့်လာသည့်အချိန်၊ မြို့များ ပေါ်ပေါက်လာသည့်အချိန်၊ အဆောက်အဦဆောက်လုပ်ခြင်းအတတ်နှင့် လက်မှုပညာများ ပေါ်ပေါက်လာသည့်အချိန်တွင်ကား စက်ယန္တရားအတတ်ပညာလည်း ပေါ်ပေါက်လာတော့သည်။ နောက်၌ ဤအတတ်ပညာများကို လယ်ယာစိုက်ပျိုးရေးအတွက် ရေသွယ်ယူရေးနှင့် စစ်တိုက်ခိုက်မှုတို့တွင် အသုံးချလာကြသည်။ ယင်းသို့ဖြင့် သိပ္ပံပညာများသည် တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ကြပေသည်။''*

အရင်းရှင်စနစ်ကို ပေါ်ပေါက်စေနိုင်သည့်အထိ ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်လာသောအခါတွင်မူကား သိပ္ပံပညာများသည် တစ်ခုပြီးတစ်ခု အလျှိုလျှို ပေါ်ပေါက်လာခဲ့ကြ၏။ ၎င်းတို့ကား ရူပဗေဒ၊ ဓာတုဗေဒ၊ ပါဏဗေဒ ပညာရပ်များနှင့် ဘူမိဗေဒ စသည်တို့ပေတည်း။

ဤသည်နှင့်ပတ်သက်၍ အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

> *''သိပ္ပံပညာရပ်များသည် မမျှော်လင့်ခဲ့ဖူးသော အရှိန်အဟုန်ဖြင့် တိုးတက်ကာ အံ့မခန်းနှုန်းထားဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဆိုပါက ကျွန်ုပ်တို့သည် ထိုတိုးတက်မှုအတွက် ကုန်လုပ်ရေးကို ကျေးဇူးတင်ရမည်ဖြစ်ပေသည်။''*

သို့ဖြင့် သိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်းမှာ ကုန်လုပ်ရေးကြောင့်ဖြစ်၏။ အလားတူပင် သိပ္ပံပညာရပ်များသည် တစ်ဖက်သတ်ကျသော အသွင်လက္ခဏာကို ဆောင်လာရခြင်းမှာလည်း ကုန်လုပ်ရေးကြောင့်ပင် ဖြစ်လေသည်။ ကုန်လုပ်ရေးသည် အသွင်လက္ခဏာအမျိုးမျိုးကို ဆောင်ခဲ့သဖြင့် သိပ္ပံပညာသည်လည်း အသွင်လက္ခဏာအမျိုးမျိုးကို ဆောင်လာခဲ့၏။ ဥပမာအားဖြင့် ဓာတုဗေဒသည် အရင်းရှင်လူ့အဖွဲ့အစည်းတွင်းမှ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ထိုပညာရပ်ဖြင့် စစ်ကုန်လုပ်ရေးကို ပြုလုပ်၏။ တစ်ဖက်တွင်ကား ခေတ်သစ်လက် ဝါးကြီးအုပ် အရင်းရှင်စနစ်အောက်တွင် လယ်ယာစိုက်ပျိုးရေးသိပ္ပံပညာရပ်များသည် တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးနေကြ၏။ ယင်းသို့ဖြစ်ရသည်မှာ ကုန်လုပ်ရေး၌ စစ်အသွင်သဏ္ဌာန်ဆောင်လာသောကြောင့်ဖြစ်၏။ ထို့ကြောင့် ကုန်လုပ်ရေး၏ အသွင်လက္ခဏာကို





လိုက်၍ သိပ္ပံပညာရပ်များသည်လည်း ဖွံ့ဖြိုးတိုးတက်လာရပေသည်။

### သိပ္ပံပညာဆိုတာ ဘာလဲ

၎င်းတို့၏ ကိုယ်ပိုင်နိသျှများ၊ သဘောတရားများရှိသော သီးခြားပညာရပ်များကို သိပ္ပံပညာရပ်များဟု အကြမ်းအားဖြင့် ခေါ်ဆိုနိုင်၏။ သဘာဝ၏ ဖြစ်စဉ်များ၊ သဘာဝ၏ အရာဝတ္ထုများ၊ ၎င်းတို့၏ ဇီဇသတ္တိများကို အထူးတလည် လေ့လာစူးစမ်းသည့်ပညာရပ်ကို သိပ္ပံပညာဟု ခေါ်နိုင်၏။ ၎င်းစူးစမ်းလေ့လာမှုများမှ ယေဘုယျခြုံ၍ စနစ်ကျသော အယူအဆများ၊ တွေးခေါ်မှုများအဖြစ် ပြုလုပ်လိုက်သောအခါ ၎င်းတွေးခေါ်မှုများသည် သိပ္ပံပညာသဘောတရားများ ဖြစ်လာကြပေသည်။

ရှေးခေတ်ဦးက မျိုးတူစုများသည်လည်း သဘာဝအကြောင်း၊ အပင်များအကြောင်း၊ တိရစ္ဆာန်များအကြောင်း၊ ရာသီခွင်လှည့်လည်ပုံအကြောင်း စသည်တို့ကို သိရှိခဲ့ကြ၏။ သို့ရာတွင် ထိုခေတ်က ၎င်းတို့သိခဲ့သော အသိပညာများကို သိပ္ပံပညာဟု မခေါ်နိုင်သေးပေ။ ထိုအရာဝတ္ထုများအကြောင်းကို ကုန်လုပ်ရေးဖြစ်စဉ်အတွင်း မသိမသာ တွေ့ရှိလာရုံမျှမကတော့ဘဲ ကုန်လုပ်ရေးဖြစ်စဉ်၏ အပြင်ပ၌ သီးခြားစူးစမ်းရှာဖွေပြီးနောက်၊ ထိုရှာဖွေတွေ့ရှိချက်များကို အသိပညာတစ်ရပ်အနေဖြင့် ယေဘုယျခြုံယူပြီး စနစ်ကျအောင် ပြုလုပ်လိုက်သောအခါမှသာ သိပ္ပံပညာဟူ၍ ဖြစ်ပေါ်လာပေသည်။ ထို့ကြောင့် သဘာဝ၏ ဖြစ်စဉ်များ၊ သဘာဝ၏ အရာဝတ္ထုများကို ကုန်လုပ်ရေးဖြစ်စဉ်အတွင်း၌ အလိုအလျောက် သိရှိလာခြင်းသည် သိပ္ပံပညာမဟုတ်သေးဘဲ၊ ကုန်လုပ်ဖြစ်စဉ်၏ ပြင်ပ၌ သီးခြား စူးစမ်း၍ရသော သဘာဝနှင့် ပတ်သက်သည့် အကြောင်းအရာများကို စနစ်တကျ ဖွဲ့စည်းထားသော အသိပညာသည်သာလျှင် သိပ္ပံပညာရပ်ဖြစ်လာပေသည်။

သိပ္ပံပညာရပ်၌ ထူးခြားသော အဓိကအသွင်လက္ခဏာကြီးသုံးရပ်ရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ သိပ္ပံပညာသည် သဘာဝ၏ အရာဝတ္ထုများနှင့် ဖြစ်စဉ်များကို စနစ်တကျဖော်ပြခြင်း၊ ရွေးချယ်ခွဲခြားခြင်း စသည့်အမှုတို့ကို ပြုလုပ်သည်။ ဥပမာ နက္ခတ္တသိပ္ပံပညာကို တီထွင်ခဲ့သူ ရှေးဟောင်းအီဂျစ်လူမျိုးများသည် ကောင်းကင်တွင်ရှိသော နေ၊ လ၊ နက္ခတ်၊ ဂြိုဟ် စသည်များနှင့် ၎င်းတို့၏ သွားလာလှုပ်ရှားမှုများကို အထူးစနစ်တကျလေ့လာကာ ပုံစံဇယားများ ရေးဆွဲခဲ့သည်။ ယင်းသို့

ဖြင့် နက္ခတ္တသိပ္ပံပညာ ပေါ်ပေါက်လာသည်။ အာရစ္စတော်တယ်လ်သည် တိရစ္ဆာန်များ၏ အမျိုးအမည်များ၊ ၎င်းတို့၏ ဇီဇသတ္တိများ၊ ၎င်းတို့အချင်းချင်းကြားတွင် စိုးမိုးနေသည့် နိယာမတရားများကို အထူးစနစ်တကျ လေ့လာဖော်ပြကာ ခွဲပြားပြခဲ့သည်။ ယင်းသို့ဖြင့် သဘာဝသမိုင်းဆိုင်ရာ သိပ္ပံပညာပေါ်ပေါက်လာသည်။ ထို့ကြောင့် သိပ္ပံပညာ၏ ပထမအသွင်လက္ခဏာမှာ ၎င်းသည် သဘာဝဖြစ်စဉ်များနှင့် အရာဝတ္ထုများကို စနစ်တကျဖော်ပြခြင်း၊ ခွဲခြားခြင်းဖြစ်သည်။

၂။ သဘာဝ၏ အရာဝတ္ထုများ၊ ဖြစ်စဉ်များကို စနစ်တကျ ဖော်ပြခြင်း၊ ခွဲခြားခြင်းပြုလုပ်ပြီးနောက် ထိုအချက်များကိုမှီ၍ သဘာဝအရာဝတ္ထုများ၏ ဇီဇသတ္တိများ လှုပ်ရှားပြောင်းလဲမှုများကို စိုးမိုးနေသည့် အခြေခံဥပဒေများ၊ နိယာမတရားများကို ချမှတ်ခြင်းသည် သိပ္ပံပညာ၏ ဒုတိယအသွင်လက္ခဏာဖြစ်သည်။ ထိုနိယာမဥပဒေသများအရ စက်ယန္တရားဗေဒနှင့် အစိုင်အခဲ၊ အရှိန် စသည်တို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုသည်။ သင်္ချာဗေဒတွင် ဂဏန်းများ၏ အရည်အတွက်၊ အသေးအကြီး ဂဲသြမေထရီပုံသဏ္ဌာန် စသည်တို့ကို သတ်မှတ်သည်။

၃။ ထိုဥပဒေသများ၊ နိယာမတရားများကို မူတည်၍ တွေးဆချက်များကို ထုတ်လုပ်ခြင်းမှာ သိပ္ပံပညာ၏ တတိယအသွင်လက္ခဏာဖြစ်သည်။ လေ့လာပြီးဖြစ်သော အရာဝတ္ထုများ၏ ဇီဇသတ္တိများ၊ အညမညဆက်သွယ်မှုများ လှုပ်ရှားပြောင်းလဲမှုများကို ထိုတွေးဆချက်များဖြင့် ဖော်ပြသည်။ ရှေ့တွင် မည်သို့လှုပ်ရှားပြောင်းလဲလှုပ်ရှားမည် စသည်တို့ကိုလည်း ထိုတွေးဆချက်များဖြင့် ကြိုတင်တွက်ချက်သည်။ ထိုတွေးဆချက်များဖြင့် သဘာဝ၏အသွင်သဏ္ဌာန်နှင့်ပတ်သက်၍ စနစ်ကျသော သဘောတရားများကို ဖွဲ့စည်းတည်ဆောက်သည်။

သို့ဖြစ်ရကား သိပ္ပံပညာသည် ကုန်လုပ်ရေးတွင် အခြေခံ၍ ပေါ်ထွက်လာခြင်းဖြစ်သည်။ သိပ္ပံပညာကို ကုန်လုပ်ရေးတွင် အသုံးချခဲ့ကြသည်။ တစ်ပြိုင်နက်မှာပင် သိပ္ပံပညာသည် ကုန်လုပ်ရေးဖြစ်စဉ်မှခွဲထွက်ကာ သီးခြားသော ပညာရပ်တစ်ရပ်ဖြစ်လာခဲ့လေသည်။

အချို့သိပ္ပံပညာရှင်များကိုယ်တိုင်သည် သိပ္ပံပညာသည် ကုန်လုပ်ရေးနှင့် မည်သို့မည်ပုံ ဆက်သွယ်နေသည်ကို မသိကြသေးပေ။ အချို့သိပ္ပံပညာရှင်များကမူ သိပ္ပံပညာသည် ကုန်လုပ်ရေးနှင့် ဘာမျှမဆိုင်ဟုပင် ပြောင်ပြောင်တင်းတင်း ငြင်းဆိုကြသည်။ သူတို့သည် သိပ္ပံပညာ စူးစမ်းရှာဖွေမှုများကို ပြုလုပ်လာကြခြင်းမှာ အထူးအဆန်းကို သိလို၍လည်းကောင်း၊ အသိပညာ တိုးတက်မှုရရှိလို၍၎င်း၊





လူများ အသိဉာဏ်ပညာ တိုးတက်စေလို၍လည်းကောင်း၊ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ ဖြစ်လို၍လည်းကောင်း၊ ဝါသနာပါ၍လည်းကောင်း၊ ပြုလုပ်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဤအချက်၌ သိပ္ပံပညာသည် ကုန်လုပ်ရေးနှင့် ခေတ္တအားဖြင့် သီးခြားကင်းလွတ်ပေသည်။ သို့ရာတွင် ယေဘုယျဆိုရလျှင်ကား သိပ္ပံပညာတိုးတက်မှုသည် ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုပေါ်တွင် တည်ပေသည်။ သိပ္ပံပညာ၏ အသွင်လက္ခဏာသည်လည်း ကုန်လုပ်ရေး၏ အသွင်လက္ခဏာပေါ်တွင် တည်ပေသည်။ ခေတ်သစ်ကုန်လုပ်ရေးမှ ပေါ်ထွက်လာသော သိပ္ပံပညာသည် ခေတ်သစ်အသွင်လက္ခဏာကို ဆောင်လေသည်။ သိပ္ပံပညာကို တီထွင်သူများသည် ကုန်လုပ်ရေးဖြစ်စဉ်သစ်အတွင်း ပေါ်ပေါက်လာသော လက်တွေ့ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းရှာဖွေရာမှ သိပ္ပံပညာရပ်များကို တွေ့ရှိလာကြခြင်းဖြစ်ပေသည်။

## သိပ္ပံပညာနှင့်လူတန်းစားများ

သိပ္ပံပညာသည် အလုပ်တာဝန်ခွဲဝေမှုကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း ပြဆိုခဲ့ပြီ။ သို့ဖြစ်သဖြင့် သိပ္ပံပညာဖြစ်ပေါ်တိုးတက်မှုသည် လူတန်းစားများဖြစ်ပေါ်တိုးတက်မှုနှင့်တွဲ၍နေ၏။ ခေတ်အသီးသီး၌ လူတန်းစားအသီးသီးတို့သည် သိပ္ပံပညာကို လိုသလိုဆွဲကာ မိမိလူတန်းစားအကျိုးစီးပွားများအတွက် အသုံးချခဲ့ကြ၏။ သိပ္ပံပညာရပ်များကို မိမိလူတန်းစား ဝါဒသဘောတရားများ၏ အသွင်လက္ခဏာများဖြင့် တပ်ဆင်ပေးခဲ့ကြ၏။

အလုပ်တာဝန်ခွဲဝေမှု ပေါ်ပေါက်လာသဖြင့် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုနှင့် သွေးစုပ်ခြယ်လှယ်သူလူတန်းစားများ ပေါ်ပေါက်လာခဲ့သည်။ ကုန်လုပ်ရေးကို လုပ်ကိုင်နေသည့် ကုန်ထုတ်လုပ်သူပြည်သူလူများစုကြီးနှင့် လူ့အဖွဲ့အစည်းကို ချုပ်ကိုင်ထားသော အခွင့်ထူးခံ လူနည်းစုဟူ၍ ကွဲပြားခြားနားလာခဲ့၏။ ဉာဏအလုပ်တစ်ခုဖြစ်သော သိပ္ပံပညာသည် လူနည်းစုကလေးနှင့် ခွဲခွာမရဘဲ ဖြစ်လာ၏။

သို့ဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ရှေ့ဆောင်မောင်းနှင်နေသော လူတန်းစားသည် အစိုးရ၊ ဘာသာရေး စသည်တို့ကိုလည်း ချုပ်ကိုင်လာခဲ့၏။ တစ်ပြိုင်နက်မှာပင် သိပ္ပံပညာကိုလည်း ချုပ်ကိုင်လာကာ မိမိ၏အကျိုးစီးပွားများအတွက် အသုံးချလာလေတော့သည်။

သိပ္ပံပညာသည်လည်း လူမှုကိစ္စအဝဝကို ထိန်းသိမ်းရာတွင် လက်နက်

ကိရိယာတစ်ခုဖြစ်ပေသည်။ သို့ဖြင့် သိပ္ပံပညာသည် လူတန်းစားအသီးသီး၏လက်တွင် စွဲကိုင်သောကိရိယာတစ်ခု၊ တန်ဆာပလာတစ်ခု ဖြစ်လာပေသည်။ သိပ္ပံပညာသည် (က) ကုန်လုပ်ရေးကို တိုးချဲ့ကြီးထွားအောင် ပြုလုပ်ပေးခြင်း၊ (ခ) လူမှုရေးကိစ္စများကို ထိန်းသိမ်းအုပ်ချုပ်ခြင်း စသည့်နည်းများဖြင့် လူတန်းစားများကို အကျိုးပြုပေသည်။ လူတန်းစားများသည် မိမိတို့လူတန်းစားအကျိုးစီးပွားအတွက် လိုအပ်ရုံလောက်သာ သိပ္ပံပညာကို တိုးချဲ့ခဲ့ကြပြီး မိမိတို့၏ လိုအပ်ချက်ထက်ပိုလာသည်နှင့်တစ်ပြိုင်နက် သိပ္ပံပညာတိုးတက်မှုကို ဟန့်တားပိတ်ပင်ပစ်လိုက်ကြလေသည်။

ထို့ကြောင့် သိပ္ပံပညာဖွံ့ဖြိုးတိုးတက်ခြင်း၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ပင်ကန့်သတ်ခြင်း စသည်တို့သည် တည်ရှိနေသော လူတန်းစားအခြေအနေ များကို လိုက်၍ ဖြစ်ပေါ်ရပေသည်။

ဥပမာအားဖြင့် ကျေးပိုင်ကျွန်ပိုင်လူ့အဖွဲ့အစည်းနှင့် မြေရှင်ပဒေသရာဇ်လူ့အဖွဲ့အစည်းများ၌ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် များစွာဖွံ့ဖြိုးတိုးတက်ခြင်းမရှိမှသာ မိမိတို့သည် တည်ရှိနိုင်လိမ့်မည်ဟု ထိုစဉ်က အုပ်စိုးသူလူတန်းစားများက သဘောပေါက်ခဲ့ကြ၏။ သို့ရာတွင် ဓနရှင်လူတန်းစားပေါ်လာသည်နှင့် ဓနရှင်၏အကျိုးစီးပွားသည် သိပ္ပံပညာတိုးချဲ့ရေးကို တောင်းဆိုလာတော့သည်။ သို့ဖြင့် ခေတ်သစ်သိပ္ပံပညာသည် ဓနရှင်လူတန်းစား၏ ဖန်တီးချက်ကြောင့် ပေါ်ပေါက်လာခဲ့ပေသည်။ ဓနရှင်လူ့အဖွဲ့အစည်း၏ ထုတ်ကုန်ပစ္စည်းဖြစ်လာလေတော့သည်။ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများတွင် သဘာဝနှင့် လူ့အဖွဲ့အစည်း၏ ဖြစ်စဉ်များအား နားလည်အောင် ပြုလုပ်သောကိရိယာ၊ ထိန်းချုပ်သော ကိရိယာဖြစ်လာလေတော့သည်။

### သိပ္ပံပညာနှင့်လူတန်းစားဝါဒသဘောတရားဝင်ရောက်စွက်ဖက်ပုံ

သိပ္ပံပညာ၏ ယေဘုယျဖြစ်ပေါ်တိုးတက်မှုကို လူတန်းစားတစ်ခုက ချုပ်ကိုင်လိုက်သည်နှင့် သိပ္ပံပညာတိုးတက်မှုတွင် ကန့်သတ်ချက်များ ပေါ်ပေါက်လာတော့သည်။ သိပ္ပံပညာတွေးခေါ်မှုများတွင် အချုပ်အချယ်များ ဝင်ရောက်လာသည်။

လူတန်းစားဝါဒသဘောတရား၏ အသွင်လက္ခဏာကို အဆုံးအဖြတ်ပေးမည့် ကြိုတင်တွေးခေါ်မှုများသည် လူတန်းစားတည်ရှိမှု ရုပ်အခြေအနေများပေါ်





တွင် အခြေခံ၍ ပေါ်ပေါက်လာတော့သည်။ လူတန်းစား၏ အသိဉာဏ်ပညာရှင်ကိုယ်စားလှယ်များသည် ဤကြိုတင်တွေးခေါ်မှုများအား လူတန်းစားဝါဒသဘောတရားများအဖြစ် ပုံသွင်းခဲ့ကြသည်။ ထိုဝါဒသဘောတရားများသည် သိပ္ပံနယ်ပယ်သို့ ဝင်ရောက်လာကြပြန်ကာ သိပ္ပံပညာသဘောတရားများကို လွှမ်းမိုးလာခဲ့သည်။ သို့ဖြင့် ခေတ်တိုင်း ခေတ်တိုင်း၌ လူတန်းစားဝါဒသဘောတရားသည် သိပ္ပံပညာဖြစ်ပေါ်တိုးတက်မှုတစ်ရပ်လုံးကို လွှမ်းမိုးလာခဲ့ပေသည်။

ဥပမာအားဖြင့် ကမ္ဘာလောကကြီး၏ ထိပ်ဆုံး၌ ထာဝရဘုရားသခင်ရှိ၍ ၎င်း၏အောက်တွင် လူများ၊ တိရစ္ဆာန်များ၊ အပင်များ၊ သတ္တုများ စသဖြင့် အဆင့်ဆင့်တည်ရှိခဲ့ကြသည်။ သို့ဖြင့် ကမ္ဘာလောကကြီးသည် တစ်ခုအောက်မှအထက် တစ်ခုပေါ်တစ်ခုဆင့်ပြီး ဖွဲ့စည်းထားသည်ဟု ယူဆခဲ့ကြသည်။ ယင်းအယူအဆသည် ကျေးပိုင်ကျွန်ပိုင်ခေတ်တွင် သန္ဓေတည်လာခဲ့ပြီးနောက် မြေရှင်ပဒေသရာဇ်ခေတ်တွင် ကြီးထွားလာခဲ့၏။ ထို့ကြောင့် ကျေးပိုင်ကျွန်ပိုင်ခေတ်နှင့် မြေရှင်ပဒေသရာဇ်ခေတ်တွင် ပေါ်ပေါက်ခဲ့သော သိပ္ပံပညာရပ်များတွင် ဤအယူအဆလွှမ်းမိုးခဲ့လေသည်။ လူနှင့်သဘာဝကို ကြည့်မြင်သော ထိုခေတ်က သဘောတရားများသည် ထိုအယူအဆ၏ လွှမ်းမိုးမှုဖြင့် ပေါ်ပေါက်လာခဲ့ကြသည်။

ဥဒါဟရုဏ်ဆောင်အံ့။ ။ ထိုခေတ်က ပေါ်ပေါက်ခဲ့သော ကမ္ဘာလောကကြီးနှင့် ပတ်သက်သည့် ရှုမြင်ချက်များအရ ကမ္ဘာမြေကြီးသည် ဗဟိုချက်မဖြစ်၍ နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့သည် ကမ္ဘာမြေကြီးကို လှည့်ပတ်သွားလာနေကြသည်။ နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့အားလုံးသည် ကမ္ဘာမြေကြီး၏ အခြွေအရံများဖြစ်သည်။ ကမ္ဘာမြေကြီးသည် ထာဝရဘုရားသခင်ရှိရာ ကောင်းကင်ဘုံမှအပ အခြား နေ၊ လ၊ နက္ခတ်၊ တာရာများကို ချုပ်ကိုင်ထားသည်ဟု ယူဆခဲ့သည်။ ယင်းမှာ ဘိုလင်းမစ် သိပ္ပံပညာအမြင်ဖြစ်၏။ ယင်းသို့သော သိပ္ပံပညာတွေးခေါ်မှုသည် ဘယ်က ပေါ်ပေါက်လာသနည်း။ ဘယ်လိုပေါ်ပေါက်လာသနည်း။

ကျေးပိုင်ကျွန်ပိုင်လူတန်းစားနှင့် မြေရှင်ပဒေသရာဇ်လူတန်းစား၏အမြင်မှ ပေါ်ပေါက်လာသည်။ ထိုလူတန်းစားများသည် ကျွန်များနှင့် မြေကျွန်များအား သူတို့လက်အောက်၌ ပြားပြားဝပ်နေစေရန်အတွက် မိမိတို့သည် ကမ္ဘာမြေကြီးကို စိုးပိုင်သူများဖြစ်သည်။ မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီးသာလျှင် ဗဟိုချက်မဖြစ်သည်။ နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့ကား မိမိတို့ကမ္ဘာမြေကြီး၏

လက်အောက်ခံဖြစ်သည်ဟု ကြွေးဝါလိုက်ခြင်းဖြစ်ပေသည်။

ထို့နောက်တွင် ကိုပါးနီးကပ်(စ်)၏ နေစကြဝဠာစနစ်ပေါ်ပေါက်လာသည်။ ၎င်းက ကမ္ဘာမြေကြီးသည် ဗဟိုချက်မ ဖြစ်၍ နေ၊ လ၊ နက္ခတ်၊ တာရာ တို့က ၎င်းကို လှည့်ပတ်သွားလာနေသည်ဆိုခြင်းမှာ မဟုတ်၊ နေသည်သာ ဗဟိုချက်မဖြစ်၍ ကမ္ဘာမြေကြီးမှာ ဂြိုဟ်တစ်လုံးသာဖြစ်ပြီး နေကို လှည့်ပတ်နေသည်ဟု ကြေညာလိုက်လေသည်။ ဤအမြင်မှနေ၍ နောက်တွင် နယူတန်၏ ဆွဲငင်ခြင်းဥပဒေသနှင့် ပြောင်းလဲလှုပ်ရှားခြင်းဥပဒေသတို့ ပေါ်ပေါက်လာသည်။ ၎င်းဥပဒေသအရ စကြဝဠာကြီးထဲရှိ အရာဝတ္ထုများအားလုံး၏ လှုပ်ရှားမှုဟူသမျှ သည်စက်ယန္တရားဆန်သော အကြောင်းဆက်များဖြစ်မှု စီမံကိန်းအတိုင်း ဖြစ်ပေါ်နေ သည်ဟု ယူဆသည်။

သို့ဖြင့် ဓနရှင်ဝါဒသဘောတရား၊ အထူးသဖြင့် ဓနရှင်သိပ္ပံပညာသည် ရှေးဟောင်းအယူအဆများကို တိုက်ခိုက်လာခဲ့သည်။ ယင်းသို့ တိုက်ခိုက်လာရ ခြင်းမှာ ဓနရှင်လူမှုဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်လာသောကြောင့်ဖြစ်ပေသည်။ အယူအဆဟောင်းများနေရာတွင် အယူအဆသစ်ဖြစ်သော ဓနရှင်အယူအဆ ဝင်လာသည်။ ကမ္ဘာလောကကြီးတွင် ရုပ်ဘဝသည် နိမ့်ကျ၍ စိတ်နာမ်ဘဝသည် မြင့်သည်ဟူသော ရှေးအယူအဆကို ဖယ်ခွာပြီးနောက် ရုပ်ဘဝနှင့် စိတ်နာမ်ဘဝ သည် တသီးတခြားစီ ရှိနေသောအရာများဖြစ်သည်ဟု ယူဆလာကြသည်။

သို့ဖြင့် မြေရှင်ပဒေသရာဇ်အယူအဆများသည် ခေတ်လယ်သိပ္ပံပညာကို လွှမ်းမိုးခဲ့ပြီး ဓနရှင်အယူအဆများသည် ခေတ်သစ်သိပ္ပံပညာကို လွှမ်းမိုးလာခဲ့လေ သည်။

## လူမှုရေးရာသိပ္ပံပညာ

ယခင်အခန်းများတွင် သဘာဝသိပ္ပံပညာရပ်များအကြောင်းကို ဆွေးနွေး ခဲ့ပြီးဖြစ်၏။ သို့ဖြစ်ရာ ယခု လူမှုရေးရာသိပ္ပံပညာရပ်များကို ဆွေးနွေးလိုသည်။

သဘာဝသိပ္ပံပညာသည် သဘာဝအသွင်သဏ္ဍာန်များ၏ ဥပဒေသများ၊ ဗီဇသတ္တိများကို စူးစမ်းလေ့လာသော ပညာတစ်ရပ်ဖြစ်သည်။ ၎င်း၏ ဖြစ်ပေါ် တိုးတက်မှုကို ကုန်လုပ်ရေးက ဆုံးဖြတ်သည်။ လူမှုရေးရာသိပ္ပံပညာကား လူမှု အသွင် သဏ္ဍာန်များ၏ ဥပဒေသများ၊ ဗီဇသတ္တိများကို စူးစမ်းလေ့လာသော ပညာဖြစ်သည်။ ၎င်း၏ဖြစ်ပေါ်တိုးတက်မှုကို လူတန်းစားတိုက်ပွဲက ဆုံးဖြတ်သည်။





လူမှု ရေးရာသိပ္ပံပညာသည် လူတန်းစားတိုက်ပွဲလမ်းကြောင်းတစ်လျှောက်၌ ပေါ်ပေါက်ခဲ့သော အမျိုးမျိုးသော လူတန်းစားတိုက်ပွဲအတွေ့အကြုံများတွင် အခြေခံ ပေသည်။

သိပ္ပံပညာသည် တစ်စုံတစ်ရာသော လိုအပ်ချက်တစ်ရပ်ကြောင့် ပေါ်ပေါက် လာရခြင်းဖြစ်၏။ သဘာဝသိပ္ပံပညာပေါ်ပေါက်လာရခြင်းမှာ ကုန်လုပ်ရေးလိုအပ် ချက်များကြောင့်ဖြစ်၏။ ထို့ကြောင့် ကုန်လုပ်ရေးကို ချုပ်ကိုင်သော လူတန်းစားသည် သိပ္ပံပညာကိုလည်း ချုပ်ကိုင်လာ၏။ အလားတူပင် လူမှုကိစ္စများကို အုပ်ထိန်းရန် လိုအပ်ချက်များကြောင့် လူမှုရေးရာ သိပ္ပံပညာသည်လည်း ပေါ်ပေါက်လာခဲ့ရလေ သည်။ ဤသည်နှင့်တစ်ပြိုင်တည်းမှာပင် လူမှုကိစ္စများကို အုပ်ထိန်းချုပ်ကိုင်နေ သော လူတန်းစားသည် လူမှုရေးရာသိပ္ပံပညာရပ်များကိုလည်း ချုပ်ကိုင်လာလေ သည်။

လူမှုအသွင်သဏ္ဍာန်များကို လေ့လာစူးစမ်းခြင်းအတတ်သည် ကျေးပိုင် ကျွန်ပိုင် လူ့အဖွဲ့အစည်း၊ မြေရှင်ပဒေသရာဇ်လူ့အဖွဲ့အစည်းနှင့် အရင်းရှင်လူ့အဖွဲ့ အစည်းများတွင် အတော်အတန် တိုးတက်လာခဲ့၏။ လူ့သမိုင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော လူ့အဖွဲ့အစည်းပုံသဏ္ဍာန်များ၊ အစိုးရပုံသဏ္ဍာန်များ၊ လူမှု ဥပဒေသများကို လေ့လာခဲ့ကြ၏။

သို့ရာတွင် ခေတ်သစ်အလုပ်သမားလူတန်းစား ပေါ်ပေါက်လာမည့်အချိန် အထိ ယင်းသို့သော လူမှုအသွင်သဏ္ဍာန်များကို စူးစမ်းလေ့လာခဲ့သူများကား အုပ်စိုးသူ လူတန်းစားများ၏ ကိုယ်စားလှယ်များသာ ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ပထမဆုံး ပေါ်ပေါက်လာခဲ့သော လူမှုရေးရာသိပ္ပံပညာရပ်များထဲတွင် ဖော်ပြပါရှိ သည့် လူနှင့် လူ့အဖွဲ့အစည်းတို့နှင့် စပ်လျဉ်းသော ရှုမြင်ချက်များ၊ ကောက်ချက်များ သည် အုပ်စိုးသူ လူတန်းစား၏ ရှုမြင်ချက်များ၊ ကောက်ချက်များသာ ဖြစ်ခဲ့ပေ သည်။

သို့ရာတွင် သဘာဝသိပ္ပံပညာနှင့် လူမှုရေးရာသိပ္ပံပညာတို့၏ အဓိက ခြားနားချက်ကြီးလေးရပ်ရှိ၏။ ၎င်းတို့မှာ အောက်ပါတို့ဖြစ်ပေသည်။

၁။ လူတန်းစားအကျိုးစီးပွားများသည် လူမှုရေးရာသိပ္ပံပညာ၏ စူးစမ်း ရှာဖွေမှုများ၊ အသစ်တွေ့ရှိချက်များကို လုံးဝလွှမ်းမိုးနေကြသည်။ သဘာဝသိပ္ပံပညာ တွင်ကား လူတန်းစားအကျိုးစီးပွားများသည် လုံးဝလွှမ်းမိုးခြင်း မပြုနိုင်။ လူမှု ရေးရာသိပ္ပံပညာသည် အုပ်စိုးသူလူတန်းစား၏ လက်ထဲတွင် ရှိနေသမျှကာလပတ်

လုံး ၎င်းသည် လူတန်းစားတိုက်ပွဲကို ဆင်နွှဲရာတွင် အုပ်စိုးသူ လူတန်းစား၏ လက်နက်မျှသာဖြစ်သည်။

ထို့ကြောင့် (လူမှုရေးရာ သိပ္ပံပညာရပ်များထဲတွင် ပါဝင်သည့်) စီးပွားရေးဆိုင်ရာ စူးစမ်းလေ့လာမှုများနှင့်ပတ်သက်၍ စတာလင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"သဘာဝသိပ္ပံနယ်ပယ်၌ အသစ်ပေါ်ထွက်လာသော ဥပဒေသသစ်များသည် ချောမောပြေပြစ်စွာ ပေါ်ထွက်လာကြသော်လည်း စီးပွားရေးနယ်ပယ်တွင် ပေါ်ထွက်လာသော ဥပဒေသသစ်များကား လူ့အဖွဲ့အစည်းမှ အင်အားစုဟောင်းများ၏ ခုခံတွန်းလှန်မှုကို ခံကြရပေသည်။"*

သို့တိုင်အောင် တစ်ခါတစ်ရံ၌ကား သဘာဝနှင့်ပတ်သက်သော တွေ့ရှိချက်အသစ်များသည်ပင် အုပ်စိုးသူ လူတန်းစား၏ ခုခံတွန်းလှန်မှုကို ခံရသည့်အခါများ ရှိပေသေး၏။ ဥပမာအားဖြင့် ဂလီလီယိုသည် လည်းကောင်း၊ ဒါဝင်သည်လည်းကောင်း၊ မစ်ချူရင် သည်လည်းကောင်း၊ မိမိတို့၏ သဘာဝသိပ္ပံပညာ အသစ်တွေ့ရှိချက်များကို ဖော်ထုတ်ရာတွင် အင်အားစုဟောင်းများ၏ ခုခံမှုကို ကြုံတွေ့ခဲ့ကြရ၏။ နောက်ဆုံးကျမှသာ အောင်မြင်ခဲ့ကြခြင်းဖြစ်၏။

လူမှုရေးရာနယ်ပယ်တွင်ကား အင်အားစုဟောင်း၏ ခုခံမှုသည် အမြဲတမ်းပြင်းထန်၏။ သွေးစုပ်ခြယ်လှယ်သူ လူတန်းစားသည် မိမိ၏လူတန်းစားအကျိုးစီးပွားကို ဆန့်ကျင်သော လူ့အဖွဲ့အစည်းဆိုင်ရာ မည်သည့်ဥပဒေသကိုမှ အသိအမှတ်မပြုပေ။ မိမိ၏ သွေးစုပ်ခြယ်လှယ်ရေးသဘာဝကို ထုတ်ဖော်ဖွင့်ချသည့် မိမိ၏ စနစ်ကျဆုံးပျက်စီးရေးကိုဖြစ်စေမည့် ဥပဒေသများကို ခုခံတိုက်ခိုက်ပေသည်။

၂။ သွေးစုပ်ခြယ်လှယ်သူ လူတန်းစားသည် သဘာဝကို ရင်ဆိုင်ရာ၌ လက်နက်တစ်ခုအဖြစ် သဘာဝသိပ္ပံပညာများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခဲ့ကြ၏။ သို့ရာတွင် မိမိတို့၏ လူနေမှုအဖွဲ့အစည်းကို ရင်ဆိုင်ရာတွင်ကား၊ လူမှုရေးရာသိပ္ပံပညာရပ်များကို လက်နက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ခဲ့ကြပေ။ မိမိတို့လူတန်းစားအုပ်စိုးမှု တည်တံ့ခိုင်မြဲရုံအတွက်လောက်သာ လူမှုရေးရာ သိပ္ပံပညာများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခဲ့ကြ၏။ လူ့အဖွဲ့အစည်းနှင့်ပတ်သက်သော လေ့လာစူးစမ်းမှုများစွာကို ပြုလုပ်ခဲ့ပြီးနောက် သဘောတရားရေးဆိုင်ရာ ကောက်ချက်များ၊ လက်တွေ့ကောက်ချက်များကို ပြုလုပ်ခဲ့ပြီးဖြစ်၏။ သို့ရာတွင် ၎င်းကောက်





ချက်များသည် လူတို့၏အကျိုးကို ထမ်းဆောင်ခြင်းမပြုနိုင်ကြပေ။

သွေးစုပ်ခြယ်လှယ်သူ လူတန်းစားသည် ကုန်လုပ်တန်ဆာပလာများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အမြဲတစေ စိတ်အားထက်သန်ခဲ့ကြ၏။ ထို့ကြောင့် သဘာဝသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲတစေ ကြံစည်အားထုတ်ခဲ့ကြ၏။ သို့ရာတွင် တစ်ပြိုင်တည်း ပေါ်ပေါက်လာသော ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုနှင့် သွေးစုပ်ခြယ်လှယ်မှုကြောင့် လူများသည် ၎င်းတို့အတွင်းတွင် ဆက်ဆံရေး၏ သားကောင်များအဖြစ်သို့ ကျရောက်ခဲ့ကြရ၏။ ထို့ကြောင့် သမိုင်းဖြစ်စဉ်တွင် အုပ်စိုးသူလူတန်းစားသည် သဘာဝသိပ္ပံပညာကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ခဲ့ကာ၊ သဘာဝအား အောင်နိုင်ရေးကို အကူအညီဖြစ်စေခဲ့သော်လည်း လူ့အဖွဲ့အစည်း တိုးတက်ကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေမည့် လူမှုရေးရာ သိပ္ပံပညာရပ်များကို ဖွံ့ဖြိုးအောင် မလုပ်နိုင်ခဲ့ကြပေ။

၃။ သွေးစုပ်ခြယ်လှယ်သူလူတန်းစားသည် သဘာဝအသွင်သဏ္ဍာန်များ၏ အပေါ်ယံမျက်နှာပြင်ကို သိပ္ပံနည်းကျစွာ လေ့လာစူးစမ်းနိုင်ရုံမျှမက သဘာဝအသွင်သဏ္ဍာန်များ၏ မူလဘူတ တရားများ၊ အခြေခံဥပဒေသများကိုလည်း သိပ္ပံနည်းကျစွာ လေ့လာနိုင်ခဲ့သည်။ သို့ရာတွင် သွေးစုပ်ခြယ်လှယ်သူ လူတန်းစား၏ လူမှုရေးသိပ္ပံပညာသည် လူ့အဖွဲ့အစည်းလှုပ်ရှားမှု၏ မူလဘူတတရားများ၊ အခြေခံဥပဒေသများကို လေ့လာရှာဖွေခြင်းမပြုနိုင်။

လူ့အဖွဲ့အစည်းလှုပ်ရှားမှု၏ မူလဘူတတရားများ၊ အခြေခံဥပဒေသများသည် ကုန်လုပ်ဆက်ဆံရေး၊ ပစ္စည်းပိုင်ဆိုင်မှုဆက်ဆံရေးနှင့် လူတန်းစားဆက်ဆံရေးများထဲတွင် တည်ရှိသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းလှုပ်ရှားမှု၏ မူလဘူတတရားများ၊ အခြေခံဥပဒေသများကို သိပ္ပံနည်းကျစွာ လေ့လာရေးမှာ သွေးစုပ်ခြယ်လှယ်သူ လူတန်းစားအား ဖော်ထုတ်ဖွင့်ချမှုဖြစ်နိုင်သည်။ သွေးစုပ်ခြယ်လှယ်ရေးစနစ်၏ အပြစ်အနာအဆာကို ဖော်ထုတ်ဖွင့်ချမှု ဖြစ်နိုင်သည်။ ထို့ကြောင့် သွေးစုပ်ခြယ်လှယ်သူလူတန်းစား၏ လူမှုရေးရာသိပ္ပံပညာသည် အစပထမတွင် လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေခံကို နက်နဲစွာ လေ့လာခြင်းပြုတတ်သည်။ ဥပမာ ဗြိတိသျှခေတ်ဦးရှင်သည် စက်မှုအရင်းရှင်စနစ်ပေါ်ပေါက်ကာစက ယင်းသို့သော လေ့လာမှုမျိုး ပြုလုပ်ခဲ့သည်။ သို့ရာတွင် နောက်၌ ယင်းစူးစမ်းလေ့လာမှုမျိုးကို မပြုလုပ်တော့ဘဲ၊ ၎င်း၏လေ့လာစူးစမ်းမှုများသည် အပေါ်ယံမျှသာ ဖြစ်လာသည်။ အမှားမှားအယွင်းယွင်း ဖော်ပြလာသည်။

၄။ သွေးစုပ်ခြယ်လှယ်သူ လူတန်းစားလက်ထဲတွင် လူမှုရေးရာသိပ္ပံပညာသည် သဘာဝသိပ္ပံပညာလောက်ပင် လွတ်လပ်ခြင်းမရှိပေ။ သွေးစုပ်ခြယ်လှယ်သူလူတန်းစား၏ အရှိန်အဝါသည် လူမှုရေးရာသိပ္ပံပညာကို လွှမ်းမိုးနေတတ်သည်။ လူတန်းစားဝါဒသဘောတရားများသည် သဘာဝသိပ္ပံပညာတိုးတက်ရေးကို မကြာခဏ ဟန့်တားခြင်းပြုကြသော်လည်း၊ နောက်ဆုံးတွင်မူ သဘာဝအသွင်သဏ္ဍာန်များ၏ ဒိဋ္ဌကျသော ဥပဒေသများကို မတွေ့ရှိဘဲဖြစ်အောင် ဟန့်တားခြင်းငှာ မတတ်နိုင်ကြပေ။ လူမှုရေးရာ သိပ္ပံပညာတွင်ကား လူတန်းစားဝါဒသဘောတရားများသည် လုံးဝလွှမ်းမိုးနေကြပေသည်။

ထို့ကြောင့် သွေးစုပ်ခြယ်လှယ်သူလူတန်းစားလက်ထဲတွင် ရောက်နေသမျှ လူမှုရေးရာသိပ္ပံပညာသည် သဘာဝသိပ္ပံပညာကဲ့သို့ တကယ်အဆင့်အတန်းမြင့်သည့် သိပ္ပံနည်းကျသော အခြေအနေသို့ ရောက်ရှိတော့မည်မဟုတ်ပေ။ ရောက်လည်း ရောက်ရှိနိုင်မည်မဟုတ်ပေ။

※ ※ ※





## အခန်း (၉)
## သိပ္ပံပညာနှင့် ဆိုရှယ်လစ်ဝါဒ

နေရှင်သိပ္ပံပညာသည် ကြီးမားအောင်မြင်မှုကြီးများကို ရရှိခဲ့သည်။ သို့ရာတွင် အရင်းရှင်ဆက်ဆံရေးများသည် သိပ္ပံပညာ၏ ဖြစ်ပေါ်တိုးတက်မှုကို ကန့်သတ်ချုပ်ချယ်ထားသည်။ ဆိုရှယ်လစ်စနစ်အောက်တွင်ကား သိပ္ပံပညာသည် ပြည်သူများ၏ အကျိုးကို အထောက်အကူပြုသည်။ သိပ္ပံပညာအား ကန့်သတ်ချုပ်ချယ်ထားချက်များကိုလည်း ဖယ်ရှားပြီးဖြစ်လိမ့်မည်။ အလုပ်သမားလူတန်းစားက ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲဝင်လာသည်နှင့် တစ်ပြိုင်တည်း လူ့အဖွဲ့အစည်းကို လေ့လာသော သိပ္ပံပညာသည်လည်း ပေါ်ပေါက်လာသည်။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် ဟောင်းနွမ်းသော ဝါဒသဘောတရား တိမ်းလွဲချက်များလည်း ပျောက်ကွယ်သွားသည်။ သိပ္ပံနည်းကျသော ဝါဒသဘောတရားများ ပေါ်ပေါက်လာသည်။

### နေရှင်သိပ္ပံပညာ၏အောင်မြင်မှုများ

ခေတ်သစ်အရင်းရှင်စနစ်မပေါ်ပေါက်မီကဆိုလျှင် သိပ္ပံပညာရပ်များသည် ကောင်းစွာ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးပေ။ သိပ္ပံပညာရပ်များ၏အဆင့်သည် များစွာနိမ့်သေး၏။ သိပ္ပံပညာ၏ တွေ့ရှိချက်များသည်လည်း တစ်ပိုင်းတစ်စသာ ရှိသေး၏။ သဘာဝအတွင်း အညမညတုံ့ပြန်လှုပ်ရှားမှုများကို ယေဘုယျ ထုတ်ဖော်ဖွင့်ဆိုခြင်း မပြုနိုင်သေးပေ။ ယေဘုယျကျသောအားလုံးကို လွှမ်းခြုံသော အခြေခံ ဥပဒေသများကိုလည်း ရှာဖွေမတွေ့ရှိသေးပေ။ သဘာဝနှင့်ပတ်သက်သော သဘော

တရားများသည် ထိုစဉ်က သိပ္ပံပညာဖြင့် စူးစမ်းရှာဖွေ၍မရနိုင်သေးဘဲ အဘိဓမ္မာနှင့် ဘာသာရေးအတွေးအခေါ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်သာ ရှိကြသေး၏။

ထိုစဉ်က သိပ္ပံပညာသည် သဘာဝနှင့်ပတ်သက်၍ လွန်မင်းစွာ ရှေးကျသော ရှုမြင်ချက်များပေါ်၌ အခြေခံခဲ့၏။ ဥပမာအားဖြင့် အဂ္ဂိရတ်ထိုးသူများသည် ဓာတုဓာတ်စင်များနှင့် ဓာတ်များ၏ပေါင်းစည်းမှုနှင့် ပတ်သက်၍ အတော်အတန် အသိပညာရှိခဲ့ကြ၏။ သို့ရာတွင် ထိုအဂ္ဂိရတ်ဆရာများ၏ ဓာတုဗေဒဆိုင်ရာ သဘောတရားများသည် များစွာရှေးကျလှပေသည်။ ရှေးခေတ်ဦးမှ ပေါ်ပေါက်ခဲ့သော ဓာတုဗေဒဆိုင်ရာ အယူအဆများကို လက်ခံကျင့်သုံးခဲ့ကြသည်။ ဥပမာ ဓာတုဓာတ်စင်များသည် ရုပ်နှင့်နာမ်တွဲနေသော သက်ရှိအရာများ ဖြစ်သည်ဟူသော အယူအဆမျိုး၊ ဓာတုဓာတ်စင်များတွင် အဖို၊ အမရှိသည်ဟူသော အယူအဆမျိုးကို လက်ခံကျင့်သုံးခဲ့ကြသည်။ ယင်းအယူအဆများကား များစွာရှေးကျလှသော အယူအဆများဖြစ်ပေသည်။ ကျေးပိုင်ကျွန်ပိုင်ခေတ်နှင့် မြေရှင်ပဒေသရာဇ်ခေတ် တုန်းက ဆိုလျှင်လည်း နက္ခတ္တဗေဒဆိုင်ရာ လေ့လာမှုများ ရှိခဲ့လေသည်။ သို့ရာတွင် စကြဝဠာ၏ တည်နေပုံနှင့်ပတ်သက်သော လဟာပြင်ဆိုင်ရာ သဘောတရားများတွင် ရှေးခေတ်ဦးအယူအဆများ လွှမ်းမိုးနေသေးသည်ကို တွေ့ရ၏။ ဤသည်ကို အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *“သဘာဝနှင့်ပတ်သက်သည့် မှားယွင်းသော ရှုမြင်ချက်အမျိုးမျိုးသည် ယေဘုယျအားဖြင့် မဖွံ့ဖြိုးသေးသော စီးပွားရေးအခြေခံမှ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ တစ်ဖန် စီးပွားရေးဖြစ်ပေါ်တိုးတက်နှေးကွေးရခြင်းမှာလည်း သဘာဝနှင့်ပတ်သက်သော ရှုမြင်ချက်များ မှားယွင်းနေကြသောကြောင့်ဖြစ်ပေသည်။ သို့ရာတွင် ရှေးခေတ်ဦးက သဘာဝနှင့်ပတ်သက်၍ ယင်းသို့ အဓိပ္ပာယ်မရှိသောအယူအဆများကို လက်ခံခဲ့ခြင်းမှာ စီးပွားရေးမဖွံ့ဖြိုးမှုတစ်ခုတည်းကြောင့်ဟု အပ်ချမတ်ချ ပြော၍လည်း မဖြစ်နိုင်သေးပေ။ အချုပ်ဆိုရလျှင် သိပ္ပံပညာ၏သမိုင်းသည် အဓိပ္ပာယ်မရှိသော ရှေးခေတ်ဦးအယူအဆများ၊ ဥပါဒါန်များကို တဖြည်းဖြည်း သုတ်သင်ရှင်းလင်းသောဖြစ်စဉ်၏ သမိုင်းသာဖြစ်ပေသည်။ တစ်နည်းဆိုရသော် များစွာအဓိပ္ပာယ်မရှိသော အယူအဆများကို နည်းနည်းအဓိပ္ပာယ်ရှိသော အယူအဆများဖြင့်*





> *အစားထိုးသောဖြစ်စဉ်၏ သမိုင်းသာဖြစ်ပေသည်။”*

ခေတ်သစ်သဘာဝသိပ္ပံပညာသည် မြေရှင်ပဒေသရာဇ်တန်ခိုးအာဏာ ပြိုလဲပျက်စီးကာ ခေတ်သစ် ဥရောပနေရှင်နိုင်ငံများ ပေါ်ပေါက်လာသည့်အချိန်တွင် ပေါ်ထွန်းလာခဲ့၏။ ထို့ကြောင့် “*သဘာဝသိပ္ပံပညာသည် အထွေထွေတော်လှန်ပြောင်းလဲမှုထဲတွင် ပေါ်ပေါက်လာကာ ၎င်း၏ကိုယ်၌ကပင်လျှင် တော်လှန်သော သဘောကို ဆောင်နေပေသည်*”ဟု အိန်ဂျဲလ်စ်က ရေးခဲ့ခြင်းဖြစ်၏။ တော်လှန်ရေးကို သယ်ဆောင်ခဲ့သော လူတန်းစားအင်အားစုများသည် သိပ္ပံပညာရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုကိုလည်း သယ်ဆောင်ခဲ့ကြပေသည်။ သို့ဖြင့် သိပ္ပံပညာသည် ရှေးခေတ်ဦးကတည်းက တည်ရှိခဲ့သော ဥပါဒါန်များ၊ မသိနားမလည်မှုများကို ဖယ်ရှားကာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။ စူးစမ်းလေ့လာမှုနှင့် လက်တွေ့စမ်းသပ်မှုတို့ကို အခြေခံကာ သိပ္ပံပညာသည် ရှေးဟောင်းအယူအဆများကို တွန်းလှန်ပစ်ခဲ့လေသည်။ အမှန်အားဖြင့် ခေတ်သစ်သဘာဝသိပ္ပံပညာကို အုတ်မြစ်ချခဲ့သူများမှာ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဘာသာရေး သုတေသီများ ဖြစ်ကြ၏။ မြေရှင်ပဒေသရာဇ်အန္တယ်များ ဖြစ်ကြ၏။ သူတို့သည် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကို စိတ်ဝင်စားကြ၏။ အတတ်ပညာတီထွင်မှုသစ်များ၊ ခရီးသွားလာမှုများ၊ ရှာဖွေတွေ့ရှိချက်များကို ပြုလုပ်လိုကြ၏။ သို့ပြုလုပ်ရင်းဖြင့် သိပ္ပံပညာရပ်များကို ရှာဖွေတွေ့ရှိလာခဲ့ခြင်းဖြစ်ပေသည်။ အချုပ်ဆိုရလျှင် သိပ္ပံပညာရပ်သစ်များသည် စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုသစ်များကိုမှီ၍ ပေါ်ပေါက်လာကြခြင်း ဖြစ်ပေသည်။ ဤသည်ကို အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *“ကရူးဆိတ်စစ်ပွဲများပြီးသည့်နောက်တွင် စက်မှုလုပ်ငန်းသည် တဟုန်ထိုး တိုးတက်လာခဲ့လေသည်။ ဤသည်နှင့်အတူ (ရက်ကန်းအတတ်၊ နာရီလုပ်ခြင်း အတတ်၊ စက်ပြုလုပ်ခြင်း အတတ် စသော) စက်မှုဆိုင်ရာပညာများ၊ (ဆေးဆိုးခြင်း၊ သတ္တုကုန်သွယ်ခြင်း၊ အရက်ချက်ခြင်း စသော) ဓာတုဗေဒဆိုင်ရာပညာများ၊ (လင်းမှန်တီထွင်ခြင်း စသော) ရူပဗေဒပညာရပ်များလည်း ပေါ်ပေါက်လာခဲ့ကြပေသည်။ ယင်းသို့ပေါ်ပေါက်လာခြင်းဖြင့် သိပ္ပံပညာစူးစမ်းလေ့လာမှုအတွက်လည်းကောင်း၊ လက်တွေ့စမ်းသပ်မှုအတွက်လည်းကောင်း၊ အခြေခံအကြောင်းအချက်များကို ရရှိလာခဲ့ပေသည်။ ယင်းသို့ စူးစမ်းလေ့လာခြင်းဖြင့် တန်ဆာပလာသစ်*

*များကို တီထွင်ပြုလုပ်နိုင်သော အခြေခံများကိုလည်း ရရှိလာခဲ့လေသည်။ စနစ်ကျသော လက်တွေ့သိပ္ပံသည် ထိုအချိန်မှစ၍ ပထမဆုံးအကြိမ် ပေါ်ပေါက်လာပြီဟု ဆိုနိုင်ပေသည်။''*

သိပ္ပံပညာသည် ယင်းသို့ဖြင့် အစပြု၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ သဘာဝသိပ္ပံပညာ၏ ခေတ်သစ်ဖြစ်ပေါ်တိုးတက်မှုတွင်ကား သိပ္ပံပညာဆိုင်ရာ တွေးထင်ချက်များသည် တောရမ်းမယ်ဘွဲ့ တွေးခေါ်ချက်များသာ မဟုတ်တော့ဘဲ လက်တွေ့စမ်းသပ်စစ်ဆေးပြီးဖြစ်သော သိပ္ပံနည်းကျသည့် အမှန်တရားများ ဖြစ်လာခဲ့ကြ၏။ ယခင်က ဘာသာရေးအယူသီးမှုများ၊ ဥပါဒါန်အစွဲအလမ်းများနေရာတွင် သိပ္ပံပညာသဘောတရားများ ပေါ်ပေါက်လာခဲ့ကြ၏။ သိပ္ပံပညာသဘောတရားများအား သိပ္ပံပညာဆိုင်ရာ စူးစမ်းလေ့လာမှုများ၊ လက်တွေ့စမ်းသပ်ချက်များဖြင့် မှတ်ကျောက်တင် စစ်ဆေးခဲ့ပြီးဖြစ်ပေသည်။ သဘာဝသိပ္ပံပညာ၏ အောင်မြင်ချက်အသစ်များသည် သို့ဖြင့် ဘုံကုန်လုပ်ရေးတွင် အသုံးပြုနေသည့် စက်မှုအတတ်ပညာ တိုးတက်မှုကို အမှီပြု၍ နေပေသည်။ သိပ္ပံပညာအား ကုန်လုပ်စွမ်းအားစုတရပ်အနေဖြင့် အသုံးချမှုကို အမှီသဟဲပြု၍နေပေသည်။

ဤမှစ၍ ခေတ်သစ် ခေတ်သစ် ဓနရှင်သဘာဝသိပ္ပံပညာသည် အောင်မြင်ချက်များကို ရရှိလာခဲ့ပေသည်။

၁။ သဘာဝသိပ္ပံပညာရပ်အမျိုးမျိုးတွင် အောင်မြင်ချက်သစ်များကို ရရှိလာခဲ့သည်။ သိပ္ပံပညာတစ်ခုထဲမှ အခြားသိပ္ပံပညာရပ်တစ်ခုကို ထပ်မံတွေ့ရှိလာသည်။ သိပ္ပံပညာတစ်ခုတွင် အောင်မြင်ချက်သစ်များထဲမှ အခြားသိပ္ပံပညာရပ်တစ်ခု ပေါ်ပေါက်လာရေးအတွက် စူးစမ်းလေ့လာစရာများကို တွေ့ရှိလာသည်။

၂။ သိပ္ပံပညာရပ်များအားလုံးထဲတွင် သဘာဝအသွင်သဏ္ဌာန်များကလည်းကောင်း၊ သဘာဝ၏ ဇီဇသတ္တိများကလည်းကောင်း၊ သဘာဝ၏ အစိတ်အပိုင်းများ အညမညဆက် သွယ်နေကြပုံကိုငင်း၊ သဘာဝ၏ အစိတ်အပိုင်းများ ပြောင်းလဲလှုပ်ရှားနေပုံကို လည်းကောင်း တစ်ခုစီ၊ တစ်ခုစီ ခွဲခြားလေ့လာနိုင်ခဲ့သည်။

၃။ သဘာဝသိပ္ပံပညာ၏ တတိယ အောင်မြင်ချက်မှာ သဘာဝကြီး၏ ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုဥပဒေသများကို တွေ့ရှိခဲ့ခြင်းပင်ဖြစ်သည်။

ယခင်ကမူ သဘာဝ၏ အစိတ်အပိုင်းများသာလျှင် ပြောင်းလဲလှုပ်ရှားသည်ဟု သာမန်မျှ ယူဆခဲ့ကြပြီး သဘာဝ၏ အဓိကကျသော အသွင်သဏ္ဌာန်များမှာ လုံးဝပြောင်းလဲခြင်းမရှိဟု ယူဆခဲ့ကြ၏။ သဘာဝ၌ ပြောင်းလဲခြင်းမရှိဟူ





သော အယူအဆနှင့်စပ်လျဉ်း၍ အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

*''ဂြိုဟ်များနှင့် အရန်ဂြိုဟ်များသည် (အသိရခက်သော တစ်စုံတစ်ရာက စတင်တွန်းပို့လိုက်ပြီးနောက်)တွင် တရစ်ပတ်ပတ် ထာဝရလှည့်လည်နေကြသည်ဟု လည်းကောင်း၊ ကြယ်တာရာများသည် တစ်နေရာတည်း၌ မလှုပ်မရှား တည်ရှိနေကြသည်ဟု လည်းကောင်း၊ ကမ္ဘာမြေကြီးသည် ပြောင်းလဲလှုပ်ရှားခြင်းမရှိ တည်နေသည်ဟုလည်းကောင်း၊ ကမ္ဘာပေါ်ရှိ တိုက်ကြီးငါးတိုက်သည်လည်း ယခင်ကတည်းက ထာဝရတည်နေကြသည်ဟုလည်းကောင်း၊ သစ်ပင်များနှင့် တရိစ္ဆာန်များ၏ မျိုးနွယ်များသည်လည်း စတင်ပေါ်ပေါက်လာကတည်းက ပြောင်းလဲခြင်းမရှိဟုလည်းကောင်း၊ ယခင်က ယူဆခဲ့ကြသည်။ ယင်းသို့ဖြင့် သဘာဝအတွင်းတွင် လှုပ်ရှား ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးတက်မှုဟူသရွေ့ကိုပင် ယခင်က လုံးဝ အသိအမှတ် မပြုခဲ့ကြပေ။''*

နောက်၌ နက္ခတ္တဗေဒပညာ၊ အာကာသစူးစမ်းမှုပညာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒနှင့် ပါဏဗေဒပညာရပ်များတွင် ရှာဖွေတွေ့ရှိချက်များ ပေါ်ပေါက်လာသည်။ ထိုအခါကျမှ သဘာဝကြီးသည် ပြောင်းလဲခြင်းမရှိ၊ အသေလို တည်ငြိမ်နေသည်ဟူသော အယူအဆသည်လည်း ပြိုလဲပျောက်ကွယ်၍သွားခဲ့လေသည်။ သဘာဝကြီးနှင့် ၎င်း၏အစိတ်အပိုင်းအားလုံးသည် ပြောင်းလဲလျက်ရှိကာ၊ အစဉ်အမြဲ ဖြစ်ပေါ်တိုးတက်နေသည်ဟု သိပ္ပံပညာက ထင်ရှားပြသခဲ့ပေသည်။ ဤသို့သော ကောက်ချက်သည်လည်း ရှေးဟောင်း ခေါ်မအဘိဓမ္မာတွင် ဖော်ပြထားသကဲ့သို့ ယေဘုယျကျသော တွေးထင်မှုတစ်ရပ်မျှသာ မဟုတ်တော့ဘဲ စူးစမ်းလေ့လာမှု၊ လက်တွေ့စမ်းသပ်စစ်ဆေးမှုတို့မှ ပေါ်ပေါက်လာသော တကယ့်ဖြစ်ရပ်တစ်ခု ဖြစ်လာပေသည်။

၄။ သဘာဝသိပ္ပံပညာတွေ့ရှိချက်များကြောင့် သဘာဝနှင့်ပတ်သက်၍ ယေဘုယျလည်းကျ၊ အသေးစိတ်လည်းကျသော အသိပညာများကိုလည်း ရရှိလာခဲ့သည်။ သဘာဝ၏ ဖြစ်စဉ်များ၊ သဘာဝအစိတ်အပိုင်းများ၏ အညမည ဆက်သွယ်မှုများကို ယေဘုယျသိရှိလာသည်။ တစ်ဖန် ထိုဖြစ်စဉ်များ၊ မညမညဆက်သွယ်မှုများ၏ ဥပဒေသများကိုလည်း အသေးစိတ်သိရှိလာခဲ့သည်။ ထိုသို့ သိရှိလာသည့်အတွက်လည်း သိပ္ပံပညာရပ်များသည် သဘာဝဖြစ်စဉ်များ၏ အကြောင်းကို

ဖော်ပြနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ဤသည်ကို အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

*"သဘာဝ၏ ဖြစ်စဉ်များကြားရှိ အညမညဆက်သွယ်မှု တစ်ခုလုံးကိုသာမက၊ ထိုအညမညဆက်သွယ်မှုများ၏ တစ်ခုစီ၊ တစ်ခုစီတို့ တည်ရှိနေကြပုံကိုပါ သက်သေထင်ရှားပြနိုင်သည့်အချိန်သို့ ဆိုက်ရောက်လာပေပြီ။ ထို့ကြောင့် လက်တွေ့ စမ်းသပ်စစ်ဆေးပြီးသော သဘာဝသိပ္ပံပညာရပ်များ၏ အကူအညီဖြင့်ပင် သဘာဝအတွင်း၌ အညမညဆက်သွယ်မှုများနှင့်ပတ်သက်၍ စနစ်ကျသော ရှုမြင်ချက် တစ်ရပ်ကို ဖော်ထုတ်နိုင်လာပြီဖြစ်လေသည်။*

*ကျွန်ုပ်တို့သည် သဘာဝနှင့်စပ်လျဉ်း၍ သိပ္ပံနည်းကျသော အသိပညာ၊ သိပ္ပံနည်းကျသော အသိတရားကို ရရှိခဲ့ကြ၏။ သို့ဖြင့် သိပ္ပံနည်းကျသော အသိပညာသည် သဘာဝနှင့်ပတ်သက်သော အဘိဓမ္မာဆိုင်ရာ တွေးထင်ချက်များကို တဖြည်းဖြည်း ဖယ်ရှားကာ အစားထိုးလာခဲ့လေသည်"။*

**ခေတ်သစ်သိပ္ပံပညာ၏ကန့်သတ်ချက်များ**

သို့ဖြစ်ရာ သိပ္ပံပညာသည် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေး ဖြစ်ပေါ်တိုးတက်မှုကို ဤနည်းဖြင့် အထောက်အကူပြုခဲ့၏။ သို့ဖြင့် အရင်းရှင်ကုန်လုပ်ရေးစနစ်အတွင်း၌ အရေးကြီးသောအခန်းမှ ပါဝင်လာခဲ့ပေသည်။ သို့ရာတွင် နောက်၌ကား အရင်းရှင်ကုန်လုပ်ရေးစနစ်သည်ပင်လျှင် သိပ္ပံပညာရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုကို ပြန်၍ ကန့်သတ်ချုပ်ချယ်ထားခဲ့ပေသည်။

အရင်းရှင်စနစ်သည် အသေးစား တသီးပုဂ္ဂလကုန်လုပ်ရေးကို အကြီးစား ကုန်လုပ်ရေးအဖြစ်သို့ ပြောင်းလဲခဲ့၏။ ယင်းအချက်သည် အရင်းရှင်စနစ်၏ ကြီးမားသော အောင်မြင်မှုကြီးဖြစ်ပေသည်။ ယင်းသို့ ပြောင်းလဲခြင်းဖြင့် အရင်းရှင်စနစ်သည် သဘာဝအင်အားစုများကို ထိန်းချုပ်ထားကာ၊ ခေတ်သစ် စက်မှုကုန်လုပ်တန်ဆာပလာများကို အသုံးပြုလာခဲ့၏။ ဘုံကုန်လုပ်ရေးသည် သိပ္ပံပညာရပ်များအား မကြုံဘူးသော ဖွံ့ဖြိုးကြီးထွားမှုကို ဖြစ်ပေါ်စေခဲ့၏။ သိပ္ပံပညာနယ်အသီးသီးတွင် ရှာဖွေတွေ့ရှိချက်များကို တစ်ခုပြီးတစ်ခု ရရှိလာခဲ့ခြင်းဖြင့် သိပ္ပံပညာသစ်များသည် လျင်မြန်စွာ ပေါ်ပေါက်လာခဲ့၏။ သို့ဖြင့် လူသည် သဘာဝ၏ လျှို့ဝှက်ချက်





များကိုလည်း တစ်စတစ်စ သိရှိလာခဲ့၏။ ထိုမှစ၍ သဘာဝဖြစ်စဉ်များ၏ အညမညဆက်သွယ်မှုများ။ ဥပဒေသများ စသည်တို့ကို မှန်ကန်စွာ နားလည်နိုင်ရေးအတွက် အခြေခံမှုများ၊ သဘောတရားများသည်လည်း ပေါ်ပေါက်လာခဲ့ကြပေသည်။

သို့ရာတွင် ဘုံကုန်လုပ်ရေးသည် အရင်းရှင်အမြတ်အစွန်းကို ရည်ရွယ်ပေသည်။ ဘုံကုန်လုပ်ရေးကို ချုပ်ကိုင်ထားသောအရာမှာ အရင်းအနှီးဖြစ်ပေသည်။ ဘုံကုန်လုပ်ရေး၏ အဓိကအသွင်သဏ္ဌာန်ဖြစ်သည့် အလုပ်ပူးပေါင်းဆောင်ရွက်မှုသည် အလုပ်သမားများ၏ စေတနာကြောင့် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အရင်းအနှီး၏ စေခိုင်းချက်အရ ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။ ထို့ကြောင့် "ဘုံကုန်လုပ်ရေးတွင် အလုပ်သမားများ လာရောက်စုစည်းရခြင်းမှာ အလုပ်သမားများ၏ စိတ်ဆန္ဒ၊ စေတနာကြောင့်မဟုတ်ဘဲ အရင်းအနှီး၏ စေခိုင်းချက်ကြောင့်သာ ဖြစ်ပေသည်။ အရင်းရှင် ကုန်လုပ်ရေး၏ ဦးတည်ချက်၊ အရင်းရှင် ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ အစွန်းထွက်တန်ဖိုးကို များနိုင်သမျှ များများထုတ်ယူရန်နှင့် လုပ်အားကို များနိုင်သမျှ များများ သွေးစုပ်ရန်ဖြစ်လေသည်"ဟု မာ့က်စ်က ပြောခဲ့ခြင်း ဖြစ်ပေသည်။

ခေတ်သစ် လူ့အဖွဲ့အစည်း၏ ကုန်လုပ်ရေးဖြစ်စဉ်တွင် သိပ္ပံပညာသည် မရှိမဖြစ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပေသည်။ သို့ရာတွင် သိပ္ပံပညာသည် ကုန်လုပ်ရေးနှင့် သီးခြားတည်ရှိနေမည်ဟု မာ့က်စ်က ယူဆပေသည်။ မာ့က်စ်၏ အလိုအရဆိုလျှင် ဘုံကုန်လုပ်ရေး၌ အလုပ်အသွင်နှစ်မျိုးရှိပေသည်။ တစ်မျိုးမှာ လက်ရှိကုန်လုပ်တန်ဆာပလာများကို တိုးတက်အောင် တီထွင်ဖန်တီးနေသော သိပ္ပံပညာ၏ အလုပ်ဖြစ်သေည်။ ယင်းကို မာ့က်စ်က "ထာဝရအလုပ်"ဟုခေါ်သည်။ နောက်တစ်မျိုးမှာ စုပေါင်းအလုပ်ဖြစ်သည်။ ကုန်လုပ်တန်ဆာပလာများကို စုပေါင်းအသုံးချမည့် စုပေါင်းထားသော အလုပ်သမားများ၏အလုပ်ကို ဆိုလိုခြင်းဖြစ်သည်။

အရင်းရှင် ကုန်လုပ်ရေးတွင် ဤအလုပ်နှစ်မျိုးကို တခြားစီခွဲထားလိုက်သည်။ သို့ရာတွင် အလုပ်နှစ်မျိုးစလုံးကို အရင်းပွားများရေး၊ အမြတ်အစွန်းရရှိရေးအတွက် အသုံးချပေသည်။ အလုပ်သမားများ၏ အလုပ်မှ အစွန်းထွက်တန်ဖိုးကို ထုတ်ယူလေသည်။ သိပ္ပံပညာ၏ အလုပ်ဖြင့် အမြတ်အစွန်းကို ပိုမိုကြီးထွားအောင် ပြုလုပ်ပေသည်။ ထို့ကြောင့် အရင်းရှင်ကုန်လုပ်ရေးသည် သိပ္ပံပညာ ကြီးထွားတိုးတက်မှုကို အားပေးပေသည်။

သို့ဖြင့် အစပထမ၌ သိပ္ပံပညာသည် အရင်းရှင်ဆက်ဆံရေးဘောင်အတွင်း

၌ ကြီးမားသော အောင်မြင်ချက်များကို ရရှိခဲ့ပေသည်။ အရင်းသည် များပြားသော အမြတ်အစွန်းကို ရရှိရန်အတွက် သဘာဝဖြစ်စဉ်များ၏ လျှို့ဝှက်ချက်များကို သိလိုသည်။ ထို့ကြောင့် ထိုလျှို့ဝှက်ချက်များကို ရှာဖွေတွေ့ရှိရန်အတွက် သိပ္ပံပညာ သုတေသနများကို အားပေးကာ သိပ္ပံပညာ၏ တိုးတက်ဖွံ့ဖြိုးရေးကို အားပေးခဲ့သည်။ အချို့သော သိပ္ပံပညာရှင်များက "သိပ္ပံပညာရှင်များသည် လွတ်လပ်သည်၊ အချုပ်အနှောင်မရှိ"ဟု ထင်ကြသည်။ သူတို့၏ သိပ္ပံပညာသုတေသနလုပ်ငန်းများ သည်လည်း လူ့လောကကြီးတစ်ခုလုံး၏ ကောင်းကျိုးအတွက် ဖြစ်သည်ဟုလည်း ကောင်း၊ အသိဉာဏ်ပညာတိုးပွားရေးအတွက်ဖြစ်သည်ဟုလည်းကောင်း ထင်ကြ ပေသည်။ သို့ရာတွင် နေရှင်လူ့အဖွဲ့အစည်းအတွင်းတွင် သိပ္ပံပညာသည် နေရှင်များ အတွက် အရင်းပွားများရေး၊ အမြတ်အစွန် ပိုမိုရရှိရေးကိုသာ ဖြစ်စေပေသည်။ *"ခေတ်သစ်စက်မှုလုပ်ငန်းကြောင့် သိပ္ပံပညာသည် အလုပ်နှင့်မတူ၊ ကွဲပြားခြားနား သော ကုန်လုပ်စွမ်းအားစုတစ်ရပ်ဖြစ်လာကာ အရင်းအနှီးကို အကျိုးပြုသည့်အရာ ဖြစ်လာပေသည်"ဟု* မာ့က်စ်က ပြောခဲ့၏။

အစပထမတွင် သိပ္ပံပညာသည် အရင်းရှင်ဆက်ဆံရေးဘောင်အတွင်း တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့၏။ အရင်းသည် အမြတ်များများ ရရှိလာရေးအတွက် သဘာဝ၏ လျှို့ဝှက်ချက်များကို သိရှိနားလည်ရန် လိုအပ်လာ၏။ ထို့ကြောင့် အရင်းသည် သိပ္ပံပညာ၏ အရေးကြီးပုံကို အသိအမှတ်ပြုလာကာ သိပ္ပံပညာ သုတေသနလုပ်ငန်းများကို အားပေးခဲ့၏။ ထိုအခါ၌ သိပ္ပံပညာရှင်များကလည်း အရင်း၏ရည်ရွယ်ချက်ကို မမြင်ကြဘဲ သူတို့ကိုယ်ကို အချုပ်အနှောင်မရှိသော သိပ္ပံပညာရှင်များဟု ယူဆခဲ့ကြ၏။ သူတို့၏ သိပ္ပံပညာသုတေသနလုပ်ငန်းများသည် လူ့ဘောင်ကြီး တစ်ခုလုံး၏ ကောင်းကျိုးအတွက် ဖြစ်သည်ဟုလည်းကောင်း၊ လူ၏အသိဉာဏ်ပညာတိုးတက် ရေးအတွက်ဖြစ်သည်ဟုလည်းကောင်း ယူဆခဲ့ကြ၏။ သို့ရာတွင် နေရှင်သိပ္ပံပညာသည် အရင်းပွားများရေး၊ ပိုမိုအမြတ်အစွန်းရရှိရေး အတွက်သာ ဖြစ်ပေသည်။

အရင်းသည် ခေတ်သစ် လက်ဝါးကြီးအုပ်အဆင့်သို့ ရောက်လာသောအခါ ၌ကား လက်ဝါးကြီးအုပ်အရင်းသည် သိပ္ပံပညာကို ပိုမို၍ ပြောင်ကျစွာ ခြယ်လှယ် လာလေတော့သည်။ သိပ္ပံပညာ တီထွင်မှုများသည်လည်း ငွေရင်းကို အမှီသဟဲ ပြုနေရတော့သည်။ သိပ္ပံပညာရှင်များသည်လည်း အရင်း၏ကျေးတော်မျိုး၊ ကျွန်တော်မျိုးကြီးများ ဖြစ်လာကြလေတော့သည်။ ယခင်ကကဲ့သို့ လွတ်လပ်ခွင့်





မရှိကြတော့ဘဲ လက်ဝါးကြီးအုပ်အရင်း၏ ကိုယ်စားလှယ်များ၊ အခိုင်းခံများ ဖြစ်လာကြတော့သည်။ သိပ္ပံပညာကို စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးချ လာကြတော့သည်။ သို့ဖြင့် အရင်းသည် သိပ္ပံပညာအား လူ့လောကကြီး၏ ပိုမို တိုးတက်ကောင်းမွန်ရေးအတွက် အကျိုးပြုသည့်အရာတစ်ခုအဖြစ်မှ လူ့လောကကြီး အား ခြိမ်းခြောက်နေသည့်အရာတစ်ခုအဖြစ်သို့ လျှော့ကျလာစေခဲ့ပေသည်။

ဤသို့ သိပ္ပံပညာအား လက်ဝါးကြီးအုပ်အရင်း၏ လက်အောက်ခံအဖြစ် ထားလိုက်ခြင်းကြောင့် သိပ္ပံပညာသဘောတရားများသည်လည်း ဖောက်ထိုးမိုးမျှော် ဖြစ်လာကြသည်။ သိပ္ပံပညာနှင့် ပတ်သက်၍ နေရှင်လူတန်းစား၏အမြင်သည်လည်း ပေါ်ပေါက်လာခဲ့သည်။ နေရှင်လူတန်းစားအမြင်အရ သိပ္ပံပညာသည် သဘာဝနှင့် ပတ်သက်သော အင်အားစုအကြောင်းကိုသာ သိရှိနားလည်နိုင်၍ ကမ္ဘာလောကကြီး ကို စိုးမိုးနေသည့် နာမ်တရားများအကြောင်းကို သိနားလည်ခြင်းမရှိဟု ယူဆခဲ့ကြ သည်။ သိပ္ပံပညာနှင့်စပ်လျဉ်းသည့် ယင်းသို့သော နေရှင်အမြင်သည် ၁၇ ရာစုနှစ် လောက်က စ၍ပေါ်ပေါက်လာခဲ့လေသည်။

သို့ဖြင့် ခေတ်သစ် လက်ဝါးကြီးအုပ်အရင်းသည် လူ့အဖွဲ့အစည်းကြီးကို လွှမ်းမိုးသြဇာပေးလာသည်နှင့်အမျှ ဖောက်ပြန်သော အယူအဆများသည်လည်း သိပ္ပံပညာကို လွှမ်းမိုးလာလေတော့သည်။ ဥပမာ အချို့သော သိပ္ပံပညာရှင်များက သိပ္ပံပညာ၌ လူ့လောက အနာဂတ်ကောင်းကျိုးအတွက် ယုံကြည်ချက်မျိုးသာ ရှိရ မည်။ အခြား မည်သည့်ယုံကြည်ချက်မျိုး (*ကွန်မြူနစ်ဝါဒယုံကြည်မှု၊ ဆိုရှယ်လစ် ဝါဒ ယုံကြည်မှု စသည်*)တို့ မရှိရဟု ယူဆကြ၏။

## ပြည်သူ့အတွက်သိပ္ပံပညာ

အရင်းရှင်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ အရင်းရှင်အမြတ်အစွန်း အတွက် ဖြစ်၏။ ဆိုရှယ်လစ်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်ကား အမြတ်အစွန်း အတွက်မဟုတ်ဘဲ လူနှင့်လူ၏ လိုအပ်ချက်များအတွက်ဖြစ်၏။ လူ၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွမ်းပေးရေးအတွက်ဖြစ်၏။ ထိုရည်ရွယ် ချက်အောင်မြင်ရေးအတွက် ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၌ သိပ္ပံပညာကို ဖွံ့ဖြိုး တိုးတက်အောင် ကြံဆောင်ရ၏။ ထို့ကြောင့် ဆိုရှယ်လစ်အဖွဲ့အစည်းတွင် သိပ္ပံ ပညာကို ဆိုရှယ်လစ်ရည်မှန်းချက်၊ ပြည်သူ့ရည်မှန်းချက်အောက်တွင် ထားရှိပေသည်။

အရင်းရှင်စနစ်အတွင်း၌ သိပ္ပံပညာကို အလုပ်နှင့်ကင်းကွာ၍ထား၏။

အရင်းက အလုပ်အား သွေးစုပ်ခြယ်လှယ်ရာတွင် အထောက်အကူပြုသည့် ကိရိယာတစ်ခုအဖြစ် အသုံးချခြင်းခံရ၏။ ဆိုရှယ်လစ်စနစ်အတွင်း၌ကား ဤသို့ မဟုတ်တော့ပေ။ သိပ္ပံပညာသည် အလုပ်နှင့် ဒွန်တွဲလျက်ဖြစ်လာ၏။ ဆိုရှယ်လစ်သိပ္ပံပညာသည် ဘုံအလုပ်(လူမှုအလုပ်)၏ သိပ္ပံရေးရာဌာနခွဲတစ်ခုဖြစ်လာ၏။ တစ်နည်းဆိုရသော် ဆိုရှယ်လစ်ကုန်လုပ်ရေးကို ပိုမိုပြည့်စုံအောင်၊ တိုးတက်အောင် ပြုလုပ်ရာ၌ သိပ္ပံပညာသုတေသန၊ သိပ္ပံပညာတီထွင်ချက်များကို ပြုလုပ်သော ဌာနခွဲတစ်ခုဖြစ်လာလေသည်။

ဆိုရှယ်လစ်စနစ်အောက်၌ သိပ္ပံပညာကို လက်ဝါးကြီးအုပ်အရင်း၏ ထိန်းချုပ်မှုအောက်မှ ခွဲထုတ်လိုက်ကာ ပြည်သူ့ပစ္စည်းတစ်ခုအဖြစ် ပြုလုပ်လိုက်၏။ သိပ္ပံပညာတိုးတက်ရေးကို စီမံကိန်းချ၍ ဆောင်ရွက်လိုက်၏။ သိပ္ပံပညာအလုပ်သမားသည်လည်း ကုန်လုပ်ရေးအလုပ်သမားများနှင့် ပိုမို၍ နီးစပ်၍လာ၏။ အလုပ် လုပ်သော ပြည်သူများထဲမှ တိုးထွက်လာသော အမျိုးအစားသစ်ဖြစ်သော သိပ္ပံပညာရှင်များ ပေါ်ပေါက်လာခဲ့၏။ တစ်ချိန်တည်းမှာပင် သိပ္ပံပညာများကို လွှမ်းမိုးနေသည့် ဓနရှင်အယူအဆများကိုလည်း ဖယ်ပစ်လိုက်၏။

သိပ္ပံပညာဟူ၍ ပညာရပ်တရပ်အဖြစ် သပ်သပ်မပေါ်မီတုန်းကဆိုလျှင် သိပ္ပံပညာကို အဘိဓမ္မာပညာရပ်ထဲတွင် ရောချ၍ထားခဲ့ကြ၏။ နောက်မှသာ သိပ္ပံပညာသည် အဘိဓမ္မာပညာရပ်ထဲမှ ခွဲထွက်လာခဲ့ခြင်းဖြစ်၏။ သို့ခွဲထွက်လာသည်နှင့် သဘာဝနှင့် ပတ်သက်သော ရှုမြင်ချက်များ၊ တွေးခေါ်ချက်များလည်း ပြောင်း၍လာခဲ့၏။ သဘာဝကို သိပ္ပံနည်းကျသော စူးစမ်းလေ့လာနိုင်ခဲ့သဖြင့် သဘာဝကို သိပ္ပံနည်းကျစွာ ကြည့်မြင်လာနိုင်ခဲ့ကြ၏။

သို့ရာတွင် အချို့သော အဘိဓမ္မာဆိုင်ရာ တွေးခေါ်မှုများသည် ယခုထက်တိုင် သိပ္ပံပညာရပ်များကို လွှမ်းမိုးနေကြဆဲဖြစ်၏။ သို့ဖြစ်ရာ သိပ္ပံပညာအား အဘိဓမ္မာ၏ ဩဇာအောက်မှ ဆွဲထုတ်ရန်မှာ အရေးကြီးသောကိစ္စဖြစ်လာလေတော့သည်။ သိပ္ပံပညာနှင့် အဘိဓမ္မာကို လုံးဝခွဲခြားပစ်ရေးမှာ ဆိုရှယ်လစ်စနစ်အတွင်းမှသာဖြစ်နိုင်ပေသည်။ သိပ္ပံပညာနှင့် အဘိဓမ္မာတို့၏ ဆက်သွယ်ပုံကို အိန်ဂျယ်လ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *"သဘာဝသိပ္ပံပညာရှင်များက ၎င်းတို့သည် အဘိဓမ္မာကို အသိအမှတ် မပြု။ ထို့ကြောင့် သူတို့သည် အဘိဓမ္မာ၏ အရိပ်အာဝါသအောက်မှ ကင်းလွတ်သည်ဟု ယူဆကြ၏။ သို့ရာတွင်*





> *တကယ်၌ကား ၎င်းတို့သည် စဉ်းစားတွေးခေါ်မှု မပါဘဲ ဘာမျှ မလုပ်နိုင်ကြပေ။ ၎င်းတို့သည် တွေးခေါ်စဉ်းစားရာတွင် တက္ကဗေဒ တွေးကြံနည်းကို လက်ခံကျင့်သုံးနေကြသမျှ ကာလပတ်လုံး အဘိဓမ္မာ၏ ကျေးကျွန်များသာဖြစ်ကြပေသည်။ ၎င်းတို့၏ တွေးခေါ်စဉ်းစားမှုများတွင် အနုပဋိလောမကို လက်ခံမှသာလျှင် ၎င်းတို့သည် အဘိဓမ္မာ၏ အရိပ်အာဝါသမှ ကင်းလွတ်ခြင်းမည်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အနုပဋိလောမသည် တိုးတက်သော သိပ္ပံပညာ ဖြစ်သောကြောင့် ဖြစ်ပေသည်။"*

သို့ဖြစ်ရာ ယေဘုယျအားဖြင့်ဆိုရလျှင် သိပ္ပံပညာကို အနှောင်အဖွဲ့အားလုံး ကန့်သတ်ချက်အားလုံးမှလွတ်အောင် လုပ်ပေးသည်မှာ ဆိုရှယ်လစ်ဝါဒသာလျှင် ဖြစ်ပေသည်။

## လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံပညာ

အရင်းရှင်သည် ၎င်း၏အမြတ်အစွန်းအတွက် သဘာဝက ထုတ်လုပ်ပေးလိုက်သော သယံဇာတပစ္စည်းများကို အသုံးချလို၏။ ထို့ကြောင့် ဓနရှင်သဘာဝသိပ္ပံပညာသည် သဘာဝဖြစ်စဉ်များကို စူးစမ်းရှာဖွေလေ့လာသည်။ သို့ဖြင့် သဘာဝသိပ္ပံပညာသည် အရင်းရှင်လူတန်းစားနှင့်အတူ ပေါက်ဖွားတိုးတက်လာခဲ့သည်။ သို့ရာတွင် အရင်းရှင်လူတန်းစားသည် လူမှုဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်သော ဥပဒေသများကိုကား ကောင်းစွာနားလည်ခြင်း မရှိခဲ့ပေ။

လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ အခြေခံဥပဒေသများကို တွေ့ရှိလာရခြင်းမှာ ဆိုရှယ်လစ်ဝါဒ၏ အကျိုးကျေးဇူးကြောင့် ဖြစ်ပေသည်။ သို့ဖြင့် ထိုဥပဒေသများသည် လူ့အဖွဲ့အစည်းနှင့်ဆိုင်သော သိပ္ပံပညာဖြစ်လာပေသည်။ သဘာဝသိပ္ပံပညာသည် သဘာဝ၏ဖြစ်စဉ်များကို စူးစမ်းလေ့လာသကဲ့သို့ လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံပညာသည်လည်း လူ့အဖွဲ့အစည်းဖြစ်စဉ်များကို လေ့လာပေသည်။ သို့ဖြင့် လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံပညာသည် ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲဝင်နေသော အလုပ်သမားလူတန်းစားကို ခေါင်းဆောင်သည့် သိပ္ပံနည်းကျသော သဘောတရားတစ်ရပ်ဖြစ်လာပေသည်။ ၎င်းသည် အလုပ်သမားလူတန်းစား၏ လူမှုရေးရာရှုမြင်ချက်များအတွက် အယူအဆရေးရာအခြေခံအတွက် ဖြစ်လာပေသည်။

၁၈ ရာစုနှစ်လောက်တွင် ခေတ်ရှင်လူမှုသိပ္ပံပညာသည် အထွဋ်အထိပ်သို့ ရောက်လာခဲ့၏။ အင်္ဂလိပ်၊ ဘောဂသမားများဖြစ်ကြသော အဒမ်စမစ်နှင့် ဒေးဗစ်ရီကာဒိုတို့သည် ကုန်လုပ်ရေးဥပဒေသများကိုလည်းကောင်း၊ လူ့ဘဝတည်မြဲရေး ကိရိယာများ ခွဲဝေပုံနည်းလမ်းများကိုလည်းကောင်း၊ စူးစမ်းရှာဖွေလေ့လာခဲ့ကြ၏။ ၎င်းတို့၏ လေ့လာ ချက်ကြောင့် နိုင်ငံရေးဘောဂဗေဒဟူသော သိပ္ပံပညာတစ်ရပ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် အဒမ်စမစ်နှင့် ဒေးဗစ်ရီကာဒိုတို့သည် နိုင်ငံရေးဘောဂဗေဒ သိပ္ပံပညာကို စတင်တွေ့ရှိလာခဲ့သူများ ဖြစ်ပေသည်။ နိုင်ငံရေး ဘောဂဗေဒဟူသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေခံကို လေ့လာသော ပညာဖြစ်ပေသည်။ အဒမ်စမစ်နှင့် ဒေးဗစ်ရီကာဒိုတို့က ယင်းသို့ ကုန်လုပ်ရေး ဥပဒေသများနှင့် ဘဝတည်မြဲရေးကြိယာများ ခွဲဝေပုံနည်းလမ်းများကို စူးစမ်းလေ့လာခဲ့ကြခြင်းမှာလည်း အရင်းရှင်စီးပွားရေး၏ လိုအပ်ချက်များကို ဖြည့်စွမ်းပေးရန်ဖြစ်၏။ သို့ရာတွင် ၎င်းတို့သည်လည်း အရင်းရှင်စီးပွားရေး၏ သရုပ်သကန်ကို ပေါ်အောင် မဖော်နိုင်ခဲ့ကြပေ။ နောက်ဆုံး၌ မာ့က်စ်တစ်ဦးသာလျှင် အရင်းရှင် သွေးစုပ်ခြယ်လှယ်ရေး၏ သော့ချက်ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပေသည်။ မာ့က်စ် ဖော်ထုတ်ခဲ့သည့် အရင်းရှင် သွေးစုပ်ခြယ်လှယ်ရေး၏ လျှို့ဝှက်ချက်ကား အစွန်းတွက်တန်ဖိုးပေတည်း။

တစ်ပြိုင်နက်တည်းမှာပင် ခေတ်ရှင်ဘောဂဗေဒနှင့် ခေတ်ရှင်လူမှုသိပ္ပံပညာသည် အရင်းရှင်လူ့အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာပုံအကြောင်းအချက်များကို စုဆောင်းရှာ ဖွေနိုင်ခဲ့၏။ အရင်းရှင်စနစ် ဆက်လက်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ လက်တွေ့ အသိပညာများကိုလည်း ရရှိလာခဲ့၏။ သို့ရာတွင် ထိုအသိပညာများ၏ အကြောင်း အချက်များကို မွေးဖွားပေးရာဖြစ်သော ကုန်လုပ်ဆက်ဆံရေး များအကြောင်းကိုကား ခေတ်ရှင်ဘောဂဗေဒနှင့် ခေတ်ရှင်လူမှုသိပ္ပံပညာတို့သည် ရှာဖွေခြင်းမပြုနိုင်ခဲ့ပေ။ ဤသည်နှင့်စပ်လျဉ်း၍ မာ့က်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *"ခေတ်ရှင်ဘောဂဗေဒသည် အပေါ်ယံအသွင်သဏ္ဌာန်များကိုသာ ကြည့်မြင် ပေသည်။ ခေတ်ရှင်အတွက် နေ့စဉ်အသုံးချရမည့် အကြောင်းအချက်များလောက်ကိုသာ ရှာဖွေပေသည်။ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု၏ အခြေခံကျသော၊ အတွင်းကျသော၊ အကြောင်းရင်းများကို ရှာဖွေခြင်းမပြုနိုင်ခဲ့ပေ။ သို့ဖြင့် ယင်းသို့*





> *လျှင် "အကြမ်းထည်သက်သက်"ဖြစ်သော ခေတ်ရှင်ဘောဂဗေဒသည် ခေတ်ရှင်လူမှုသိပ္ပံပညာဖြစ်လာလေသည်။"*

သို့ဖြစ်ရာ ခေတ်ရှင်စူးစမ်းလေ့လာမှုသည် အပေါ်ယံမျှသာဖြစ်ပေသည်။ လူမှုသိပ္ပံပညာဥပဒေသများကို အပေါ်ယံမှကြည့်မြင်ခြင်းသာ ဖြစ်လေသည်။ အခြေခံကျသော ဥပဒေသများမှ ပေါ်ထွက်လာသည့် လူ့အဖွဲ့အစည်းကို ကြည့်မြင်သော ခေတ်ရှင်သိပ္ပံပညာဟူ၍ မရှိနိုင်ပေ။ လူ့အဖွဲ့အစည်းကို အခြေခံကျကျ ကြည့်မြင်သော သိပ္ပံပညာမှ မာ့က်စ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၏ လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံပညာသာ ဖြစ်ပေသည်။ မာ့က်စ်သည် လူမှုဖြစ်ပေါ်တိုးတက်မှုများအား ယင်းသို့ အခြေခံကျကျကြည့်မြင်နိုင်ခြင်းမှာလည်း မာ့က်စ်သည် အရင်းရှင်လူ့အဖွဲ့အစည်းကို ဆန့်ကျင်သော ရှုဒေါင့်မှ ရပ်တည်ကြည့်မြင်နိုင်သောကြောင့် ဖြစ်ပေသည်။ အလုပ်သမားလူတန်းစား၏ တော်လှန်သောအခန်းကို အသိအမှတ်ပြုသောကြောင့် ဖြစ်ပေသည်။ အရင်းရှင်စနစ်အား ဆိုရှယ်လစ်စနစ်ဖြင့် အစားထိုးမှ ဖြစ်သည်ဟု သိမြင်သောကြောင့် ဖြစ်ပေသည်။ ဂဲလီလီယိုနှင့် နယူတန်သည် ရူပဗေဒသိပ္ပံပညာကို တည်ထောင်သကဲ့သို့လည်းကောင်း၊ ဒွမ်းနှင့် ဒါဝင်သည် သတ္တဗေဒသိပ္ပံပညာကို ထူထောင်သကဲ့သို့လည်းကောင်း၊ မာ့က်စ်သည်လည်း ဤနည်းအားဖြင့် လူမှုသိပ္ပံပညာ၏ အခြေခံကို ထူထောင်ခဲ့ပေသည်။

⁂ ⁂ ⁂

အပိုင်း (၃)

# သစ္စာတရားနှင့်လွတ်လပ်မှု





အခန်း (၁၀)

## သစ္စာတရား

သစ္စာတရားသည် တွေးခေါ်မှုနှင့် ဒွန်တွဲကျသော အမှန်တရားကို ဆက်စပ်ပေးထားသည့်အရာဖြစ်သည်။ သစ္စာတရားသည် အမြဲတမ်းတစ်ဝက်တစ်ပျက်သာ ဖြစ်သည်။ အတ္တနော မတိအရာမျှသာဖြစ်သည်။ ကျွန်ုပ်တို့တွေ့ရှိသော သစ္စာတရားဆိုသည်မှာ ကျွန်ုပ်တို့တွေ့ရသောအကြောင်းအချက်များပေါ်တွင် တည်၍သာဖြစ်ရသည်။ ပြည့်စုံသော၊ အလုံးစုံခြုံသော၊ အကြွင်းမဲ့ဖြစ်သော သစ္စာတရားကို ဘယ်အခါမျှ မရနိုင်။

### ထာဝရသစ္စာနှင့်သမုတိသစ္စာ

သစ္စာတရားဆိုတာ ဘာလဲ၊ သစ္စာတရားဟူသည် လူ၏ တွေးခေါ်မှုနှင့် ပြင်ပ၌ ဒွန်တွဲကျသော အမှန်တရား၊ အမှန်အဖြစ်အပျက်တို့ကို ဆက်သွယ်ပေးထားသည့်အရာဖြစ်၏။

လူသည် ပြင်ပရုပ်အမှန်တရား၊ အမှန်အဖြစ်အပျက်တို့ကို တွေ့မြင်သောအခါ ၎င်းနှင့်စပ်လျဉ်းသော တွေးခေါ်မှုပေါ်လာ၏။ ထိုမှတစ်ဖန် တွေးခေါ်မှုဖြင့် ရုပ်အမှန်တရားကို ကြည့်မြင်၏။ သို့ဖြင့် ပြင်ပရုပ်အမှန်တရားနှင့် တွေးခေါ်မှုတို့သည် တဖြည်းဖြည်း ဆက်သွယ်လာမိကြ၏။ သို့ရာတွင် ထိုဆက်သွယ်မှုသည် တစ်စိတ်တစ်ဒေသဖြစ်သည်။ တစ်ဝက်တစ်ပျက်သာဖြစ်သည်။ ပြည့်စုံသည် မဟုတ်ပေ။ တွေးခေါ်မှုတစ်ခုသည် ရုပ်အမှန်တရားကို အခါခပ်သိမ်းပြည့်စုံစွာ ထင်ဟပ်ဖော်ပြသည်မဟုတ်ပေ။ မပြည့်မစုံဖော်ပြသည့်အခါလည်း ရှိပေသည်။

သို့ရာတွင် အကြွင်းမဲ့မှန်သော၊ အချို့သော ပြောဆိုချက်များရှိသည်ကို

လည်း သတိပြုရမည်ဖြစ်၏။ တစ်စုံတစ်ခုသော အဖြစ်အပျက်ကို ထုတ်ဖော်ပြောဆိုချက်များသည် အကြွင်းမဲ့မှန်ကန်ကြ၏။ ဥပမာ ဝီလျံသည် ကွန်ကဲရားသည် ၁၀၆၆ ခုနှစ်တွင် အင်္ဂလန်ပြည်ကို တိုက်ခိုက်သည်ဟူသော ပြောဆိုချက်သည် တစ်စုံတစ်ခုသော အကြောင်းအရာ၊ တကယ်ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုကို ပြောဆိုခြင်းဖြစ်သဖြင့် အကြွင်းမဲ့မှန်ကန်ပေသည်။ အချို့သော ယေဘုယျပြောဆိုချက်များသည်လည်း အကြွင်းမဲ့မှန်ကန်ကြပေသည်။ ဥပမာ လူသည် အစာမစားဘဲ အသက်ရှင်နေခြင်းမပြုနိုင်ဟူသော ပြောဆိုချက်မျိုးဖြစ်သည်။ ဤပြောဆိုချက်သည် တကယ့်အချက်အလက်များနှင့် ကိုက်ညီသည့်အတွက် အကြွင်းမဲ့မှန်ကန်ပေသည်။

ယေဘုယျဆိုရလျှင် သိပ္ပံပညာရပ်သည် ထာဝရသစ္စာကို လိုက်လံရှာဖွေခြင်း မပြုပေ။ သိပ္ပံပညာသည် အမြဲတစေ စူးစမ်းလေ့လာမှုကို ပြုလုပ်နေသော ပညာရပ်ဖြစ်ပေရာ ထာဝရသစ္စာကို ရရှိပြီဆိုလျှင် နောက်ထပ် စူးစမ်းလေ့လာမှုသည်လည်း လိုအပ်ပါသေးသလော၊ စူးစမ်းလေ့လာမှု မလိုတော့ဆိုလျှင် သိပ္ပံပညာသည်လည်း လိုအပ်ပါသေးသလော။

သမုတိသစ္စာ

သစ္စာတရားဟူသည် အကြွင်းမဲ့မဟုတ်၊ လောကတွင် အကြွင်းမဲ့ဖြစ်သော သစ္စာတရား၊ ထာဝရဖြစ်သော သစ္စာတရားဟူ၍မရှိ၊ ယာယီဖြစ်သော သစ္စာတရား၊ နှိုင်းယှဉ်၍ဖြစ်သော သစ္စာတရားသာလျှင်ရှိ၏။ အမှားထဲမှ အမှန်ကို တွေ့နိုင်၏၊ အမှန်ထဲမှလည်း အမှားကို တွေ့နိုင်လေသည်။ ထို့ကြောင့် မှန်သည့်ကိစ္စမှာပင်ဖြစ်စေ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုသော အတိုင်းအတာအထိသာ သစ္စာတရားကို ရှာဖွေတွေ့ရှိနိုင်၏။ အကြွင်းမဲ့ဖြစ်သော ထာဝရဖြစ်သော သစ္စာတရားကို မတွေ့နိုင်ပေ။ တစ်စုံတစ်ခုသော အချိန်ကာလ၌ တွေ့ရှိသော သစ္စာတရားသည် ဤကာလ အတိုင်းအတာအတွင်းတွင်သာ မှန်၏။ နောက်ကာလတစ်ခုအတွက် မှန်နိုင်မည် မဟုတ်ပေ။

သို့ဖြစ်ရာ သစ္စာတရားဟူသည် နှိုင်းယှဉ်ချက်အားဖြင့်သာ ဖြစ်သောအရာ ဖြစ်၏။ အရာဝတ္ထုတစ်ခု၊ သို့မဟုတ် အကြောင်းအရာတစ်ခု၏ အမှန်တရားကို ဖော်ပြရာတွင် ကျွန်ုပ်တို့သည် ထိုအရာဝတ္ထုနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ကြုံတွေ့သိသလောက်သာ ဖော်ပြနိုင်၏။ ထိုနည်းဖြင့်သိသော သစ္စာတရားသည် ဒိဋ္ဌကျသော





ရုပ်ကမ္ဘာကြီးနှင့် ဆက်စပ်လျက်ရှိ၏။ ဒိဋ္ဌကျသော အရာဝတ္ထုများ၊ ဖြစ်စဉ်များ၏ မောင်းနှင်မှုဥပဒေသများ၊ တကယ့်အရည်အသွေးများကို ဖော်ပြကြ၏။ ထို့ကြောင့် သစ္စာတရားကို ဖော်ပြသည့် ပုံသဏ္ဌာန်များသည် ကျွန်ုပ်တို့အပေါ်တွင် တည်ရှိသော်လည်း ထိုသစ္စာတရား၏ အတွင်းအနှစ်သာရ၊ ထိုသစ္စာတရား၏ ဒိဋ္ဌကျသော အမှန်တရားသည်ကား ကျွန်ုပ်တို့အပေါ်တွင် မတည်ပေ။

သို့ဖြစ်ရာ သစ္စာတရားတိုင်းတွင် ဒိဋ္ဌကျခြင်းနှင့် စိတ္တဇဆန်ခြင်းဟူ၍ရှိ၏။ နှိုင်းယှဉ်ချက်အားဖြင့်သာ မှန်သောအရာနှင့် အကြွင်းမဲ့မှန်သောအရာဟူ၍ အမြဲရှိ၏။ သစ္စာတရားသည် ထိုသစ္စာတရားကို ဖော်ပြသူ၏ ပတ်ဝန်းကျင်၊ အတွေ့အကြုံစသည်တို့နှင့် ဆက်စပ်၍ ဖော်ပြသည့်အတိုင်းအတာအထိ ၎င်းသည် နှိုင်းယှဉ်ချက်အားဖြင့်သာ မှန်ကန်၏။ သို့ရာတွင် ထိုသို့ဖော်ပြရာ၌ ဒိဋ္ဌကျသော အမှန်တရားကို ဖော်ပြနိုင်သလောက် ထိုသစ္စာတရားသည် အကြွင်းမဲ့မှန်ကန်၏။

ကျွန်ုပ်တို့သည် သစ္စာတရားကို ဖော်ပြရာ၌ အစွန်းနှစ်ဖက်ကို ရှောင်ကြဉ်ရမည်ဖြစ်၏။ အစွန်းတစ်ဖက်မှာ သစ္စာတရားသည် နှိုင်းယှဉ်ချက်အားဖြင့်သာ မှန်ကန်သည်ဟူသောသဘောဖြစ်၏။ ဤသဘောကို လွန်မင်းစွာ အလေးအနက်ထားလိုက်ပါက ဆန္ဒစွဲစိတ်ဝါဒသို့ ရောက်ရှိသွားစေနိုင်သည်။ ယင်းသို့ ဆိုလိုက်ခြင်းဖြင့် သစ္စာတရားသည် ကျွန်ုပ်တို့၏ စူးစမ်းသိမြင်မှုပေါ်တွင်သာ လုံးဝ တည်သည်ဆိုရာရောက်၏။ သစ္စာတရားသည် ဒိဋ္ဌကျသော ရုပ်ကမ္ဘာလောကကြီးနှင့် ဆက်သွယ်လျက်ရှိသည်။ လူ၏ ပြင်ပစိတ်ဆန္ဒနှင့်ကင်းလွတ်၍ တည်ရှိနေသည်ဆိုသော သဘောကိုရောက်၏။ သဘာဝကြီးသည် မသိနိုင်သောအရာ၊ ဖော်ပြခြင်းငှာ မစွမ်းနိုင်သောအရာဟု ဆိုရာရောက်၏။ ဥပမာအားဖြင့် ဆာ–အာ–သာ–အက်ဒင်တန်က သူ၏ "ရုပ်ကမ္ဘာလောကကြီး၏ သဘာဝ" ဟူသောစာအုပ်၌ အဏုမြူနှင့်စပ်လျဉ်းသော ကျွန်ုပ်တို့၏အသိဉာဏ်ပညာသည် တကယ်၌ ပညတ်ကိုသိသော အသိဉာဏ်တရားသာဖြစ်ကြောင်း၊ တကယ့်အဏုမြူလောက၏ ပရမတ်တရားကို သိခြင်းမဟုတ်ကြောင်း ဖော်ပြခဲ့၏။ ယင်းမှာ လူ၏ စိတ်ဆန္ဒ၊ လူ၏ အသိဉာဏ်ပညာနှင့်ကင်းလွတ်၍ ရုပ်ဝတ္ထုများ အဟုတ်တကယ်ရှိနေခြင်းကို ပစ်ပယ်ရာရောက်သဖြင့် ဆန္ဒစွဲစိတ်ဝါဒဘက်သို့ တိမ်း၍သွားပေသည်။

အခြားအစွန်းပစ်ဖက်ကား သစ္စာတရားဟူသည် နှိုင်းယှဉ်ချက်အားဖြင့် မှန်ကန်နေခြင်းမဟုတ်၊ ၎င်းသည် ၎င်း၏အလိုအလျောက် အကြွင်းမဲ့စွာ၊ ပြည့်စုံစွာ၊ တည်ရှိနေသည်ဟူသောသဘောကို လွန်မင်းစွာ အလေးအနက်ပြုခြင်းပင်ဖြစ်

၏။ ယင်းအယူအဆသည် တရားသေဝါဒဘက်သို့ ကျရောက်သွားစေပေသည်။ ရှေးဟောင်းရုပ်ဝါဒသမားများက ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ သဘောတရားများသည် ဒိဋ္ဌကျသော ရုပ်အမှန်တရားကိုသာ ထင်ဟပ်ဖော်ပြသည်ဟု ယူဆကြ၏။ ၎င်းတို့က ကမ္ဘာလောကကြီးသည် သေးငယ်၍မာသော ရုပ်ဝတ္ထုအလုံးကလေးများဖြင့် ဖွဲ့စည်းထားသော အရာမျှသာဖြစ်၍ အခြားမည်သည့်ရုပ်ဝတ္ထုမျှမရှိဟု ယူဆကြ၏။ ထို့ကြောင့် ၎င်းတို့သည် တရားသေအယူအဆဘက်သို့ တိမ်းသွားကြလေသည်။

သို့ဖြစ်ရာ သစ္စာတရားဟူသည် ဒိဋ္ဌကျသော အမှန်တရားကို ထင်ဟပ်ဖော်ပြချက်ဟူ၍လည်းကောင်း၊ တစ်ပြိုင်နက်တည်းမှာပင် ထင်ဟပ်ဖော်ပြချက်သည်လည်းကောင်း၊ ပေါ်ပေါက်ရာ တစ်စုံတစ်ခုသော ပတ်ဝန်းကျင်၏ ပြုပြင်ဖန်တီးမှုများကို ခံရသည် ဟူ၍လည်းကောင်း၊ နှစ်ဖက်စလုံးကို အသိအမှတ်ပြုရမည်သာ ဖြစ်ပေသည်။ ဤသည်ကို လီနင်က အောက်ပါအတိုင်းရေးခဲ့ပေသည်။

> *"အနုပဋိလောမရုပ်ဝါဒအမြင်၌ သမုတိသစ္စာနှင့် ထာဝရသစ္စာတို့အကြားတွင် မကျော်လွှားနိုင်သော အတားအဆီးကြီးရှိသည်ဟု မယူဆပေ။ မာ့က်စ်နှင့် အိန်ဂဲလ်စ်တို့၏ အနုပဋိလောမရုပ်ဝါဒ၌ သမုတိသဘောပါဝင်သော်လည်း သမုတိ သဘောသက်သက်မျှ ချည်း မဟုတ်ပေ။ ဆိုလိုသည်မှာ အနုပဋိလောမရုပ်ဝါဒသည် နှိုင်းယှဉ်ချက်အားဖြင့်သာဖြစ်သော အသိဉာဏ်ပညာကို အသိအမှတ်ပြုသည်ဟု ဆိုလိုပေသည်။ သို့ဆိုခြင်းကြောင့် ဒိဋ္ဌကျသော သစ္စာတရားကို ပစ်ပယ်ခြင်းမပြုပေ။"*

သို့ဖြစ်လျှင် အောက်ပါ ပြဿနာနှစ်ရပ် ပေါ်ထွက်လာသည်။

၁။ လူ၏ တွေးခေါ်မှုအကြောင်းအရာသည် မည်သည့်ရုပ်အရာဝတ္ထုပေါ်တွင်မှ အမှီသဟဲမပြုဘဲ ၎င်း၏အလိုအလျောက် တည်ရှိနိုင်သလား။

၂။ သို့တည်ရှိသည်ဟုဆိုလျှင် ဒိဋ္ဌကျသော သစ္စာတရားကို ချွင်းချက်မရှိ ပြည့်စုံစွာ၊ အကြွင်းမဲ့စွာ ဖော်ပြနိုင်သလား။ သို့တည်းမဟုတ်၊ မှန်းချက်မျှသာ နှိုင်းယှဉ်ချက်အားဖြင့်သာ ဖော်ပြနိုင်သလား။

ဤမေးခွန်းများကို အောက်ပါအတိုင်း ဖြေလိုသည်။

၁။ လူ၏ တွေးခေါ်မှုသည် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၊ သို့မဟုတ် လူအများစုကို အမှီသဟဲပြုခြင်းမရှိဘဲ၊ ၎င်း၏ အလိုအလျောက် လွတ်လပ်စွာ တည်ရှိနိုင်၏။ တွေးခေါ်မှုသည် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ အတွေးအခေါ်နှင့်





ကင်းလွတ်တည်ရှိနေသော၊ ဒိဋ္ဌကျသော အမှန်တရားများကို ထုတ်လုပ်ဖန်တီးသည်။

၂။ သို့ထုတ်လုပ်ရာတွင် တွေးခေါ်မှုသည် ဒိဋ္ဌကျသော ရုပ်အမှန်တရားများကို ပြည့်စုံစွာ၊ လုံးဝထပ်တူထပ်မျှကျစွာ ပြန်လည်ထုတ်လုပ်ခြင်းမဟုတ်၊ ယေဘုယျသဘောမျှသာ ပြန်လည်ထုတ်လုပ်၏။ ထိုဒိဋ္ဌကျသော ရုပ်အမှန်တရားများကို ဘယ်လိုမြင်သည်၊ ဘယ်လိုတွေ့သည်၊ ဘယ်လိုခံယူသည်ဆိုသည့်အတိုင်းသာ ပြန်လည်ထုတ်လုပ်ခြင်းပြု၏။

သို့ဖြစ်ရာ ခြုံ၍ကြည့်လိုက်လျှင် သစ္စာတရားဆိုသည်မှာ ဒိဋ္ဌကျသော အမှန်တရားနှင့် တွေးခေါ်မှုများကို ဆက်သွယ်ကြပုံကို ဖော်ပြသောအရာပင်ဖြစ်၏။ တကယ်ရှိ အဟုတ်ရှိသော ဒိဋ္ဌကျသော ပြင်ပရုပ်အမှန်တရားကို လူ၏တွေးခေါ်မှုက ဘယ်လိုလက်ခံသည်၊ ဘယ်လိုနားလည်သည်ကို လိုက်၍ သစ္စာတရားလည်းလိုက်၍ ကွဲပြား၏။ ဒိဋ္ဌကျသော ရုပ်အမှန်တရားကို လူ၏တွေးခေါ်မှုက နားလည်သည့် အတိုင်းအတာကို လိုက်၍ သစ္စာတရား၏ မှန်ကန်မှုအတိုင်းအတာသည်လည်း လိုက်၏ဖြစ်ရ၏။ ထို့ကြောင့် သစ္စာတရားတစ်ရပ်ကို ကြည့်မြင်လိုလျှင် ကမ္မပိုင်း၊ ကတ္တားပိုင်းဟူ၍ နှစ်မျိုးခွဲ၍ ကြည့်ရမည်ဖြစ်၏။ ဒိဋ္ဌကျသော ရုပ်အမှန်တရားသည် ကမ္မပိုင်းဖြစ်၏။ ၎င်းသည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ တကယ်တည်ရှိဖြစ်ပေါ်နေ၏။ အခြားတစ်ဖက်၌ လူ၏တွေးခေါ်မှုသည် ကတ္တားပိုင်းဖြစ်၏။ တွေးခေါ်မှုသည် လူ၏လှုပ်ရှားဆောင်ရွက်ချက်ဖြစ်စဉ်တစ်လျှောက်၌ ပေါ်ပေါက်လာကာ၊ ၎င်းပေါ်ပေါက်လာသော သဘောသဘာဝကို လိုက်၍ ကွဲပြားခြားနားပေသည်။

## သစ္စာတရားဖြစ်ကွန်းလာပုံ

သစ္စာတရားကို မည်သည့်အတိုင်းအတာအထိ ရရှိနိုင်သလဲ။ ဘယ်လောက်မှန်ကန်တဲ့ သစ္စာတရားကို ကျွန်ုပ်တို့ရှာဖွေနိုင်သလဲ။

အလုံးစုံဖြစ်သော၊ ပြည့်စုံသော၊ အကြွင်းမဲ့ဖြစ်သော သစ္စာတရားကိုမူ ကျွန်ုပ်တို့ ဘယ်တော့မျှ ရနိုင်မည်မဟုတ်ပေ။ သို့ရာတွင် ကျွန်ုပ်တို့အားလုံးသည် ထိုအကြွင်းမဲ့ဖြစ်သော သစ္စာတရားကို မှန်းမျှော်ကြည့်ကြသည်ကား မှန်၏။

ကျွန်ုပ်တို့သည် သီးခြားအကြောင်းအချက်များမှ ယေဘုယျဥပဒေသများကို ခွဲထုတ်ခြင်းဖြင့်၎င်း၊ သီးခြားသော၊ ယာယီဖြစ်သော၊ ယေဘုယျဖြစ်သော သစ္စာတရားများမှာ ထာဝရဖြစ်သော၊ အကြွင်းမဲ့ဖြစ်သော သစ္စာတရားကို ရှာဖွေ

ရန် ကြိုးစားလျက်ရှိကြ၏။ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက် သို့မဟုတ် လူလောကတစ်ခုလုံးက သတ်မှတ်ထားသော သစ္စာတရားဆိုသည်မှာ အမြဲတမ်းယေဘုယျမျှသာဖြစ်၏။ ခန့်မှန်းချက်မျှသာဖြစ်၏။ မပြည့်မစုံမျှသာဖြစ်၏။ တစ်ချိန်က မှန်ကန်သည်ဟု ယူဆခြင်းခံရသော ထိုသစ္စာတရားသည် နောက်တစ်ချိန်တွင် မမှန်မကန်ဖြစ်ချင်ဖြစ်နေတတ်၏။ လူပုဂ္ဂိုလ်များသည် တစ်ဦးထံမှတစ်ဦး လေ့လာကြ၏။ အောင်မြင်ချက်မလည်းကောင်း၊ ဆုံးရှုံးမှုမှလည်းကောင်း သင်ခန်းစာယူကြ၏။ တစ်ဆက်ပြီးတစ်ဆက် ပေါ်ပေါက်ခဲ့သော လူ့အဖွဲ့အစည်းသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်၏။ လူ့အဖွဲ့အစည်း တစ်ခုသည် ၎င်းထက်ရှေးကျ၍ဖြစ်ပေါ်ခဲ့သော လူ့အဖွဲ့အစည်းမှ သင်ခန်းစာများကို ယူခဲ့ကြ၏။ အမှားများကို လေ့လာခဲ့ကြ၏။ သို့ဖြင့် တစ်ခုနှင့်တစ်ခု၊ တစ်ယောက်နှင့်တစ်ယောက် နှိုင်းယှဉ်ချိန်ထိုးကြည့်ကာ နှိုင်းယှဉ်ချက်အရသာဖြစ်သော အမှန်ကို တဖြည်းဖြည်း ရှာဖွေခဲ့ကြရ၏။ ပြည့်စုံသော၊ အလုံးစုံဖြစ်သော၊ အကြွင်းမဲ့ဖြစ်သော သစ္စာတရားကိုကား မရခဲ့ကြပေ။

ကျွန်ုပ်တို့ တွေးခေါ်မှုများ၊ စကားများထဲတွင် ပေါ်ပေါက်လာသည့် ကမ္ဘာလောကကြီးသည် အဟုတ်ရှိ၊ တကယ်ရှိသော ကမ္ဘာလောကကြီးဖြစ်၏။ သို့ရာတွင် ထိုတကယ်ရှိ အဟုတ်ရှိသော ကမ္ဘာလောကကြီးကို ကျွန်ုပ်တို့ သိနားလည်ရာတွင် ကျွန်ုပ်တို့ တွေ့မြင်ကြုံတွေ့ရသလောက်သာ နားလည်ခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် မျက်မမြင်၊ ပုဏ္ဏားခြောက်ယောက် ဆင်ကို စမ်းကြည့်ပြီး မိမိထိတွေ့သလောက် နားလည်သကဲ့သို့ ကမ္ဘာလောကကြီးအကြောင်းကိုလည်း လက်တွေ့ဖြင့် စမ်းသပ် ကြည့်ကာ ထိတွေ့သလောက်သာ နားလည်ကြ၏။ ထိုထက်မပိုပေ။ ဤသည်နှင့် စပ်လျဉ်း၍ အိန်ဂျယ်လ်စ်ကလည်း အောက်ပါအတိုင်း ရေးခဲ့လေသည်။

''သဘာဝ၏ အသွင်သဏ္ဌာန်များသည် တစ်ခုနှင့်တခု စနစ်တကျ သက်ဝင်နေကြသည်ဟူသော အသိအမြင်မှန်ကန်ကြောင်းကို သိပ္ပံပညာဖြင့် စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ပေသည်။ သို့ရာတွင် သိပ္ပံပညာသည်လည်း ထိုဆက်စပ်မှုကို ပြည့်စုံစွာ ဖော်ပြခြင်းမပြုနိုင်သေးပေ။ နောင်တွင်လည်း ဖော်ပြနိုင်ဦးမည် မဟုတ်ပေ။ ကမ္ဘာလောကကြီးအတွင်း၌ ရှိရှိသမျှသော အရာဝတ္ထုတို့ တစ်ခုနှင့် တစ်ခု ဆက်သွယ်နေကြပုံကို အပြည့်အဝ သိရှိလာသည်နှင့်တစ်ပြိုင်နက် လူ၏ အသိဉာဏ်ပညာသည်လည်း အဆုံးသို့ရောက်ပြီဟု ယူဆဖွယ်ရာသာ ရှိလေတော့သည်။ သို့ရာတွင် လူ၏ အသိဉာဏ်ပညာသည်လည်း ဘယ်တော့မှ အဆုံးသို့ ရောက်မည် မဟုတ်ပေ။ ထို့ကြောင့် ကမ္ဘာလောကကြီးအတွင်းရှိ အရာဝတ္ထုတို့ တစ်ခုနှင့်တစ်ခု





ဆက်သွယ်နေ ကြပုံကိုလည်း ဘယ်တော့မှ နားလည်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လူ့အနွယ်ကြီးတစ်ရပ်လုံးသည် ပဋိပက္ခနှစ်ရပ်ကို ရင်ဆိုင် လာရလေသည်။ တစ်ဖက်၌ လူ့အနွယ်ကြီးတစ်ရပ်လုံးသည် ပဋိပက္ခနှစ်ရပ်ကို ရင်ဆိုင်လာရလေသည်။ တစ်ဖက်၌ လူ့အနွယ်ကြီးတစ်ရပ်လုံးသည် ကမ္ဘာလောကကြီး၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကမ္ဘာလောကကြီးအတွင်းရှိ အရာဝတ္ထုများ အချင်းချင်း၏ အညမည ဆက်သွယ်ပုံ စသည်တို့ကို လုံးဝဥဿုံ သိနားလည်သော၊ ပြီးပြည့်စုံသော အသိဉာဏ်ပညာကို ရလိုသည်။ အခြားတစ်ဖက်၌ကား လူ၏ သဘာဝနှင့် ကမ္ဘာလောကကြီး၏ ဖွဲ့စည်းတည်ဆောက်ပုံသဘာဝတို့ကြောင့် လူသည် ထိုပြီးပြည့်စုံသော အသိဉာဏ်ပညာကို မရရှိနိုင်ဆိုသောအချက်ဖြစ်သည်။ ယင်း အချက်နှစ်ရပ်သည် လူ့အနွယ်ကြီး ရင်ဆိုင်နေရသော ပဋိပက္ခနှစ်ရပ်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးအတွင်းရှိ အရာဝတ္ထုများနှင့် ပတ်သက်၍ ပြီးပြည့်စုံသော သစ္စာတရားကို ရရှိနိုင်ပါသလော။ ပြီးပြည့်စုံသော အသိဉာဏ်ပညာကို ရရှိနိုင်ပါသလောဟု မေးခွန်းထွက်လာသည်။ လူသည် ကမ္ဘာလောကကြီးအတွင်း၌ အရာအားလုံးကို သိနားလည်နိုင်ပါသလော။ လူ၏ အတွေးအခေါ်သည် အချုပ်အခြာအကျဆုံးလော။ ဤသည်နှင့်ပတ်သက်၍လည်း အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

> *''ဤမေးခွန်းကို မဖြေဆိုမီ လူ့အတွေးအခေါ်ဆိုတာ ဘာလဲဆိုသည်ကို ကျွန်ုပ်တို့ စူးစမ်းရပေမည်။ လူ့အတွေးအခေါ် ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ အတွေးအခေါ်ကို ဆိုလိုခြင်းဖြစ်သလော။ မဟုတ်ပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ သုံးရပ်စလုံး၌ နှစ်ကုဋေသန်းပေါင်းများစွာ တည်ရှိခဲ့၊ တည်ရှိဆဲ၊ တည်ရှိနေဦးမည့် လူ့အနွယ်ကြီးတစ်ရပ်လုံး၏ အတွေးအခေါ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ လူ့အတွေးအခေါ်သည် အချုပ်အခြာကျမကျ၊ အဓိကရ ဟုတ် ,မဟုတ် ဆိုသည့် အချက်တွင်လည်း ပဋိပက္ခနှစ်ရပ်၊ အနက်နှစ်ရပ် ပေါ်လာပြန်သည်။ လူ့အတွေးအခေါ်သည် အချုပ်အချာကျသည့်အပိုင်း၊ အဓိကရကျသည့် အပိုင်းလည်း ရှိ၍ အချုပ်အခြာမကျသည့်အပိုင်း၊ အဓိကရမကျသည့် အပိုင်းလည်း ရှိပေသည်။''*

မာ့က်စ်ဝါဒသမားများသည် သစ္စာတရားကို ကြည့်မြင်ရာ၌ တရားသေဝါဒ

ကို ရှောင်ကွင်းဖို့လိုပေသည်။ ယေဘုယျမှုများကို တစ်ခါတည်းချမှတ်ထားလိုက်ကာ အသေဆုပ်ကိုင်မထားဖို့ လိုပေသည်။ နောက်ထပ်ဖြစ်ပေါ်လာသော အတွေ့အကြုံသစ်များ၊ အခြေအနေသစ်များကို မမေ့ဖို့ လိုပေသည်။ တစ်ချိန်က အမှန်ဟု ယူဆခဲ့သောအရာသည် နောက်ထပ်ပေါ်ပေါက်လာသော အခြေအနေသစ်များ၊ ပတ်ဝန်းကျင်သစ်များ၌ အမှားဖြစ်လာတတ်သည်ကို သတိထားဖို့လိုပေသည်။ သို့ဆိုလိုက်ခြင်းဖြင့် အခြေခံမှုကို စွန့်လွှတ်၍ မိမိတွေ့ကြုံနေရသော ပတ်ဝန်းကျင်အခြေအနေကို လိုက်ကာ မိမိကိုယ်တိုင် ကြုံမှယုံသော ကိုယ်တွေ့သက်သက်ဝါဒသို့လည်း ဆိုက်ရောက်မသွားဖို့ လိုပေသည်။ မိမိ၏ ပတ်ဝန်းကျင်အခြေအနေများ နောက်ကွယ်တွင် မောင်းနှင်လှုပ်ရှားနေသော ဥပဒေသများမှ ရဲရဲတင်းတင်း ကောက်ချက်ဆွဲထုတ်ဖို့ မမေ့ရန် လိုပေသည်။ အချုပ်၍ကား ကိုယ်တွေ့သက်သက်ဝါဒသည်လည်း တရားသေဝါဒကဲ့သို့ပင် ကျဉ်းမြောင်းလှပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တွေးခေါ်မှုတွင် တရားသေဝါဒနှင့် ကိုယ်တွေ့သက်သက်ဝါဒကို ရှောင်ကြဉ်ရန်လိုပေသည်။ ဤဝါဒနှစ်ရပ်သည် အဘိဓမ္မာနယ်တွင် အန္တရာယ်ပေးနေသော အယူအဆနှစ်ရပ်ဖြစ်၏။ အဘိဓမ္မာနယ်ပယ်တွင်သာမက၊ လက်တွေ့အလုပ်သမားလူတန်းစားလှုပ်ရှားမှုတွင်လည်း အန္တရာယ်ပေးနေသော အယူအဆနှစ်ရပ်ဖြစ်ပေသည်။ သို့ဖြစ်လျှင် အလုပ်သမားလူတန်းစားလှုပ်ရှားမှုတွင် တရားသေဝါဒဆိုသည်မှာ အဘယ်နည်း။ ဖော်မြူလာများကို အလွတ်ကျက်ထားပြီး အသစ်ပေါ်လာသည့်ပြဿနာတိုင်းကို ထိုဖော်မြူလာများကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ဖြေရှင်းနိုင်သည်ဟု ယူဆခြင်းသည် တရားသေဝါဒပင်ဖြစ်သည်။ တရားသေဝါဒကြောင့် အတွေ့အကြုံကပေးသော သင်ခန်းစာများကို ကျေညက်ခြင်းမရှိဘဲ အခြေအနေသစ်နှင့်ကိုက်ညီသော ပေါ်လစီများကို ရဲရဲ့စွာ မချမှတ်နိုင်ခြင်း စသော အကျိုးသက်ရောက်မှုများ ပေါ်ပေါက်လာနိုင်သည်။ တဖန် အလုပ်သမားလူတန်းစားလှုပ်ရှားမှုတွင် ကိုယ်တွေ့သက်သက်ဝါဒဆိုသည်မှာ အဘယ်နည်း။ နေ့စဉ်တွေ့ကြုံနေရသော လက်တွေ့ပြဿနာအသေးအဖွဲကလေးများထဲတွင် နစ်မွန်းကာ ထိုပြဿနာများနောက်သို့ ပါသွားခြင်း၊ ထိုပြဿနာများမှ အပဖြစ်သော အခြားပြဿနာများကို အရေးမကြီးဟု ယူဆခြင်းသည် ကိုယ်တွေ့သက်သက်ဝါဒပင်ဖြစ်သည်။ ကိုယ်တွေ့သက်သက်ဝါဒကြောင့် အတွေ့အကြုံကပေးသော သင်ခန်းစာများကို ကျေညက်ခြင်းမရှိဘဲ အခြေအနေသစ်နှင့် ကိုက်ညီသော ပေါ်လစီသစ်များကို မချမှတ်ခြင်း စသည့်အကျိုးတရားများ ပေါ်ပေါက်လာနိုင်သည်။





သို့ဖြစ်ရာ၊ တရားသေဝါဒနှင့် ကိုယ်တွေ့သက်သက်ဝါဒသည် နိဂုံး၌ အတူတူပင်ဖြစ်၏။ အကျိုးသက်ရောက်မှုတွင် အတူတူပင်ဖြစ်၏။ ထိုဝါဒနှစ်ခုစလုံးသည် အလုပ်သမားလူတန်းစားလှုပ်ရှားမှုတွင် ကြီးစွာသော အန္တရာယ်ကို ဖြစ်စေကာ ဆိုရှယ်လစ်စနစ်သို့ ချီတက်ရာလမ်းမှန်နှင့် ဝေးစေလိမ့်မည်။

မာ့က်စ်ဝါဒသည်ကား ဝေဖန်သောသဘောရှိပေသည်။ တော်လှန်သောသဘောကိုလည်း ဆောင်ပေသည်။

မာ့က်စ်ဝါဒသည် တရားသေဝါဒကို ဝေဖန်စောကြောကာ အတွေးအခေါ်အားလုံး၊ ပေါ်လစီအားလုံးကို လုံတည်းဟူသော တော်လှန်ရေးလက်တွေ့တွင် ကြိုချက်စစ်ဆေးရန် အမြဲတစေ တောင်းဆိုပေသည်။ သစ္စာတရားသည် ပြောင်းလဲလျက်ရှိသည်ဟု အသိအမှတ်ပြုပေသည်။ ယနေ့ မှန်နေသောအရာသည် အခြေအနေသစ်များနှင့် လိုက်လျောညီစွာ ပြုပြင်ပြောင်းလဲခြင်းမရှိပါက နက်ဖြန်တွင် မှားသော အရာဖြစ်နိုင်သည်ဟု ယူဆပေသည်။

သို့ရာတွင် မာ့က်စ်ဝါဒသည် ဝေဖန်သောသဘောရှိရုံမျှဖြင့်လည်း မလုံလောက်သေးပေ။ ဝေဖန်ရေးသက်သက်သည် အဖျက်သဘောသို့ရောက်ရှိစေ၍ လှုပ်ရှားမှုကို ရပ်တန့်သွားစေသလို ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် မာ့က်စ်ဝါဒသည် တော်လှန်သောသဘောကိုလည်း ဆောင်ပေသည်။ ၎င်းသည် ဝေဖန်ရုံမျှဖြင့် ကျေနပ်ရောင့်ရဲခြင်းမရှိဟူ၍ အဟောင်းကိုအသစ်ဖြင့် အစားထိုးရန်လည်း ရှေ့သို့ ချီတက်နေပေသည်။ မာ့က်စ်ဝါဒ၏ ရှုမြင်ချက်သည် နိုင်မာပြတ်သား၍ ၎င်း၏ ရည်မှန်းချက်မှန်ကန်တရားကြောင်းကိုလည်း စွဲမြဲစွာ ယုံကြည်ပေသည်။ ၎င်း၏တော်လှန်သော အတွေးအခေါ်များကိုလည်း တော်လှန်ရေးလက်တွေ့ဖြင့် စမ်းသပ်စစ်ဆေးအတည်ပြုပေသည်။

※ ※ ※

အခန်း (၁၁)

## အသိဉာဏ်ပညာ၏ အရင်းအမြစ်များ

ဒိဋ္ဌကျသော ရုပ်အမှန်တရား၏ မှန်ကန်သော ထင်ဟပ်မှုများအဖြစ် စမ်းသပ်စစ်ဆေးပြီးနောက်မှ ပေါင်းချုပ်ဖွဲ့စည်းထားသော ခံယူချက်များ၊ ရှုမြင်ချက်များနှင့် အတည်ပြုချက်များကို အသိဉာဏ်ပညာဟုခေါ်သည်။ အသိဉာဏ်ပညာသည် လူမှုထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်၍ လူမှုလက်တွေ့မှ ပေါ်ပေါက်လာသည်။ လက်တွေ့ဆောင်ရွက်ချက်များတွင် စမ်းသပ်အတည်ပြုထားခြင်းဖြစ်သည်။ အသိ ဉာဏ်ပညာသည် အာရုံခံစားမှုမှ ပေါ်ပေါက်လာသည်။ အသိဉာဏ်ပညာသည် ဘယ်တော့မှ ပြီးပြည့်စုံသည့်အဖြစ်သို့ ရောက်သည်မရှိ။ အမြဲတမ်း ဝေဖန်စစ်ဆေးကာ ပွားများယူရမည်ဖြစ်သည်။

### အသိဉာဏ်ပညာဆိုင်တာဘာလဲ

ကျွန်ုပ်တို့၏ တွေးခေါ်မှုများကို အမှန်တရားနှင့် ဆက်စပ်ပေးခြင်းမရှိပါက အသိဉာဏ်ပညာဆိုသည်မှာ မရှိနိုင်။ အသိဉာဏ်ပညာယူခြင်းဆိုသည်မှာ မသိမိုက်မဲမှု၊ သို့မဟုတ် မမှန်ကန်သော တွေးခေါ်မှုကို မှန်ကန်သောတွေးခေါ်မှုဖြင့် အစားထိုးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မှန်ကန်သော တွေးခေါ်မှုများ ပွားများလာသည်နှင့် အသိဉာဏ်ပညာသည်လည်း တိုးတက်ပွားများလာသည်။ သို့ရာတွင် မှန်ကန်သော တွေးခေါ်မှုဆိုသည်ကို ကျွန်ုပ်တို့ ဘယ်လိုနှိုင်းချိန်၍ ဆုံးဖြတ်ကြမည်နည်း။ တွေးခေါ်မှုတစ်ခုမှန်သည်မှားသည်ကို ကျွန်ုပ်တို့ ဘယ်လိုလုပ်၍ သိနားလည်ကြသနည်း။ အမှန်စင်စစ်၌ မှန်သည်ဟု ထင်ခြင်းနှင့် မှန် မမှန် တကယ်သိခြင်းမှာ တခြားစီဖြစ်၏။





ဥပမာအားဖြင့် အချို့သော နက္ခတ္တဗေဒပညာရှင်များက အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိအရာများရှိသည်ဟု ယူဆကြ၏။ သူတို့ ယူဆသကဲ့သို့ ရှိချင်ရှိနိုင်သည်။ သို့ရာတွင် ထိုအင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိအရာများရှိသည်ဟုကား ယခုတိုင် သူတို့ မသိကြသေးပေ။ ထိုသို့ပြောနိုင်လောက်အောင် လုံလောက်သော သက်သေသက္ခာရကိုလည်း မပြနိုင်ကြသေးပေ။ အချို့သော နက္ခတ္တဗေဒပညာရှင်များကမူ သေကြာဂြိုဟ်သည် နက္ခတ်တာရာကြီးတစ်လုံးဖြစ်သည်ဟု ယူဆကြ၏။ ဤအချက်တွင်ကား ထိုစကားသည် သူတို့သိသော အသိဉာဏ်ပညာကို ဖော်ပြခြင်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် နိုင်လုံသော စူးစမ်းလေ့လာမှုများကို ပြုလုပ်ပြီးမှ ထိုသို့ ပြောခြင်းဖြစ်လေသည်။

တစ်ဖန် ရှေးဟောင်း ခေါ်မအဘိဓမ္မာပညာရှင်များက ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် အနုမြူမှုံများဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုခဲ့ကြသည်။ ထိုစဉ်က သူတို့သည် ကောင်းစွာ သိရှိခြင်းမရှိကြသေးဘဲ စိတ်ကူးဖြင့် မှန်းဆပြောခဲ့ကြခြင်းသာဖြစ်၏။ ယနေ့ခေတ်တွင်ကား ကျွန်ုပ်တို့ကိုယ်တွင်း၌ အဏုမြူမှုံများဖြင့် ဖွဲ့စည်းထားသည်ကို သိရှိလာကြပေပြီ။ မည်သို့မည်ပုံ သိရှိလာသနည်း။ စနစ်တကျလေ့လာ၍ စမ်းသပ်စစ်ဆေးပြီးနောက် သိရှိလာခဲ့ကြခြင်းဖြစ်၏။ ဤသည်မှာ ရှေးဟောင်းခေါ်မအဘိဓမ္မာပညာရှင်များနှင့် ကျွန်ုပ်တို့၏ ကွာခြားချက်ဖြစ်၏။ ရှေးဟောင်းအဘိဓမ္မာပညာရှင်များက စိတ်ကူးဖြင့် မှန်းဆခြင်းဖြစ်ပြီး ကျွန်ုပ်တို့က လက်တွေ့စမ်းသပ်စစ်ဆေးခြင်းဖြစ်၏။ သို့တိုင်အောင် အချို့သောအရာဝတ္ထုများနှင့်ပတ်သက်၍ သိထားသော အသိမှာ ရှေးဟောင်းခေါ်မပညာရှင်များ၏ အသိထက် ဘာမျှမပိုသေးပေ။ အချို့သော အရာဝတ္ထုများအကြောင်းကို စမ်းသပ်စစ်ဆေးခြင်း မပြုနိုင်ကြသေးဘဲ စိတ်ကူးဖြင့် မှန်းဆကြည့်ရမည့်အဆင့်တွင်သာ ရှိပေသေးသည်။

သို့ဖြင့် ကျွန်ုပ်တို့၏ တွေးခေါ်မှုများကို ပြင်ပရုပ်အမှန်တရားနှင့်ဆက်၍ ထင်ဟပ်ကြည့်ကာ စမ်းသပ်စစ်ဆေးကြည့်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့သည် အသိဉာဏ်ပညာကို ရရှိလာခဲ့ခြင်းဖြစ်၏။ တစ်နည်းဆိုရလျှင် စိတ်ကူးတွေးခေါ်မှုကို လက်တွေ့ဖြင့် စမ်းသပ်စစ်ဆေးခြင်းဖြင့် မှန်ကန်သည်ဟု သိရှိလာခြင်းကို အသိဉာဏ်ပညာဟုခေါ်သည်။

ထို့ကြောင့် အသိဉာဏ်ပညာ ဖြစ်ပေါ်တိုးတက်မှုသည် စိတ်ကူးများ၊ ရှုမြင်ချက်များ ဖြစ်ပေါ်တိုးတက်မှုမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်၏။ စိတ်ကူးများ၊ ရှုမြင်ချက်များ၊ သဘောတရားများသည် ပြင်ပရုပ်အမှန်တရားနှင့် ဆက်စပ်ပြီးနောက်

များသည်၊ မှန်သည်ကို စမ်းသပ်စစ်ဆေးသက်သေထုတ်ပြီးသည်နှင့် တစ်ပြိုင်နက် ၎င်းသည် အသိဉာဏ်ပညာ ဖြစ်လာပေသည်။

ထို့ကြောင့် အသိဉာဏ်ပညာသည် ဒိဋ္ဌကျသော အမှန်တရား၏ မှန်ကန်သော ထင်ဟပ်မှုများအဖြစ် စမ်းသပ်စစ်ဆေးပြီးနောက် ပေါင်းခြုံဖွဲ့စည်းထားသော ခံယူချက်များ၊ သိမြင်ချက်များပင် ဖြစ်ပေသည်။

**အသိဉာဏ်ပညာ၏ဘုံအသွင်လက္ခဏာ**

အသိဉာဏ်ပညာသည် ဘုံထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်၏။ ၎င်းသည် လူမှုပေါင်းသင်းဆက်ဆံရေးမှ ပေါ်ထွက်လာ၏။ လူ၏ ဘုံလုပ်ရှားဆောင်ရွက်ချက်များ၏ ထုတ်ကုန်ပစ္စည်းဖြစ်၏။ အချို့အဘိဓမ္မာပညာရှင်များကမူ အသိဉာဏ်ပညာသည် တသီးပုဂ္ဂလ၏ စိတ်ထဲတွင်ပေါ်လာသောအရာဖြစ်၍ အသိဉာဏ်ပညာ၏ အရင်းအမြစ်သည် တသီးပုဂ္ဂလ၏အတွေ့အကြုံပေါ်မှာ တည်သည်ဟု ဆိုကြ၏။ မာ့က်စ်ဝါဒက ဤသို့မယူဆပေ။

လူအများနှင့် ကင်းကွာအဆက်ပြတ်နေသော တသီးပုဂ္ဂလတစ်ဦးသည် မည်သည့်အသိဉာဏ်ပညာကိုမှ ကောင်းစွာရရှိနိုင်လိမ့်မည်မဟုတ်ပေ။ အသိဉာဏ်ပညာသည် တသီးပုဂ္ဂလများက တည်ဆောက်ပြုလုပ်ပေးလိုက်သည်မှာ မှန်၏။ လူက ဖန်တီးသောအရာတိုင်းသည် လူတစ်ဦးစီက ထုတ်လုပ်ဖန်တီးလိုက်သကဲ့သို့ အသိဉာဏ်ပညာကိုလည်း လူတစ်ဦးစီက ထုတ်လုပ်ဖန်တီးလိုက်ခြင်းဖြစ်ပေသည်။ သို့ရာတွင် သူတစ်ဦးတည်း ဖန်တီးထုတ်လုပ်ခြင်းမဟုတ်ပေ။ တသီးပုဂ္ဂလအချင်းချင်း၊ လူပုဂ္ဂိုလ်အချင်းချင်း၊ တစ်ဦးကိုတစ်ဦး အမှီသဟဲပြု၍ အတွေ့အကြုံချင်း၊ အကြံဉာဏ်ချင်း ဖလှယ်၍ စုပေါင်းထုတ်လုပ်ဖန်တီးခြင်းဖြစ်ပေသည်။ လောက၌ တစ်ယောက်အားနှင့်ယူသော် မရ၊ အများအားနှင့်ယူသော်ရ၏ ဟူသောစကားကဲ့သို့ တစ်ယောက်တည်းလုပ်၍ မဖြစ်သောအရာများသည် အများနှင့် ဝိုင်းဝန်းလုပ်သောအခါ ပေါ်ပေါက်ဖြစ်တည်၍ လာကြ၏။ လူ၏အသိဉာဏ်ပညာသည် ယင်းသို့ လူအများနှင့် ဝိုင်းဝန်းထုတ်လုပ်၍ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ လူတိုင်းသည် မိမိ၏ အတွေ့အကြုံများမှတစ်ဆင့် အသိဉာဏ်ပညာကို ရရှိခဲ့ကြ၏။ သို့ရာတွင် ဤသို့ ရရှိခဲ့ရာ၌ သူတစ်ယောက်တည်း အထီးကျန်နေရာမှ ရရှိခဲ့ခြင်းမဟုတ်ပေ။ အခြားသူ များနှင့် ပေါင်းသင်းဆက်ဆံနေထိုင်ရာမှ ရရှိလာခြင်းဖြစ်ပေသည်။ အခြားသူများထံမှ သင်ခန်းစာများ [illegible] ရရှိလာခြင်းဖြစ်ပေသည်။





အတွေးအခေါ်များ ဖွဲ့စည်းပေးသော၊ အတွေးအခေါ်များကို ဖော်ပြသော စကားသည် (စကားမရှိဘဲ အတွေးအခေါ်မရှိနိုင်)အများ၏ ဘုံထုတ်ကုန်ပစ္စည်းဖြစ်၏။ စကားသည် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ ဘုံပိုင်ပစ္စည်းဖြစ်ပေသည်။ အသိဉာဏ်ပညာ၌လည်း ထို့အတူပင်ဖြစ်ပေသည်။ အသိဉာဏ်ပညာသည် တစ်ဦးကိုတဦး ပေါင်းသင်းဆက်ဆံနေကြသော လူ့အဖွဲ့အစည်းကြီးအတွင်းမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး လူ့အဖွဲ့အစည်းကြီး၏ ဘုံပိုင်ပစ္စည်းဖြစ်ပေသည်။

လူတစ်ယောက်သည် လူသူကင်းရှင်းသော အရပ်ဒေသတစ်ခုတွင် သွားရောက်နေထိုင်ရင်းဖြင့် အသိဉာဏ်ပညာကို ရရှိနိုင်မည် မဟုတ်ပေ။ သစ်တစ်ပင်ရင်း၊ ဝါးတပင်အောက်၌ ကျင့်ရင်းဖြင့် အသိဉာဏ်ပညာကို ထုတ်လုပ်ဖန်တီးနိုင်မည် မဟုတ်ပေ။ လူ့အဖွဲ့အစည်းတွင်နေထိုင်၍ လူများနှင့် ရောနှောဆက်ဆံခြင်းဖြင့်သာ ပညာကို ထုတ်လုပ်ဖန်တီးရနိုင်ပေသည်။ အသိဉာဏ်ပညာ၏ အရင်းအမြစ်သည် လူ၏ ဘုံလုပ်ရှားဆောင်ရွက်ချက်ထဲ၌ တည်ရှိပေသည်။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရင်းမှ လူ့အဖွဲ့အစည်းဝင်များသည် အတွေ့အကြုံများ၊ တွေးခေါ်မှုများ ဖလှယ်လာနိုင်ကြသည်။ ထိုဖြစ်စဉ်တစ်လျှောက်တွင် အရာဝတ္ထုတစ်ခုမှန်မမှန်ကို သိ၍လာခဲ့ကြသည်။ ဤနည်းအားဖြင့်သာ အသိဉာဏ်ပညာသည် ပေါ်ပေါက်လာနိုင်ပေသည်။

သို့ဖြင့် လူ၏ စုပေါင်းအသိဉာဏ်ပညာ (ဝါ) လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက ရရှိသည့် အသိဉာဏ်ပညာသည် တစ်ဦးချင်းပုဂ္ဂိုလ်များပိုင်ဆိုင်သည့် အသိဉာဏ်ပညာထက် အဆရာထောင်ကြီးမား၏။ မျိုးဆက်ပေါင်းများစွာ၊ လူပေါင်းများစွာသည် ဤနည်းအားဖြင့် အသိဉာဏ်ပညာ မှပေါင်းရှာဖွေလာပြီး နောက်တွင် တစ်ဦးချင်းပုဂ္ဂိုလ်များပိုင်ဆိုင်သည့် အသိဉာဏ်ပညာထက် ကြီးမားသော စုပေါင်းအသိဉာဏ် (ဝါ) လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက ပိုင်ဆိုင်သည့်အသိဉာဏ်ပညာအဖြစ်သို့ ရောက်ရှိလာခဲ့၏။ ဤသို့ စုပေါင်းရရှိလာသော အသိဉာဏ်ပညာကို လူများသို့ တစ်ဖန်ပြန်၍ ပထမခွဲဝေပေးလိုက်၏။ ဤအရာကို လူများက သူတို့၏ မှတ်ဉာဏ်ထဲ၌ မှတ်သားထားရုံဖြင့် အားမရတော့ဘဲ ပေထက်အက္ခရာတင်လာကြ၏။ သို့ဖြစ်ရာ အသိဉာဏ်ပညာသည် ပထမတွင် လူအားလုံး၊ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက ၎င်း၏လှုပ်ရှားဆောင်ရွက်မှုဖြစ်စဉ်ထဲတွင် ရရှိလာခဲ့သောအရာဖြစ်၏။ နောက်မှ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အသိပညာဟူ၍ ဖြစ်လာခြင်းဖြစ်၏။ ရန်ကုန်မြို့တစ်မြို့လုံးရှိ တယ်လီဖုန်းနံပါတ်များကို ဘယ်သူမျှ အကုန်သိနိုင်မည် မဟုတ်ချေ။

လူတွေအားလုံး စုပေါင်းလိုက်မှသာ တယ်လီဖုန်းနံပါတ်များကို အကုန်သိနိုင်မည် ဖြစ်၏။ နောက် မှတ်ဉာဏ်ထဲတွင် ပျောက်သွားမည်စိုးသဖြင့် တယ်လီဖုန်း လမ်းညွှန်စာအုပ်ဖြင့် မှတ်သားထားလိုက်၏။ အလားတူပင် သိပ္ပံပညာရပ်များက ရှာဖွေတွေ့ရှိသော အရာတိုင်းကိုလည်း မည်သူမျှအကုန်သိနိုင်မည် မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦး ဖလှယ်စုပေါင်းကာ ထိုသိပ္ပံပညာရပ်များ၏ ရှာဖွေတွေ့ရှိမှုများကို လဲနိုင်ရန်အတွက် သိပ္ပံပညာဆိုင်ရာ အဖွဲ့တစ်ခုဖွဲ့ထားရ၏။ သို့ဖြင့် လူ့အဖွဲ့ အစည်းတွင်ရှိသော အသိဉာဏ်ပညာဟူသည် ပထမတွင် လူအားလုံး၏ စုပေါင်း အသိဉာဏ်မျှသာဖြစ်၏။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အသိဉာဏ်ပညာသည် ထိုစုပေါင်း အသိဉာဏ်ပညာမှ ခွဲဝေယူထားခြင်းဖြစ်လေသည်။

## စုပေါင်းလက်တွေ့နှင့်စုပေါင်းအသိဉာဏ်ပညာ

လူသည် ကုန်လုပ်ရေးအတွက် စုပေါင်းဆောင်ရွက်လာရ၏။ နောက်တွင် ကုန်လုပ်ရေးကိုသာမက အခြားကိစ္စများကိုလည်း စုပေါင်းဆောင်ရွက်လာလေတော့ သည်။ သို့ဖြစ်ရာ လူအချင်းချင်း စုပေါင်းလုပ်ဆောင်မှု၏ ထုတ်ကုန်ပစ္စည်းဖြစ် သော အသိဉာဏ်ပညာသည် အချုပ်၌ လူ၏စုပေါင်းကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက် မှုတွင် အမှီသဟဲပြု၍ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ပထမ၌ လူသည် ကုန်လုပ် ရေးဖြစ်စဉ်အတွင်း၌ တွေးခေါ်မှုများကို ပြုလုပ်လာခြင်းဖြစ်၏။ ထို့ကြောင့် လူ၏ တွေးကြံမှုနှင့် အသိဉာဏ်ပညာသည်လည်း ကုန်လုပ်ရေးဖြစ်စဉ်ထဲ၌ ဖြစ်ပေါ် တိုးတက်လာခြင်းဖြစ်လေသည်။

သမိုင်းကို ပြန်ကြည့်လျှင် လူသည် အသိဉာဏ်ပညာကို တစ်ခါတည်း ရသည်မဟုတ်၊ တဖြည်းဖြည်းရလာခဲ့ခြင်းဖြစ်၏။ တစ်ဆင့်ပြီးတစ်ဆင့် ရလာခဲ့ခြင်း ဖြစ်၏။ လူသည် သူ၏ကုန်လုပ်အင်အားစုများကို တိုးတက်ဖွံ့ဖြိုးလာရန် တဖြည်း ဖြည်း ကြိုးပမ်းလာခဲ့ရ၏။ တစ်ဖန် တိုးတက်ဖွံ့ဖြိုးလျက်ရှိသော ကုန်လုပ်စွမ်းအားနှင့် ကိုက်ညီအံကျသော ကုန်လုပ်ဆက်ဆံရေးကို ထူထောင်ရန်အတွက် လူသည် အသစ်ဖြစ်သော အသိဉာဏ်ပညာကို ရှာဖွေလာရ၏။ ရုပ်ဝတ္ထု၏ တိုးတက်မှုကို ဟန့်တားသော မှားသောတွေးခေါ်မှုများ၊ မသိနားမလည်မှုများကို ကျော်လွှား လာခဲ့ရ၏။ ဤသည်နှင့်စပ်လျဉ်း၍ မော်စီတုန်းက အောက်ပါအတိုင်း ရေးခဲ့၏။

> *"လူသည် အသက်ရှင်နေထိုင်ရန်အတွက် လက်တွေ့ လုပ်ရှားဆောင်ရွက် ချက်အမျိုးမျိုးကို ပြုလုပ်သည်တွင် ကုန်လုပ်*





> *ရေးလှုပ်ရှားဆောင်ရွက်ချက်သည် အခြေခံအကျဆုံးသော လက် တွေ့လှုပ်ရှားဆောင်ရွက်ချက်ဖြစ်သည်ဟု မာ့က်စ်ဝါဒက ယူဆပေ သည်။ လူသည် ရုပ်ဝတ္ထုများကို ထုတ်လုပ်ရင်းဖြင့် သဘာဝ၏ အသွင်သဏ္ဍာန်များကိုလည်းကောင်း၊ သွင်ပြင်လက္ခဏာ များကိုလည်းကောင်း၊ ဥပဒေသများကိုလည်းကောင်း၊ လူနှင့် သဘာဝအကြားရှိ ဆက်ဆံရေးများကိုငင်း တဖြည်းဖြည်း နား လည်သိရှိလာပေသည်။ လူသည် ကုန်လုပ်ရေးလှုပ်ရှား ဆောင် ရွက်ချက်များကို ပြုလုပ်ရင်းဖြင့် လူနှင့်ပတ်သက်သော အသိ ဉာဏ်ပညာကို တစ်စတစ်စ ရရှိလာပေသည်။ အသိဉာဏ် ပညာကို ကုန်လုပ်ရေးလှုပ်ရှား ဆောင်ရွက်ချက်များအတွင်းမှအပ အခြား ဘယ်နေရာကမှ မရရှိနိုင်ပေ။"*

ယင်းကား အသိဉာဏ်ပညာနှင့် စပ်လျဉ်း၍ မာ့က်စ်ဝါဒက ခံယူနားလည် ပုံဖြစ်၏။ စုပေါင်းအသိဉာဏ်ပညာသည် ကုန်လုပ်ရေးဖြစ်ပေါ်တိုးတက်မှုနှင့် ဆက် သွယ်မှီခိုနေသည်ဟု မာ့က်စ်ဝါဒက ယူဆ၏။ လူနှင့်သဘာဝတို့ လက်တွေ့ ဆက်စပ်လာရသောကြောင့်လည်းကောင်း၊ လူလူချင်း လက်တွေ့ဆက်ဆံလာရသော ကြောင့်လည်းကောင်း၊ လူသည် သဘာဝနှင့် လူ့အဖွဲ့အစည်းအကြောင်းကို သိရှိ လာခြင်း ဖြစ်ပေသည်။ သို့ဖြစ်ရာ အသိဉာဏ်ပညာပေါ်လာပုံကိုခြုံ၍ကြည့်လျှင် (၁) ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုနှင့် (၂) ကုန်လုပ်ရေးမှ ပေါ်ထွက်လာသော လူမှုဆက်ဆံရေး၊ လူမှုဆောင်ရွက်ချက်များမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်းကို တွေ့ရပေသည်။ ဤသည်နှင့် စပ်လျဉ်း၍လည်း မော်စီတုန်းက အောက်ပါအတိုင်း ထပ်မံပြောဆိုခဲ့ပေသည်။

> *"လူ၏ လူမှုလက်တွေ့ဆောင်ရွက်ချက် (ဝါ) စုပေါင်းလက် တွေ့ဆောင်ရွက်ချက်သည် အခြေခံအားဖြင့် ကုန်လုပ်ရေးလှုပ်ရှား ဆောင်ရွက်ချက်မှ အစပြုခဲ့ခြင်း ဖြစ်သော်လည်း ကုန်လုပ်ရေး ဆောင်ရွက်ချက်တစ်ခုတည်းအပေါ်တွင်သာ ရပ်တည်နေသည် မဟုတ်ပေ။ လူ၌ အခြားလှုပ်ရှားဆောင်ရွက်ချက်များ ရှိပေသေး သည်။ ၎င်းတို့ကား လူတန်းစားတိုက်ပွဲ၊ နိုင်ငံရေးဆောင်ရွက်ချက်၊ သိပ္ပံပညာနှင့် အနုပညာဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက် စသည်တို့ ဖြစ်ပေသည်။ အတိုချုပ်အားဖြင့်ဆိုလျှင် လူ့အဖွဲ့အစည်းရှိ လူသည်*

လက်တွေ့လူမှုဘဝနယ်ပယ်အားလုံးတွင် ပါဝင် ဆောင်ရွက်လှုပ်ရှားလျက် ရှိပေသည်။ သို့ဖြင့် လူသည် အသိတရားကို ရရှိလာရာ၌ ပထမအားဖြင့် ၎င်း၏ ကုန်လုပ်ရေးဆောင်ရွက်ချက်များမှတဆင့် အရာဝတ္ထုများအကြောင်းကို သိနားလည်ခဲ့သည်။ ဒုတိယအားဖြင့် ထိုကုန်လုပ်ရေးကို ဆက်စပ်နေ သော လူအချင်းချင်း ဆက်ဆံရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု စသည့် ဆောင်ရွက်ချက်များမှတစ်ဆင့် ရရှိလာခဲ့သည်။ အထူးသဖြင့် လူ၏အသိဉာဏ်ပညာကို တိုးတက်ဖွံ့ဖြိုးစေသောအရာမှာ အသွင်အမျိုးမျိုးရှိသော လူတန်းစားတိုက်ပွဲများပင် ဖြစ်ပေ သည်။ လူတန်းစားလူ့အဖွဲ့အစည်းတစ်ခုတွင် မှီတင်းနေထိုင်လျက်ရှိသူအားလုံးသည် တစ်စုံတစ်ခုသော လူတန်းစားထဲတွင် အကျုံးဝင်နေကြသူများသာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုလူများ၏ တွေးခေါ်ပုံစနစ်သည်လည်း လူတန်းစားတံဆိပ်၊ လူတန်းစားလက္ခဏာကို ဆောင်လျက်ရှိပေသည်။''

သို့ဖြစ်ရာ ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်ချက်ကို အခြေခံ၍ ပေါ်ပေါက်ခဲ့ရသည့် အသိဉာဏ်ပညာသည် လူတန်းစားလူ့အဖွဲ့အစည်းတစ်ခုတွင် လူတန်းစားများ၊ လူတန်းစားတိုက်ပွဲများကိုလည်း အခြေခံ၍ တည်ရှိနေခြင်းဖြစ်ပေသည်။ တစ်စုံတစ်ခုသော လူတန်းစားသည် မိမိတို့လူတန်းစားအမြင်အရ အသိဉာဏ်ပညာကို တိုးချဲ့လာခဲ့ကြခြင်းဖြစ်ပေသည်။ သို့ဖြင့် လူ့အဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ သဘာဝ နှင့်သော်လည်းကောင်း၊ ပတ်သက်သည့် အသိဉာဏ်ပညာသစ်များသည် အသီးသီးသော လူတန်းစားများ၏ စီးပွားရေး၊ နိုင်ငံရေး စသည့် လှုပ်ရှားမှု၊ စီးပွားရေး၊ နိုင်ငံရေး စသည့် တိုက်ပွဲတို့ကြောင့် ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ပေသည်။

အသိဉာဏ်ပညာတည်ထောင်ရေးတွင်လက်တွေ့နှင့်သဘောတရား၏အခန်းကဏ္ဍ

ယေဘုယျအားဖြင့်ဆိုရလျှင် အသိဉာဏ်ပညာသည် လူ့အဖွဲ့အစည်းဝင် အချင်းချင်း၏ စုပေါင်းထားသော လက်တွေ့လှုပ်ရှားဆောင်ရွက်ချက်များမှ လည်းကောင်း၊ လူအချင်းချင်း၏ ပေါင်းသင်းဆက်သွယ်မှုများမှလည်းကောင်း၊ လူနှင့် သဘာဝ၏ ဆက်သွယ်မှုများမှလည်းကောင်း ပေါ်ပေါက်ဖြစ်တည်လာခြင်း ဖြစ်၏။ ထိုအရာများမှလွဲ၍ အခြားမည်သည့်အရာကမှ အသိဉာဏ်ပညာ မရနိုင်ပေ။ ထို့ကြောင့် ''အသိဉာဏ်ပညာ သဘောတရားတွင် ဘဝရပ်တည်မှု၊ လက်တွေ့





ဆောင်ရွက်ချက် စသည်တို့သည် အခြေခံအကျဆုံးသော အကြောင်းများဖြစ်ပေသည်''ဟု လီနင်က ရေးခဲ့ခြင်းဖြစ်၏။

ကောင်းပြီ။ ဤသို့ဆိုလျှင် ''လက်တွေ့'' ဆိုသည်မှာ ဘာလဲ။ ''လက်တွေ့ကျသော လှုပ်ရှားဆောင်ရွက်ချက်''ဆိုတာ ဘာလဲ။ ''လက်တွေ့''ဆိုသော စကား၏ အဓိပ္ပာယ်၌ အောက်ပါအချက်များ ပါဝင်သည်။

၁။ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ လှုပ်ရှားမှု၊ (ယင်းသို့သော လှုပ်ရှားမှုများကြောင့် လူ၏ ပတ်ဝန်းကျင်ကမ္ဘာလောကကြီးတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်ရသည်။)

၂။ တကယ့်လက်တွေ့လှုပ်ရှားဆောင်ရွက်မှု။ (ဤနေရာတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ လှုပ်ရှားမှုနှင့် တကယ့်လက်တွေ့ဆောင်ရွက်မှုတို့ ကွဲပြားသည်ကို သတိမူသင့်သည်။ လက်တွေ့ဟူသော စကား၏ အနက်၌ ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ သာမန်လှုပ်ရှားမှုမျှသာမက လက်တွေ့ဆောင်ရွက်မှုလည်း ပါသည်။ ဥပမာ လူသည် အာရုံကြောများ၏ တုံ့ပြန်မှုကြောင့် မိမိ၏ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားသည်။ ဤမျှနှင့် လက်တွေ့ဆိုသည့်စကား၏အနက်သည် မပြည့်စုံသေး။ ဥပမာ ညတွင် အိပ်ပျော်ရင်း ယောင်ယမ်း၍ လမ်းလျှောက်သူ၏ လှုပ်ရှားမှုမျိုး၌ ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ လှုပ်ရှားမှုရှိသော်လည်း ၎င်းကို လက်တွေ့လှုပ်ရှားဆောင်ရွက်ချက်ဟု မခေါ်နိုင်သေးပေ။ လက်တွေ့လှုပ်ရှား ဆောင်ရွက်မှုဆိုသည်မှာ လူ၏သိစိတ်ဖြင့် လှုပ်ရှားဆောင်ရွက်ခြင်းမျိုးကို ဆိုလိုပေသည်။ လူသည် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ရာ၌ (က) တစ်စုံတစ်ခုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်လျှင် (ခ) ထိုသို့ပြုလုပ်ရာတွင်လည်း လှုပ်ရှားမှုသည် အခြေအနေကိုသိလျှင် သို့မဟုတ် ထိုရည်ရွယ်ချက်အောင်မြင်ရေးအတွက် နည်းလမ်းများကို နှလုံးသွင်းလျှင် ၎င်းကို လက်တွေ့လှုပ်ရှားဆောင်ရွက်ချက်ဟု ခေါ်နိုင်သည်။)

၃။ လက်တွေ့သည် စုပေါင်းလုပ်သောလက်တွေ့အလုပ်ဖြစ်ရမည်။ (လောကဤ ကစ်ဦးတည်း သို့မဟုတ် လူတစ်စုတည်းကလုပ်သော လက်တွေ့ အလုပ်များ ရှိသည်။ ထိုမျှမက လူအားလုံး စုပေါင်းလုပ်သော လက်တွေ့အလုပ်များလည်း ရှိသည်။ ဤနေရာတွင် ဆိုလိုသည့်လက်တွေ့အလုပ်ဟူသည်ကား လူ့အဖွဲ့အစည်းရှိ လူများ၏ စုပေါင်းလက်တွေ့အလုပ်ကို ဆိုလိုခြင်းဖြစ်ပေသည်။)

ဤသည်တို့ကား ''လက်တွေ့အလုပ်'' ဟူသောစကား၏ အနက်အဓိပ္ပာယ်ဖြစ်သည်။

သို့ဖြစ်ရာ အသိဉာဏ်ပညာသည် ယင်းသို့သော လက်တွေ့မှ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ အသိဉာဏ်ပညာသည် တွေးခေါ်မှုမှ ပေါ်ပေါက်လာသည်။ တွေးခေါ်မှုသည် လူ၏ လက်တွေ့လှုပ်ရှားဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသည်။ သမိုင်းတစ်လျှောက်ကို ပြန်၍ကြည့်သော် စုပေါင်းလက်တွေ့အလုပ်ကြောင့် လူသည် သူ၏ လိုအပ်ချက်များကို ဖြည့်စွမ်းရန်အတွက်လည်းကောင်း၊ သဘာဝကို ရင်ဆိုင်တွန်းလှန် ရန်အတွက်လည်းကောင်း အချင်းချင်းပူးပေါင်း ဆောင်ရွက်လှုပ်ရှားလာရသည်။ စုပေါင်းလက်တွေ့အလုပ်များကို လုပ်လာရသည်။ သို့ဖြင့် သဘာဝနှင့်ပတ်သက်၍လည်းကောင်း၊ လူ့အဖွဲ့အစည်းနှင့် ပတ်သက်၍လည်းကောင်း၊ အသိဉာဏ်ပညာကို ရရှိလာခြင်းဖြစ်၏။

ဥပမာ ရှေးခေတ်ဦးလူတို့သည် ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်စွမ်းရေးအတွက် ကုန်လုပ်တန်ဆာပလာများကို တိုးတက်အောင် ပြုလုပ်ခဲ့ကြ၏။ ကုန်ထုတ်လုပ်နည်းများကို ကြံဆခဲ့ကြ၏။ သဘာဝအား အောင်နိုင်ရန် နည်းလမ်းများကို ရှာဖွေခဲ့ကြ၏။ သို့ဖြင့် လူသည် သဘာဝနှင့်ပတ်သက်သော အသိဉာဏ်ပညာကို ပိုမိုရရှိလာခဲ့ကြလေသည်။

နောက်ထပ်ဥပမာ။ ။ ခေတ်သစ်စက်မှုလုပ်ငန်းကို တိုးတက်ရန် ကြံဆောင်နေသော အရင်းရှင်လူတန်းစားသည် သဘာဝနှင့်ပတ်သက်သော အသိဉာဏ်ပညာကို အထူးသဖြင့် ရူပဗေဒဆိုင်ရာဖြစ်စေ၊ ဓာတုဗေဒဆိုင်ရာ ဖြစ်စေတို့နှင့် ပတ်သက်သော အသိဉာဏ်ပညာကိုနားလည်ရန် ကြိုးပမ်းလျက်ရှိ၏။ အလားတူပင် ဆိုရှယ်လစ်စနစ်ကို ထူထောင်ရန် ကြံဆောင်လျက်ရှိသော အလုပ်သမားလူတန်းစားသည်လည်း သဘာဝနှင့်ပတ်သက်၍ ထိုထက်ပို၍ နက်နဲသော အသိဉာဏ်ပညာကို ရရှိရန် ကြိုးပမ်းရမည်ဖြစ်ပေသည်။

ဤနည်းအတိုင်းပင် ၎င်း၏စားဝတ်နေရေးတိုးတက်ကောင်းမွန်ရန် ကြိုးပမ်းလျက်ရှိသော ဟောင်းနွမ်း၍ ခေတ်မမီသည့် လူမှုဆက်ဆံရေးရှိနေရာတွင် သစ်လွင်၍အဆင့်မြင့်သည့် လူမှုဆက်ဆံရေးကို အစားသွင်းရန် ကြိုးပမ်းလျက်ရှိသောလူသည် လူ့အဖွဲ့အစည်းနှင့်ပတ်သက်သော အသိဉာဏ်ပညာ၊ သဘာဝနှင့်ပတ်သက်သော အသိဉာဏ်ပညာကို ရရှိအောင် ကြိုးပမ်းလျက်ရှိပေသည်။

အလုပ်သမားလူတန်းစား ရင့်မာလာသောအချိန်၊ ဆိုရှယ်လစ်စနစ်တိုက်ပွဲသည် လက်တွေ့ကျလာသောအချိန်ကျမှသာလျှင် သိပ္ပံနည်းကျသော ဆိုရှယ်လစ်ဝါဒတွင် အကျုံးဝင်သည့် လူမှုပြောင်းလဲမှုဥပဒေသများနှင့် ပတ်သက်သော





အသိဉာဏ်ပညာကို ရရှိနိုင်ပေသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် သမိုင်းခေတ်တိုင်းတွင် လူ့အဖွဲ့အစည်းနှင့်ပတ်သက်သော အသိဉာဏ်ပညာ၊ လူ့အဖွဲ့အစည်း၏ ဥပဒေသများနှင့်ပတ်သက်သော အသိဉာဏ်ပညာသည် ထိုခေတ်၏ လက်တွေ့မှု လုပ်ငန်းများနှင့် ကိုက်ညီအံကျမှသာ ပေါ်ထွက်လာနိုင်ပေသည်။ ဤသို့ဖြင့် ကမ္ဘာ့ဈေးကွက်ဖွံ့ဖြိုးရေး၊ ကမ္ဘာကြီးအား နယ်ချဲ့နိုင်ငံများအချင်းချင်း ခွဲခြမ်းယူရေးကို လက်တွေ့လုပ်ဆောင်လျက်ရှိသော အရင်းရှင်စနစ်သည် ကမ္ဘာ့သမိုင်းကို၎င်း၊ လူ့အဖွဲ့အစည်းများ၏ ဖြစ်ပေါ်တိုးတက်မှုကို၎င်း အလေးအနက်လေ့လာကာ လူမှုရေးနှင့် သမိုင်းရေးရာသုတေသနများကို လုပ်ခဲ့ခြင်းဖြင့် ၎င်း၏အသိဉာဏ်ပညာသည် မြင့်မားတိုးတက်၍ လာခဲ့ပေသည်။

အခြားတစ်ဖက်တွင်မူ လက်တွေ့လုပ်ဆောင်မှုအဆင့်တွင် မြင့်မားခြင်းမရှိသေးသော လူမျိုးများ ကမ္ဘာတွင်ရှိနေပေသေးသည်။ လက်တွေ့ဆောင်ရွက်ချက် မြင့်မားခြင်းမရှိသေးသဖြင့် ထိုလူမျိုးများ၏ အသိဉာဏ်ပညာသည်လည်း နိမ့်ကျလျက် ရှိနေသေး၏။ ဥပမာ အာဖရိကတိုက်ရှိ လူမျိုးများသည် အစုကလေးများဖြင့် နေထိုင်လျက်ရှိကာ ရှေးဟောင်းကုန်လုပ်တန်ဆာပလာများကို သုံးစွဲလျက်ပင်ရှိနေကြသေး၏။ ထို့ကြောင့် သူတို့၌ ပထဝီ၊ သင်္ချာဗေဒ၊ နက္ခတ္တဗေဒ၊ စက်မှုအတတ်ပညာ စသည်တို့နှင့်ပတ်သက်သော အသိဉာဏ်ပညာသည်လည်း များစွာနိမ့်ကျလျက်ရှိနေသေးကြောင်း တွေ့ရပေသည်။ အရင်းရှင်စနစ်နှင့် အလုပ်သမားလူတန်းစားမပေါ်မီကာလက လူများသည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုဥပဒေသများနှင့်ပတ်သက်သော အသိဉာဏ်ပညာ၊ ဆိုရှယ်လစ်ဝါဒနှင့်ပတ်သက်သော အသိဉာဏ်ပညာကို မရကြသေးပေ။ အရင်းရှင်စနစ်နှင့် အလုပ်သမားလူတန်းစား၏ လက်တွေ့လှုပ်ရှားဆောင်ရွက်ချက်များ ပေါ်ပေါက်လာမှသာ ထိုအသိဉာဏ်ပညာကို ရရှိလာခဲ့ကြခြင်းဖြစ်ပေသည်။

ယင်းတို့ကို ကြည့်ခြင်းအားဖြင့် အသိဉာဏ်ပညာသည် လက်တွေ့အလုပ်မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ လက်တွေ့အလုပ်၌ စမ်းသပ်စစ်ဆေးပြီးမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်းကို သိနိုင်ပေသည်။ ထို့ကြောင့် အသိဉာဏ်ပညာကို ကျွန်ုပ်တို့ ရရှိလာပုံကိုကြည့်လျှင် လက်တွေ့ပြဿနာများမှ ပေါ်ထွက်လာသော တွေးခေါ်မှုများကို မှန် မမှန် စစ်ဆေးခြင်း၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် မျှော်မှန်းချက်နှင့် ကိုက်၊ မကိုက် စစ်ဆေးခြင်း၊ စသည်တို့ကို ပြုလုပ်ပြီးနောက်မှ တဖြည်းဖြည်း အသိဉာဏ်ပညာကို ရရှိလာခဲ့ကြခြင်းဖြစ်၏။

သို့ဖြစ်ရာ အသိဉာဏ်ပညာ ဖြစ်ပေါ်တိုးတက်လာပုံကိုခြုံ၍ကြည့်လျှင် အောက်ပါအဆင့်ကြီးသုံးဆင့်ကို တွေ့ရသည်။

၁။ စုပေါင်းလက်တွေ့အလုပ်။ *(၎င်း၌ ကုန်လုပ်ရေးနှင့် လူမှု ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုတို့ ပါဝင်သည်။ စုပေါင်းအလုပ်ကြောင့် တွေးခေါ် စဉ်းစားဖြေရှင်း ရမည့်ပြဿနာများ ပေါ်ပေါက်လာသည်။)*

၂။ လက်တွေ့ပြဿနာများကို အခြေခံစဉ်းစားရာမှ ပေါ်ပေါက်လာသော သဘောတရားများ။

၃။ သို့သဘောတရားများကို နောက်ထပ်ပြုလုပ်သော စုပေါင်းလက်တွေ့ အလုပ်တွင် ထင်ဟပ်အသုံးချကြည့်ခြင်း စသည်တို့ဖြစ်၏။

ယင်းသို့ဖြင့် လက်တွေ့လုပ်ဆောင်ချက်များမှ ပြဿနာများ ပေါ်လာခြင်း၊ ထိုပြဿနာများကို အခြေခံ၍ စဉ်းစားတွေးခေါ်သော သဘောတရားများ ပေါ်လာခြင်း၊ ထိုသဘောတရားများဖြင့် နောက်ထပ် လက်တွေ့လုပ်ဆောင်ချက်များကို ပြုလုပ်ခြင်း စသဖြင့် အသိဉာဏ်ပညာ၏ဖြစ်စဉ်သည် တရစ်ပတ်ပတ် ဖြစ်ပေါ်လျက် ရှိ၏။ နောက်ထပ်ပေါ်လာသော လက်တွေ့ပြဿနာများကို ရရှိပြီးသော အသိဉာဏ် ပညာဖြင့် ဖြေရှင်းခြင်းမပြုနိုင်သောအခါ ကျွန်ုပ်တို့သည် နောက်ထပ်အသိဉာဏ် ပညာသစ်များကို ထပ်မံရှာဖွေကြရပြန်၏။

အနုပဋိလောမရုပ်ဝါဒ၏ အသိဉာဏ်ပညာသဘောတရားကို မော်စီတုန်း က အောက်ပါအတိုင်း အကျဉ်းချုပ်၍ ပြောခဲ့ပေသည်။

*“ပြင်ပကမ္ဘာလောကကြီးနှင့်ပတ်သက်သော လူ၏ အသိဉာဏ်ပညာ မှန် မမှန်ကို စစ်ဆေးစမ်းသပ်သည့် တစ်ခုတည်းသော မှတ်ကျောက်သည်ကား လူ၏ စုပေါင်း (လူမှု) လက်တွေ့အလုပ်ပင် ဖြစ်ပေသည်။ အမှန်အားဖြင့်ဆိုလျှင် လူသည် သူ၏ စုပေါင်း (လူမှု) လက်တွေ့အလုပ် (ကုန်လုပ်ရေးဖြစ်စေ၊ လူတန်းစားတိုက်ပွဲ ဖြစ်စေ၊ သိပ္ပံပညာဆိုင်ရာ လက်တွေ့စမ်းသပ်မှု စသည့် မည်သည့် လက်တွေ့၌မဆို) သူမျှော်မှန်းထားသော အောင်မြင်ချက်များကို ရရှိမှသာလျှင် သူ၏အသိဉာဏ် ပညာသည် မှန်ကန်သည်ဟု ယူဆရမည်ဖြစ်ပေသည်။ အနုပဋိလောမရုပ်ဝါဒ၏ အသိဉာဏ် ပညာသဘောတရားသည် လက်တွေ့အလုပ်ကို ဦးစားပေး၍ စဉ်းစားပေသည်။ လူ၏ အသိဉာဏ်ပညာသည် လက်တွေ့အလုပ်*





*နှင့် နည်းနည်းကလေးမှ ကင်းကွာ၍ မရနိုင်။ မသိရှိနိုင်ဟု ယူဆပေသည်။ အနုပဋိလောမရုပ်ဝါဒသည် လက်တွေ့အလုပ်၏ အရေးကြီးပုံကို ပစ်ပယ်သောသဘောတရားများ သို့မဟုတ် အသိဉာဏ်ပညာကို လက်တွေ့အလုပ်မှ လုံးဝခွဲခြားပစ်သော သဘောတရားများအား ငြင်းဆိုပေသည်။”*

*“လက်တွေ့ကြောင့် အသိဉာဏ်ပညာပေါ်လာရသည်။ နောက်ထပ် လက်တွေ့အလုပ်ကြောင့် နောက်ထပ်အသိဉာဏ်ပညာ ပေါ်လာရခြင်းဖြစ်သည်။ သို့ဖြင့် လက်တွေ့နှင့်အခြေခံသော အသိဉာဏ်ပညာ၊ တစ်ဖန် ထိုအသိဉာဏ်ပညာမှ လက်တွေ့၊ တဖန် ထိုလက်တွေ့မှ အသိဉာဏ်ပညာ စသဖြင့် လက်တွေ့နှင့် အသိဉာဏ်ပညာသည် ချားရဟတ်လို ဆက်စပ်ရစ်ပတ်လျက်ရှိပေသည်။ သို့ ဆက်စပ်နေခြင်းဖြင့် လက်တွေ့နှင့် အသိဉာဏ်ပညာသည် မြင့်မားလာပေသည်။ ဤသည်မှာ အနုပဋိလောမရုပ်ဝါဒကခံယူသော အသိဉာဏ်ပညာသဘောတရား ဖြစ်ပေသည်။ ဤသည်မှာ အနုပဋိလောမရုပ်ဝါဒက ခံယူသော သိခြင်းနှင့် ပြုခြင်းတို့၏ ပေါင်းစပ်မှုသဘောတရားဖြစ်ပေသည်။”*

### အသိဉာဏ်ပညာဟူသမျှသည်အာရုံခွဲသိမြင်မှုမှအစပြုသည်

အသိဉာဏ်ပညာကို ယင်းသို့ရရှိအောင်ပြုလုပ်ရာတွင် ကျွန်ုပ်တို့သည် အရာဝတ္ထုများအကြောင်းကို ဘယ်လိုသိအောင် လုပ်သနည်း။ ကျွန်ုပ်တို့ ရည်မှန်းချက်များဖြစ်မဖြစ်ကို မည်သို့စမ်းသပ်စစ်ဆေးသနည်း။

ဤကိစ္စများကို ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အာရုံများကို အသုံးပြုပေသည်။ ကျွန်ုပ်တို့အာရုံများကို အမှီသဟဲပြုပေသည်။

အချို့အဘိဓမ္မာပညာရှင်များက အသိဉာဏ်ပညာနှင့် လက်တွေ့ကို ခွဲခြားပစ်လိုက်ကြသည်။ အသိဉာဏ်ပညာသည် လက်တွေ့မှ ပေါ်ထွက်လာခြင်း မဟုတ်ဘဲ ငြင်းဆိုကြသည်။ ၎င်းတို့၏အလိုအရဆိုလျှင် လူ၏အတွေးအခေါ်သည် ဘာကိုမျှ မှီခြင်း၊ တည်ခြင်းမရှိဘဲ သူ့ဘာသာသူ သီးခြားပေါ်ပေါက်လာသည်။ အသိဉာဏ်ပညာသည် သူ့ဘာသာသူ သီးခြားပေါ်ပေါက်လာသော အတွေးအခေါ်မှ ပေါ်ထွက်လာသည်ဟု ယူဆကြသည်။ သူတို့က ကျွန်ုပ်တို့၏ အာရုံများသည်

စိတ်ချရသောအရာများမဟုတ်၊ ပြင်ပရုပ်ကို ထိတွေ့ရာတွင် ထိုအာရုံများသည် စိတ်မချရ။ ထို့ကြောင့် အသိဉာဏ်ပညာသည် အာရုံများမှတစ်ဆင့် ဝင်လာသော ရုပ်အမှန်တရား လက်တွေ့စသည်တို့မှ ပေါ်ပေါက်လာခြင်းမဟုတ်။ လူ၏ ဦးနှောက်ထဲတွင် သူ့အလိုအလျောက်ရှိနေသော အတွေးအခေါ်မှ အသိဉာဏ်ပညာသည် ပေါ်ပေါက်လာသည်ဟု ယူဆကြ၏။ ယင်းအဘိဓမ္မာပညာရှင်များသည် "*သူ့ဘာသာသူ သီးခြားတည်ရှိသော အတွေးအခေါ်*"ဆိုသည့်အရာကို ယုံကြည်ကြသူများ ဖြစ်ပေသည်။

အမှန်အားဖြင့် အသိဉာဏ်ပညာသည် လူ၏ဦးနှောက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဦးနှောက်ထဲ၌ အလိုလိုပေါ်လာခြင်းမဟုတ်ပေ။ ဦးနှောက်သည် လူနှင့်ပြင်ပကမ္ဘာလောကကြီး၏ ရုပ်ထွေးသောဆက်သွယ်မှုကို ပြုလုပ်ပေးသည့် အင်္ဂါအစိတ်အပိုင်းဖြစ်လေသည်။ ပထမ၌ လူသည် ကမ္ဘာလောကကြီးနှင့် ထိတွေ့လိုက်သောအခါ ထိုကမ္ဘာလောကကြီး၏ အရိပ်အရောင်များသည် အာရုံဒွါရများမှတဆင့် ဝင်ရောက်လာကြ၏။ သို့ဖြင့် ကျွန်ုပ်တို့သည် ထိုအရောင်ရိုက်ခတ်မှုကို ဦးနှောက်ထဲတွင် လက်ခံကာ စဉ်းစားတွေးခေါ်ကြ၏။ သို့ဖြင့် အသိဉာဏ်ပညာသည် ကျွန်ုပ်တို့၏ လှုပ်ရှားဆောင်ရွက်ချက်တစ်လျှောက်တွင် ရရှိခဲ့သော အာရုံခံသိမြင်မှုမှ ပေါ်ပေါက်လာပေသည်။ ထပ်၍ရှင်းအံ့။ အစပထမ၌ ရုပ်ကမ္ဘာလောကကြီးရှိသည်။ ထိုရုပ်ကမ္ဘာလောကကြီးသည် အာရုံဒွါရများမှတစ်ဆင့် ကျွန်ုပ်တို့၏ တွေးခေါ်မှုထဲသို့ ရောက်လာသည်။ သို့ဖြင့် ကမ္ဘာလောကကြီးအကြောင်းကို ကျွန်ုပ်တို့သိလာသည်။ သို့ဖြင့် အသိဉာဏ်ပညာသည် ဖြစ်ပေါ်လာသည်ဟူ၍ ဖြစ်၏။ ဤသည်ကို လီနင်က အောက်ပါအတိုင်း ပြောခဲ့လေသည်။

> *"မျက်စိကို ပိတ်ထားသူ၊ နားကို ပိတ်ထားသူ၊ ဒိဋ္ဌကျသော ကမ္ဘာလောကကြီးနှင့် လုံးဝအဆက်အသွယ်ဖြတ်ထားသူ တစ်ဦးအဖို့ အသိဉာဏ်ပညာဟူသည် ရှိနိုင်တော့မည်မဟုတ်ပေ။ အသိဉာဏ်ပညာသည် အတွေ့အကြုံမှ စတင် ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ ဤသည်မှာ အနုပဋိလောမရုပ်ဝါဒက ခံယူသော အသိဉာဏ် ပညာသဘောတရားဖြစ်ပေသည်။"*

အသိဉာဏ်ပညာသဘောတရားနှင့်စပ်လျဉ်းသည့် အနုပဋိလောမရုပ်ဝါဒ၏ အမြင်ကို လီနင်၏ ရုပ်ဟူသော စကားအဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် တွေ့နိုင်သည်။ "*ရုပ်သည် ပြင်ပတွင် သီးခြားကင်းလွတ်တည်ရှိနေသော အမှန်တရားဖြစ်၍*





*လူက ၎င်းကို သိနားလည်ခြင်းမှာ အာရုံများမှတစ်ဆင့်ဖြစ်ပေသည်*"ဟု လီနင်က ရေးခဲ့၏။ ဆိုလိုသည်မှာ ရုပ်ကမ္ဘာလောကကြီးသည် အာရုံများဖြင့် ခံစားသိမြင်နိုင်သော ကမ္ဘာလောကကြီးဟု ဆိုလိုခြင်းဖြစ်၏။ ကမ္ဘာလောကကြီးအကြောင်းကို ကျွန်ုပ်တို့သိရခြင်းမှာ ကျွန်ုပ်တို့၏အာရုံများ လှုပ်ရှားကြသောကြောင့်ဖြစ်၏။ သို့ဖြင့် ရုပ်ကို အာရုံဖြင့် ခံစားသိရှိခြင်းကြောင့် ပေါ်ပေါက်လာသည်ဟုဆိုငြားအံ့၊ အကယ်စင်စစ် ထိုအရာမှာ အသိဉာဏ်ပညာမဟုတ်၊ ဆန်းကြယ်သော စိတ်ကူးသာဖြစ်လေသည်။ တစ်စုံတစ်ခုသော ဒိဋ္ဌကျသော ရုပ်အမှန်တရားသည် အာရုံဖြင့် ခံစားသိရှိနိုင်ခြင်းမဟုတ်ဟု ဆိုငြားအံ့။ အကယ်စင်စစ် ထိုအရာသည် အဟုတ်ရှိ၊ တကယ်ရှိသော ရုပ်မဟုတ်ဘဲ စိတ်ကူးထဲမှာသာရှိသော ရုပ်ဖြစ်လေသည်။

### အာရုံများသည်စိတ်ချရသောအရာများလော

ကျွန်ုပ်တို့၏ အသိဉာဏ်ပညာသည် ပြင်ပရုပ်ကမ္ဘာလောကကြီးကို အာရုံဖြင့် ခံစားသိရှိရာမှ ပေါ်ထွက်လာခဲ့သည်ဟု အထက်တွင်ဆိုခဲ့၏။ ကောင်းပြီ။ သို့ဆိုလျှင် ကျွန်ုပ်တို့၏အာရုံများသည် စိတ်ချရသလော။ ပြင်ပရုပ်ကမ္ဘာလောကကြီးကို ထိတွေ့ခံစားရာတွင် ကျွန်ုပ်တို့၏အာရုံများသည် ဖောက်လွဲဖောက်ပြန်ပြုတတ်သော သဘောမရှိပြီလော။ အာရုံဆိုသည်မှာ တစ်ခါတစ်ရံတွင် ဖောက်ပြန်တတ်သောသဘော၊ တုံ့ပြန်မှုလွဲသောသဘောမရှိပြီလောဟု မေးစရာရှိပေသည်။

မှန်၏။ အာရုံသည် ဖောက်ပြန်တတ်သော သဘောရှိ၏။ အရာဝတ္ထုတို့ကို ထိတွေ့ခံစားတိုင်း အမှန်ကိုချည်း ထိတွေ့ခံစားတတ်သည်မဟုတ်၊ တစ်ခါတစ်ရံ ရွေ့လျောဖောက်ပြန်တတ်သောသဘောရှိ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိဉာဏ်ပညာကို တည်ဆောက်ရာ၌ ပြင်ပရုပ်ကမ္ဘာလောကကြီးကို အာရုံဖြင့် ခံစားထိတွေ့ရုံသက်သက်မျှဖြင့် တည်ဆောက်ခြင်းပြုသည်မဟုတ်ပေ။ အာရုံဖြင့် ထိတွေ့ခံစားလိုက်ရုံမျှဖြင့် အသိဉာဏ်ပညာကို ရလာခြင်းမဟုတ်ပေ။ ပြင်ပရုပ်ကမ္ဘာလောကကြီးကို အာရုံဖြင့်ခံစားပြီးနောက် ထိုခံစားထိတွေ့မှုကြောင့် ရလာသော အကြောင်းအချက်အချင်းအရာတို့ကို လက်တွေ့ဘဝ၊ လက်တွေ့လုပ်ဆောင်ချက်တွင် စစ်ဆေးစမ်းသပ်ပြီးမှ အသိဉာဏ်ပညာဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်၏။

ဥပမာပြအံ့။ ။ အမိ၏ဝမ်းမှ ကျွတ်လာသော ကလေးငယ်သည် မွေးလျှင်မွေးချင်း သူ့ကိုယ်သူ ဘာဖြစ်သည်၊ ပြင်ပကမ္ဘာလောကကြီးသည် ဘယ်လို

နေသည်ဟု ချက်ချင်းသိလာသည် မဟုတ်ပေ။ သူ့စိတ်ထဲတွင် ထင်မြင်ချက်များသည် ဝိုးတဝါးဖြစ်နေကြ၏။ ရှုပ်ထွေးနေကြ၏။ နောက် သူ၏အာရုံများကို စတင်၍ အသုံးပြုလာ၏။ ပြင်ပရုပ်ဝတ္ထုများအကြောင်းကို တဖြည်းဖြည်း သိလာ၏။ သူ၏ ပတ်ဝန်းကျင်ရှိအရာများကို စူးစမ်းလေ့လာ၏။ စမ်းသပ်စစ်ဆေး၏။ သို့ဖြင့် အမိ၏ နွေးထွေးသော ရင်ခွင်ထဲသို့ ရောက်လာသောအခါ အမိ၏နို့အုံကို လိုက်လံရှာဖွေခြင်းပြုရမှန်း သိလာလေတော့သည်။ သို့ဖြင့် အသိဉာဏ်ပညာသည် ပြင်ပရုပ်၊ ၎င်းမှ အာရုံ၊ ၎င်းမှတစ်ဖန် လက်တွေ့စမ်းသပ်စစ်ဆေးမှု စသဖြင့် အဆင့်အသီးသီးကို ကျော်လွှား၍ ရရှိလာခဲ့ခြင်းဖြစ်၏။

လူ့အနွယ်ကြီးသည် ဤနည်းဖြင့် သဘာဝနှင့်ပတ်သက်သော အသိဉာဏ်ပညာကို ရရှိလာခဲ့ခြင်းဖြစ်ပေသည်။ အစပထမ၌ ကျွန်ုပ်တို့သည် သဘာဝကြီးအကြောင်းကို ကောင်းစွာ နားမလည်ကြသေးပေ။ မွေးကင်းစကလေး၏စိတ်၌ ပြင်ပကမ္ဘာလောကကြီးသည် ဘယ်လိုနေသည်ဟု မသိသေးဘဲ ဝိုးတဝါးထင်နေသကဲ့သို့၊ ကျွန်ုပ်တို့သည်လည်း သဘာဝကြီးအကြောင်းကို မသိသေးဘဲ ဝိုးတဝါးဖြစ်နေခဲ့ကြ၏။ နောက် သဘာဝအရာများကို စူးစမ်းရန်အတွက် ကျွန်ုပ်တို့၏ အာရုံများကို အသုံးပြုလာကြ၏။ ကျွန်ုပ်တို့အာရုံတွင်''ထင်ချက်''များသည် မှန်မမှန်၊ လက်တွေ့တွင် စမ်းသပ်စစ်ဆေးခဲ့ကြ၏။ သို့ဖြင့် ပြင်ပဝတ္ထုနှင့် အာရုံ ခံစားမှု၊ အာရုံခံစားချက်နှင့် လက်တွေ့တို့ကို စမ်းသပ်စစ်ဆေးပြီးနောက်မှ အသိဉာဏ်ပညာကို ရရှိခဲ့ကြခြင်းဖြစ်၏။ သို့ဖြစ်ရာ အသိဉာဏ်ပညာဟူသည် ရုပ်ကမ္ဘာလောကကြီးနှင့် လက်တွေ့စမ်းသပ်စစ်ဆေးခြင်းမရှိဘဲ မပေါ်ပေါက်နိုင်ပေ။ လူတစ်ဦးတစ်ယောက်၏ ''သီးခြားတည်ရှိနေသော အတွေးအခေါ်''ထဲမှ ပေါ်ထွက်လာသည် မဟုတ်ပေ။

ဥပမာပြအံ့။ ။ အခန်းကလေးတစ်ခုထဲတွင် တံခါးပိတ်၍ ထိုင်နေသော အဘိဓမ္မာပညာရှင်တစ်ယောက်သည် ပြင်ပရုပ်ကမ္ဘာလောကကြီးနှင့် ဆက်စပ်ခြင်းမရှိဘဲ၊ ၎င်း၏စိတ်ကူးကို အမှီပြုကာ အသိဉာဏ်ပညာကို လိုက်ရှာသည်ဆိုအံ့။ ဤနည်းဖြင့်ရသော အသိဉာဏ်ပညာသည် မှန်ကန်နိုင်မည်မဟုတ်ပေ။ ပြည့်စုံနိုင်မည်လည်း မဟုတ်ပေ။ ပြင်ပရုပ်ကမ္ဘာလောကနှင့် ဆက်စပ်၍ လက်တွေ့ဖြင့် စမ်းသပ်စစ်ဆေးမှသာ အသိဉာဏ်ပညာကို ရရှိနိုင်မည်ဖြစ်ပေသည်။ ဤသည်နှင့်စပ်လျဉ်း၍ အိန်ဂျယ်လ်စ်ကလည်း အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*''လူသည် ပြဿနာများကို စိတ်ကူးဉာဏ်ဖြင့် စဉ်းစားဖြေရှင်းခြင်းမပြုမီ ပဝေသဏီကတည်းကပင်လျှင် ထိုပြဿနာများကို လက်တွေ့အလုပ်ဖြင့် ဖြေရှင်းခဲ့ပေသည်။ အရာဝတ္ထုများအား ကျွန်ုပ်တို့သိမြင်ရာ၌ ထိုသိမြင်ချက် မှန်မမှန်ကို လက်တွေ့အလုပ်ဖြင့် စမ်းသပ်စစ်ဆေးပေသည်။''*





ကျွန်ုပ်တို့ထင်သည့်အတိုင်း လက်တွေ့စမ်းသပ်ကြည့်၍ အောင်မြင်လျှင် ထိုသိမြင်ချက်သည် မှန်ကန်သည်ဟု ယူဆရမည်ဖြစ်ပေသည်။

ချုပ်လျှင် ကျွန်ုပ်တို့၏ အသိဉာဏ်ပညာသည် ကျွန်ုပ်တို့၏ လက်တွေ့လုပ်ရှားဆောင်ရွက်ချက်တလျှောက်တွင် ရရှိလာသည့် သိမြင်မှုများကို အခြေခံသည်။ ထိုလက်တွေ့လှုပ်ရှားဆောင်ရွက်ချက်ထဲမှာပင် ထိုသိမြင်ချက်မှန်မမှန်ကို စမ်းသပ်စစ်ဆေးသည်။ သို့ဖြင့် အသိဉာဏ်ပညာသည် ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

အသိဉာဏ်ပညာနယ်ပယ်တိုးချဲ့ခြင်း။

အသိဉာဏ်ပညာမပြည့်စုံခြင်း၊ အသိဉာဏ်ပညာဝေဖန်စစ်ဆေးခြင်း။

အချို့သော အဘိဓမ္မာပညာရှင်များက အသိဉာဏ်ပညာဟူသည် အကြွင်းမဲ့ပြည့်စုံရမည်၊ ဖြည်တည်လျက်ရှိသည်ဟု သိထားသော အရာဝတ္ထုအားလုံးအကြောင်းကို လုံးဝဥဿုံသိရှိနားလည်ရမည်ဟု ယူဆကြ၏။ မာ့က်စ်ဝါဒက ဤသို့ မယူဆပေ။

အသိဉာဏ်ပညာသည် ဘယ်တော့မှ ပြီးဆုံးခြင်းသို့ မရောက်နိုင်ဟု မာ့က်စ်ဝါဒက ယူဆပေသည်။ အသိဉာဏ်ပညာသည် အမြဲတစေ ဖြစ်ပေါ်တိုးတက်လျက်ရှိသည်ဟု မာ့က်စ်ဝါဒက ယူဆပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် တည်ရှိခဲ့၊ တည်ရှိအံ့သော တရားများအားလုံးကို လက်တွေ့တွင် စမ်းသပ်စစ်ဆေးခြင်း မပြုနိုင်သောကြောင့် ဖြစ်ပေသည်။ အချို့အရာဝတ္ထုများကို စမ်းသပ်စစ်ဆေးပြီးချိန်တွင် အချို့အရာဝတ္ထုများသည် အသစ်ပေါ်ပေါက်လျက်ရှိကြပေရာ ကျွန်ုပ်တို့သည် အသိဉာဏ်ပညာကို ဘယ်တော့မှ အဆုံးတိုင်ရရှိနိုင်ကြမည်မဟုတ်ပေ။

ထို့ကြောင့် အသိဉာဏ်ပညာနယ်ပါယ်သည် တိုးချဲ့သောသဘောရှိပေသည်။ ထို့ကြောင့် ၎င်းသည် အမြဲတမ်းပြီးပြည့်စုံခြင်းမရှိသော သဘောရှိပေသည်။ ဤသို့ တိုးချဲ့သောသဘော၊ ပြီးပြည့်စုံခြင်းမရှိသောသဘောရှိသည်ဟုဆိုရာတွင်လည်း နှစ်မျိုးရှိပေသည်။

၁။ အသိဉာဏ်ပညာသည် အရည်အတွက်အားဖြင့် တိုးချဲ့သောသဘော၊ ပြည့်စုံခြင်းမရှိသော သဘောရှိ၏။ အသိဉာဏ်ပညာကောင်းရရှိပြီးနောက် အသိဉာဏ်ပညာသစ်များ တိုးလာ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပို၍ သိလာကြ၏။ ယခင်တုန်းက မသိခဲ့သေးသောအရာများကို သိလာကြ၏။ တစ်ချို့တစ်ဝက်သာ သိထားခဲ့သောအရာများကို ပို၍ သိလာကြ၏။ ယခင် တစ်ခုကိုသိခဲ့ရာမှ ယခုနှစ်ခုကို သိလာကြ၏။ ယခင်တစ်ဝက်ကို သိခဲ့ကြရာမှ ယခုတစ်ခုလုံးကို သိလာကြ၏။ သို့ဖြင့် အသိဉာဏ်ပညာသည် အရေအတွက်အားဖြင့် တိုးချဲ့သောသဘော၊ ပြည့်စုံခြင်းမရှိသော သဘောကို ဆောင်ပေသည်။

ဥပမာပြအံ့။ ။ ခေတ်သစ်ရူပဗေဒ၌ ကျွန်ုပ်တို့သည် ''အဏုမြူ'' အကြောင်းကို သိရှိခဲ့ကြ၏။ သို့ရာတွင် အကုန်အစင်သိကြသေးသည်မဟုတ်ဘဲ တစ်ဝက်တစ်ပျက်သာ သိရှိခဲ့ကြသေးသည်။ ထို့ထက်ပို၍ သိရှိလာရန်အတွက် ကျွန်ုပ်တို့သည် အနုမြူများ၏ ဖွဲ့စည်းပုံကို ပို၍လေ့လာစူးစမ်းခဲ့ကြသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိဉာဏ်ပညာကို အရေအတွက်အားဖြင့် တိုးချဲ့ပွားများခဲ့ကြ၏။ နောက်တွင်လည်း တိုးချဲ့ပွားများရဦးမည်သာ ဖြစ်ပေသည်။

၂။ အသိဉာဏ်ပညာသည် အရည်အချင်းအားဖြင့် တိုးချဲ့သော သဘော၊ ပြည့်စုံခြင်းမရှိသောသဘောရှိ၏။ အသိဉာဏ်ပညာသစ်များကို ရရှိလာခြင်းနှင့် အသိဉာဏ်သည် အရည်အချင်းအားဖြင့်လည်း တိုးတက်လာခဲ့ပေသည်။

ဥပမာပြအံ့။ ။ စက်ယန္တရားအတတ်ပညာသည် ရှေးခေတ်ကတည်းက ပေါ်ခဲ့၏။ သို့ရာတွင် ကွမ်တန်စက်ယန္တရားအတတ်ပညာကြောင့် စက်ယန္တရားအတတ်ပညာနှင့်ပတ်သက်သော အသိဉာဏ်ပညာများကို ပိုမို၍ ရရှိလာခဲ့လေသည်။ ကွမ်တန်စက်ယန္တရားအတတ်ပညာ၏ တွေ့ရှိချက်များကြောင့် ရှေးခေတ်စက်ယန္တရားအတတ်ပညာအကြောင်းကို ပိုမို၍ သိလာခဲ့၏။

နောက်ထပ်ဥပမာ။ ။ မာ့က်စ်သည် ဆိုရှယ်လစ်စနစ်အကြောင်းကို ရှေးဦးမဆွကပင် ရေးခဲ့ပြောခဲ့၏။ ထိုစဉ်က ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်နိုင်ငံဟူ၍ မရှိခဲ့သေးပေ။ နောက်တွင် ဆိုဗီယက်ယူနီယံသည် ဆိုရှယ်လစ်နိုင်ငံဖြစ်လာ၏။ ဆိုဗီယက်ယူနီယံပေါ်လာသည့်နောက်တွင် မာ့က်စ်ပြောခဲ့သော ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်အစိုးရနှင့် ပတ်သက်သော အချက်များသည် ပို၍ ပီသလာကြ၏။

ဤနည်းဖြင့် အသိဉာဏ်ပညာသည် အရည်အချင်းအားဖြင့်လည်း တိုးချဲ့





ပွားများလာခဲ့ပေသည်။ ဤသည်ကို မော်စီတုန်းကလည်း အောက်ပါအတိုင်း ပြောခဲ့၏။

*''များစွာသော သဘောတရားများသည် ပြီးပြည့်စုံခြင်းမရှိကြောင်းကို လည်းကောင်း၊ ထိုသို့ပြည့်စုံခြင်းမရှိမှုသည်လည်း လက်တွေ့စမ်းသပ်စစ်ဆေးမှုဖြင့်သာ ပို၍ပြည့်စုံ ခြင်းအဖြစ်သို့ရောက်နိုင်ကြောင်းကိုလည်းကောင်း၊ လူ့အသိဉာဏ်ပညာ၏ သမိုင်းက ပြသခဲ့ပြီး ဖြစ်လေသည်။ ယေဘုယျအားဖြင့်ဆိုလျှင် သဘာဝကိုဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ၊ ပြောင်းလဲရန်အတွက် လက်တွေ့ဆောင်ရွက်ရာတွင် ပြည်သူများ၏ တွေးခေါ်မှုများ၊ သဘောတရားများ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို အသစ်ဖြစ်လာသော အခြေအနေများအရ ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ အောင်မြင်နိုင်မည် မဟုတ်ပေ။''*

သို့ဖြစ်ရာ အသိဉာဏ်ပညာသည် တည်ရှိဆဲအသိဉာဏ်ပညာကို ထပ်မံဖြည့်စွက်သောသဘော၊ ပြီးပြည့်စုံအောင်လုပ်သောသဘော၊ ပြုပြင်မွမ်းမံသော သဘောရှိပေသည်။ မည်သည့်ကိစ္စ၌မဆို အသိဉာဏ်ပညာဟူသည် ပြီးပြည့်စုံခြင်း မရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့တွင်ရှိသော အသိဉာဏ်ပညာသည် အချုပ်တွင် ကျဉ်းမြောင်းသော အသိဉာဏ်၊ ပြီးပြည့်စုံခြင်းမရှိသေးသော အသိဉာဏ်၊ ချို့ယွင်းနေသေးသော အသိဉာဏ်မျှသာဖြစ်ရာ ထိုအသိဉာဏ်ကို သည့်ထက်သည်ကျယ်ပြန့်အောင်၊ ပြီးပြည့်စုံအောင်၊ မှန်ကန်အောင် အမြဲတမ်းဝေဖန်စစ်ဆေးနေရမည် ဖြစ်ပေသတည်း။

※ ※ ※

## အခန်း (၁၂)
## အသိဉာဏ်ပညာ ဖွံ့ဖြိုးလာပုံ

ကျွန်ုပ်တို့သည် အရာဝတ္ထုများကို သိမြင်သည်။ နောက် သိမြင်ထားသော အရာဝတ္ထုများ မှန်၊ မမှန်ကို ဆုံးဖြတ်သည်။ ဤသို့ဖြင့် အသိဉာဏ်ပညာသည် ပေါ်ပေါက် ဖွံ့ဖြိုးတိုးတက်လာသည်။ ပထမတွင် ကျွန်ုပ်တို့ ရရှိသော အသိဉာဏ်ပညာမှာ သိမြင်သော အသိဉာဏ်ပညာဖြစ်၍ နောက်မှ တွေးခေါ်မြော်မြင် သော အသိဉာဏ်ပညာအဖြစ်သို့ ရောက်ရှိလာသည်။ ပထမ၌ အရာဝတ္ထု၏ ပုံပန်းသဏ္ဍာန်ကို ကြည့်မြင်သော အပေါ်ယံဆုံးဖြတ်ချက်မျိုးဖြစ်၍ နောက်ကျမှ ၎င်းတို့၏ အခြေခံဇီဇသတ္တိများကို ကြည့်မြင်တတ်သော ကြည့်မြင်ချက်မျိုး ဖြစ်လာသည်။ သို့ဖြင့် ကျွန်ုပ်တို့သည် ဒိဋ္ဌကျသော ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ လေးနက်သော အသိဉာဏ်ပညာကို ရရှိလာခဲ့သည်။ အဆင့်တိုင်း၌ ကျွန်ုပ်တို့၏ သိမှုသည် ကျဉ်းမြောင်းသည်။ နောက်၌ တဖြည်းဖြည်း ကျယ်ပြန့်လာသည်။

### မသိခြင်းမှ သိခြင်းသို့

အသိဉာဏ်ပညာ ပေါ်ပေါက်လာပုံ၌ ဖြစ်စဉ်ရှိ၏။ ၎င်းသည် မသိခြင်းမှ သိခြင်းတည်းဟူသော ဖြစ်စဉ်လမ်းကြောင်းတစ်လျှောက်၌ တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ အရာဝတ္ထုများကို နားမလည်ခြင်းမှ နားလည်ခြင်းတည်းဟူသော ဖြစ်စဉ်လမ်းကြောင်းတစ်လျှောက်၌ ပေါ်ပေါက်လာ၏။ အစမူလ၌





ကျွန်ုပ်တို့သည် ဘာကိုမျှ သိရှိနားလည်ခြင်းမရှိကြသေး။ နောက်ကျမှသာ တဖြည်းဖြည်း နားလည်သိရှိလာခဲ့ကြခြင်းဖြစ်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့၏ အသိဉာဏ်ပညာသည် တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။ ဤသည်ကို လီနင်က အောက်ပါအတိုင်း ရေးခဲ့၏။

> *"မသိခြင်းမှသိခြင်းသို့ ကူးပြောင်းလာသော ဖြစ်စဉ်ကို လေ့လာခြင်းသည် အသိဉာဏ်ပညာသဘောတရားဖြစ်၏။ ကျွန်ုပ်တို့၏ အသိဉာဏ်ပညာသည် အဆင့်ဆင့်ပေါ်ပေါက်လာခဲ့ခြင်း မဟုတ်ပေ။ ထို့ကြောင့် အသိဉာဏ်ပညာကို လေ့လာရာ၌ အသိဉာဏ်ပညာသည် မသိနားမလည်ခြင်းမှ မည်သို့မည်ပုံ ပေါ်ပေါက်လာသည်ကို လေ့လာရမည်ဖြစ်၏။ ပြီးပြည့်စုံခြင်းမရှိသော၊ တိကျခြင်းမရှိသော အသိဉာဏ်ပညာသည် ပြီးပြည့်စုံသော၊ တိကျသော အသိဉာဏ်ပညာအဖြစ် မည်သို့ပြောင်းလဲလာသည်ကို လေ့လာရမည် ဖြစ်ပေသည်။"*

ဤသည်မှာ ကျွန်ုပ်တို့၏ အသိဉာဏ်ပညာရရှိလာခဲ့ပုံနှင့်စပ်လျဉ်းသည့် လီနင်၏ အမြင်ဖြစ်၏။ သို့ရာတွင် အချို့သောအဘိဓမ္မာပညာရှင်များကမူ ဤသို့ မယူဆကြပေ။ ၎င်းတို့အား အသိဉာဏ်ပညာသည် မသိနားမလည်ခြင်းမှ စတင်ဖြစ်ပေါ်ကူးပြောင်းလာခြင်း မဟုတ်။ အသိဉာဏ်ပညာသည် ယခင်တည်ရှိပြီး အသိဉာဏ်ပညာမှ ဖြစ်ပေါ်ကူးပြောင်းလာသည်ဟု ယူဆကြ၏။ ထို့ကြောင့် ကမ္ဘာလောကကြီး၌ ရှေးဦးမဆွကတည်းကပင်လျှင် အခြေခံအသိတရားဟူ၍ ရှိခဲ့ကြောင်းဖြင့် ၎င်းတို့က ယူဆခဲ့ကြ၏။ သို့အခြေခံအသိတရားများမှနေ၍ အသိဉာဏ်ပညာသည် ဖြစ်ပေါ်တိုးတက်လာသည်ဟု ယူဆကြပေသည်။

မာ့က်စ်ဝါဒက ဤသို့ မယူဆပေ။ မာ့က်စ်ဝါဒအမြင်အရ အသိဉာဏ်ပညာသည် တည်ရှိပြီး အသိဉာဏ်ပညာမှ ပေါ်ထွက်လာခြင်းမဟုတ်၊ မသိနားမလည်ခြင်းမှ အစပြုလာခဲ့ခြင်းဖြစ်၏။ အရေအတွက် များပြားလှသော ဂဏန်းများသည် သုညမှ စတင်လာခဲ့သကဲ့သို့ အသိတရားသည်လည်း မသိတရားမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။

သို့ဖြစ်လျှင် အသိတရားသည် မသိတရားမှ မည်သို့မည်ပုံ ပေါ်ထွက်လာသနည်း။

ပြင်ပအရာဝတ္ထုများနှင့် ကျွန်ုပ်တို့၏ အာရုံများ အပြန်အလှန်တုံ့ပြန်

လုပ်ရှားကြခြင်းဖြင့်၊ အသိဉာဏ်ပညာသည် ပေါ်ထွက်လာခဲ့၏။ အရာဝတ္ထုများနှင့် အာရုံများ အပြန်အလှန်တုံ့ပြန်လှုပ်ရှားကြရာ၌ ထိုလှုပ်ရှားတုံ့ပြန်မှုမှန်သမျှကို ဦးနှောက်က ပြုလုပ်ပေးခြင်းဖြစ်၏။ *(လူနှင့် ပြင်ပရုပ်ကမ္ဘာလောကကြီးတို့၏ ရှုပ်ထွေးသောဆက်ဆံရေးတွင် ဦးနှောက်သည် အင်္ဂါအစိတ်အပိုင်းဖြစ်ကြောင်းကို မကြာခဏ ဖော်ပြခဲ့ပြီးဖြစ်ပေသည်။)* ပထမတွင် ကျွန်ုပ်တို့သည် ပြင်ပအရာဝတ္ထုများနှင့် တွေ့ကြုံဆက်ဆံလာရကာ ထိုအရာဝတ္ထုများကို သိမြင်လာ၏။ သို့ဖြင့် ယခင်က ကျွန်ုပ်တို့မသိဘူး၊ မမြင်ဘူးသေးသောအရာများကို သိမြင်လာခဲ့ကြသည်။ ကျွန်ုပ်တို့သည် ပြင်ပအရာဝတ္ထုများနှင့် အထူးထူးအထွေထွေ ဆက်ဆံလာရလေလေ၊ ထိုအရာဝတ္ထုများ၏ အကြောင်းချင်းတများကိုလည်း ပိုမိုသိရှိလာရလေလေဖြစ်၏။ သို့ဖြစ်ရာ အသိဉာဏ်ပညာသည် အရာဝတ္ထုများနှင့် ကျွန်ုပ်တို့ဆက်ဆံတွေ့ကြုံရာမှ ပေါ်ပေါက်လာသော ပစ္စည်းသာဖြစ်လေသည်။ သို့ဖြင့် အစ၌ ကျွန်ုပ်တို့သည် အရာဝတ္ထုများနှင့် တွေ့ကြုံဆက်ဆံမှုနည်းခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့တွင် မသိတရားသာရှိခဲ့၏။ ထိုနောက် အရာဝတ္ထုများနှင့် ကြိမ်ဖန်များစွာ ဆက်ဆံလာခဲ့ကြ၏။ သို့ဖြင့် ကျွန်ုပ်တို့တွင် အသိတရားပေါ်လာခဲ့၏။

ဥပမာပြအံ့။ ။ ရောဝတီမြစ်သည် ဘယ်အရပ်ဒေသမှ စတင်စီးဆင်းသည်ကို ကျွန်ုပ်တို့မသိကြပေ။ ရောဝတီမြစ်၏ မူလစီးဆင်းရာကို သိလိုလျှင် ကျွန်ုပ်တို့ထိုနေရာသို့ သွားရမည်ဖြစ်၏။ အဏုမြူ၏ ဖွဲ့စည်းမှုကို ကျွန်ုပ်တို့ မသိကြလျှင် လက်တွေ့စမ်းသပ်စစ်ဆေးမှုများဖြင့် သိအောင်လုပ်ရမည်ဖြစ်၏။ ကြယ်တာရာများ၏ အကွာအဝေးကို မသိလျှင် ထိုအကွာအဝေးကို တိုင်းတာနိုင်သည့် နည်းလမ်းများကို ရှာဖွေရမည်ဖြစ်၏။ လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုဥပဒေသများကိုမသိလျှင် ၎င်းတို့ကို ရှာဖွေလေ့လာရမည်ဖြစ်၏။

သိမြင်ခြင်းနှင့် ဆုံးဖြတ်ခြင်း

အသိဉာဏ်ပညာဖြစ်ပေါ်ရေးတွင် ပထမဆုံးသော လိုအပ်ချက်မှာ သိမြင်ခြင်းဖြစ်၏။ (ဝါ) အရာဝတ္ထုများနှင့် ဆက်သွယ်ရာမှ ပေါ်ပေါက်လာသော အကျိုးတရားများကို စူးစမ်းလေ့လာခြင်းဖြစ်၏။ ဒုတိယလိုအပ်ချက်မှာ ထိုသို့ စူးစမ်းလေ့လာ၍ရသော အချက်များကို မှန် မမှန်၊ ဟုတ် မဟုတ် စဉ်းစားတွေးခေါ်၍ ဆုံးဖြတ်ခြင်းဖြစ်၏။ အသိဉာဏ်ပညာသည် သိမြင်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်ပြီးမှ ပေါ်ပေါက်လာရခြင်းဖြစ်၏။





အဆင့်မြင့်သော တိရစ္ဆာန်များ၌ သိမြင်မှုရှိ၏။ ထိုသိမြင်မှုမှတစ်ဆင့် တိရစ္ဆာန်များသည် ၎င်းတို့နှင့် ဆက်သွယ်ကြုံတွေ့သော အရာများအကြောင်းကို နားလည်ကြ၏။ သို့ရာတွင် ၎င်းတို့တွင် အသိဉာဏ်ပညာမရှိကြသေးပေ။ လူ၌သာ ထိုနားလည်မှုသည် အသိဉာဏ်ပညာအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

ဤကျမ်း၌ဖော်ပြသော "အသိဉာဏ်ပညာ"ဆိုသည်မှာ လူ၏ အသိဉာဏ်ပညာကို ဆိုလိုခြင်းဖြစ်၏။ ခွေးတစ်ကောင်သည် ၎င်း၏အိမ်သို့ ပြန်လမ်းကို သိပုံနှင့် လူတစ်ယောက်က အိမ်ပြန်လမ်းကို သိပုံသည် ကွာခြားကြ၏။ လူက ၎င်း၏ အိမ်သို့ ပြန်ရာလမ်းကို သိပုံ၌ လူသည် သိရုံသာမက၊ ထိုသို့သိကြောင်းကို တွေးခေါ်မှုဖြင့် လည်းကောင်း၊ စကားဖြင့်လည်းကောင်း ဖော်ပြ၍ရ၏။ ဤသည်မှာ အသိဉာဏ် ပညာရှိသော လူနှင့် အသိဉာဏ်ပညာမရှိသော ခွေးတို့၏ ခြားနားချက်ဖြစ်၏။ လူသည် ၎င်း၏ ပေါင်းသင်းဆက်ဆံရေးဘဝ၌ တွေးခေါ်[ ]င်းအမှု၊ ပြောဆိုခြင်းအမှုကို ပြုရ၏။ ထိုတွေးခေါ်မှု၊ ပြောဆိုမှုတို့ဖြင့် လူအချင်းချင်း အပြန်အလှန် ဆက်ဆံကြ၏။ သို့ဖြစ်ရာ သိမှုကို တွေးခေါ်မှု၊ ပြောဆိုမှုတို့ဖြင့် ထုတ်ဖော်ပြသခြင်းသည် လူ့အသိဉာဏ်ပညာ၏ အရေးကြီးသော အချက်ကြီးတစ်ရပ်ဖြစ်ပေသည်။ လူသည် ပြင်ပအရာဝတ္ထုများကို ပထမအချက်ပြုကြိယာများ (အာရုံများ)နှင့် ခံစားထိတွေ့ ရာ၌ အတူတူပင် ဖြစ်၏။ တိရစ္ဆာန်သည် အာရုံဖြင့် ပြင်ပရုပ်ကို ထိတွေ့သကဲ့သို့ လူသည်လည်း အာရုံဖြင့်ပင် ပြင်ပရုပ်ကို ထိတွေ့သကဲ့သို့ လူသည်လည်း အာရုံဖြင့်ပင် ပြင်ပရုပ်ကို ထိတွေ့၏။ ဤအချက်၌ လူသည် တိရစ္ဆာန်နှင့် အတူတူပင် ဖြစ်လေသည်။ သို့ရာတွင် လူနှင့်တိရစ္ဆာန်၏ ခြားနားချက်ကား လူ၌ ဒုတိယအချက် ပြုကြိယာ (စကားပြောဆိုမှု) ရှိခြင်းဖြစ်၍ တိရစ္ဆာန်၌ စကားပြောဆိုမှုမရှိခြင်းဖြစ်လေသည်။ သို့ဖြစ်ရာ သိပုံချင်းတူသော်လည်း လူက စကားပြောဆိုမှု၊ တွေးခေါ်မှု စသည်တို့ကို ပြုလုပ်နိုင်သောအခါ လူ၏ သိပုံသည် အသိဉာဏ်ပညာဖြစ်လာလေသည်။

ချုပ်အံ့။ ။ သိမြင်ခြင်းသည် အသိဉာဏ်ပညာ မဟုတ်သေး၊ အသိဉာဏ်ပညာရရှိရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်သာဖြစ်၏။ စဉ်းစားတွေးခေါ်ဆုံးဖြတ်တတ်မှသာလျှင် အသိဉာဏ်ပညာဟူ၍ ဖြစ်လာပေသည်။

အပေါ်ယံကျသော ဆုံးဖြတ်ချက်မှ အခြေခံကျသော ဆုံးဖြတ်ချက်သို့

ပြင်ပရုပ်ဝတ္ထုများသည် ကျွန်ုပ်တို့၏ အာရုံဒွါရများပေါ်၌ လာ၍ ရိုက်ခတ်

ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုအရာဝတ္ထုများအား မြင်သည်၊ သိသည်၊ ထိသည်ဟု သိကြ၏။ ၎င်းကို အာရုံခွဲသိမြင်မှုဟု ခေါ်ပေသည်။ အရာဝတ္ထုများက ကျွန်ုပ်တို့၏ အာရုံဒွါရများပေါ်သို့လာ၍ ရိုက်ခတ်လိုက်သည်နှင့်တစ်ပြိုင်နက် အာရုံခွဲသိမြင်မှုသည် ကျွန်ုပ်တို့၏ အသိဆီသို့ ထိုအရာများကို ပို့ပေးလိုက်၏။ သို့ဖြင့် ကျွန်ုပ်တို့သည် ထိုအရာဝတ္ထုများအကြောင်းကို သိလာကြ၏။ ထိုသို့သိပြီးနောက်မှ ကျွန်ုပ်တို့သည် ထိုအရာဝတ္ထုများ ကောင်းသည်၊ မကောင်းသည်၊ ပူသည်၊ အေးသည် စသဖြင့် ဆုံးဖြတ်ကြ၏။ ထိုအခါ၌ အသိဉာဏ်ပညာဟူ၍ ဖြစ်လာ၏။ ထို့ကြောင့် အသိဉာဏ်ပညာဖြစ်လာပုံတွင် အဆင့်နှစ်ဆင့်ရှိ၏။ ပထမအဆင့်မှာ သိမြင်ခြင်းဖြစ်၍ ဒုတိယအဆင့်မှာ ဆုံးဖြတ်ခြင်းဖြစ်ပေသည်။ ဤသည်နှင့်ပတ်သက်၍ မော်စီတုန်းကလည်း အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"အသိဉာဏ်ပညာဖြစ်စဉ်၏ ပထမအဆင့်မှာ လူနှင့် ပြင်ပကမ္ဘာလောကကြီး၏ ဆက်သွယ်မှုဖြစ်သည်။ ၎င်းပထမအဆင့်မှာ သိမြင်မှုအဆင့်ဖြစ်၏။ ဒုတိယအဆင့်ကား ထိုသိမြင်မှုကို စနစ်တကျ ပြန်လည်စီစဉ်ကာ ကောက်ချက်ဆွဲထုတ်ခြင်းဖြစ်၏။ သိမြင်သော အချက်အလက်များကို စုပေါင်းချုပ်ယူသော သမ္ဗုဟာအဆင့်ဖြစ်၏။ ၎င်းအဆင့်ကို စဉ်းစားတွေးခေါ်ဆုံးဖြတ်ခြင်းအဆင့်ဟု ခေါ်ပေသည်။"*

ဥပမာပြအံ့။ ။ လူတစ်ယောက်သည် ခွေးတစ်ကောင်ဟောင်သည်ကိုမြင်အံ့။ ထို့ကြောင့် "ခွေးဟောင်သည်"ဟု ဖော်ပြ၏။ အခြားလူများကလည်း ခွေးဟောင်သည်ကိုမြင်၍ "ခွေးဟောင်သည်"ဟု ဖော်ပြ၏။ သို့ဖြင့် အများ၏သိမြင်မှုကြောင့် တူညီသောဆုံးဖြတ်ချက်၊ တူညီသောကောက်ချက်ကို ရလာလေသည်။ ယင်းသို့သော ဆုံးဖြတ်ချက်များ၊ ကောက်ချက်များကို မော်စီတုန်းက "သိမြင်မှုအချက်အလက်များကို စုပေါင်းချုပ်ယူသော သမ္ဗုဟာအဆင့်"ဟု ခေါ်လေသည်။

အရာဝတ္ထုများကို သိမြင်ရာ၌ အပေါ်ယံသိမြင်ရုံမျှဖြင့်လည်း မလုံလောက်ပေ။ အပေါ်ယံသိမြင်ချက်သည် အမှန်တရားနှင့် လွဲတတ်ပေသည်။ တစ်ခါတစ်ရံ အပေါ်ယံအသွင်သဏ္ဌာန်ကောင်းသော်လည်း အတွင်းအနှစ်သာရ၌ မကောင်းသည့် အရာများ ရှိတတ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အရာဝတ္ထုများကို ကြည့်ရှုရာ၌ အပေါ်ယံသာမြင်ပြီး ဆုံးဖြတ်ချက်မချမိရန် အရေးကြီး၏။ ဥပမာအားဖြင့် ရုတ်တရက်ကြည့်လျှင် နေသည် များစွာသေးငယ်သော အရာဝတ္ထုတစ်ခုဟု ထင်မှတ်ရ၏။ ကာလကြာမြင့်စွာပင် လူတို့က နေသည်ငယ်သည်ဟု ထင်ခဲ့ကြ၏။ သို့ရာတွင် လေ့လာစူးစမ်းမှုများကို ပြုလုပ်ပြီးသည့်နောက်တွင်ကား၊ နေသည် အများထင်





သကဲ့သို့ သေးငယ်သောအရာတစ်ခုမဟုတ်ဘဲ များစွာကြီးမားသော အရာတစ်ခုဖြစ်ကြောင်းကို သိရှိလာခဲ့ကြ၏။ တစ်ဖန် ရုတ်တရက်ကြည့်လျှင် နေသည် ကမ္ဘာကြီးကို လှည့်ပတ်သွားလာနေသည်ဟု ထင်ရ၏။ သို့ရာတွင် တကယ် လက်တွေ့စူးစမ်းလေ့လာကြည့်သောအခါမှ ကမ္ဘာမြေကြီးကသာ နေကို လှည့်ပတ်သွားလာနေကြောင်းကို တွေ့ရှိလာရလေသည်။ သို့ဖြင့် အရာဝတ္ထုများကို လေ့လာရာတွင် အရာဝတ္ထုများကို ကြည့်ရှုလေ့လာရာ၌ အပေါ်ယံကို ကြည့်ရှု၍ ဆုံးဖြတ်ခြင်းမပြုရန် အရေးကြီးပေသည်။

ဒုတိယအချက်အားဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင်လည်း ကျွန်ုပ်တို့သည် တစ်ခုံတစ်ခုသော အရာဝတ္ထုများအား တစ်ပိုင်းတစ်စ သိမြင်ရသည့်မှုမှ စတင်ကာ၊ ထို့နောက်မှ အရာဝတ္ထုအားလုံး၏ ဖြစ်တည်မှု၊ ပြောင်းလဲမှု၊ အညမည ဆက်သွယ်မှုတို့နှင့် ပတ်သက်သည့် ယေဘုယျတရားများကို လေ့လာကြည့်ရှုပြီးမှ ဆုံးဖြတ်ချက်ချသင့်ပေသည်။ ဥပမာအားဖြင့် ဂြိုဟ်များသည် နေကို လှည့်ပတ်သွားလာနေသည်ဟူသော နေစကြဝဠာစနစ်၏ အဓိကအချက်ကြီးများကို လေ့လာပြီးသည့်နောက်၌ ကျွန်ုပ်တို့သည် ထိုနေစကြာဝဠာစနစ်၏ ဥပဒေများကို ယေဘုယျလေ့လာခြင်းမျိုးဖြစ်၏။ တဖန် ရေသည် အေးလာသောအခါ၌ ရေခဲအဖြစ်သို့ ရောက်ရှိသွားသည်ဟူသောအဖြစ်ကို သိရှိလာပြီးနောက်၌ ကျွန်ုပ်တို့သည် စူးစမ်းလေ့လာကြ၏။ ဤအဖြစ်အပျက်မှနေ၍ ရေခဲရခြင်းအကြောင်းမှာ အပူရှိန် အားပျော့သွားသောအခါတွင် ရေထဲ၌ ဖွဲ့စည်းထားသည့် ပရမာနုမြူများ၏လှုပ်ရှားမှုသည် အနေအထားပြောင်းသွား၍ ယင်းသို့ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟူသော ယေဘုယျဥပဒေသများကို တွေ့ရှိလာခဲ့ခြင်းဖြစ်၏။

သို့ဖြစ်ရာ စူးစမ်းလေ့လာမှုမှ ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် (ဝါ) တွေးဆချက်တစ်ရပ်မှ သဘောတရားတစ်ရပ်အဖြစ် ထူထောင်ရာ၌ ကျွန်ုပ်တို့သည် အဆင့်နှစ်ဆင့်ကို ကျော်ဖြတ်ရမည်ဖြစ်၏။ ပထမအဆင့်မှာ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်သည် အပေါ်ယံဆုံးဖြတ်ချက်တစ်ရပ်မဟုတ်ဘဲ လေးနက်သော ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ရမည်ဖြစ်၏။ ဒုတိယအဆင့်မှာ ထိုဆုံးဖြတ်ချက်ကို တည်၍ အရာဝတ္ထုများ၏ အတွင်း ဖွဲ့စည်းပေါင်းစပ်မှုများ၊ ၎င်းတို့၏ အကြောင်းတရားနှင့် အကျိုးတရားများ၊ တုံ့ပြန် လှုပ်ရှားမှုများ၊ အညမညဆက်စပ်မှုများ၊ ဥပဒေသများကို လေ့လာကာ သဘောတရားတစ်ရပ်ထူထောင်ရမည်ဖြစ်လေသည်။

တော်လှန်သောသဘောတရားနှင့်တော်လှန်သောလက်တွေ့

အရာဝတ္ထုများနှင့်ပတ်သက်၍ အပေါ်ယံဆုံးဖြတ်ချက်မှ လေးနက်သော ဆုံးဖြတ်ချက်သို့ ကူးပြောင်းခြင်း၊ အသွင်သဏ္ဍာန်အားဖြင့် လေ့လာမှုမှ အနှစ်သာရအားဖြင့် လေ့လာမှုသို့ ကူးပြောင်းခြင်း စသည့်ဖြစ်စဉ်သည် အရာဝတ္ထုတစ်ခုအား ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် စသဖြင့် အဆင့်ဆင့် တိုးတက်၍ သိလာခြင်းကို ဆိုလိုခြင်းဖြစ်၏။ ယင်းသို့သော အရည်အချင်းတိုးတက် ပြောင်းလဲမှုသည် ယေဘုယျအားဖြင့် တော်လှန်သော ပြောင်းလဲမှုတစ်ရပ်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထိုသို့ရရှိလာသော အသိဉာဏ်ပညာဖြင့် ပြောင်းလဲမှုတစ်ခုကို ပြုလုပ်နိုင်သောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့သည် အရာဝတ္ထုတစ်ခုကို အနှစ်သာရအားဖြင့် ကျေကျေညက်ညက် နားလည်သိရှိလာသောအခါ၌ ထိုအရာဝတ္ထုကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်လာနိုင်၏။ သို့ကိုင်တွယ်ပြီး နောက်ပြောင်းလဲမှုတစ်ခုကို ပြုလုပ်ကာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အသုံးပြုလာနိုင်ခဲ့၏။

ရှေးတုန်းက လူများသည် ဓာတုဗေဒဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အပေါ်ယံလောက်ကိုသာ သိခဲ့ကြ၏။ ထို့ကြောင့် ဓာတုဗေဒဖြစ်စဉ်များကို ကုန်လုပ်ရေးတွင် ထိရောက်စွာ စီမံအသုံးပြုနိုင်ခြင်း မရှိခဲ့ကြပေ။ သို့ရာတွင် ယခုခေတ်၌ ခေတ်သစ်ရူပဗေဒကို ကောင်းစွာသိရှိနားလည်ခဲ့ကြပြီဖြစ်၏။ ခေတ်သစ်ရူပဗေဒကို ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့ကြပြီဖြစ်၏။ သို့ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့ခြင်းကြောင့် ၎င်းတို့တွင် မည်သည့်ဒြပ်စင်များ ပါရှိသည်ကို သိရှိလာခဲ့ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဖြည့်စွမ်းရာ၌ ဒြပ်စင်အတုများကိုပင် ပြုလုပ်၍ အသုံးချလာနိုင်ခဲ့ကြ၏။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့သည် အဏုမြူမှုန်များကို ခွဲစိတ်ကာ အဏုမြူ ကို အသုံးချလာနိုင်ခဲ့ခြင်းဖြစ်၏။ ထိုသို့ဖြင့် ပလူတိုနီယန် အစရှိသော ဒြပ်များကိုပင် လူက ပြုလုပ်လာနိုင်ခဲ့ခြင်းဖြစ်လေသည်။

နောက်ထပ်ဥပမာ။ ။ ရှေးတုန်းက စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒီများ ပေါ်ပေါက်ခဲ့၏။ ၎င်းတို့က အလုပ်သမားလူတန်းစားလှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြသော်လည်း ၎င်းတို့သည် လူ့အဖွဲ့အစည်းများကို ပြောင်းလဲအောင် မလုပ်နိုင်ခဲ့ကြပေ။ သို့ရာတွင် မာ့က်စ်ဝါဒသဘောတရားကား လူမှုဖြစ်စဉ်များကို ထိုးထွင်းလေ့လာပြီးနောက် လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်လိုက်သော အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို ဖန်တီးခဲ့ကာ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်နိုင်ခဲ့၏။ ယင်းသို့





ပြုလုပ်နိုင်ခဲ့ခြင်းမှာ အပေါ်ယံ ဆုံးဖြတ်ချက်မှ လေးနက်သော ဆုံးဖြတ်ချက်သို့ ပြောင်းခြင်း၊ အသွင်သဏ္ဍာန်အားဖြင့် လေ့လာမှုမှ အနှစ်သာရအားဖြင့် လေ့လာမှုသို့ ပြောင်းခြင်း စသည့်အဆင့်ဆင့်သော သိမြင်မှုများကြောင့် ရရှိလာသည့် အသိဉာဏ်ပညာကြောင့်ဖြစ်လေသည်။

ထို့ကြောင့် သဘာဝနှင့် ပတ်သက်သော အသိဉာဏ်ပညာကိုဖြစ်စေ၊ လူ့အဖွဲ့အစည်းနှင့်ပတ်သက်သော အသိဉာဏ်ပညာကိုဖြစ်စေ၊ စဉ်းစားတွေးခေါ်ရာ၌ ထိုတွေးခေါ်မြော်မြင်မှုသည် အနှစ်သာရရှိသော တွေးခေါ်မြော်မြင်မှု၊ နက်ရှိုင်းသော တွေးခေါ်မှုဖြစ်ပါက ထိုတွေးခေါ်မြော်မြင်မှုမှ တော်လှန်သော ဖြစ်ပေါ်တိုးတက်မှု (ဝါ) တော်လှန်ရေးသည်လည်း ပေါ်ပေါက်လာရပေသည်။

ယင်းသို့သော လေးနက်သည့် အသိဉာဏ်ပညာသည် အချုပ်၌ လူမှုလက်တွေ့မှ ပေါ်ပေါက်လာခြင်းဖြစ်၏။ တော်လှန်သော လက်တွေ့မှ ပေါ်ပေါက်လာခြင်းဖြစ်၏။ တော်လှန်သောလက်တွေ့မရှိဘဲ တော်လှန်သော အသိဉာဏ်ပညာ မပေါ်ပေါက်နိုင်ပေ။ လက်တွေ့မရှိဘဲ အသိဉာဏ်ပညာကို မရနိုင်ပေ။ လက်တွေ့မရှိဘဲရသော အသိတရားကား တကယ့်အသိဉာဏ်ပညာမဟုတ်ဘဲ မှန်းဆချက်၊ တွေးဆချက်မျှသာ ဖြစ်လေသည်။ စစ်မှန်သော အသိဉာဏ်ပညာဟူသည် လက်တွေ့မှ ပေါ်ထွက်လာတာ လက်တွေ့၌ စမ်းသပ်စစ်ဆေးပြီးဖြစ်လေသည်။

တော်လှန်သော အသိဉာဏ်ပညာသည် တော်လှန်ရေးလက်တွေ့မှ ပေါ်ထွက်လာကာ တော်လှန်ရေးလက်တွေ့ဖြင့် စမ်းသပ်စစ်ဆေးပြီးဖြစ်ပေသည်။ ထိုမှတစ်ဆင့် အသိဉာဏ်ပညာသည် ခိုင်မာခြင်း၊ ကြွယ်ဝခြင်း၊ ပြည့်စုံခြင်းအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။ ဤသည်ကို မော်စီတုန်းက အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *"အသိဉာဏ်ပညာသည် လက်တွေ့မှ စတင်ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ သဘောတရားတစ်ရပ်အဖြစ်သို့ လက်တွေ့မှ ကူးပြောင်းထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ တစ်ဖန် ထိုသဘောတရားမှတစ်ဆင့် လက်တွေ့အဖြစ် ပြန်၍ဖြစ်ပေါ်လာပြန်ပေသည်။ သို့ဖြစ်ရာ အသိဉာဏ်ပညာကို သရုပ်ခွဲ၍ ကြည့်လိုက်သည်၌ ပထမ သိမြင်သောအသိဉာဏ်ပညာမှ တွေးခေါ်မြော်မြင်သော အသိဉာဏ်ပညာမှ တွေးခေါ်မြော်မြင်သော အသိဉာဏ်ပညာသို့ ကူးပြောင်းသည်။ တွေးခေါ်မြော်မြင်သော အသိဉာဏ်မှ တစ်ဖန်*

တော်လှန်သော လက်တွေ့သို့ ကူးပြောင်းလေသည်။ သို့ဖြစ်ရာ ကမ္ဘာလောကကြီး နိယာမတရားကို ကျွန်ုပ်တို့ သိနိုင်မြင်နိုင်စွမ်းရှိအောင် ပြုလုပ်ပေးမည့် အသိဉာဏ်ပညာကို ကမ္ဘာလောကကြီးအား ပြောင်းလဲအောင် ပြုလုပ်နေသည်။ လက်တွေ့ဘက်သို့ ရှေ့ရှုဦးတည်ပေးရမည်ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထိုအသိဉာဏ်ပညာကို ကုန်လုပ်ရေးလက်တွေ့ဘက်သို့လည်းကောင်း၊ တော်လှန်သော လူတန်းစားတိုက်ပွဲ လက်တွေ့ဘက်ကလည်းကောင်း၊ တော်လှန်သော လူတန်းစားတိုက်ပွဲ လက်တွေ့ဘက်ကလည်းကောင်း၊ တော်လှန်သော အမျိုးသားတိုက်ပွဲဘက်သို့လည်းကောင်း၊ သိပ္ပံပညာစမ်းသပ်မှုလက်တွေ့ဘက်သို့လည်းကောင်း ရှေ့ရှုဦးတည်ပေးရမည် ဖြစ်ပေသည်။ ဤကား သဘောတရားကို စမ်းသပ်စစ်ဆေးခြင်းဖြစ်ပေသည်။ ပြန့်ပွားတိုးတက်စေခြင်းလည်း ဖြစ်ပေသည်။ အသိဉာဏ်ပညာ၏ ဖြစ်စဉ်တစ်ရပ်လုံးကို ဆက်လက်သယ်ဆောင်ခြင်းလည်း ဖြစ်ပေသည်။''

သို့ဖြစ်ရာ အသိဉာဏ်ပညာကို အရာဝတ္ထုများအား သိမြင်သော အသိဉာဏ်ပညာအဖြစ်သို့ မြှင့်တင်ခြင်းလုပ်ငန်းသည် လူ၏ လက်တွေ့တွင်လည်းကောင်း၊ လူ၏ သဘာဝအား ပြောင်းလဲရာတွင်လည်းကောင်း တော်လှန်ရေး တစ်ရပ်ကို လုပ်ဆောင်သော လုပ်ငန်းဖြစ်ပေသည်။

အရာဝတ္ထုတို့၏ငင်းတို့အလိုအလျောက်တည်ရှိနေခြင်းတရား(အနတ္တတရား)

အသိဉာဏ်ပညာပေါ်ပေါက်ကြီးထွားလာခြင်းမှာ တကယ်ရှိ၊ အဟုတ်ရှိသော ဒိဋ္ဌကျသော ရုပ်ကမ္ဘာလောကကြီးကို လူ၏သိစိတ်ထဲတွင်ငင်း သစ္စာရှိစွာ မှန်ကန်စွာ အရောင်ရိုက်ခတ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းကို တွေ့ရပေသည်။

များစွာသော အဘိဓမ္မာပညာရှင်များက အသိဉာဏ်ပညာဟူသည် ပြင်ပအရာဝတ္ထုများကို ဒြပ်သဏ္ဌာန်များက ကျွန်ုပ်တို့စိတ်ထဲတွင် လာရောက်အရောင်ရိုက်ခတ်ခြင်းမျှသာ ဖြစ်သည်ဟုလည်းကောင်း၊ မိမိတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများ (ဝါ) အရာဝတ္ထုတို့၏ ငင်းတို့အလိုအလျောက် တည်ရှိနေခြင်း (ဝါ) အရာဝတ္ထုများ၏ ပြကတေ့သဘာဝတရားကို ကျွန်ုပ်တို့ မသိနိုင်





ဟုလည်းကောင်း ပြောတတ်ကြ၏။ ငင်းတို့အလိုအရ ကျွန်ုပ်တို့၏ သိစိတ်ထဲရှိ အခြေခံအသိဉာဏ်နှင့် ကျွန်ုပ်တို့သိစိတ်၏ ပြင်ပတွင် ဖြစ်တည်နေသော အရာဝတ္ထု (ဝါ) ငင်းတို့ဘာသာ သီးခြားတည်ရှိနေသော အရာဝတ္ထုများကြားထဲတွင် ဆက်စပ်၍မရနိုင်လောက် အောင် ကျယ်ပြန့်သော ကွာခြားချက်ကြီးတစ်ရပ်ရှိသည်ဟု ဆိုကြ၏။ ထိုမျှမက ကျွန်ုပ်တို့သည် ငင်းတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများ (Things in Themselves) ကို သိနိုင်သည်ဆိုသည့်အချက်ကို များစွာသော အဘိဓမ္မာပညာရှင်များက၊ ငြင်းဆိုကြရုံမျှမက ထိုအရာဝတ္ထုများသည်ပင်လျှင် တကယ်တည်ရှိခြင်းမရှိဟု ပြောဆိုကြသည်။

အမှန်မှာ ဤသို့ မဟုတ်ပေ။ ကျွန်ုပ်တို့သည် သိမှု၊ မြင်မှုအပေါ်တွင် အခြေခံတွေးခေါ်မြော်မြင်မှုများအရ ငင်းတို့ အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများအကြောင်းနှင့်ပတ်သက်၍ အသိဉာဏ်ပညာများကို ရရှိနေကြပေသည်။ ထို့ကြောင့် သူတို့ပြောသကဲ့သို့ ငင်းတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများနှင့် ကျွန်ုပ်တို့၏ မြင်မှု၊ သိမှုကြား၌ (ဝါ) ထိုအရာဝတ္ထုများ၏ ဒြပ်သဏ္ဌာန်များကြားတွင် ကြီးမားသော ကွာဟချက်ဟူ၍မရှိပေ။ ကျွန်ုပ်တို့သည် ငင်းတို့ အလိုအလျောက်တည်ရှိနေသော အရာဝတ္ထုများကို သိခြင်းမှာ ထိုအရာဝတ္ထုများက ကျွန်ုပ်တို့၏ရှေ့တွင်ပေါ်နေသော ဒြပ်သဏ္ဌာန်များမှတဆင့် သိမြင်ခြင်းဖြစ်ပေရာ ထိုဒြပ်သဏ္ဌာန်များကို လေ့လာသည်နှင့် အမျှ ငင်းတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများအကြောင်းကို ပိုမိုသိလာရခြင်းဖြစ်လေသည်။ ထို့ပြင် အရာဝတ္ထုများ၏ ဒြပ်သဏ္ဌာန်သည် အတွင်းအနှစ်သာရကို ဖော်ပြခြင်းဖြစ်သည့်အတွက် ဒြပ်သဏ္ဌာန်နှင့် အနှစ်သာရတို့၏ ကြားထဲတွင်လည်း ကြီးမားသော ကွာဟချက်ဟူ၍ မရှိပေ။ အရာဝတ္ထုတို့၏ အတွင်းအနှစ်သာရကို ဒြပ်သဏ္ဌာန်မှတဆင့်မဟုတ်ဘဲ မသိရှိနိုင်။ ဒြပ်သဏ္ဌာန်မှတစ်ဆင့်သာ အရာဝတ္ထုများ၏ အတွင်းအနှစ်သာရကို သိရှိနိုင်ပေသည်။ ထို့ကြောင့် ''အကြင်သူသည် အရာတစ်ခု၏ အရည်အချင်းများကို သိကြားအံ့၊ ထိုသူသည် ထိုအရာဝတ္ထုကို သိခြင်းမည်ပေသည်''ဟု အိန်ဂျယ်လ်စ်က ပြောခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လက်တွေ့အလုပ်နှင့် လေ့လာမှုတို့မှတစ်ဆင့် ငင်းတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများကို သိနိုင်ပေသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏အသိဉာဏ်ပညာဟူသမျှသည် ငင်းတို့ဘာသာ ငင်းတို့တည်ရှိနေသော အရာဝတ္ထုများအား သိမြင်သော အသိဉာဏ်ပညာသာဖြစ်၏။ ငင်းတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများသည် ကျွန်ုပ်တို့မသိနိုင်သော အရာ

များမဟုတ်မူ၍ ကျွန်ုပ်တို့သိနိုင်သောအရာများသာဖြစ်ပေသည်။ "၎င်းတို့အလိုအလျောက် တည်ရှိနေသော အရာဝတ္ထုများ (အနတ္တအရာ) သည် တကယ်တည်ရှိ၍ တကယ်လည်း သိနိုင်ကြောင်းဖြင့် ရုပ်ဝါဒသမားများက ခံယူပေသည်"ဟု လီနင်က ပြောခဲ့ပေသည်။ သို့ဖြစ်ရာ လောက၌ မသိနိုင်သောအရာဟူသည်မရှိပေ။ မသိသေးသောအရာဟူ၍သာ ရှိပေသည်။

အသိဉာဏ်ပညာသည်အတိုင်းအတာလည်းရှိ၍အတိုင်းအတာလည်းမရှိ

သို့ဖြစ်လျှင် လူ၏အသိဉာဏ်ပညာဟူသည် အတိုင်းအတာရှိသလော၊ သို့မဟုတ် အတိုင်းအတာမရှိဘူးလောဟူသောမေးခွန်း ပေါ်လာ၏။

လူ့လောက၏ တစ်စုံတစ်ခုသော ဖြစ်ပေါ်တိုးတက်မှုအဆင့်တစ်ခုအထိ အသိဉာဏ်ပညာ၏ နယ်ပယ်သည် ကောင်းစွာကျယ်ဝန်းခဲ့ခြင်းမရှိသေးဘဲ ကျဉ်းမြောင်းနေခဲ့၏။ သို့ရာတွင် လူ့လောက၏ ဖြစ်ပေါ်တိုးတက်မှုသည် တဖြည်းဖြည်း အဆင့်မြင့်လာသည်၌ အသိဉာဏ်ပညာသည် တဖြည်းဖြည်းကျယ်ဝန်းလာခဲ့၏။ အတွေ့အကြုံသစ်များသည် အတွေ့အကြုံဟောင်း၏ နယ်နိမိတ်များကို ချေဖျက်ပစ်လိုက်၏။ အသိဉာဏ်ပညာကို ရရာရကြောင်း နည်းလမ်းဟောင်းများကို ချေဖက်ပစ်လိုက်သော်လည်း အသိဉာဏ်ပညာ၏ နယ်နိမိတ်သစ်များသည် တစ်ဖန်ထပ်မံ၍ ပေါ်ပေါက်လာကြပြန်၏။ တစ်ဖန် ထိုနယ်နိမိတ်သစ်များကို ပို၍သစ်သော နယ်နိမိတ်များကို ချေဖျက်ပစ်လိုက်ကြပြန်၏။ ရှေးခေတ်က သဘာဝနှင့်ပတ်သက်၍ အသိဉာဏ်ပညာပေါ်လာခဲ့၏။ ထိုခေတ်၌ ထိုအသိဉာဏ်ပညာသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိသာရှိ၏။ နောက်ခေတ်သစ်တစ်ခု ပေါ်လာသောအခါ လူသည် သဘာဝကို ပို၍ သိလာ၏။ သို့ဖြင့် အသိဉာဏ်ပညာသစ်သည် နယ်နိမိတ်ကို ချဲ့လိုက်၏။ ဤ၌လည်း မရပ်သေးပေ။ အသိဉာဏ်ပညာသစ်သည် နောက်ထပ်တိုး၍ တိုး၍ ပွား၍ ပွား၍ နေပေသည်။ သို့ဖြင့် အသိဉာဏ်ပညာသည် နယ်နိမိတ်အတိုင်းအတာရှိသည်ဟုလည်းပြောနိုင်၏။ သို့ရာတွင် ၎င်းသည် ဆက်၍ဆက်၍ ပြန့်ပွားနေသဖြင့် နယ်နိမိတ်အတိုင်းအတာရှိသည်ဟုလည်း ပြောနိုင်ပေသည်။

ဥပမာအားဖြင့် ရှေးမြေရှင်ပဒေသရာဇ်ခေတ်ရှိ လူများအဖို့ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းနှင့် ၎င်း၏ ဥပဒေသများကို သိရှိရန်မဖြစ်နိုင်ပေ။ ၎င်းတို့၏ အသိဉာဏ်ပညာသည် ကျဉ်းမြောင်းသည့် နယ်နိမိတ်ကလေးအတွင်းမှာသာရှိ၏။ သို့ရာတွင် အရင်းရှင်လူ့အဖွဲ့အစည်းဟူ၍ ဖြစ်ပေါ်တိုးတက်လာသည့်အခါတွင်မူ ဆိုရှယ်လစ်ခံယူချက်၊ ဆိုရှယ်လစ်





ယုံကြည်မှုတို့ကို သိရှိနားလည်လာလေတော့သည်။

အလားတူပင် ခေတ်သစ်ပရမာဏုမြူပညာများ မထွန်းကားမီကဆိုလျှင် ကျွန်ုပ်တို့သည် အဏုမြူနှင့်ပတ်သက်သော အသိဉာဏ်ပညာမရှိခဲ့ကြသေးပေ။ ခေတ်သစ် ပရမာဏုမြူပညာ ပေါ်လာသည့်အချိန်ကျတော့မှ ရူပဗေဒနှင့်ပတ်သက်သော အသိဉာဏ်ပညာများကို ရရှိလာခဲ့ခြင်းဖြစ်ပေသည်။

ချုပ်အံ့။ ။

အသိဉာဏ်ပညာသည် လက်တွေ့မှ ပေါ်ပေါက်လာသည် တစ်ဖန် လက်တွေ့မှ ပေါ်ပေါက်လာသော အသိဉာဏ်ဖြင့်ပင် လက်တွေ့ကို ပြုလုပ်သည် အသိဉာဏ်ပညာတိုးတက်မှုတွင် တည်ဆဲအသိဉာဏ်ပညာနှင့် တည်ဆဲ လက်တွေ့များက တားဆီးထားသည်။ သို့ရာတွင် ထိုအတားအဆီးများမှ ကျော်လွှား၍မရသော အတားအဆီးများမဟုတ်ပေ။ ခြုံ၍ကြည့်လျှင် အသိဉာဏ်ပညာတွင် နယ်နိမိတ်ဟူ၍မရှိပေ။ မသိနိုင်သောအရာဝတ္ထုဟူ၍ မရှိပေ။ စကြဝဠာကြီးနှင့်ပတ်သက်၍ မသိနိုင်သောအရာဟူ၍လည်း မရှိပေ။ လောက၌ ဖော်ပြရှင်းလင်းသိမြင်နိုင်ခြင်း မပြုသောအရာဟူ၍ ဘာမျှမရှိပေ။

※ ※ ※

## အခန်း (၁၃)
## လိုအပ်မှုနှင့် လွတ်လပ်မှု

တွေးခေါ်မြော်မြင်သော အသိဉာဏ်သည် လိုအပ်မှုကို ဖော်ပြသည်။ မလွှဲမရှောင်သာ လိုအပ်သော အရာသည်လည်း ရှောင်တခင်ဖြစ်မှုမှ ပေါ်ပေါက်လာသည်။ အသိဉာဏ်ပညာကို ရရှိခြင်းကြောင့် ကျွန်ုပ်တို့၌ လွတ်လပ်မှုကို ရရှိလာသည်။ လွတ်လပ်မှုဟူသည် လွတ်လပ်မှုကို သိမြင်သော အသိဉာဏ်တရားတွင် အခြေခံ၍ ကျွန်ုပ်တို့၏ ကိုယ်နှင့် ပြင်ပသဘာဝကြီးအား ထိန်းချုပ်ခြင်းကို လွတ်လပ်မှုဟူ၍ခေါ်သည်။ ကျွန်ုပ်တို့၌ အသိဉာဏ်ပညာကို အခြေခံ၍ ကျွန်ုပ်တို့ဘာလုပ်ရမည်ကို ဆုံးဖြတ်ခြင်းပြုရာ၌ လွတ်လပ်မှုရှိသည်။

### လိုအပ်မှုနှင့် ရှောင်တခင်ဖြစ်မှု

အသိဉာဏ်ပညာသည် တဖြည်းဖြည်းနှင့် တွေးခေါ်မြော်မြင်သော အသိဉာဏ်ပညာဖြစ်လာသည်။ တွေးခေါ်မြော်မြင်သော အသိဉာဏ်ပညာသည် အရာဝတ္ထုများ၏ အတွင်းအနှစ်သာရနှင့် အတွင်းဆက်သွယ်မှုများကို သိမြင်နားလည်သည်။ ထိုအခါ၌ လူသည် လိုအပ်မှုကို သိရှိလာလေသည်။

သို့ဖြစ်လျှင် လိုအပ်မှုဆိုသည် အဘယ်နည်း။

သို့ဖြစ်လျှင် လိုအပ်မှုဆိုသည်မှာ ဘာလဲ။

အရာဝတ္ထုတစ်ခု၏ အဓိကကျသောသဘာဝသည် အခြားအသွင်လက္ခဏာကို ဆောင်ခြင်းမပြုဘဲ တစ်ခုတည်းသော အသွင်လက္ခဏာကို ဆောင်အံ့။ တစ်ဖန် ထိုအသွင်လက္ခဏာသည်လည်း အခြားနည်းလမ်းများဖြင့် မဟုတ်ဘဲ တစ်ခုတည်းသော





နည်းလမ်းဖြင့် ဖြစ်ပေါ်တိုးတက်လာအံ့ ၎င်းအသွင်လက္ခဏာနှင့် ၎င်းဖြစ်ပေါ်တိုးတက်မှုကို လိုအပ်မှုဟုခေါ်ပေသည်။

လိုအပ်မှုသည် အဓိကကျမှုနှင့် အမြဲဆက်စပ်လျက်ရှိ၏။ ကျွန်ုပ်တို့သည် အရာဝတ္ထုများ၏ အဓိကကျသော အသွင်လက္ခဏာများကိုလည်းကောင်း၊ ထိုအရာဝတ္ထုများ၏ အတွင်းဆက်သွယ်မှုများ၊ ဖြစ်ပေါ်တိုးတက်မှုတရားများကိုလည်းကောင်း၊ သိ၍နားလည်လာသည်နှင့် ထိုအရာဝတ္ထုများ၏ အကြောင်းချင်းတများကို ဖော်ပြလာနိုင်ကြ၏။ တွေးခေါ်စဉ်း စားလာနိုင်ကြ၏။ ထို့ကြောင့် ၎င်းတို့၏ လိုအပ်မှုကိုလည်း သိရှိလာနိုင်ကြလေသည်။

ရှင်းအံ့။ ။

သဘာဝသိပ္ပံပညာ၌ နယူတန်သည် စက်ယန္တရားများ၏အခြေခံဥပဒေသများကို တွေ့ရှိလာခဲ့၏။ သို့တွေ့ရှိလာခဲ့ခြင်းကြောင့် သဘာဝအသွင်သဏ္ဌာန်များအကြောင်းကိုလည်း ထိုဥပဒေသများအရ ရှာဖွေနားလည်ရန် လိုအပ်လာကြောင်းကို သိရှိလာခဲ့ရပေသည်။ နေစကြဝဠာစနစ်၏ အသွင်သဏ္ဌာန်များကို နားလည်ရန် လိုအပ်လာကြောင်းကို သိရှိနားလည်ခဲ့ကြ၏။ ဥပမာအားဖြင့် နက္ခတ်တာရာများသည် နေကို ရစ်ပတ်လှည့်လည်သွားလာနေကြောင်းကို ကက်ပလာဆိုသူက စတင်တွေ့ရှိခဲ့၏။ သို့ရာတွင် နက္ခတာရာများ ဘာကြောင့် ဤသို့ လှည့်ပတ်သွားလာနေရသည့်အကြောင်းကို ကက်ပလာ မသိခဲ့ပေ။ နယူတန်၏ လက်ထက်ကျမှသာ နက္ခတ်တာရာများသည် နေကို ယင်းသို့ ရစ်ပတ်လှည့်လည်သွားလာနေရန် လိုအပ်ကြောင်းကို တွေ့ရှိခဲ့ပေသည်။ သို့ဖြစ်ရာ နက္ခတ်တာရာများက နေကို လှည့်ပတ်သွားလာနေခြင်းမှာ ရှောင်တခင်ဖြစ်ခဲ့ခြင်းမဟုတ်ဘဲ ထိုနေစကြဝဠာစနစ်ကြီး၏ အဓိက သဘာဝအချင်းအရာဖြစ်နေသောကြောင့် ဖြစ်ပေသည်။ နေစကြဝဠာစနစ်ကြီး ဖြစ်ပေါ်ရေးအတွက် နက္ခတ်တာရာများသည် နေကို လှည့်ပတ်သွားလာရမည်ဖြစ်၏။ သို့လှည့်ပတ်သွားလာခြင်းမရှိဘဲ နေစကြဝဠာစနစ်ကြီး မတည်ရှိနိုင်ပေ။ ထို့ကြောင့် နက္ခတ်တာရာများ၏ သွားလာလှည့်ပတ်မှုသည် နေစကြဝဠာစနစ်၏ လိုအပ်ချက်ဖြစ်၏။ မရှိလျှင် မဖြစ်သောအရာဖြစ်၏။ ယင်းသို့မရှိလျှင် မဖြစ်သောအရာကို လိုအပ်မှုဟု ခေါ်ပေသည်။

ပိုမို၍ထင်ရှားအောင် လူမှုဘဝမှ ဥပမာတစ်ခုကို ဆောင်၍ရှင်းအံ့။

မြို့တိန်ပြည်၌ ဝါဏိဇ္ဇပဋိပက္ခများကို ဖြေရှင်းရာ၌ ပုလိပ်များသည် အလုပ်ရှင်ဘက်မှ ရပ်တည်၍ အမြဲတမ်း ဖြေရှင်းပေးလေ့ရှိကြ၏။ ယင်းသို့ ၎င်းတို့က အလုပ်ရှင်များဘက်မှ ဝင်ရောက်ကာကွယ်ပေးခြင်းမှာ ရှောင်တခင် မဟုတ်ပေ။ အရင်းရှင်နိုင်ငံ၌

ပုလိပ်များသည် အရင်းရှင်ဘက်မှ ရပ်တည်ရမည်သာဖြစ်၏။ ယင်းမှာ အရင်းရှင်လူ့အဖွဲ့အစည်း၏ သဘာဝဖြစ်၏။ အဓိကကျသော အသွင်လက္ခဏာဖြစ်၏။ ယင်းသို့ ပုလိပ်များက အလုပ်ရှင်ဘက်မှ ကာကွယ်ပေးခြင်း မရှိဘဲ အရင်းရှင်လူ့အဖွဲ့အစည်းသည် ရပ်တည်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် ဤသို့ ပုလိပ်အရာရှိများက အလုပ်ရှင်များဘက်မှ ဝင်ရောက်ကာကွယ်ပေးခြင်းသည် အရင်းရှင်လူ့အဖွဲ့အစည်းအရင်းရှင်စနစ်၏ လိုအပ်မှုပင်ဖြစ်၏။ မရှိမဖြစ်သောအရာဖြစ်၏။

သို့ရာတွင် အရာဝတ္ထုများ၌ မရှိမဖြစ်သော (ဝါ) လိုအပ်ချက်ရှိရမည်ဟု ဆိုလိုက်ခြင်းအားဖြင့် အရာဝတ္ထုတိုင်း၌ မရှိမဖြစ်သောအရာ (ဝါ) လိုအပ်ချက်ရှိရမည်ဟုရင်း ရှောင်တခင်ဖြစ်မှုများ မရှိဟုလည်းကောင်း၊ တစ်ဖက်သတ် မယူဆသင့်သည်ကို သတိမူသင့်သည်။ အချို့သောအရာဝတ္ထုများ၊ အဖြစ်အပျက်များတွင် မတော်တဆဖြစ်သော အသွင်လက္ခဏာများလည်း ရှိပေသေးသည်။ အချုပ်ကို ဆိုရလျှင် အရာဝတ္ထု၌ မရှိ မဖြစ်သော အသွင်လက္ခဏာ (ဝါ) လိုအပ်မှုလက္ခဏာများရှိသကဲ့သို့ မတော်တဆဖြစ်သော အသွင်လက္ခဏာများ၊ ရှောင်တခင်လက္ခဏာများလည်း ရှိပေသည်။

ရှင်းအံ့။

အရင်းရှင်တိုင်းပြည်များတွင် ပုလိပ်သည် မလွှဲမရှောင်သာဘဲ အရင်းရှင်လူတန်းစားကို အကျိုးပြုရ၏။ သို့ရာတွင် အပြာရောင် ယူနီဖောင်းကို မလွှဲမရှောင်သာဘဲ ဝတ်ဆင်ရသည်မဟုတ်ပေ။ အပြာရောင်ယူနီဖောင်းကို မဝတ်ဘဲ ကာကီရောင်ယူနီဖောင်းကို ဝတ်၍လည်း အရင်းရှင်လူတန်းစားကို အကျိုးပြုနိုင်သည်။ သို့မဟုတ် အခြားအရောင်ဖြစ်သော ယူနီဖောင်းကို ဝတ်၍လည်း အရင်းရှင်လူတန်းစားကို အကျိုးပြုနိုင်ပေသည်။ သို့ဖြစ်ရာ ဗြိတိသျှပုလိပ်က ယူနီဖောင်းအပြာကို ဝတ်ခြင်းမှာ မရှောင်မလွှဲသာသော အကြောင်းမဟုတ်ပေ။ ရှောင်တခင်ဖြစ်မှုသာဖြစ်၏။ တိုက်ဆိုင်မှုသာဖြစ်၏။

အလားတူပင် ကမ္ဘာမြေကြီးနှင့် နက္ခတ်တာရာများသည် နေကို လှည့်ပတ်သွားလာသည်ဟူသောအချက်သည် နေစကြာဠာစနစ်၏ မရှိမဖြစ်သော အချင်းအရာဖြစ်၏။ လိုအပ်ချက်ဖြစ်၏။ သို့ရာတွင် ကမ္ဘာမြေကြီးသည် ယခုလက်ရှိ အရွယ်ပမာဏအတိုင်း ရှိနေရခြင်းကား လိုအပ်ချက်ကြောင့်မဟုတ်၊ မရှိလျှင် မဖြစ်သောကြောင့်မဟုတ်၊ သူ့ဘာသာသူ ရှိနေခြင်းကြောင့်ဖြစ်၏။ ဤအရွယ် ဤပမာဏက ရှောင်တခင်ရှိလာခြင်းဖြစ်ပေ၏။

အရာဝတ္ထုများကို အပေါ်ယံအားဖြင့်သာ လေ့လာစူးစမ်းလျှင် အရာဝတ္ထုများ





သည် ရှောင်တခင်ဖြစ်ပေါ်လာကြသည်ဟု ထင်စရာရှိ၏။ သို့ရာတွင် လေးနက်စွာ လေ့လာစူးစမ်းလျှင်မူကား ၎င်းတို့ဖြစ်တည်နေကြခြင်းမှာ ရှောင်တခင်မဟုတ်ပေ။ မရှောင်မလွှဲသာဘဲ ရပ်တည်နေကြခြင်းဖြစ်၏။ လိုအပ်၍ တည်နေကြခြင်းဖြစ်၏။ ထို့ကြောင့် *"အပေါ်ယံမျက်နှာပြင်တွင် ရှောင်တခင်ဖြစ်မှုများကို မြင်ရသော်လည်း ထိုရှောင်တခင်ဖြစ်မှုများနောက်ကွယ်၌ ဖုံးကွယ်နေသော ဥပဒေသများရှိပေသည်။ ရှောင်တခင်ဖြစ်သည်ဟု ထင်ရသောအဖြစ်အပျက်များကို ဥပဒေသများက ချုပ်ကိုင်ထားလေသည်"*ဟု အိန်ဂျယ်လ်စ်က ပြောခဲ့ခြင်းဖြစ်လေသည်။

သို့သော်လည်း အချို့သောအရာဝတ္ထုများမှာ ရှောင်တခင်ဖြစ်ပေါ်လာကြခြင်းဖြစ်ပေသည်။ အရာဝတ္ထုများ၌ မရှိမဖြစ်သော အသွင်လက္ခဏာများသည် ရှောင်တခင်ပေါ်ပေါက်လာကြခြင်းဖြစ်၏။ ထို့နောက်မှ ရှောင်တခင်ဖြစ်မှုများ ထပ်မံပေါ်ပေါက်လာကာ ထိုရှောင်တခင်ဖြစ်မှုကို မလွှဲမရှောင်သာ ဖြစ်မှု (ဝါ) လိုအပ်မှုက ထိန်းချုပ်ထားခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ ဤနည်းအတိုင်းကြည့်လျှင် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုအစဉ်၌ အရင်းရှင်စနစ်ကို ဆိုရှယ်လစ်စနစ်ဖြင့် အစားထိုးခြင်းမှာ ရာဇဝင်လိုအပ်ချက်ဖြစ်၏။ သမိုင်းအရ ဖြစ်ပေါ်လာသော လိုအပ်ချက်ဖြစ်၏။ ထိုသို့ အစားထိုးရေးအတွက် မည်သည့်အချိန်တွင် တော်လှန်ပြောင်းလဲမှု ဖြစ်ပေါ်လာသည်ဆိုသည့်အချက်ကား အခြေအနေကို လိုက်၍ဖြစ်သော ရှောင်တခင်ဖြစ်မှုသာ ဖြစ်လေသည်။ သို့သော်လည်း ဤသို့ ရှောင်တခင်ဖြစ်မှုကို ဖြစ်စေသော အခြေအနေများကိုလည်း ရာဇဝင်လိုအပ်ချက် (ဝါ) သမိုင်းအရဖြစ်ပေါ်သောလိုအပ်ချက်က ထိန်းချုပ်ထားခြင်းဖြစ်ပေသည်။

သဘာဝ၌လည်း အလားတူပင်ဖြစ်၏။ ရုပ်၏ ဖြစ်ပေါ်တိုးတက်မှုသည် မရှောင်မလွှဲသာသော အချင်းအရာဖြစ်၏။ လိုအပ်ချက်ဖြစ်၏။ သို့ရာတွင် ရုပ်ဖြစ်ပေါ်တိုးတက်မှုသည် မည်သို့သောအဆင့်များအတိုင်း ဖြစ်ပေါ်လာသည်ဆိုသည့်အချက်ကား ရှောင်တခင်ဖြစ်မှုဖြစ်ပေသည်။

သို့ဖြစ်ရာ ရှောင်တခင်ဖြစ်မှုနှင့် မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်ချက်တို့သည် အပြန်အလှန်ဆက်သွယ်နေကြလေသည်။ ဤသည်ကို အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

> *"နေစကြဝဠာစနစ်သည် ပကတိအားဖြင့် အသွင်အမျိုးမျိုး ပြောင်းလဲလှုပ်ရှားမှုမှ ပေါ်ထွက်လာခြင်းဖြစ်၏။ တစ်ဖန် ထိုအသွင် အမျိုးမျိုးပြောင်းနေသော ပြောင်းလဲလှုပ်ရှားမှုသည်လည်း လှုပ်ရှား*

*ပြောင်းလဲနေသော ရုပ်အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်၏။ တစ်ဖန် ထိုလှုပ်ရှားပြောင်းလဲနေသော ရုပ်သည်လည်း ရုပ်အတွင်းမှ ရှောင်တခင် ထွက်ပေါ်လာခြင်းဖြစ်၏။ သို့ရာတွင် ထိုသို့ရှောင်တခင်ဖြစ်ပေါ်လာခြင်း သည်လည်း လိုအပ်မှုကြောင့် ထွက်ပေါ်လာရခြင်းဖြစ်ပေသည်။''*

ဤသည်မှာ ရှောင်တခင်ဖြစ်မှုနှင့် မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်ချက်တို့၏ ဆက်သွယ်နေကြပုံကို နေစကြာဝဠာစနစ်ဖြင့် ဥပမာဟပ်၍ပြခြင်းဖြစ်၏။ ၎င်းတို့၏ ဆက်သွယ်ပုံကို အိန်ဂျဲလ်စ်က သိစိတ်ဖြင့် ဥပမာဟပ်၍လည်း အောက်ပါအတိုင်း ပြောခဲ့သေး၏။

*''သိစိတ်သည် ရုပ်၏အမြင့်ဆုံးသော လှုပ်ရှားပြောင်းလဲမှုပုံ သဏ္ဌာန်ဖြစ်ပေသည်။ တွေးကြံတတ်သော သတ္တဝါများအဖြစ် ရောက်ရှိလာသည့် အသိဖြစ်စဉ်ကို ချိတက်ခြင်းမှာ ရုပ်၏ ပင်ကိုယ် သဘာဝပင် ဖြစ်ပေသည်။ ထို့ကြောင့် တွေးကြံတတ်သော သတ္တဝါ အဖြစ်သို့ ရောက်ရှိစေသော အခြေအနေများ ပြည့်စုံသည်နှင့်တစ်ပြိုင် နက် တွေးကြံတတ်သော သတ္တဝါဟူ၍လည်း မလွှဲမရှောင်သာ ဖြစ်ပေါ်လာလေတော့သည်။ ထို့ကြောင့် မရှောင်မလွှဲသာသော အချင်းအရာ (ဝါ) လိုအပ်မှုသည် ရှောင်တခင်ဖြစ်မှုများဖြင့် စုပေါင်း ဖွဲ့စည်းထားသောအရာဖြစ်၍ ထိုရှောင်တခင်ဖြစ်မှုများ၏ နောက်ကွယ် တွင်လည်း မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်ချက်သည် ပုန်းကွယ် တည်ရှိနေပေသည်။''*

ဤသည်မှာ မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်မှုနှင့် ရှောင်တခင်ဖြစ်မှုတို့ ဆက်သွယ်နေကြပုံနှင့်စပ်လျဉ်း၍ အိန်ဂျဲလ်စ်၏ ရေးသားချက်များဖြစ်၏။

## လူ၏လက်တွေ့အလုပ်စခန်းတွင်လိုအပ်မှုနှင့်လွတ်လပ်မှုတို့ပေါ်ပေါက်လာပုံ

အထက်၌ လိုအပ်မှု (ဝါ) မရှောင်မလွှဲသာဖြစ်မှုနှင့် ရှောင်တခင်ဖြစ်မှုတို့ ဆက်စပ်နေကြပုံကို ဖော်ပြခဲ့ပြီးဖြစ်၏။ လက်တွေ့အလုပ်စခန်းတွင် ၎င်းတို့ မည်သို့ ဝင်ရောက်လာပုံကို ယခုဖော်ပြပေအံ့။

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ လက်တွေ့လှုပ်ရှားဆောင်ရွက်ချက်များကို ပြုလုပ်ကြ၏။ ယင်းသို့ လက်တွေ့ပြုလုပ်ကြရာတွင် ကျွန်ုပ်တို့သည် လွတ်လပ်မှုရှိသလော၊ သို့မဟုတ် ကျွန်ုပ်တို့၏ စိတ်ဆန္ဒနှင့်ကင်းလွတ်၍ မရှောင်မလွှဲသာ လုပ်ကြရ





ခြင်းလော။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့စိတ်ပါမှ ပြုလုပ်သလော။ သို့မဟုတ် ကျွန်ုပ်တို့ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မရှောင်မလွှဲသာဘဲ ပြုလုပ်ကြရခြင်းလော။ ပြဿနာ ကို ယခု ဆက်လက်ဆွေးနွေးကြစို့။

မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှုနှင့် ရှောင်တခင်ဖြစ်မှုသည် ဖြောင့်ဖြောင့် ကြီး ဆန့်ကျင်သောအရာများဖြစ်ကြသဖြင့် ၎င်းတို့နှစ်ခုသည် ယှဉ်တွဲမတည်ရှိနိုင်။ တစ်ခုရှိလျှင် အခြားတစ်ခုမရှိနိုင်ဟု အချို့က ယူဆကြ၏။ အလားတူပင် မရှောင်မလွှဲသာ ဖြစ်မှု (ဝါ) လိုအပ်မှုနှင့် လွတ်လပ်မှုတို့သည်လည်း တစ်ခုနှင့်တစ်ခု ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသောအရာများဖြစ်ကြသဖြင့် ၎င်းတို့နှစ်ခုသည် အတူတကွ မတည်ရှိနိုင် ဟု ယူဆကြ၏။ အကြင်အရာဝတ္ထုတစ်ခုတွင် မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်မှု ရှိအံ့။ ထိုအရာဝတ္ထုတွင် လွတ်လပ်မှုရှိနိုင်တော့မည်မဟုတ်ဟု ၎င်းတို့က ပြောကြ၏။ တဖန် ကျွန်ုပ်တို့၌ လွတ်လွတ်လပ်လပ် ပြုလုပ်နိုင်လျှင် လိုအပ်မှု (ဝါ) မရှောင်မလွှဲသာ ဖြစ်မှုသည်လည်း မရှိနိုင်ဟု ၎င်းတို့က ပြောကြ၏။

သူတို့ပြောသည့်အတိုင်းသာမှန်ပါက လူ၏ လွတ်လပ်မှုဆိုသည်မှာ ရှိတော့ မည် မဟုတ်ပေ။ ကမ္ဘာလောကကြီးရှိ အခြားအရာဝတ္ထုများကဲ့သို့ပင် လူ၏ လှုပ်ရှား ဆောင်ရွက်မှုကို အကြောင်းတရားများက လွှမ်းမိုးလျက်ရှိ၏။ အကြောင်းတရားကြောင့် မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှုပေါ်ရ၏။ လိုအပ်မှုပေါ်သောကြောင့် အကျိုးတရား ပေါ်ရလေသည်။ သို့ဖြစ်ရာ သဘာဝတွင်၎င်း၊ လူ့အဖွဲ့အစည်းတွင်၎င်း လူသည် မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှုကြောင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြုလုပ်လာရ ၏။ မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှုနှင့် လွတ်လပ်မှုကိုလည်း တခြားစီခွဲထား၍ မရပေ။ မရရုံမျှမက မလွှဲမရှောင်ဖြစ်မှု (ဝါ) လိုအပ်မှုကြောင့် လွတ်လပ်မှုပေါ်ပေါက် လာရခြင်းဖြစ်၏။ လိုအပ်မှုသည် လွတ်လပ်မှုအတွက် မရှိမဖြစ်သောအရာ ဖြစ်လေ သည်။

သဘာဝ နိယာမတရားများနှင့် လူမှုဥပဒေသများသည် လူ၏ စိတ်ဆန္ဒနှင့် ကင်းလွတ်ဖြစ်ပေါ်လာကာ မောင်းနှင်လှုပ်ရှားနေကြ၏။ ထို့ကြောင့် ထိုနိယာမတရားများ၊ ဥပဒေသများမှ ပေါ်ထွက်လာသည့် မလွှဲမရှောင်သာဖြစ်မှုများ (ဝါ) လိုအပ်ချက်များသည် လည်း ကျွန်ုပ်တို့၏ စိတ်ဆန္ဒမှလည်းကောင်း၊ သိစိတ်မှလည်းကောင်း ကင်းလွတ်ဖြစ်ပေါ် နေကြ၏။ သို့ဖြစ်ရာ မည်သည့်အရာကို ကျွန်ုပ်တို့ ကြံစည်စိတ်ကူးသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ပြုလုပ်ချက် များ လှုပ်ရှားဆောင်ရွက်ချက်များကိုကား ယေဘုယျအားဖြင့် သဘာဝ နိယာမတရားများကသာ အဆုံးအဖြတ်ပြုပေသည်။ အထူးသဖြင့် ကျွန်ုပ်တို့

ပင်ကိုယ်သဘာဝ၏ နိယာမတရားများကသာ အဆုံးအဖြတ်ပြုပေသည်။ မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်မှုအရ အကျိုးတရားများသည်လည်း ပေါ်ထွက်လာရပေသည်။ ဤသည်ကို လီနင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *"လူသည် သဘာဝ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပေသည်။ သဘာဝ၏ မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှုသည် အဓိကဖြစ်၍ လူ၏ဆန္ဒ၊ လူ၏စိတ်သည် သာမညဖြစ်လေသည်။ ထို့ကြောင့် လူသည် မိမိ၏စိတ်ဆန္ဒကို သဘာဝနှင့် လိုက်လျော ညီထွေဖြစ်အောင် မလွှဲမရှောင်သာဘဲ လုပ်ဆောင်လာရလေသည်။"*

လူ၏လက်တွေ့အလုပ်နှင့် လူ၏အမူအကျင့်သည် တိရစ္ဆာန်၏ လက်တွေ့အလုပ်၊ တိရစ္ဆာန်၏ အမူအကျင့်နှင့်မတူပေ။ လူသည် ၎င်း၏ လူမှုလက်တွေ့အလုပ်စခန်းတွင် မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှု၏သဘောကို သိနားလည်လာရ၏။ ထိုအသိဖြင့် လူသည် အလုပ်လုပ်၏။ ထိုအသိဖြင့် သူ၏ စိတ်ကူးမျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖြစ်အောင် လက်တွေ့ပြုလုပ်၏။ ဤသို့ဖြင့် ကုန်လုပ်ရေးဖြစ်စဉ် ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ *"ကုန်လုပ်ရေးဖြစ်စဉ်၌ လူသည် မိမိခန္ဓာကိုယ်၏ သဘာဝအင်အားစုများကို လှုပ်ရှားပြီးနောက် မိမိလိုအပ်ချက်များကို ဖြည့်စွမ်းရန်အတွက် သဘာဝ၏ ထုတ်လုပ်မှုများနှင့် လိုက်လျောညီအောင် ကျင့်ဆောင်ပြုမူပေသည်"*ဟု မာ့က်စ်က ရေးခဲ့၏။

လူသည် တိရစ္ဆာန်နှင့်မတူပေ။ တိရစ္ဆာန်သည် သဘာဝအရ ဖြစ်ပေါ်လာသော အမူအကျင့်များအတိုင်း ပြုမူနေထိုင်၏။ ပတ်ဝန်းကျင်နှင့် လိုက်လျောအောင် နေထိုင်ရုံမျှမက ပတ်ဝန်းကျင်ကိုလည်း မိမိတို့အခြေအနေနှင့်ကိုက်ညီအောင် ပြုပြင်ဖန်တီးပေသည်။ မိမိ၏ စိတ်ဆန္ဒထဲတွင် ကိန်းအောင်းနေသည့် ရည်မှန်းချက်များ ပြည့်ဝအောင် ပြုလုပ်နိုင်ရန် လူသည် မိမိကိုယ်ကို မိမိ လွတ်လပ်အောင် အားထုတ်လေသည်။ သို့ဖြင့် လူသည် သူ့ကိုယ်ကိုလည်း ပြုပြင်ပြောင်းလဲ၍ သဘာဝကိုလည်း ပြုပြင်ပြောင်းလဲလေသည်။

ယင်းသို့ဖြင့် လူသည် သဘာဝကို အနိုင်ရလာခဲ့၏။ သို့ရာတွင် ဤသို့ဆိုလိုက်ခြင်းကြောင့် လူသည် သဘာဝနိယာမကရားများမှ၎င်း၊ သဘာဝ၏ မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်ချက်မှ၎င်း လွတ်ကင်းသွားပြီဟုဆိုလိုခြင်း မဟုတ်ပေ။ ယေဘုယျဆိုရလျှင် လူသည် သဘာဝနိယာမတရားများမှလည်းကောင်း၊ လူမှုဥပဒေသများမှလည်းကောင်း ကင်းလွတ်ခြင်းမရှိပေ။ သဘာဝနိယာမတရားများ၊ လူမှုဥပဒေသများနှင့်





ပတ်သက်၍ အသိဉာဏ် ပညာမရှိသေးသမျှကာလပတ်လုံး လူသည် လွတ်လပ်ခြင်းမရှိဘဲ ထိုတရားများ၏ ချယ်လှယ်မှုကို ခံရ၏။ သို့ရာတွင် ထိုတရားများနှင့် စပ်လျဉ်း၍ အသိဉာဏ်ပညာ ရရှိလာသောအခါ၌မူကား လူသည် မိမိလိုအပ်ချက်များ ဖြည့်စွမ်းရေးအတွက် အသိဉာဏ်ပညာကို အသုံးချလာသည်နှင့် လွတ်လပ်မှုသည်လည်း ဖြစ်ပေါ်လာလေတော့သည်။

သို့ကြောင့် မရှောင်မလွှဲသာဖြစ်မှု (ဝါ) လိုအပ်မှုသည် လွတ်လပ်မှုကို ပေါ်ပေါက်လာစေပေသည်။ တစ်နည်းဆိုရလျှင် လူသည် မိမိ၏လိုအပ်မှုကို သိရှိလာသည်တွင် ထိုလိုအပ်မှုအရ ပေါ်ပေါက်လာသော အခြေအနေများနှင့် လိုက်လျောညီစွာ ၎င်း၏ ဆုံးဖြတ်ချက်များကိုလည်း လွတ်လပ်စွာပြုလုပ်လာသည်ဟု ဆိုလိုပေသည်။

## အသိဉာဏ်ပညာသည်လူ၏လွတ်လပ်မှုကိုရရှိစေသည့်နည်းလမ်းဖြစ်သည်

လူသည် ဆာလောင်မွတ်သိပ်၏။ ထို့ကြောင့် အစာကို စား၏။ သို့ဖြစ်ရာ အစာစားခြင်းအမှုသည် ဆာလောင်ခြင်းအကြောင်းတရားကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။ ဤသို့ဆိုလျှင် လူ၏လုပ်ဆောင်ချက်များသည် လွတ်လပ်သည်ဟု ပြောနိုင်ပါဦးမည်လော။ လူ၏ လုပ်ဆောင်ချက်သည် မလွှဲမရှောင်သာဖြစ်မှု (ဝါ) လိုအပ်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သဖြင့် လွတ်လပ်သည်ဟု ဆိုနိုင်ပါဦးမည်လော။

ဤသို့ မေးစရာရှိပေသည်။

လူသည် တစ်စုံတစ်ခုသော အခြေအနေ၏ သားကောင်ဖြစ်၏။ ထုတ်ကုန်ဖြစ်၏။ သို့ရာတွင် ဤသို့ဆိုခြင်းကြောင့် လူသည်လွတ်လပ်သော သတ္တဝါတစ်ယောက် မဟုတ်ဟု မပြောနိုင်သေးပေ။

ကျွန်ုပ်တို့လုပ်သောအလုပ်တိုင်း၊ လှုပ်ရှားမှုတိုင်းတွင် စေ့ဆော်သော အကြောင်းတရားများ ရှိတတ်၏။ ထိုအကြောင်းတရားသည် ပြင်ပအကြောင်းတရားဖြစ်ပြီး ကျွန်ုပ်တို့စိတ်ဆန္ဒနှင့် ကင်းလွတ်၍ ကျွန်ုပ်တို့အား ပြုလုပ်ရန် စေ့ဆော်သော အကြောင်းတရားဖြစ်လျှင် ကျွန်ုပ်တို့၌ လွတ်လပ်မှုဟူ၍ မရှိတော့ချေ။ ထိုအကြောင်းတရားက ချုပ်ချယ်သည့်အတိုင်း လုပ်ဆောင်ကြရန်သာဖြစ်တော့၏။ ဥပမာ သင်သည် လူအုပ်ထဲတွင်ရောက်နေပြီး နောက်က နေ၍ တိုးလိုက်သဖြင့် သင်၏ရှေ့ကလူကိုလည်း သင်က ဖိ၍ တိုးလိုက်သည်ဆိုပါစို့၊ ဤဥပမာ၌ သင်သည် လွတ်လပ်စွာပြုမူရခြင်းမဟုတ်ပေ။ ပြင်ပအကြောင်းအရာတစ်ခုက စေ့ဆော်တိုက်တွန်းသဖြင့် မလွှဲမရှောင်သာလုပ်ရခြင်းဖြစ်၏။ ထို့ကြောင့် ၎င်းကို လွတ်လပ်မှုဟု မခေါ်နိုင်ပေ။

တစ်ဖန် သင်သည် ရုပ်ရှင်ကြည့်လိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ရုပ်ရှင်သွား၍ကြည့်၏။ သင် ရုပ်ရှင်သွား၍ကြည့်ခြင်းသည် သင်စိတ်ဆန္ဒဖြစ်ပေါ်၍သာဖြစ်၏။ ထို့ကြောင့် ရုတ်တရက်ကြည့်လျှင် ၎င်းသည် လွတ်လပ်မှုဟု ထင်စရာရှိ၏။ အဘယ့်ကြောင့်ဆိုသော် သင်ရုပ်ရှင်ကြည့်ခြင်းမှာ ပြင်ပအကြောင်းတရားတစ်ခုက တိုက်တွန်းစေ့ဆော်၍မဟုတ်ဘဲ သင်၏စိတ်ဆန္ဒ၌ ဖြစပေါ်လာသောကြောင့်ဖြစ်၏။ သို့ရာတွင် ထိုရုပ်ရှင်ကြည့်လိုသောစိတ်ဆန္ဒသည် ဘယ်က ပေါ်လာသလဲ။ ထိုစိတ်ဆန္ဒသည် ကျွန်ုပ်တို့၏စိတ်ကို ဖန်တီးနေသော ပြင်ပအကြောင်းတရားများကြောင့် ပေါ်လာခြင်းဖြစ်လျှင် ၎င်းကိုလည်း လွတ်လပ်မှုဟူ၍ မခေါ်နိုင်သေးပေ။

သို့ဖြစ်လျှင် လွတ်လပ်မှုဆိုတာ ဘာလဲ။

သင်သည် သင်၏ဆောင်ရွက်လုပ်ရှားမှု၏ အကျိုးတရားကို သိသော အသိဉာဏ်ပညာရှိအံ့။ ထို့ပြင် သင်၏စိတ်ထဲတွင် လွတ်လပ်စွာပေါ်လာသော စိတ်ကူးတစ်ခုကို ပြီးမြောက်အောင် မည်သို့လုပ်ရမည်ကိုသိသော အသိဉာဏ်ပညာရှိအံ့။ တစ်ဖန် ထိုအသိဉာဏ်ကြောင့် စိတ်ဆန္ဒပေါ်ထွက်လာက ထိုစိတ်ဆန္ဒအတိုင်း ပြုလုပ်အံ့။ ၎င်းကို လွတ်လပ်မှုဟု ခေါ်ပေသည်။

ဥဒါဟရဏ်ဆောင်အံ့။ သင်၏ ဆောင်ရွက်လှုပ်ရှားမှုဖြစ်သည့် ရုပ်ရှင်ရုံသို့သွားခြင်းကြောင့်၊ ရုပ်ရှင်ရုံသို့ရောက်မည်ကို သင်သိအံ့။ ထို့ပြင် ယင်းသို့ ရုပ်ရှင်ရုံသို့သွားလိုသော စိတ်ဆန္ဒပြည့်ဝအောင် မည်သို့သွားရမည်ကို သိငြားအံ့။ တစ်ဖန် ထိုသို့ သိခြင်းကြောင့် ရုပ်ရှင်ရုံသို့သွားလိုသောဆန္ဒ ဖြစ်ပေါ်လာက၊ ထိုဆန္ဒအတိုင်း ရုပ်ရှင်ရုံ သို့သွားအံ့။ ၎င်းကို လွတ်လပ်မှုဟု ခေါ်ပေသည်။

သို့ဖြစ်ရာ လူသည် လွတ်လပ်မှုကို ရရှိရန်အတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ လူ့အသိဉာဏ်ပညာရှိရန်လို၏။ ဤသည်ကို အိန်ဂျဲလ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

> *“သဘာဝနိယာမတရားများ၏ စိုးမိုးခြယ်လှယ်မှုမှ လွတ်ကင်းအောင် စိတ်ကူးကြံဆနေခြင်းကို လွတ်လပ်မှုဟု မခေါ်နိုင်ပေ။ လွတ်လပ်မှုဆိုသည်မှာ သဘာဝနိယာမတရားများနှင့် ပတ်သက်၍ အသိဉာဏ်ပညာရရှိခြင်း၊ တစ်စုံတစ်ခုသော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ထိုနိယာမတရားများကို စနစ်တကျ မည်သို့မည်ပုံ အသုံးချရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍ အသိဉာဏ်ပညာရှိခြင်းကို ခေါ်ပေသည်။ ဤသည်မှာ လူနှင့်သဘာဝဆက်ဆံရေးတွင်*





> *ပေါ်ပေါက်လာသော လွတ်လပ်မှုဟု အဓိပ္ပာယ်ဖြစ်ပေသည်။ စိတ်ဆန္ဒ၏ လွတ်လပ်မှုဟူသည်ကား မိမိပြုလုပ်မည့်အကြောင်း အရာနှင့် စပ်လျဉ်း၍ တကယ်သိသော အသိဉာဏ်ပညာကို ရရှိလျက် ထိုအသိဉာဏ်ပညာဖြင့် ပြုလုပ်ရန် ဆုံးဖြတ်ခြင်းကို ခေါ်ပေသည်။ ထို့ကြောင့် လွတ်လပ်မှု ဟူသည်ကား သဘာဝလိုအပ်ချက်များ (ဝါ) မရှောင်မလွှဲသာဖြစ်မှုများကိုသိသော အသိဉာဏ်ပညာကို အခြေခံလျက် မိမိကိုယ်ကိုမိမိ ထိန်းချုပ်ခြင်း၊ ပြင်ပသဘာဝအင်အားစုများကို ထိန်းချုပ်ခြင်းပင်ဖြစ်ပေသည်။”*

ချုပ်အံ့။

လိုအပ်မှု (ဝါ) မလွှဲမရှောင်သာသာမှုကို သိသော အသိဉာဏ်ပညာကို အခြေခံလျက် မိမိကိုယ်ကိုမိမိ ထိန်းချုပ်ခြင်း၊ ပြင်ပသဘာဝကို ထိန်းချုပ်ခြင်းကို လွတ်လပ်မှုဟု ခေါ်ပေသည်။

※ ※ ※

## အခန်း (၁၄)
## လွတ်လပ်မှုရရှိလာပုံ

လူသည် မွေးကတည်းက လွတ်လပ်လာသည်မဟုတ်။ နောက်ကျမှ တဖြည်း ဖြည်း လွတ်လပ်မှုကို ရရှိလာခြင်းဖြစ်သည်။ သဘာဝကို အောင်နိုင်ရန် တိုက်ပွဲဆင်ခြင်း ဖြင့်လည်းကောင်း၊ လူတန်းစားတိုက်ပွဲကို ဆင်နွှဲခြင်းဖြင့်၎င်း၊ လွတ်လပ်မှုကို ရရှိလာခြင်း ဖြစ်သည်။ လူတန်းစားလူ့အဖွဲ့အစည်း၌ လူတန်းစားအသီးသီး၏ လွတ်လပ်မှု၊ လူတန်းစားများ၏ လွတ်လပ်မှုကို ချုပ်ချယ်မှု စသည်တို့သည် လူတန်းစားများ၏ ရည်ရွယ်ချက်များ၊ အနေအထားများကိုလိုက်၍ ကွဲပြားခြားနားကြသည်။ လွတ်လပ်မှုတိုက်ပွဲဟူသည် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရန်အတွက် ဆင်နွှဲသော ပြည်သူများ၏ တိုက်ပွဲကို ခေါ်ခြင်းဖြစ်သည်။ လူ့လောကကြီးသည် တိရစ္ဆာန်ဖြစ်တည်မှုအခြေ အနေများမှ တစ်စတစ်စ ဖြစ်ပေါ်တိုးတက်ခဲ့ပြီးနောက် လွတ်လပ်မှုရရှိရေးလမ်းကြောင်းအတိုင်း တစ်ရံမလပ် ချီတက်လာခဲ့သည်။ သို့ဖြင့် ကွန်မြူနစ်လူ့အဖွဲ့အစည်းသို့ ရှေ့ရှုလျက်ရှိသည်။ လွတ်လပ်မှု၏ တရွေ့ရွေ့ပြောင်းလဲသော ဖြစ်စဉ်အဆင့်များကို ကိုယ်ကျင့်တရား၏ တရွေ့ရွေ့ပြောင်းလဲသော ဖြစ်စဉ်များ၏ အဆင့်များဟုလည်း ခေါ်ပေသည်။

### လွတ်လပ်မှုရရှိလာပုံ

လွတ်လပ်မှုဟူသည် စိတ်၏အရည်အချင်းတစ်ခုဖြစ်သည်ဟုလည်းကောင်း၊ ထာဝရဘုရားသခင်က လူအားပေးသနားတော်မူသည့်အရာဖြစ်သည်ဟုလည်းကောင်း၊





သဘာဝက လူကို ပေးလိုက်သော သဘာဝ၏လက်ဆောင်ဖြစ်သည်ဟုလည်းကောင်း အချို့က ပြောကြ၏။ အမှန်မှာ ဤသို့မဟုတ်ပေ။ လွတ်လပ်မှုသည် နောက်မှ တဖြည်းဖြည်း ရရှိသောအရာဖြစ်၏။ လူ၏ လူမှုလှုပ်ရှားဆောင်ရွက်ချက်ခေတ်ကာ တစ်လျှောက်၌ တစ်စတစ်စ ရရှိလာခဲ့သော အရာသာဖြစ်၏။

ပြင်သစ်စာရေးဆရာကြီး ရှုဆိုးက ၎င်း၏ "လူမှုပဋိညာဉ်ကျမ်း"၌ လူသည် မွေးကတည်းက လွတ်လပ်စွာ မွေးလာခြင်းဖြစ်သည်ဟု ရေးခဲ့၏။ အမှန်မှာ လူသည် မွေးကတည်းက လွတ်လပ်သည်မဟုတ်ပေ။ လူသည် မွေးကတည်းက အချုပ်အနှောင်ဖြင့် မွေးလာရခြင်းဖြစ်၏။ မိမိ၏ စိတ်ဆန္ဒနှင့် ကင်းလွတ်နေသော ပတ်ဝန်းကျင်အခြေအနေများ၏ အဆုံးအဖြတ်ပြုခြင်းကိုခံရသော သတ္တဝါတစ်ယောက်အနေဖြင့် မွေးလာခြင်းဖြစ်၏။ မွေးလာပြီးနောက် လူသည် ပေါင်းသင်းဆက်ဆံခြင်းအမှုကို ပြုလာရ၏။ လူမှုဘဝ၏ ဖြစ်ပေါ်တိုးတက်မှုဥပဒေသများကို ကြုံတွေ့လာရ၏။ လူမှုလက်တွေ့အလုပ်များကို ပြုလုပ်လာရ၏။ သို့ဖြင့် လူသည် လွတ်လပ်လာခြင်းဖြစ်ပေသည်။ လူသည် ပြင်ပသဘာဝကို တွန်းလှန်တိုက်ခိုက်ရင်းဖြင့်လည်းကောင်း၊ လူတန်းစားတိုက်ပွဲကို ဆင်နွှဲရင်းဖြင့်လည်းကောင်း၊ မိမိအသက်ရှင်နေရေးတိုက်ပွဲကို တိုက်ရင်းဖြင့်၎င်း၊ တဖြည်းဖြည်း လွတ်လပ်မှုကို ဖန်တီးရရှိလာခဲ့ခြင်းဖြစ်၏။ သို့ဖြစ်ရာ လူသည် မိမိပြုလုပ်ဖန်တီးနိုင်သည့် အရည်အချင်းရှိသလောက်သာ လွတ်လပ်မှုကို ရရှိပေသည်။

အချို့သော တက္ကဗေဒပညာရှင်များက လူ၌ လုံးဝလွတ်လပ်ခြင်းနှင့် လုံးဝမလွတ်လပ်ခြင်းဟူ၍ နှစ်ခုသာရှိသည်ဟု ဆိုကြ၏။ သူတို့၏ အယူအဆကား "မရှိလုံးလုံး–ရှိလုံးလုံး" အယူအဆဖြစ်၏။ အမှန်က ဤသို့မဟုတ်ပေ။ လူ၌ လွတ်လပ်သောသမိုင်းလည်းရှိ၍ မလွတ်လပ်သော သမိုင်းလည်း ရှိပေသည်။ အချို့နေရာ၌ လူသည် လွတ်လပ်မှုရှိ၍ အချို့နေရာများတွင် လူသည် လွတ်လပ်မှုမရှိပေ။

အချို့ကလည်း စိတ်ဆန္ဒသည် မည်သည့်အရာ၏ ဆုံးဖြတ်ပြဋ္ဌာန်းခြင်းကိုမျှ မခံ၊ ၎င်း၏အလိုအလျောက် လွတ်လပ်စွာပြုလုပ်သည်ဟုဆို၏။ ဤလိုအယူအဆမျိုးကို စိတ်သာပဓာနဝါဒဟုခေါ်၏။ အချို့ကလည်း စိတ်သည် အရာရာ၏ ဆုံးဖြတ်ပြဋ္ဌာန်းခြင်းကို ခံရသောအရာဖြစ်သည်ဟု ဆိုကြ၏။ ဤသည်ကို ရုပ်သာပဓာနဟု ခေါ်၏။ မာ့က်စ်ဝါဒသည် ရုပ်ပဓာနဝါဒကို ထောက်ခံပေသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ဆောင်ချက်ပိုင်း၌ စေ့ဆော်တိုက်တွန်းသော အကြောင်းတရားရှိသောကြောင့် ဖြစ်ပေသည်။ သို့ရာတွင် ဤနေရာ၌ ဆွေးနွေးလိုသည့်အချက်ကား စိတ်ပဓာနလား၊ ရုပ်ပဓါနားဟူသောအချက်မဟုတ်ပေ။ (လုပ်ဆောင်ချက်ဟူသည် တစ်စုံတစ်ခုသော အကြောင်း

*တရား၏ စေ့ဆော်တိုက်တွန်းမှုကြောင့်သာ ဖြစ်ကြောင်းမှာလည်း ဘာမျှ သံသယရှိစရာ မလိုသော အချက်ဖြစ်ပေ၏။)* ဆွေးနွေးလိုသော ပြဿနာကား စိတ်သည် မည်သို့ မည်ပုံ ဆုံးဖြတ်ပြဋ္ဌာန်းခံရသည်၊ ဘယ်အရာများက ဆုံးဖြတ်ပြဋ္ဌာန်းနေသည်ဆိုသည့် အချက်ကိုသာ ဆွေးနွေးလို၏။

အမှန်တွင် စိတ်သည် ပြင်ပအကြောင်းတရားများ၏ ဆုံးဖြတ်ပြဋ္ဌာန်းခြင်းကို ခံရပေသည်။ ကျွန်ုပ်တို့၏ လိုအပ်ချက်များကို သိနားလည်သော ကျွန်ုပ်တို့အသိဉာဏ်ပညာ၏ ဆုံးဖြတ်ပြဋ္ဌာန်းခြင်းကို ခံရပေသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့ ဘယ်အတိုင်းအတာအထိ လွတ်လပ်သည်၊ မလွတ်လပ်ဘူးဆိုသည့်အချက်ကား ကျွန်ုပ်တို့၏ အသိဉာဏ်ပညာပေါ်တွင် အခြေတည်၍ ကျွန်ုပ်တို့ ဘယ်လောက်ဆုံးဖြတ်လုပ်ဆောင်နိုင်သည့် အချက်ပေါ်တွင် တည်ပေသည်။

## တသီးပုဂ္ဂလလွတ်လပ်မှုနှင့်လူ့အဖွဲ့အစည်းအတွင်းလွတ်လပ်မှု

လွတ်လပ်မှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်က မိမိ၏ရည်ရွယ်ချက်အောင်မြင်ရေးအတွက် အကောင်အထည်ဖော်သော အရာတစ်ခုဖြစ်၏။ လူ့အဖွဲ့အစည်း၏ လွတ်လပ်မှု၊ လူ့လောက၏ လွတ်လပ်မှုဆိုသည်မှာ တကယ်အမှန်ရှိသောအရာမဟုတ်ပေ။ လောက၌ တသီးပုဂ္ဂလ၏ လွတ်လပ်မှု၊ လူပုဂ္ဂိုလ်တစ်စုံတယောက်၏ လွတ်လပ်မှုဟူ၍သာ ရှိပေသည်။

၁။ လူပုဂ္ဂိုလ်တစ်စုံတယောက် (ဝါ) တသီးပုဂ္ဂလတစ်ဦးသည် မိမိ၏ လွတ်လပ်မှုကို လူ့အဖွဲ့အစည်းအတွင်းမှာသာ ပြုလုပ်၍ရ၏။ လွတ်လပ်မှုရရှိအောင် လူတွင် အသိဉာဏ်ပညာရှိရ၏။ ထိုအသိဉာဏ်ပညာကို လူမှုပေါင်းသင်းဆက်ဆံရေးမှ သာ ရနိုင်ပေသည်။ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ လွတ်လပ်မှုသည် ထိုပုဂ္ဂိုလ်နေထိုင်သော လူ့အဖွဲ့အစည်းမှသာ ရရှိနိုင်၏။ လူ့အဖွဲ့အစည်းက ထိုလူပုဂ္ဂိုလ်အားပေးသော အထောက်အကူ၊ လူ့အဖွဲ့အစည်းက ထိုလူပုဂ္ဂိုလ်အားပေးသော ပညာရေးအပေါ်တွင် တည်၏။ ထိုလူပုဂ္ဂိုလ်က အခြားလူများနှင့် ဘယ်လောက်ပူးပေါင်းဆက်ဆံရောနှောသလဲဆိုသည့် အချက်ပေါ်တွင် တည်၏။

၂။ ထို့ကြောင့် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက် (ဝါ) တသီးပုဂ္ဂလတစ်ဦးသည် သူနေထိုင်သည့် လူ့အဖွဲ့အစည်းက ခွင့်ပြုသည့် အတိုင်းအတာအထိသာ လွတ်လပ်မှုကို ရရှိ၏။ ထို့ကြောင့် လူပုဂ္ဂိုလ်များ (ဝါ) တသီးပုဂ္ဂလများသည် တစ်ဦးကို တစ်ဦး စုပေါင်းခြင်းဖြင့်သော်လည်းကောင်း၊ တစ်ဦးကို တစ်ဦး ဆန့်ကျင်ကြခြင်းဖြင့်သော်





လည်းကောင်း၊ ပိုမိုအဆင့်မြင့်သော လွတ်လပ်မှုကို ရရှိရန် ရုန်းကန်လှုပ်ရှားကြခြင်းဖြစ်၏။

## လွတ်လပ်မှုတိုက်ပွဲ

ရှေးဟောင်းလူ့အဖွဲ့အစည်းတုန်းကလူများသည် သဘာဝကို မနိုင်နင်းကြသေးပေ။ ထို့ကြောင့် ၎င်းတို့၏ လွတ်လပ်မှုအတိုင်းအတာသည်လည်း များစွာကျဉ်းမြောင်းနေသေး၏။ ထိုခေတ်ကလူများသည် ပြင်ပသဘာဝကြီးပြုသမျှ နုရသည့်အခြေ၌သာ ရှိခဲ့ကြ၏။ လူသည် တိရစ္ဆာန်များကဲ့သို့ပင် ပြင်ပရုပ်အကြောင်း တရားများက ပြဋ္ဌာန်းဆုံးဖြတ်ခံရသည့်အတိုင်း လူရိုင်းအဆင့်တွင်သာ ရှိခဲ့ကြ၏။

နောက်တွင် လူ၏ ယဉ်ကျေးမှုသည် တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာခဲ့၏။ ထို့ကြောင့် လူက သဘာဝကို အောင်နိုင်လွှမ်းမိုးမှုသည်လည်း တိုးတက်လာခဲ့လေသည်။ ဤသည်နှင့်တစ်ပြိုင်တည်းမှာပင် ထိုခေတ်က လူများ၏ လွတ်လပ်မှုအတိုင်းအတာသည်လည်း တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့၏။ သို့ရာတွင် ယဉ်ကျေးမှုတိုးတက်လာသည်နှင့်အမျှ ကျယ်ပြန့်လာသော လွတ်လပ်မှုကို ကန့်သတ်ချုပ်ချယ်သည့် ကန့်သတ်ချက်အသစ်များလည်း ထပ်မံပေါ်ပေါက်လာကြပြန်၏။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းများ၌ ပြည်သူများ၏ လွတ်လပ်မှုကို လူမှုအခြေအနေများက ကန့်သတ်ချုပ်လာခဲ့ကြ၏။ အထူးသဖြင့် လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုကို ချုပ်ချယ်လာခဲ့၏။ သို့ဖြစ်ရာ လူက သဘာဝကိုအောင်နိုင်သည်နှင့်အမျှ လူ၏လွတ်လပ်မှုအတိုင်းအတာသည် ကျယ်ပြန့်လာသည်မှန်သော်လည်း လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုကို ဖိနှိပ်ချုပ်ချယ်သော လူတန်းစားဖိနှိပ်မှုဟူ၍ ပေါ်ပေါက်လာပြန်လေသည်။ ပြည်သူများသည် အဖိနှိပ်ခံရကာ လူ့အဖွဲ့အစည်းရှိ အသိဉာဏ်ပညာနှင့် စွမ်းအားများကို ၎င်းတို့၏ အကျိုးစီးပွားအတွက် အသုံးပြုရန် အခွင့်အရေးကို ရုတ်သိမ်းပိတ်ပင်ခြင်း ခံနေကြရပြန်ပေသည်။

ဥပမာအားဖြင့် အရင်းရှင်တိုင်းပြည်များတွင် လူငယ်များသည် ကိုလိုနီစစ်ပွဲများကို ဝင်ရောက်တိုက်ခိုက်နေကြရ၏။ ဤသည်မှာ ကိုလိုနီပြည်သူများ၏ လွတ်လပ်မှုကို ချုပ်ချယ်ခြင်းသာမက အရင်းရှင်တိုင်းပြည်များရှိ လူငယ်များ၏ လွတ်လပ်မှုကိုလည်း ချုပ်ချယ်ခြင်းဖြစ်ပေသည်။ ဤသည်မှာ လူ၏လွတ်လပ်မှုကို ချုပ်ချယ်သောသာဓကတစ်ရပ်ဖြစ်၏။

လူ၏ လွတ်လပ်မှုဆိုသည်ကား အဘယ်နည်း။

မိမိ၏ စီးပွားရေးလှုပ်ရှားဆောင်ရွက်ချက်၊ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ချက်

စသည့် မည်သည့်လုပ်ရှားဆောင်ရွက်ချက်၌မဆို ပြင်ပမှ စေ့ဆော်တိုက်တွန်းမှုတစ်စုံတစ်ရာမပါဘဲ မိမိ၏ အကျိုးစီးပွား၊ မိမိ၏ လိုအပ်ချက်များနှင့် မဆန့်ကျင်ဘဲ တွေးခေါ်နိုင်ခြင်း၊ ပြုလုပ်နိုင်ခြင်းကို လွတ်လပ်မှုဟု ခေါ်ပေသည်။

များစွာသော တက္ကဗေဒဂိုဏ်းဝင် အဘိဓမ္မာပညာရှင်များက စိတ်၏လွတ်လပ်မှုဆိုသည့်အရာနှင့် စီးပွားရေးလွတ်လပ်မှု၊ နိုင်ငံရေးလွတ်လပ်မှု စသည်တို့ကို တမင်ခွဲခြား၍ ပစ်တတ်ကြ၏။ မာ့က်စ်ဝါဒက ဤသို့မယူဆပေ။ အမှန်အားဖြင့် စိတ်၏လွတ်လပ်မှုပြဿနာနှင့် စီးပွားရေး၊ နိုင်ငံရေးလွတ်လပ်မှုပြဿနာတို့သည် သီးခြားသော ပြဿနာများ မဟုတ်ကြမူ၍ လူ့လွတ်လပ်ခွင့်တိုက်ပွဲပြဿနာတွင် အကျုံးဝင်နေသည့် ဘက်နှစ်ဘက်သာ ဖြစ်ကြပေသည်။ လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ဦးအား သွေးစုတ်ချယ်လှယ်သော လူ့အဖွဲ့အစည်းတစ်ခုတွင် လွတ်လပ်မှုတိုက်ပွဲ၏ အဓိကကျသော အစိတ်အပိုင်းမှာ တည်ဆဲဖိနှိပ်ရေးနှင့် သွေးစုပ်ခြယ်လှယ်ရေးပုံသဏ္ဌာန်များကို တွန်းလှန်ဖြိုချရေးတိုက်ပွဲဝင်ဖြစ်ပေသည်။ လူသည် ဤလွတ်လပ်မှုတိုက်ပွဲအတွင်း၌ မိမိကိုယ်ကို လွတ်လပ်အောင် ပြုလုပ်၍ လွတ်လပ်စွာ လှုပ်ရှားပြုမူကာ လူ့လွတ်လပ်မှု၏ နယ်နိမိတ်များကိုလည်း တိုးချဲ့ပစ်လိုက်ပေသည်။ ပျော့ညံ့၍ ခေါင်းငုံ့ခံသော ကျွန်တစ်ယောက်သည် ကျွန်တစ်ယောက်မျှသာဖြစ်လျက် ခေါင်းမာ၍ တော်လှန်သော ကျွန်တစ်ယောက်ကား သူ့၌ နှောင်ကြိုးများ ရှိနေစေကာမူလည်း လွတ်လပ်သော လူတစ်ယောက်ဖြစ်ပေသည်။ ဤလိုပုဂ္ဂိုလ်များသည် လူ့လွတ်လပ်မှု၏ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။

လူတန်းစားလူ့အဖွဲ့အစည်းတစ်ခု၌ လွတ်လပ်မှုနှင့် ထိုလွတ်လပ်မှုကို ရရှိရေးပြဿနာသည် လူတန်းစားလက္ခဏာရှိသောပြဿနာဖြစ်ပေသည်။ ထို့ကြောင့် လွတ်လပ်မှုနှင့် ပတ်သက်သော ခံယူချက်သည်လည်း လူတန်းစားအသွင်လက္ခဏာကို ဆောင်ပေသည်။ မည်သည့်လူ့အဖွဲ့အစည်း၊ မည်သည့်သမိုင်းဖြစ်ပေါ်မှုအဆင့်တွင် ပေါ်ပေါက်လာသည်ဖြစ်စေ၊ လှုပ်ရှားမှုမရှိခြင်း၊ လွတ်လပ်မှုရှိခြင်း စသည့်ကိစ္စများသည် လူတန်းစားများ၏ မလွတ်လပ်မှု၊ လူတန်းစားများ၏ လွတ်လပ်မှုဟု အဓိပ္ပာယ်ထွက်ပေသည်။ လူတန်းစားတစ်ခု၏ လွတ်လပ်မှု၊ မလွတ်လပ်မှုနှင့် အခြားလူတန်းစားတစ်ခု၏ လွတ်လပ်မှု၊ မလွတ်လပ်မှု စသည်တို့သည် မတူကြပေ။ ထို့ကြောင့် လူတန်းစားများက လွတ်လပ်မှုကို ကြည့်မြင်ပုံခြင်းလည်း မတူကြပေ။ ကွဲပြားခြားနားသော လူတန်းစားအသီးသီးတွင် လွတ်လပ်မှုနှင့်ပတ်သက်သော အတွေးအခေါ်များလည်း ကွဲပြားခြားနားကြပေသည်။





လူ၏ လွတ်လပ်မှုသည် လူတန်းစားတိုက်ပွဲ၏ အာနိသင်ဖြင့် ရှေ့သို့ အမြဲတစေ ရွေ့ရှားတက်လျက်ရှိ၏။ မိမိတို့၏ ကိုယ်စီရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိကြပြီး၊ ထိုသို့ကြိုးပမ်းနိုင်ရန်လည်း မိမိတို့ကိုယ်ကိုမိမိတို့ လွတ်လပ်အောင် အားထုတ်နေကြသော အသီးသီးသော လူတန်းစားများသည် လူ့အနွယ်ကြီးတရပ်လုံး၏ လွတ်လပ်မှုကို တစ်ဆင့်ပြီးတစ်ဆင့် ရှေ့သို့တွန်းပို့လျက်ရှိ၏။ အဆင့်တိုင်း၌ တစ်စုံတစ်ခုသော လူတန်းစားစိုးမိုးရေးစနစ်ကြောင့် ပေါ်ပေါက်နေသော ချုပ်ချယ်ကန့်သတ်မှုများကိုလည်း ဆန့်ကျင်တိုက်ပွဲဝင်နေကြပေသည်။ သို့တိုက်ပွဲဝင်နေသည့်အတွက်ကြောင့်လည်း နောက်ထပ်အဆင့်သစ်တစ်ခု ပေါ်ပေါက်လာပြန်လေသည်။ တစ်ဖန် ထိုအဆင့်သစ်တွင်လည်း လွတ်လပ်မှုကို ကန့်သတ်ထားသည့် ချုပ်ချယ်မှုများ ပေါ်ပေါက်လာပြန်ပေသည်။

ဥပမာအားဖြင့် ဓနရှင်လူတန်းစားသည် မြေရှင်ပဒေသရာဇ်ချုပ်ချယ်ကန့်သတ်မှုများကို တိုက်ခဲ့၏။ ထို့ကြောင့် မြေရှင်ပဒေသရာဇ်အုပ်ချုပ်ရေးနှင့် မြေကျွန်စနစ်သည် ဆုံးခန်းတိုင် ရောက်ခဲ့လေသည်။ ဤသည်မှာ လူ၏လွတ်လပ်မှု၌ ရှေ့သို့တစ်ဆင့်တက်လိုက်သော ခြေလှမ်းတလှမ်းဖြစ်၏။ ထိုအဆင့်၌ ပို၍ကျယ်ပြန့်သော နိုင်ငံရေးပိုင်ခွင့်များနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များကို ရရှိလာခဲ့ကာ အသိဉာဏ်ပညာနှင့် ယဉ်ကျေးမှုတွင်လည်း အဆင့်မြင့်လာခဲ့ပေသည်။ သို့ရာတွင် ထိုအဆင့်၌ ဖိနှိပ်ရေးနှင့် သွေးစုပ်ခြယ်လှယ်ရေးအသွင်သဏ္ဌာန်သစ်များ ပေါ်ပေါက်လာပြန်လေသည်။ အရင်းရှင်လူ့အဖွဲ့အစည်းဟူ၍ ဖြစ်ပေါ်လာကာ အခြေခံအားဖြင့် ကွဲပြားခြားနားနေသော အရင်းရှင်လူတန်းစားသည် ၎င်း၏အုပ်စိုးရေးကို ခိုင်မာစေရန်နှင့် အမြတ်အစွန်းကို ပိုမိုများပြားစေရန် ပြုလုပ်လာ၏။ အခြားတစ်ဖက်တွင် အလုပ်သမားလူတန်းစားသည် အရင်းရှင်အုပ်စိုးရေးနှင့် အရင်းရှင်သွေးစုပ်ခြယ်လှယ်ရေးမှ လွတ်မြောက်အောင်ဆောင်ရွက်လာကာ၊ မိမိရရှိထားသည့် လွတ်လပ်မှုကို အသုံးချလျက် နောက်ထပ် သည့်ထက်သည့်အဆင့်မြင့်သော လွတ်လပ်မှုကို ရရှိရန် ကြိုးပမ်းလာလေတော့သည်။

အလားတူပင် လူတန်းစားအသီးသီးသည် မိမိတို့၏ လွတ်လပ်မှုကို ကန့်သတ်ထားသည့် ခြယ်လှယ်မှုများကို နည်းအမျိုးမျိုးဖြင့် ကြုံတွေ့နေကြရ၏။ သွေးစုပ်ခြယ်လှယ်ရေးစနစ်တိုင်းသည် သွေးစုပ်ခံရသူ၏အပေါ် ဖိနှိပ်မှုပုံသဏ္ဌာန်များ၊ အတင်းအကျပ်ပြုမှုပုံသဏ္ဌာန်များကို ပစ်ချနေကြ၏။ ဤသည်မှာ ယနေ့အလုပ်သမားလူတန်းစား ကိုယ်တိုင် ကြုံတွေ့နေရသောအချက်ဖြစ်၏။ တစ်ပြိုင်နက်မှာပင် အုပ်စိုးသူလူတန်းစား တိုင်းသည် မိမိတို့မှာ လွတ်လပ်မှုကို ရရှိပြီးဟု ထင်ရသော်လည်း လက်တွေ့တွင်

၎င်းတို့ရရှိသော လွတ်လပ်ရေးမှာ အတုအယောင်မျှသာဖြစ်နေသည်ကို သိရှိလာရလေသည်။ ဥပမာအားဖြင့် ယနေ့ ခေတ်နေရှင်လူတန်းစားသည် ၎င်း၏ကိုယ်ကို လွတ်လပ်သည်ဟု ထင်နေရသော်လည်း တကယ်တွင်ကား ၎င်းသည်ပင်လျှင် အရင်းရှင်စနစ်၏ ဥပဒေသများ၏ ကျေးကျွန်ဖြစ်နေသည်ကို တွေ့ရလေသည်။ အရင်းရှင်လူတန်းစားသည် တစ်ယောက်နှင့်တစ်ယောက် သူနိုင်၊ ငါနိုင် အကြိတ်အနယ်ပြိုင်ကြရင်း အရင်းကို ပွားသည်ထက်ပွားအောင် စုဆောင်းနေပေရာ ၎င်းသည်လည်း အရင်း၏ ကျေးကျွန်ဖြစ်နေသည်ကို တွေ့ရပြန်ပေသည်။

ရှိသမျှ ပိုက်ဆံကလေးကို အိမ်လခပေးရမလား၊ ဆန်ဝယ်ရမလားဟု လွတ်လပ်စွာ စဉ်းစားဆုံးဖြတ်ခြင်းမပြုနိုင်သော လူဆင်းရဲ အိမ်ထောင်တစ်ခု၏ အမြင်၌ ကြွယ်ဝသော အရင်းရှင်တစ်ယောက်ယောက်သည် ၎င်းတို့ထက် အဆများစွာ လွတ်လပ်၍ ချမ်းသာသုခနှင့် ပြည့်စုံလိမ့်မည်ဟု ထင်စရာရှိ၏။ သို့ရာတွင် ထိုအရင်းရှင်သည် သူ့လုပ်ငန်းဆောင်တာ၏ ကျေးကျွန်ဖြစ်ကာ သွေးတိုးရောဂါကို ခံစားလျက် အမြဲတစေ စိတ်ညစ်နေရသည်ကိုမသိ၍ ဤလိုထင်ခြင်းသာဖြစ်၏။ စည်းစိမ်ဥစ္စာကြွယ်ဝခြင်းနှင့် တန်ခိုးအာဏာ ပြည့်စုံခြင်းတို့သည် လုံးဝ လွတ်လပ်မှုကို ရရှိစေလိမ့်မည်ဟု သွေးစုပ်ခြယ်လှယ်သူလူတန်းစားထဲက လူတော်တော်များများကပင် ထင်ကြ၏။ သို့ရာတွင် ခေတ်နေရှင်အဘိဓမ္မာပညာရှင်များကိုယ်တိုင်ကပင်လျှင် စည်းစိမ်ချမ်းသာကြွယ်ဝသူ၊ သူတစ်ပါးကို ကျွန်ပြုသူတို့သည် ၎င်းတို့ကိုယ်တိုင်လည်း စည်းစိမ်ဥစ္စာနှင့် တန်ခိုးအာဏာ၏ ကျေးကျွန်ဖြစ်နေကြကြောင်းဖြင့် အဖြစ်မှန်ကို ဝမ်းနည်းပက်လက် ထောက်ပြခဲ့ကြသည် တကား . . . ။

လွတ်လပ်မှုမရခြင်းမှ လွတ်လပ်မှုရှိခြင်းသို့

မိမိတို့၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွမ်းရေးအတွက် ပြည်သူများတို့ဆင်နွှဲသော တိုက်ပွဲသည် လွတ်လပ်မှုတိုက်ပွဲပင်ဖြစ်၏။ ထိုသို့ တိုက်ပွဲဆင်ရာတွင်လည်း ထိုလိုအပ်ချက်များသည် ဘယ်လိုလိုအပ်ချက်မျိုးဖြစ်သည်၊ ထိုလိုအပ်ချက်များကို ဘယ်လိုဖြည့်စွမ်းရသည် စသည်တို့နှင့်ပတ်သက်သော အသိဉာဏ်ပညာရှိဖို့ လိုပေသည်။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် လူများသည် သဘာဝကို အတော်အတန် ထိန်းချုပ်နိုင်ပြီဖြစ်၏။ မိမိတို့၏ လူမှုအဖွဲ့အစည်းကို မိမိတို့၏သိစိတ်ဖြင့် ထိန်းချုပ်နိုင်ပြီ ဖြစ်၏။ ထို့ကြောင့် လူ့လွတ်လပ်မှုတွင် အရေးကြီးသောအဆင့်တဆင့်သို့ ရောက်ရှိလာပြီ





ဖြစ်၏။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် လူလူချင်း သွေးစုတ်ချယ်လှယ်မှုကို ဖျက်သိမ်းကာ ကုန်လုပ်ကြိယာများကို ဘုံပိုင်ပြုလုပ်လျက်၊ ၎င်းတို့ကို လူတိုင်း၏ လိုအပ်ချက်များ ဖြည့်စွမ်းရေးအတွက် အသုံးပြု၏။ ထို့ကြောင့် လူသည် လွတ်လပ်မှုအတွက် တိုက်ပွဲဆင်ရန် များစွာမလိုတော့ဘဲ ဖြစ်လာ၏။ ကုန်လုပ်ကြိယာများက လူကို စေခိုင်းနိုင်ခြင်း မရှိတော့သော ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင်ကား လူများသည် အမြင့်ဆုံးသော၊ အပြည့်ဝဆုံးသော လွတ်လပ်မှုကို ရရှိလာလေတော့သည်။ ဤသည်ကို အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *“ကွန်မြူနစ်စနစ်အတွင်း၌ လူသည် ကျန်တိရစ္ဆာန် လောကနှင့် နောက်ဆုံး အဆက်ဖြတ်လိုက်ခြင်းဖြစ်ပေတော့သည်။ ထိုအချိန်၌ လူသည် တိရစ္ဆာန်ဖြစ်တည်မှုအခြေအနေများမှ တကယ့်လူဖြစ်တည်မှုအခြေအနေအတွင်းသို့ လုံးဝရောက်ရှိလာလေတော့သည်။ ထိုအချိန်ကား လူသည် လိုအပ်ခြင်းဘုံဗိမာန်မှ လွတ်လပ်မှုဘုံဗိမာန်ပေါ်သို့ တက်ရောက်လာသောအချိန်ပေတည်း။”*

အစက လူသည် တိရစ္ဆာန်ဖြစ်တည်မှုအခြေအနေများတွင် နေထိုင်ခဲ့ရ၏။ ဘုံကုန်လုပ်ရေးကို စတင်လုပ်ဆောင်လာသည့်အခါကျတော့မှ လူသည် တဖြည်းဖြည်း လွတ်လပ်မှုအခြေအနေများကို စတင်ဖန်တီးလာခဲ့ခြင်းဖြစ်၏။ ကုန်ထုတ်လုပ်ရာတွင်လည်း လူသည် ကုန်လုပ်ဆက်ဆံရေးနယ်ပါယ်ထဲသို့ ဝင်ရောက်လာခဲ့၏။ အမြဲတစေ များပြားလာနေသော လိုအပ်ချက်များကို ဖြည့်စွမ်းရေးအတွက် နှစ်ပရိစ္ဆေဒများစွာ တိုက်ပွဲဆင်ခဲ့ရသည့် ကာလတလျှောက်၌ လူသည် မိမိ၏ အသိဉာဏ်ပညာကိုလည်း တဖြည်းဖြည်းတိုးတက်အောင် ပြုလုပ်လာခဲ့၏။ သို့ပြုလုပ်ခြင်းဖြင့် နောက်ဆုံး၌ လူသည် မိမိတို့၏အရေးကိစ္စများကိုလည်းကောင်း၊ ပြင်ပသဘာဝကြီးကိုလည်းကောင်း၊ ချုပ်ကိုင်လာနိုင်သောအခြေသို့ ရောက်လာခဲ့ပေသည်။ ဤသို့သောအခြေသို့ ရောက်ရန်အတွက် လူသည် တိုက်ပွဲ ပေါင်းများစွာ အဆင့်ပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရ၏။ အဆင့်တိုင်း၌ အသီးသီးသော လူတန်းစားများသည် သူတို့၏လွတ်လပ်သော လှုပ်ရှားဆောင်ရွက်မှု နယ်နိမိတ်ကို ချဲ့ခဲ့ကြရ၏။ သို့ချဲ့ခဲ့သော်လည်း လွတ်လပ်မှုသည် အဆုံးသို့ ရောက်သည် မရှိဘဲ လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုအား အုပ်စိုးမှုသာ အစားဝင်ရောက်ခဲ့၏။ ကာလအတန်ကြာမှ လူတန်းစားတိုက်ပွဲသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့လေသည်။ နောက်ဆုံးအဆင့်၌ မိမိ၏လွတ်မြောက်ရေးအတွက်တိုက်သော သွေးစုပ်ခြယ်လှယ်ခြင်းခံရမှု၊ လူတန်းစား၏ တိုက်ပွဲသည် လူ့အဖွဲ့အစည်းကြီးတစ်ခု

လုံးကိုပါ သွေးစုပ်ခြယ်လှယ်မှု၊ ဖိနှိပ်မှုအောက်မှ လွတ်မြောက်စေခဲ့၏။ သို့ဖြင့် လူသည် လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရရှိလာကာ လူ၏ လူမှုအဖွဲ့အစည်းသည်လည်း လူ၏ သိစိတ်ရှိသော အုပ်ထိန်းမှုအောက်တွင် ရောက်ရှိလာတော့မည်ဖြစ်ပေသည်။ ထိုအခါ၌ အလုပ်ဖြစ်စဉ်သည်လည်း လူ၏ လိုအပ်ချက်များအားလုံးကို ဖြည့်စွမ်းပေးသော သိစိတ်ရှိသော နည်းတစ်သွယ်ဖြစ်လာတော့မည်ဖြစ်ပေသည်။ ထိုအခါ၌ လူ၏လွတ်လပ်မှုသည်လည်း အမြင့်ဆုံးသော၊ အပြည့်ဝဆုံးသောအဆင့်သို့ ရောက်ရှိလာတော့မည် ဖြစ်သည်။

လူ့ကျင့်ဝတ်

လွတ်လပ်မှု၏ တရွေ့ရွေ့ပြောင်းလဲနေသော ဖြစ်စဉ်သည် လူ့ကျင့်ဝတ်၏ တရွေ့ရွေ့ပြောင်းလဲနေသော ဖြစ်စဉ်နှင့် ဆက်စပ်နေ၏။ အမှန်အားဖြင့် ယနေ့ရောက်ရှိနေသော လူ့ကျင့်ဝတ်၏ ဖြစ်ပေါ်တိုးတက်မှုသည် ယနေ့ရောက်ရှိနေသော လူ့ကျင့်ဝတ်၏ ဖြစ်ပေါ်တိုးတက်မှုသည် ယနေ့ရောက်ရှိနေသော လွတ်လပ်မှု၏ ဖြစ်ပေါ်တိုးတက်မှု၏ ဘက်တဘက်သာဖြစ်၏။ လူ့ကျင့်ဝတ်နှင့်ပတ်သက်သော အတွေးအခေါ်များ အဆင့်ဆင့် တိုးတက်လာပုံသည် လွတ်လပ်မှုနှင့်ပတ်သက်သော အတွေးအခေါ်များ အဆင့်ဆင့် တိုးတက်လာပုံနှင့် အတူတူပင်ဖြစ်၏။

လူ့ကျင့်ဝတ်ဆိုင်ရာ အဘိဓမ္မာပညာရှင်များစွာတို့က လူ့ကျင့်ဝတ်သည် လွတ်လပ်မှုကို ဖော်ပြရာဖြစ်သည်ဟုလည်းကောင်း၊ လူသည် လွတ်လပ်စွာ လှုပ်ရှားလုပ်ဆောင်ရာမှ လူ့ကျင့်ဝတ်ဆိုင်ရာ ဘဝသည်လည်း အဓိပ္ပာယ်ပြည့်စုံလာလိမ့်မည် ဟုလည်းကောင်း၊ ရေးခဲ့ပြောခဲ့ကြ၏။ မာ့က်စ်ဝါဒက ဤသို့မယူဆပေ။

လူ့ကျင့်ဝတ်ဆိုသည်မှာ ကောင်းကင်ဘုံက ပြဋ္ဌာန်းထားသော ထာဝရတည်ရှိသည့် လူ့ကျင့်ဝတ်တရားများကို ဖော်ပြခြင်းလည်း မဟုတ်ပေ။ သို့ဖြစ်လျှင် လူ့ကျင့်ဝတ်ဆိုတာ ဘာလဲ။

လူ့ကျင့်ဝတ်သည် လူ၏ လူမှုအဖွဲ့အစည်းက ထုတ်လုပ်ပေးလိုက်သော သဘာဝထုတ်ကုန်ပစ္စည်းဖြစ်၏။ လူသည် လူ့အဖွဲ့အစည်းအတွင်းတွင် နေထိုင်သူဖြစ်ရာ လူ့အဖွဲ့အစည်းအတွင်း၌ လူအချင်းချင်း ဆက်ဆံရေးကိစ္စ၊ လူ၏ လှုပ်ရှားဆောင်ရွက်မှုကိစ္စများကို ပုံမှန်ဖြစ်စေရန်အတွက် လူတို့လိုက်နာအပ်သော လောကနီတိ တစ်ခုကို မရှောင်မလွှဲသာဘဲ ချမှတ်လာရ၏။ ရုတ်တရက်ကြည့်သော် ထိုလောကနီတိသည် လူ၏ အမူအကျင့်ကို လမ်းညွှန်သောသဘောရှိသောကြောင့် မိုးပေါ်မှကျလာကာ





လူတို့အား မလိုက်မနေရပညတ်ထားသော အသွင်လက္ခဏာရှိ၏။

လူ့ကျင့်ဝတ်ဆိုသောအရာ၌ လူတို့ပြုကျင့်အပ်သော စည်းမျဉ်းဥပဒေသများ၊ စနစ်များ ပါဝင်၏။ မိမိနှစ်သက်သည်မနှစ်သက်သည်ကို အပထား၍ ဤအရာကား သင့်၏။ ထိုအရာကား မသင့်၊ ဤအရာကားတော်၏။ ဤအရာကား မတော်ဟု ညွှန်ပြ၏။ သင့်–မသင့်၊ တော်–မတော်၊ ကောင်း–မကောင်း၊ ဆိုး–မဆိုး စသည့် လူ့ကျင့်ဝတ်ဆိုင်ရာ စကားလုံးများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စိတ်အလိုဆန္ဒကို မှီ၍ ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ စံထားချက်ပေါ်တွင် မှီ၍ဖြစ်ပေါ်ခြင်းဖြစ်၏။ လူမှုလိုအပ်ချက်များကြောင့် လူပုဂ္ဂိုလ်များ၏ အမူအကျင့်များကို သတ်မှတ်ပေးရာမှ စံထားချက်များသည် ပေါ်ပေါက်လာခြင်းဖြစ်၏။

လူ့အဖွဲ့အစည်းတိုင်း၌ ဤအရာကား သင့်၏။ ဤအရာကား မသင့် စသဖြင့် လူများကို သွန်သင်ဆုံးမပဲ့ပြင်သော ဩဝါဒများသည် ပုံစံအမျိုးမျိုးဖြင့် ပေါ်ခဲ့၏။ လူတန်းစားပဋိပက္ခများ ပွမ်းနေသော လူ့အဖွဲ့အစည်း၊ တစ်ဦးကို တစ်ဦး ဂုဏ်ပြိုင်နေကြသော လူ့အဖွဲ့အစည်း၊ တစ်ဦးကိုတစ်ဦး လည်မျိုညှစ်နေကြသော လူ့အဖွဲ့အစည်းတွင်ကား လောကနီတိဆိုသောအရာသည် လူနှစ်ဦးသတ်ပုတ်နေသည့်ကြားတွင် တစ်ဦးကို ဝင်ဆွဲပြီး ကျန်တစ်ဦးကို ချက်ကောင်းရရန် လွှတ်ပေးထားသော “ကြားလူ”ကဲ့သို့ တစ်ဦးကို ဩဝါဒပေးကာ တစ်ဦးကို နှုတ်ပိတ်ရေငုံလုပ်နေလိုက်၏။ လူ့ကျင့်ဝတ်ဆိုသောအရာသည်လည်း တစ်ဦးကို လိုက်နာစေကာ တစ်ဦးကို ရှောင်သာတိမ်းသာအောင် လုပ်ပေးထား၏။ လူတန်းစားတစ်ခုကို ဩဝါဒပေးကာ အခြားလူတန်းစားတစ်ခုကိုမူ ခြွင်းချက်ထားလိုက်၏။ သို့ဖြင့် နောက်ဆုံးတွင် ထိုလူ့ကျင့်ဝတ်တရားများကို နှစ်ဖက်စလုံးက ရှောင်တိမ်းလာကြရုံမျှမကတော့ဘဲ၊ ချိုးဖောက်၍လာကြလေတော့သည်။ ယင်းသို့ဖြင့် လောကနီတိတရားများ၊ လူ့ကျင့်ဝတ်နှင့်ပတ်သက်သော ဩဝါဒများသည် ဒယိမ်းဒယိုင်ဖြစ်ကာ အပျက်ဘက်သို့ ရွေ့ရှုလာတော့သည်။ ဤကားသက်ဆိုင်ရာ လူနေမှုစနစ်သည် ပျက်စီးချုပ်ငြိမ်းလာပြီဆိုသည့်လက္ခဏာဖြစ်ပေသည်။

လူမှုပေါင်းသင်းဆက်သွယ်မှု (ဝါ) လူလူချင်း ပေါင်းသင်းဆက်ဆံရေးသည် လူ့အဖွဲ့အစည်း၏ ကုန်လုပ်ဆက်ဆံရေးနှင့် အခြေတည်ကာ၊ ၎င်းကိုလည်း လူ့အဖွဲ့အစည်း၏ ကုန်လုပ်ဆက်ဆံရေးက ပြုပြင်ဖန်တီးပေးလိုက်ခြင်းဖြစ်၏။ လူ့ကျင့်ဝတ်သည် လူမှုပေါင်းသင်းဆက်သွယ်မှု (ဝါ) လူလူချင်း ပေါင်းသင်းဆက်ဆံရေးကို မောင်းနှင်လှုပ်ရှားစေသည့်အရာဖြစ်၏။ ထို့ကြောင့် မည်သည့်လူ့အဖွဲ့အစည်းမှာပင်ဖြစ်စေ၊ လူ့ကျင့်ဝတ်သည် တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေးများ၏ ထုတ်ကုန်ပစ္စည်းသာ ဖြစ်ပေ

သည်။ လူ့ကျင့်ဝတ်သည် ကုန်လုပ်ဆက်ဆံရေးများကို ထင်ဟပ်ဖော်ပြ၍ ကုန်လုပ်ဆက်ဆံရေးနှင့်အတူ လိုက်၍ ပြောင်းပေသည်။ လူ့အဖွဲ့အစည်းရှိ လူတန်းစားတိုင်းသည်လည်း ၎င်းတို့၏ လူတန်းစားရပ်တည်မှုနှင့် ကိုက်ညီအံကျသော လူ့ကျင့်ဝတ်ဆိုင်ရာ တွေးခေါ်မှုများကို ပြုလုပ်ကြပေသည်။ ဤသည်နှင့်ပတ်သက်၍ အိန်ဂျဲလ်စ် ကလည်း အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ နောက်ဆုံးတွင် လူသည် မိမိလူတန်းစား ရပ်တည်မှုအခြေခံဖြစ်သည့် လက်တွေ့ဆက်ဆံရေးများမှလည်းကောင်း၊ စီးပွားရေးဆက်ဆံရေးများမှလည်းကောင်း၊ လူ့ကျင့်ဝတ်ဆိုင်ရာ တွေးခေါ်မှုများကို ထုတ်လုပ်လာခြင်းဖြစ်ပေသည်။ အချုပ်တွင် ယခင်တည်ရှိခဲ့ကြသော လူ့ကျင့်ဝတ်ဆိုင်ရာ သဘောတရားများသည် ထိုခေတ် လူ့အဖွဲ့အစည်းရောက်ရှိနေသော စီးပွားရေးအဆင့်၏ ထုတ်ကုန်ပစ္စည်းများသာ ဖြစ်ကြပေသည်။"*

သို့ဖြစ်ရာ လူ့ကျင့်ဝတ်ဆိုင်ရာ တွေးခေါ်မှုများသည် လူတန်းစားကိုလိုက်၍လည်းကောင်း၊ လူ့အဖွဲ့အစည်းကိုလိုက်၍လည်းကောင်း ကွဲပြားခြားနားကြပေသည်။ ဥပမာ ရှေးလူပေါ်စ ခေတ်တုန်းက သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရမည်ဟူသော သိက္ခာပုဒ် မရှိခဲ့သေးပေ။ ရှိလည်းမရှိနိုင်သေးပေ။ "*မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ပုဂ္ဂလိက ပိုင်ဆိုင်မှုပေါ်လာသည်မှစ၍ ပုဂ္ဂလပိုင်ဆိုင်မှုရှိသည့် လူ့အဖွဲ့အစည်းအစဉ်အဆက် တစ်လျှောက်တွင်ကား တူညီသော လောကနီတိတစ်ရပ် ပေါ်ပေါက်လာခဲ့လေသည်။ ၎င်းကား သူတစ်ပါးဥစ္စာပစ္စည်းကို ခိုးယူခြင်းမပြုရဟူသော သိက္ခာပုဒ်ပေတည်း*"ဟု အိန်ဂျဲလ်စ်က ရေးခဲ့၏။ ဤကား လူ့အဖွဲ့အစည်းကိုလိုက်၍ လူ့ကျင့်ဝတ်ဆိုင်ရာ တွေးခေါ်မှုများပြောင်းပုံ၊ ခြားနားပုံကို ဥဒါဟရုဏ်ဆောင်ခြင်းမျှသာ ဖြစ်ပါ၏။

လူမှုအစုတစ်ခု၏ လူ့ကျင့်ဝတ်များသည် ထိုလူစု၏ လွတ်လပ်လိုမှု စိတ်ဆန္ဒများကို ဖော်ပြချက်၊ ထိုလူစုလိုလားသည့် လွတ်လပ်မှု၏ သဘာဝကို ဖော်ပြချက်ပင်ဖြစ်၏။ သို့ဖြစ်၍ လွတ်လပ်မှုနှင့် လူ့ကျင့်ဝတ်သည် ဘာ့ကြောင့် ဒွန်တွဲနေကြသလဲ။

လွတ်လပ်မှုသည် အတင်းအကျပ်လုပ်မှု၊ သို့မဟုတ် စိတ်လိုက်မာန်ပါ ပြုလုပ်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ လူသည် မိမိ၏ စိတ်ဆန္ဒအလျောက် ပြုလုပ်ပါက သို့မဟုတ် တစ်စုံတစ်ရာ၏ အမွှတွန်းမှုကြောင့် ပြုလုပ်ရပါက ၎င်းသည် လွတ်လပ်မှုမမည်တော့ဘဲ မရှောင်မလွှဲသာသော အကြောင်းများ၊ သို့မဟုတ် ပြင်ပအကြောင်းတရားများ၏ ချုပ်ချယ်





မှုကို ခံရခြင်းမည်ပေသည်။ မိမိအလိုအလျောက် သိမြင်နိုင်းချိန် စဉ်းစား၍ မိမိပြုလုပ်မည့် အလုပ်ကို မိမိကိုယ်တိုင်ဆုံးဖြတ်၍ ပြုလုပ်ခြင်းသာလျှင် လွတ်လပ်မှုမည်ပေသည်။ ထို့ကြောင့် လူသည် မိမိ၏လွတ်လပ်မှုကို ကျင့်သုံးရာတွင် ပြုလုပ်မှုစည်းမျဉ်းဥပဒေသများကို ရေးဆွဲဖန်တီးလာကြတော့သည်။ ဤသည်တို့မှာ လူ့ကျင့်ဝတ်ဆိုင်ရာ တွေးခေါ်မှုများ ပေါ်ပေါက်လာလေသည်။ လူ့ကျင့်ဝတ်များသည် တကယ့်ရုပ်အခြေအနေများ၊ ရုပ်ဘဝများတွင်အခြေခံ၍ ပေါ်ထွက်လာသည့်အတွက် ၎င်းတို့သည် လူတို့ တိုက်ပွဲ၏ ရည်ရွယ်ချက်များ၊ အခြေအနေများနှင့် ကိုက်ညီအံကျပေသည်။ တစ်ပြိုင်နက်တည်းမှာပင် ထိုလူ့ကျင့်ဝတ်များ၊ နီတိများကို ကာကွယ်ပေးသည့်အဖွဲ့အစည်းများကို တည်ထောင်ခဲ့ကြ၏။

ဥပမာအားဖြင့် ခေတ်သစ်အလုပ်သမားလူတန်းစားသည် ၎င်း၏ ကိုယ်ပိုင်လူ့ကျင့်ဝတ်နှင့် နီတိများကို ထူထောင်ဖန်တီးခဲ့၏။ ထိုကျင့်ဝတ်များနှင့် နီတိများကို ကာကွယ်ထိန်းသိမ်းပေးသော အလုပ်သမားသမဂ္ဂလှုပ်ရှားမှုများနှင့် ကွန်မြူနစ်ပါတီကိုလည်း တည်ထောင်ခဲ့ကြ၏။ အလုပ်သမားလူတန်းစား၏ လူ့ကျင့်ဝတ်သည် သွေးစည်းညီညွတ်ရေးနှင့် အပြန်အလှန်ကူညီရေးတရားဖြစ်ပေသည်။ တစ်ဦးချင်း၏ ယာယီအကျိုးစီးပွားကို ရှေ့ရှုသည့် တိုက်ပွဲအား နောက်ထားကာ ဘုံအကျိုးစီးပွားကို ရှေ့ရှုသည့် တိုက်ပွဲကို ရှေ့တန်းသို့တင်သည့်တရားဖြစ်ပေသည်။ အတ္တဟိတကို နောက်ထားကာ၊ ပရဟိတကို ရှေ့တန်းသို့တင်သည့် ကျင့်ဝတ်တရားဖြစ်ပေသည်။ ဓနရှင် လူ့ကျင့်ဝတ်ကား အလုပ်သမားလူတန်းစား၏ ကျင့်ဝတ်နှင့် များစွာ ကွာခြားပေ၏။ အကယ်၍ လုပ်သားပြည်သူများသည် ဓနရှင်လူ့ကျင့်ဝတ် (*အမှန်၌ကား လူ့ကျင့်ဝတ်ဟုပင် မခေါ်ထိုက်ပါ*)၏ ဩဇာအောက်တွင် ရှိနေကြပါက ၎င်းလုပ်သားပြည်သူများသည် အရင်းရှင်စနစ်၏ ကျေးကျွန်၊ ကျင့်ဝတ်ကို ကျိုးနွံစွာ လိုက်နာကျင့်သုံးနေကြခြင်းသာ ဖြစ်ပေလိမ့်မည်။ ဓနရှင်လူ့ကျင့်ဝတ်အလိုအရ လုပ်သားပြည်သူတရပ်လုံးအတွက် တိုက်သော အလုပ်သမားသမဂ္ဂတိုက်ပွဲသည် "*ကိုယ်ထမင်းမဝဘဲ လူများထမင်းဝရေးအတွက်*" တိုက်သော အဓိပ္ပာယ်မရှိသည့် တိုက်ပွဲမျိုး ဖြစ်ပေသည်။ ဓနရှင်လူ့ကျင့်ဝတ်၌ မိမိတစ်ဦး၏ ဘဝဖူလုံရေးသည် အဓိကဖြစ်ပေသည်။ သို့ကြောင့် ဓနရှင်လူ့ကျင့်ဝတ်သည် အတ္တဟိတတရားဖြစ်ပေသည်။

လူတန်းစားကွဲပြားသည့် လူ့အဖွဲ့အစည်း၌ လူ့ကျင့်ဝတ်ဆိုသည်မှာ လူတန်းစား၏ ကျင့်ဝတ်သာဖြစ်၏။ အသီးသီးသော လူတန်းစားများ၏ လိုအပ်ချက်များ၊ လူမှုသိစိတ်၊ လွတ်လပ်မှု စသည်တို့ကို ဖော်ပြသည့်အရာသာဖြစ်၏။ လူတန်းစားတစ်ခု

ပြိုလဲပျက်စီးသွားသည်နှင့် ၎င်း၏ ကျင့်ဝတ်သည်လည်း ပြိုလဲပျက်စီးကာ လူ့ကျင့်ဝတ်သစ်အမျိုးမျိုးသည်လည်း ပေါ်ပေါက်လာကြလေတော့သည်။ အကြင် လူ့ကျင့်ဝတ်တစ်ခုသည် လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုတိုးတက်ရေးနှင့် လွတ်လပ်မှုပြည့်ဝရေးကို အကျိုးပြုအံ့။ ထိုလူ့ကျင့်ဝတ်သည် အဆင့်မြင့်သော လူ့ကျင့်ဝတ်ဖြစ်ပေသည်။

ယခုအချိန်၌ အမြင့်ဆုံးအသွင်ဖြစ်သော လူ့ကျင့်ဝတ်ကား အလုပ်သမားလူတန်းစား၏ လူတန်းစားတိုက်ပွဲကို ဖော်ပြသော လူ့ကျင့်ဝတ်ဖြစ်ပေသည်။ အရင်းရှင်လူ့အဖွဲ့အစည်းအတွင်း၌ လူ့ကျင့်ဝတ်တရားများ၊ စာရိတ္တများ ကျဆုံးပျက်ပြားနေသဖြင့် ကြံရာမရဖြစ်နေသူတို့သည် အလုပ်သမားလူတန်းစား၏ ကျင့်ဝတ်ကို ကြောက်ရွံ့ကာ သူတို့ကိုယ်ကို သူတို့ ရှက်နေကြ၏။ ဤသည်ကို လီနင်က အောက်ပါအတိုင်းပြောခဲ့၏။

> "ကွန်မြူနစ်လူ့ကျင့်ဝတ်သည် ပစ္စည်းမဲ့တို့၏ လူတန်းစားတိုက်ပွဲအကျိုးစီးပွားများကြားထဲတွင် မြုပ်နှံထားသော လူ့ကျင့်ဝတ်ဖြစ်ပေသည်။ ကွန်မြူနစ်လူ့ကျင့်ဝတ်သည် ပစ္စည်းမဲ့တို့၏ လူတန်းစားအကျိုးစီးပွားများမှ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။ ကွန်မြူနစ် လူ့ကျင့်ဝတ်သည် ဟောင်းနွမ်း၍ သွေးစုပ်ခြယ်လှယ်သော လူ့အဖွဲ့အစည်းကို ဖျက်သိမ်းရန် ရှေ့ရှု၍၊ သစ်လွင်သော ကွန်မြူနစ်လူ့အဖွဲ့အစည်းကို တည်ဆောက်လျက်ရှိသည်။ ပစ္စည်းမဲ့တို့၏ ပတ်ဝန်းကျင်သို့ အခြားသော လုပ်သားပြည်သူများကို စည်းရုံးစေပေသည်။ ထို့ကြောင့် ကွန်မြူနစ်လူ့ကျင့်ဝတ်သည် ထိုတိုက်ပွဲကို အကျိုးပြုသော လူ့ကျင့်ဝတ်၊ လုပ်သားပြည်သူများကို စည်းရုံးစေသော ကျင့်ဝတ်ဖြစ်ပေသည်။"

လူတန်းစားပဋိပက္ခများကို ဖျက်သိမ်းပြီးဖြစ်သည့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းနှင့် ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင်မူ လူ့ကျင့်ဝတ်သည် လူတန်းစားကျင့်ဝတ် မဟုတ်တော့ဘဲ တစ်လောကလုံးနှင့်ဆိုင်သော ကျင့်ဝတ်၊ လူ့ဘောင်ကြီးတစ်ခုလုံးနှင့်ဆိုင်သော ကျင့်ဝတ်ဖြစ်လာပေသည်။ ဤသည်ကို အိန်ဂျယ်စ်က အောက်ပါအတိုင်းပြောခဲ့လေသည်။

> "လူ့အဖွဲ့အစည်း၌ လူတန်းစားပဋိပက္ခများ ပြင်းထန်လာသည်၌ လူ့ကျင့်ဝတ်သည် လူတန်းစားကျင့်ဝတ်မျှသာ ဖြစ်ပေသည်။ လူတန်းစားကျင့်ဝတ်သည် အုပ်စိုးသူ လူတန်းစား၏ အကျိုးစီးပွားများနှင့် အုပ်စိုးမှုကို အကာအကွယ်ပေးသည်။ သို့မဟုတ်၍ ဖိနှိပ်ခံရသူလူတန်းစားက အားကောင်းလာလျှင်လည်း ထိုကျင့်ဝတ်သည် ဖိနှိပ်ခံရသူများ၏ အကျိုးစီးပွားနှင့် ၎င်းတို့၏ တော်လှန်မှုကို အကာအကွယ်





> ပေးလေသည်။ သို့ဖြစ်ရာ လူတန်းစားပေါ်ပေါက်သည့်အချိန်မှစ၍ ယခုအချိန်ထိ တည်ရှိခဲ့ တည်ရှိဆဲဖြစ်သော လူ့ကျင့်ဝတ်ဆိုသည်ကား အချုပ်၌ လူတန်းစား၏ ကျင့်ဝတ်သာ ဖြစ်ပေသည်။ လူ့အဖွဲ့အစည်းတွင် လူတန်းစားပဋိပက္ခများကို မငြိမ်းသတ်နိုင်သေးသမျှ တစ်လောကလုံးကို လွှမ်းခြုံသော လူ့ဘောင်ကြီးတစ်ခုလုံးနှင့်ဆိုင်သော တကယ့်လူ့ကျင့်ဝတ်စစ် စစ်ကား ရှိနိုင်ဦးမည် မဟုတ်သေးပေ။"

သို့ဖြစ်ရာ ခြုံ၍ကြည့်လျှင် ရှေးဟောင်းဘုံစနစ်ခေတ် ပြိုလဲပျက်စီးခဲ့သည့်မှစ၍ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာသည်အထိ လူ့အဖွဲ့အစည်းတွင် လူတန်းစားများ ပေါ်ပေါက်လာကာ လူတန်းစားပဋိပက္ခများလည်း ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရ၏။ ထို့ကြောင့် ရှေးဟောင်းဘုံစနစ်ခေတ်မှ အရင်းရှင်ခေတ်အထိ တည်ရှိခဲ့ကြသော လူ့ကျင့်ဝတ်များသည်လည်း လူတန်းစားကျင့်ဝတ်များသာ ဖြစ်ခဲ့ကြ၏။ တစ်လောကလုံးကို လွှမ်းခြုံကာ လူ့ဘောင်ကြီးတစ်ခုလုံးနှင့်သက်ဆိုင်သော တကယ့်လူ့ကျင့်ဝတ်စစ်စစ်ဆိုသည်ကား မရှိခဲ့သေးပေ။

လူ့ကျင့်ဝတ်စစ်စစ်ဟူ၍ မရှိခဲ့သေးသော်လည်း တကယ့်လူ့ကျင့်ဝတ်စစ်စစ်၌ မည်သည့်အသွင်လက္ခဏာများ ရှိသည်ကိုကား ခန့်မှန်းနိုင်ပေ၏။ တစ်လောကလုံးကို လွှမ်းခြုံသော လူ့ဘောင်ကြီးတစ်ခုလုံးနှင့်ဆိုင်သော တကယ့်လူ့ကျင့်ဝတ်စစ်စစ်သည် တရားသေမဟုတ်ဘဲ သိပ္ပံနည်းကျသောသဘော၊ ကိုယ့်ကိုယ်ကို ဝေဖန်သောသဘောရှိ၏။ အတ္တသစ္စာ (*ငါသာမှန်သည်ဟူသောအယူ*) ကိုလည်းကောင်း၊ လူ့ကျင့်ဝတ်တရားများကို တဖွဖွရွတ်ဖတ်သရဇ္ဈာယ်ခြင်းကလည်းကောင်း အားမပေးမူ၍ တည်ငြိမ်ကာ တွေးခေါ်မြော်မြင်သော သဘောရှိ၏။ ၎င်း၏အလိုအရ ပညာမဲ့၍ လူမှုပေါင်းသင်းဆက်ဆံရေးနှင့် ကဏ္ဍကောစဖြစ်သော အမူအကျင့်ကိုသာ လူ့ကျင့်ဝတ်တရားနှင့် မညီဟု ယူဆ၏။ ထိုသို့ ကိုယ်ကျင့်တရားနှင့်မညီသူကိုလည်း ပြစ်ဒဏ်ပေးခြင်းမပြုဘဲ ပညာပေးခြင်းဖြင့် ပြုပြင်၏။ ထိုလူ့ကျင့်ဝတ်သည် သက်ညှာကြင်နာသောသဘောရှိ၍ လူပုဂ္ဂိုလ်၏ ချမ်းသာသုခနှင့် တိုးတက်မှုကို အခြားအရာများထက် တန်ဖိုးထားပေသည်။

လူ့ကျင့်ဝတ်သည် ကောင်းကင်ဘုံက ပြဋ္ဌာန်းလိုက်သော ဗျာဒိတ်တော်မြွက်ဖြစ်သည်ဟူသော အဘိဓမ္မာကို ကျွန်ုပ်တို့ဆန့်ကျင်၏။ အလားတူပင် ကောင်း၊ မကောင်း၊ သင့်၊ မသင့်ကို တွေးခေါ်မြော်မြင်ဆုံးဖြတ်မှုသည် စိတ်၏အပေါ်တွင် တည်သည်ဆိုသည့် ခနရှင်အဘိဓမ္မာကိုလည်း ကျွန်ုပ်တို့ဆန့်ကျင်၏။

သို့ဖြစ်လျှင် ကွန်မြူနစ်လူ့ကျင့်ဝတ်ဆိုတာ ဘာလဲ။ ကောင်း၊ မကောင်း၊

သင့်၊ မသင့်ကို ကွန်မြူနစ်များက ဘယ်လိုဆုံးဖြတ်ကြသလဲဟု မေးကြောအံ့။

ကွန်မြူနစ်လူ့ကျင့်ဝတ်သည် လူ့ဘောင်ကြီးတစ်ရပ်လုံး၏ လွတ်လပ်မှုတိုက်ပွဲ၏ တကယ့်လိုအပ်ချက်များ၊ တကယ့်အခြေအနေများကို အလေးပေးစဉ်းစားမှုတွင် အခြေခံသော တွေးခေါ်မြော်မြင်မှုပင်ဖြစ်သည်ဟု ဖြေရလိမ့်မည်ဖြစ်ပေသတည်း။

※ ※ ※





## နိဂုံး

ဤကျမ်းကား မာ့က်ဝါဒအဘိဓမ္မာ၏ အခြေခံသဘောတရားများကို အကျဉ်းချုပ်လေ့လာထားသော ကျမ်းသုံးကျမ်းအနက် နောက်ဆုံးကျမ်းဖြစ်၏။ ပထမကျမ်းမှာ အနုပဋိလောမရုပ်ဝါဒဖြစ်၍ ဒုတိယကျမ်းမှာ သမိုင်းဆိုင်ရာရုပ်ဝါဒဖြစ်၏။ ဤကျမ်းများသည် ပြီးပြည့်စုံသောကျမ်းများမဟုတ်သေးဘဲ အကျဉ်းချုပ်ကို အစမျှလေ့လာထားခြင်းသာဖြစ်၏။

လူ့အဖွဲ့အစည်း၏ ဝါဒသဘောတရားဆိုင်ရာ အပေါ်ယံအဆောက်အအုံများသည် စီးပွားရေးအခြေခံကို ထင်ဟပ်ဖော်ပြကြ၏။ အခြေခံသစ်ပေါ်ပေါက်လာသည်နှင့် ယဉ်ကျေးမှုသစ်များ၊ ဝါဒသဘောတရားသစ်များသည် ပေါ်ပေါက်လာကြ၏။ အခြေခံဟောင်း ပြိုလဲပျက်စီးသည်နှင့် ယဉ်ကျေးမှုဟောင်းများ၊ ဝါဒသဘောတရားဟောင်းများသည်လည်း ပြိုလဲပျက်စီးလာကြ၏။

သို့ဖြစ်ရာ ယနေ့အချိန်တွင် အရင်းရှင်စနစ်သည် အထွေထွေအကျပ်အတည်းကြီးကို ရင်ဆိုင်နေရ၏။ ထို့ကြောင့် ဤအကျပ်အတည်းသည် အရင်းရှင်စနစ်၏ ယာယီစီးပွားရေးအကြပ်အတည်းမဟုတ်ဘဲ အရင်းရှင်စနစ်ကြီးတစ်ခုလုံး၏ ထာဝရအကျပ်အတည်းကြီးဖြစ်ပေ၏။

အရင်းရှင်စနစ်၏ အထွေထွေအကျပ်အတည်းကြီး၏ ထင်ရှားသော အသွင်လက္ခဏာတစ်ခုမှာ အရင်းရှင်လူတန်းစားသည် ၎င်း၏အောင်မြင်ချက်များကိုပင် ပြန်လည်ဖျက်ဆီးစေသည်ဆိုသည့်အချက်ပင်ဖြစ်၏။ ဥပမာအားဖြင့် အရင်းရှင်လူတန်းစားသည် မြေရှင်ပဒေသရာဇ်စနစ်ကို တော်လှန်၍ တက်လာတုန်းက ဒီမိုကရေစီကို ကြွေးကြော်ခဲ့၏။ ယနေ့တွင် အရင်းရှင်သည် သူကြွေးကြော်ခဲ့သော ဒီမိုကရေစီကိုပင် ဖျက်ဆီးနေပြီဖြစ်၏။ မြေရှင်ပဒေသရာဇ်စနစ်ကို တိုက်လာခဲ့သော တက်သစ်စ နေရှင်သည် လူမျိုး၏ ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုဆိုသည်ကိုလည်း ကြွေးကြော်ခဲ့၏။ ယနေ့

လက်ဝါးကြီးအုပ် အရင်းရှင်အဆင့်သို့ ရောက်လာသည့်အချိန်တွင်မူ၊ အရင်းရှင်သည် အခြားလူမျိုးများ၏ ပိုင်ခွင့်များကို ချေဖျက်ပစ်ရုံမျှမက၊ အခြားလူမျိုးများ၏ လွတ်လပ်ရေးကိုလည်း ဖျက်ဆီးလာခဲ့ပေသည်၊ သို့ဖြင့် အရင်းရှင်သည် သူကိုယ်တိုင် တည်ထောင်ခဲ့သော အရာများကိုပင် ပြန်၍ဖျက်ဆီးလာပေသည်။

သို့ဖြင့် အရင်းရှင်စနစ်သည် အဖက်ဖက်မှ ယိုယွင်းပျက်စီးလာခဲ့၏။ စာပေနှင့် အနုပညာနယ်ပယ်တွင် အရင်းရှင်စာပေနှင့် အနုပညာသည် သရုပ်ဖော်ဝါဒမှ နောက်သို့ ဆုတ်လာခဲ့၏။ အမှန်တရားကို လေးနက်စွာ ဖော်ပြခြင်း၊ ဝေဖန်ခြင်း စသည်တို့ကို ရှောင်လာခဲ့၏။ သိပ္ပံနယ်ပယ်တွင် အရင်းရှင်သိပ္ပံပညာသည် လူ၏တိုးတက်မှုအတွက် အသိဉာဏ်ပညာတိုးတက်ရှာဖွေခြင်းကို မပြုလုပ်တော့ဘဲ သိပ္ပံပညာကို စစ်အတွက် အသုံးချလာ၏။ အဘိဓမ္မာနယ်ပယ်၌လည်း အရင်းရှင်အဘိဓမ္မာသည် သုဂတိအမြင် *(လောက၌ ကောင်းမြတ်သော အရာဟူ၍ ရှိသည်ဟူသောအမြင်)*မှ ဒုဂတိအမြင် *(လောက၌ ရှိသမျှအရာရာတိုင်းသည် ဘာမျှမကောင်း)*ဟူသော အမြင်ဘက်သို့ ရွှေ့လျောလာ၏။ အမှန်တရားနှင့်ပတ်သက်သော အသိဉာဏ်ပညာကို ရနိုင်သည်ဟူသောအမြင်မှ အသိဉာဏ်ပညာကို မရနိုင်ဟူသော အမြင်မျိုးသို့ ပြောင်းလာ၏။ လူ၏ဘဝ တိုးတက်ကောင်းမွန်ရေးကို ရနိုင်သည်ဟူသောအမြင်မှ တိုးတက်မှုဆိုသည်မှာ တံလျှပ်မျှသာတကားဟူသော အမြင်သို့ ပြောင်းလာ၏။

အလုပ်သမားလူတန်းစား၏ အမြင်နှင့် အလုပ်ကား ဤသို့ မဟုတ်ပေ။ အလုပ်သမားလူတန်းစားသည် လူ့အဖွဲ့အစည်းဟောင်း၏ အပြုသဘောဆောင်သော အောင်မြင်ချက်များကို ထိန်းသိမ်းကာကွယ်ပေသည်။

အတိတ်၏ ကောင်းသော အစဉ်အလာများကို ကာကွယ်ထိန်းသိမ်းရင်း အလုပ်သမားလူတန်းစားသည် ပို၍ကောင်းသော၊ ပို၍သစ်သောအဆင့်သို့ ရောက်အောင် ကြိုးစား၏။

ဒီမိုကရေစီကျသော စနစ်များ၊ ပိုင်ခွင့်များကို ကာကွယ်ထိန်းသိမ်းရင်း၊ ပို၍ ကျယ်ပြန့်လေးနက်သော ပြည်သူ့ဒီမိုကရေစီကို တည်ဆောက်၏။

မိမိ၏ အမျိုးသားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှုကို ကာကွယ်ထိန်းသိမ်းရင်း၊ ကျဉ်းမြောင်းသော ခနရှင်လူမျိုးရေးဝါဒကို ဖျက်ဆီးကာ ကျယ်ပြန့်သော ဆိုရှယ်လစ်လူမျိုးစုံသွေးစည်းရေးဝါဒကို ထူထောင်၏။

အနုပညာနှင့် စာပေတွင် သရုပ်ဖော်ဝါဒ၏ အစဉ်အလာကို ကာကွယ်ထိန်းသိမ်းရင်း လူ၏ တန်ခိုးသတ္တိကို ဖော်ပြကာ ဆိုရှယ်လစ်သရုပ်ဖော်ဝါဒသို့ ဦးတည်၏။





လွတ်လပ်စွာ စူးစမ်းလေ့လာမှုကို အခြေခံသည့် သိပ္ပံပညာ၏ အစဉ်အလာများကို ကာကွယ်ထိန်းသိမ်းရင်း၊ နောက်ထပ် သိပ္ပံပညာတွေ့ရှိချက်များနှင့် သိပ္ပံပညာကို လက်ဝါးကြီးအုပ်အရင်းရှင်၏ ဩဇာအောက်မှ လွတ်မြောက်ရေးရရှိရန်အတွက် ပြုလုပ်၏။

အဘိဓမ္မာ၏ အစဉ်အလာများကို ကာကွယ်ထိန်းသိမ်းရင်း ဟောင်းနွမ်းသော တက္ကဗေဒအယူ၊ စိတ်ဝါဒအယူများကို ဖယ်ရှားလျက် သိပ္ပံနည်းကျသည့်အဆင့်သစ်သို့ ရောက်ရှိအောင် ဆောင်ရွက်၏။

သို့ဖြစ်ရာ အဟောင်းထဲက အကောင်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် နောက်ထပ်အသစ်များကို ပြုလုပ်ခြင်းသည် အလုပ်သမားလူတန်းစားတိုက်ပွဲ၏ လုပ်ငန်း ဖြစ်ပေသည်။

လူလူချင်း သွေးစုပ်ခြယ်လှယ်သော လူနေမှုစနစ်ဟောင်းနှင့် ထိုစနစ်ဟောင်း၏ ယဉ်ကျေးမှုဟောင်းသည် ပြိုလဲပျက်စီးလျက်ရှိပေပြီ။ အရင်းရှင်စနစ်သည် နေဝင်ချိန် သို့ရောက်ပေပြီ။

လူနေမှုစနစ်ဟောင်း၊ ယဉ်ကျေးမှုဟောင်းကို လက်တစ်ဆုပ်စာမျှသာရှိသော သွေးစုပ်ခြယ်လှယ်သူလူနည်းစုက ချုပ်ကိုင်၏။ အခြားတစ်ဖက်၌ကား လူနေမှုစနစ် သစ်၊ ယဉ်ကျေးမှုသစ်ရှိ၏။ ၎င်းတို့ကို ကျယ်ပြန့်သော လုပ်သားပြည်သူကြီးက ချုပ်ကိုင်ပေသည်။

ကွန်မြူနစ်များ၏ အဘိဓမ္မာသည် အရင်းရှင်စနစ်နှင့် ၎င်း၏အယူအဆများကို တိုက်ဖျက်ရာတွင် ကွန်မြူနစ်တို့၏ လက်နက်ဖြစ်ပေသည်။ အာဏာကို သိမ်းယူရာတွင် လက်နက်ဖြစ်ပေသည်။ ဆိုရှယ်လစ်လူ့ဘောင်ကို တည်ဆောက်ရာတွင် လက်နက် ဖြစ်ပေသည်။

※ ※ ※

## ဝေါဟာရ ရှင်းလင်းချက်

| | |
|---|---|
| ကတ္တားပိုင်းဆိုင်ရာ (ဝါ) စိတ်ပိုင်းဆိုင်ရာ | Subjective |
| ကမ္မပိုင်းဆိုင်ရာ (ဝါ) ရုပ်ပိုင်းဆိုင်ရာကာယ အလုပ် | Objective Physical labour |
| ကုန်လုပ်ရေးလှုပ်ရှားဆောင်ရွက်မှု | Productive activity |
| ကိုယ်အင်္ဂါဖွဲ့စည်းမှု | Organism |
| ကိုယ်တွေ့သက်သက်ဝါဒ (ဝါ) လက်တွေ့ စမ်းသပ်စစ်ဆေးရေးဝါဒ | Empiricism |
| ကြိယာ | Organ |
| ကြိုတင်ကိန်းဝပ်နေသော စိတ်ကူးများ | Preconceptions |
| ခံစားမှုဆိုင်ရာသိစိတ် | Sensory conciousness |
| စိတ်၊ နာမ်ခန္ဓာ | Mind |
| စိတ်နှင့်ဆိုင်သော | Mental |
| စိတ်ပိုင်းလုပ်ဆောင်ချက်များ | Mental functions |
| စိတ်နာမ်နှင့်ဆိုင်သော | Spiritual |
| စိတ်ပရမတ် | Spiritual substance |
| စိတ်နာမ်သရုပ်ခွဲနည်းအတတ် | Psycho-analysis |
| စိတ်ဆန္ဒ | Will |
| စိတ်ကူးတွေးထင်သောသဏ္ဍာန် | Image |
| စိတ်ကူးအဆန်းတကြယ် | Fantasy |
| စိတ္တဇဆန်သော (ရုပ်ဝတ္ထုမဲ့သော) | Abstract ideas |





| | |
|---|---|
| တွေးခေါ်မှုများ | |
| ဆက်သွယ်မှု | Correspondence |
| ဆိုရှယ်လစ်အနှစ်သာရ | Socialist Content |
| ဉာဏအလုပ် | Mental labour |
| တရားသေဝါဒ | Dogmatism |
| တသီးပုဂ္ဂလ၊ တစ်ဦးချင်းပုဂ္ဂိုလ် | Individual |
| တွေးဆချက် | Hypothesis |
| တွေးခေါ်မြော်မြင်သော အသိဉာဏ် | Rational knowledge |
| တိမ်းမှားမှု | Illusion |
| တိုက်ရိုက် (ဝါ) ပြုပြင်ဖန်တီးထားခြင်း မရှိသော အာရုံကြောတုံ့ပြန်မှုစနစ် | Unconditioned reflex |
| ထာဝရသစ္စာ၊ အကြွင်းမဲ့သစ္စာ | Absolute truth |
| ထုတ်ကုန်ပစ္စည်း | Product |
| ဒုတိယ (ဝါ) သွယ်ဝိုက်အချက်ပြကြိယာ (စကားပြောခြင်း) | Second signal |
| နက္ခတ္တဗေဒပညာ | Astronomy |
| နေထိုင်မှုစနစ်၊ ဘဝတည်မြဲမှုစနစ် | Mode of life |
| နေစကြဝဠာစနစ် | Solar system |
| ပယောဂပူးခြင်းခံရသူ | Possessed |
| ပဋိပက္ခတရား | Anti-thesis |
| ပထမ (ဝါ) တိုက်ရိုက်အချက်ပြကြိယာ (အာရုံ) | First signal |
| ပဥ္စလက်ဆန်သော တွေးခေါ်မှုများ | Magical ideas |
| ပတ်ဝန်းကျင် | Enviroment |
| ပြင်ပကမ္ဘာလောကကြီး | External world |
| ပြောင်းပြန်ဖြစ်စဉ် | Process of inversion |
| ဖြစ်တည်မှု | Existence |
| ဗဟိုအာရုံကြောဖွဲ့စည်းမှုစနစ် | Central nervous system |

| | |
|---|---|
| ဘာသာစကား | Language |
| မသိခြင်း | Ignorance |
| ရုပ်ခန္ဓာ | Body |
| ရုပ်ပရမတ် | Material subsatance |
| ရောင်းကုန်ထုတ်လုပ်ရေး | Production of commodities |
| ရှောင်တခင်ဖြစ်မှု | Accident |
| ယန္တရားဗေဒပညာ | Mechanics |
| လူမှုအလုပ်၊ စုပေါင်းအလုပ် | Social labour |
| လူမှုပေါင်းသင်းဆက်သွယ်ရေး | Social communication |
| လူမှုပေါင်းသင်းဆက်ဆံရေး | Social intercourse |
| လူမှုသိပ္ပံပညာ | Social science |
| လူမှုလက်တွေ့အလုပ်စခန်း | Social practice |
| လူ့ကျင့်ဝတ် | Morality |
| လူတန်းစားကျင့်ဝတ် | Class morality |
| လူတန်းစားလက္ခဏာ | Class character |
| လူတန်းစားတိုက်ပွဲ | Class struggle |
| လူ့ဘဝဖြစ်တည်မှုအခြေအနေများ | Conditions of human existence |
| လွတ်လပ်မှု | Freedom |
| လက်ဝါးကြီးအုပ်အရင်း | Monopoly capital |
| လက်တွေ့ဆောင်ရွက်ချက် | Practical activity |
| လိုအပ်မှု (ဝါ) မရှောင်မလွှဲသာဖြစ်မှု | Necessity |
| လင်းမှန် | Leneses |
| ဝိညာဉ် | Soul |
| ဝေဒနာ | Feeling |
| သိခြင်း | Awareness |
| သိမြင်သောအသိဉာဏ် | Perceptual knowledge |
| သိမြင်မှု | Perception |





| | |
|---|---|
| သဘောတရားဆိုင်ရာဆောင်ရွက်ချက် | Theoritical activity |
| သဘာဝသိပ္ပံပညာ | Natural science |
| သမုတိသစ္စာ | Relative truth, partial truth |
| သတ္တဗေဒဆိုင်ရာ တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ် | Biological levolution |
| သွယ်ဝိုက် (ဝါ) ပြုပြင်ဖန်တီးထားသော အာရုံကြောတုံ့ပြန်မှုစနစ် | Conditioned reflex |
| အရောင်ရိုက်ခတ်မှု၊ ထင်ဟပ်ချက် | Reflection |
| အရောင်ရိုက်ခတ်မှုသဘောတရား | Reflection theory |
| အမျိုးသားဟန်၊ အမျိုးသားပုံသဏ္ဍာန် | National form |
| အလုပ်တာဝန်ခွဲဝေမှု | Division of labour |
| အသိဉာဏ်ပညာ ဖြစ်ပေါ်တိုးတက်မှု | Intellectual development |
| အသိဉာဏ်ပညာ (တွေးခေါ်မြော်မြင်မှု) | Knowledge |
| အလားအလာ၊ နိမိတ် | Tendency |
| အယူဝါဒ၊ ဝါဒသဘောတရား | Ideology |
| အယူဝါဒဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု | Ideological development |
| အယူဝါဒလွဲမှားမှု၊ တိမ်းလွဲမှု | Ideological Illusion |
| အလုပ်ဖြစ်စဉ် | Labour process |
| အစွန်းထွက်တန်ဖိုး | Surplus value |
| အာရုံ | Sensation |
| အာရုံဒွါရများ | Sense organs |
| အာရုံစွဲသိမြင်မှု | Sense perceptiou |

## ပုဂ္ဂိုလ်အညွှန်း

**ဂျော့–ဘာ့ကလေ။** ။ (၁၉၈၅–၁၇၅၃) အိုင်းရစ်လူမျိုး ခရစ်ယာန်ဘုန်းကြီး။ အဘိဓမ္မာပညာရှင် ဆန္ဒစွဲစိတ်ဆန္ဒကို ယုံကြည်သူ။ The treatise on the Principles of Human knowledge စသော ကျမ်းများကို ပြုစုခဲ့သူ။

**ကိုပါနီးကပ်(စ်)။** ။ (၁၄၇၃–၁၅၄၃) ပိုလန်လူမျိုး နက္ခတ်ဗေဒပညာရှင်။ De Revolutionibus Orbium Coelestium အမည်ရှိ ကျမ်းကြီးကို ပြုစုခဲ့သူ။ ၎င်းကျမ်း၌ ကမ္ဘာမြေကြီးသည် နေကို လှည့်ပတ်သွားလာနေသည်ဟူသော အယူအဆကို ပထမဆုံး စတင်ရေးခဲ့သည်။ ယခင်ကမူ နေလနက္ခတ်တာရာများကသာ ကမ္ဘာမြေကြီးကို လှည့်ပတ်သွားလာနေသည်ဟု ယူဆခဲ့ကြသည်။ ၎င်းကျမ်းက နေစကြဝဠာစနစ်ကို သိပ္ပံနည်းကျစွာ ဖော်ပြသည်။

**ဝဲလီလီယို။** ။ (၁၅၆၄–၁၆၄၂) အီတလီလူမျိုး နက္ခတ်ဗေဒပညာရှင်။ သင်္ချာပါမောက္ခ၊ ကမ္ဘာမြေကြီးအပါအဝင် ဂြိုဟ်များသည် နေကိုလှည့်ပတ်သွားလာနေသည်ဟူသော ကိုပါနီးကပ်(စ်)၏ အယူအဆကို မှန်ကန်ကြောင်း ထုတ်ဖော်ခဲ့သူ။ ၎င်းအယူအဆမှာ ခရစ်ယာန်သာသနာနှင့် ဆန့်ကျင်သဖြင့် ထောင်သွင်းအကျဉ်းထားခြင်းခံခဲ့ရသည်။

**ဟျူမ်း။** ။ (၁၇၁၁–၁၇၆၆) စကော့လူမျိုး စာရေးဆရာနှင့် တွေးကြံမှုပညာရှင်။ Poitical Discourse; Inquiry into the Principles of Morals စသော ကျမ်းများကို ပြုစုသူ။

**ကက်ပလာ။** ။ (၁၈၇၁–၁၆၃၀) ဂျာမန်နက္ခတ်ဗေဒပညာရှင်။ နက္ခတ်ဗေဒနှင့် သင်္ချာ ပါမောက္ခ၊ ဂြိုဟ်များ၏ သွားလာလှည့်ပတ်မှုဥပဒေသသုံးရပ်ကို စတင်ဖော်ထုတ်ခဲ့သူ။ ၎င်း၏ ဥပဒေသများကို နယူတန်က ဆက်လက်ပြန့်ပွားခဲ့သည်။ ခေတ်သစ်နှင့်





နက္ခတ်ဗေဒပညာသည် ကက်ပလာ၏ ဥပဒေသများကို အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

**ဂျွန်လော့(ခ်)။** ။ (၁၆၃၂–၁၇၀၄) ဗြိတိသျှလူမျိုးအဘိဓမ္မာပညာရှင်။ Essay Concerning the Human Understanding စသော ကျမ်းများကို ပြုစုသူ။ လူ၏ အသိဉာဏ်ပညာသည် လက်တွေ့ပေါ်ပေါက်သည်ဆိုသော သဘောတရားကို ဆန့်ကျင်သူ။

**မော်စီတုန်း။** ။ (၁၈၉၃– ----) တရုတ်ကွန်မြူနစ်ခေါင်းဆောင်။ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ။ One Contradiction; on Practice စသော အဘိဓမ္မာကျမ်းများစွာကို ရေးသားပြုစုခဲ့သူ။

**ပက်ဗလော့။** ။ (------------) ရုရှားခန္ဓာဗေဒပညာရှင်။ လူ၏ အာရုံကြောဖွဲ့စည်းမှုစနစ်နှင့် ပတ်ဝန်းကျင်ဆက်သွယ်နေသည်ဟူသော သဘောတရားကို ထူထောင်သူ။ ပြုပြင်ဖန်တီးသော အာရုံကြောတုံ့ပြန်မှုစနစ်ကို တွေ့ရှိသူ။

**ရူဆူး။** ။ (၁၇၀၂–၁၇၈၈) ပြင်သစ်စာရေးဆရာ အဘိဓမ္မာပညာရှင်။ လူမှုပဋိညာဉ်ကျမ်း၊ နိုင်ငံရေးကျမ်းကို ရေးသားပြုစုခဲ့သူ။

**အဒမ်စမစ်။** ။ (၁၇၂၃–၁၇၉၀) ဗြိတိသျှဘောဂဗေဒပညာရှင်။ Wealth of Nations စသော ကျမ်းများကို ပြုစုသူ။